ဒေါက်တာ ဝါလ်ပိုလာ ရာဟုလာအရှင်သူမြတ်

ရေးသားပြုစုသော

# What The Buddha Taught

# မြတ်ဗုဒ္ဓဒေသနာ

ဦးကိုလေး(ဓေယျာမောင်) အငြိမ်းစား ဒုတိယအဓိပတိ
မန္တလေးတက္ကသိုလ်

မြန်မာဘာသာပြန်ဆိုသည်

သာသနာ ၂၅၃၂ ကောဇာ ၁၃၅၀ ဧပြီလ၊၁၉၈၈

ပုံနှိပ်ထုတ်ဝေခဲ့ပြီးခဲ့သည့်အကြိမ်ပေါင်း

| | | |
|---|---|---|
| ၁။ ပထမအကြိမ် | ၁၉–၁၀–၇၈ | ၅၀၀၀ |
| ၂။ ဒုတိယအကြိမ် | ၂၆–၁၀–၇၉ | ၃၀၀၀ |
| ၃။ တတိယအကြိမ် | ၂၇–၁၂–၈၀ | ၅၀၀၀ |
| ၄။ စတုတ္ထအကြိမ် | ၁–၈–၈၄ | ၆၀၀၀ |
| ၅။ ပဥ္စမအကြိမ် | ၂၅–၄–၈၈ | ၇၅၀၀ |

ဘာသာရေးဆိုင်ရာစာပေ ကြိုတင်ခွင့်ပြုချက်အမှတ်–၅၈၇
မျက်နှာဖုံးနှင့် အတွင်းဓါတ်ပုံ ကြိုတင်ခွင့်ပြုချက်အမှတ်–၃၆၀

စာရေးသူ– ဦးကိုလေး(ဇေယျာမောင်) ၊ စာရေးသူမူပိုင်

## မာတိကာ

(က) ဘာသာပြန်ဆိုသူ၏ အမှာစာ
(ခ) ဒေါက်တာ ဝါလ်ပိုလာရာဟုလာ ၏ ထေရုပ္ပတ္တိ
(ဂ) နိဒါန်း
ဗုဒ္ဓရှင်တော်မြတ်
အခန်း(၁) ဗုဒ္ဓဘာသာ စိတ်နေသဘောထား
အခန်း(၂) အရိယသစ္စာလေးပါး၊ ပထမအရိယသစ္စာ – ဒုက္ခ
အခန်း(၃) ဒုတိယအရိယသစ္စာ – သမုဒယသစ္စာ – ဒုက္ခဖြစ်ပေါ်ခြင်းအကြောင်း
အခန်း(၄) တတိယအရိယသစ္စာ – နိရောဓသစ္စာ – ဒုက္ခ ချုပ်ငြိမ်းခြင်း
အခန်း(၅) စတုတ္ထအရိယသစ္စာ – မဂ္ဂသစ္စာ – လမ်း
အခန်း(၆) အနတ္တဝိညာဉ်ကောင်မရှိတရားတော်
အခန်း(၇) စိတ်လေ့ကျင့်ရေး – ကမ္မဋ္ဌာန်းဘာဝနာ
အခန်း(၈) ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ဘာသာပြန်ဆိုသူ၏ အမှာစာ

ဒေါက်တာ ဝါလ်ပိုလာရာဟုလာ အရှင်သူမြတ် ပြုစုရေးသား၍ အင်္ဂလန်ပြည်၌ ၁၉၅၉ ခုနှစ်တွင် ပထမအကြိမ် ရိုက်နှိပ်ထုတ်ဝေသော What The Buddha Taught အမည်ရှိကျမ်းငယ်သည် မြန်မာစာဖတ် ပရိသတ်လက်သို့ ၁၉၆၀ ပြည့်နှစ်တွင် ရောက်ရှိခဲ့လေသည်။ ဤသို့ရောက်ရှိနိုင်ရန် ကျွန်တော်၏ ကြိုးပမ်းမှုပါဝင်ခဲ့ပေသည်။ ထိုနှစ် ဧပြီလ သင်္ကြန်ရက်များအတွင်း ရန်ကုန်မြို့၊ အင်းလျားမြိုင်လမ်းရှိ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနတွင် တရားတစ်ပတ်ဝင်နေစဉ် ဆရာကြီးဦးဘခင်ထံသို့ တပည့်တစ်ဦးက အောက်စဖို့ဒ် တက္ကသိုလ်မှနေ၍ What The Buddha Taught စာအုပ်တစ်အုပ်ကို ပို့ပေးလိုက်ပါသည်။ တရားပတ်ပြီးဆုံးသောအခါ၌ ဆရာကြီးက ကျွန်တော့်အား ယင်းစာအုပ်ငယ်ကို ဖတ်ကြည့်စေပါသည်။ စာအုပ်ကို ဖတ်ရှုပြီးသည်နှင့်တပြိုင်နက် ခေတ်သစ်ပညာတတ်များအတွက် အထူးသင့်လျော်သော ဗုဒ္ဓစာပေတစ်အုပ် ဖြစ်ကြောင်းကောင်းစွာ သဘောပေါက်လာသဖြင့် ကုန်သည်လမ်းရှိ ပြည်သူ့စာပေစာအုပ်တိုက် သခင်ကျော်စိန်အား အဆိုပါစာအုပ်ကို သူ့ဆိုင်၌ ထားရှိရောင်းချပေးရန် ပြောဆိုတိုက်တွန်းခဲ့ပါသည်။ ဤသို့ဖြင့် အရှင်ရာဟုလာမထေရ်မြတ်၏ မြတ်ဗုဒ္ဓဒေသနာ ကျမ်းငယ်သည် မြန်မာပြည်တွင် ပျံ့နှံ့လာခဲ့သည်။

ဤကျမ်းသည် ကျွန်တော့်အား အစွန်းနှစ်ဘက်မှ ကယ်တင်ခဲ့ပါသည်။ ခေတ်သစ်ပညာ သင်ကြားတတ်မြောက်ပြီး အနောက်တိုင်း တက္ကသိုလ်များမှ ဘွဲ့ထူးဂုဏ်ထူးများရကာ ရာထူးဌာနန္တရကြီးကြီး ထမ်းဆောင်နေလင့်ကစား ကျွန်တော်၏အသက်အရွယ် (၄၀)ဝန်းကျင် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ဆင်ယင်ကျင်းပနေချိန်က ဗုဒ္ဓဘာသာရေးဆိုင်ရာ ကျွန်တော်၏အသိဉာဏ်မှာ ဖိုးသုညဘဝတွင်သာရှိနေကြောင်း ကိုယ့်ကိုယ်ကိုယ် သုံးသပ်ဆင်ခြင်မိခဲ့သည်။ ထို့ကြောင့် ၁၉၅၃ ခုနှစ်မှစ၍ ဗုဒ္ဓဘာသာစာပေများကို စတင်လေ့လာ ဆည်းပူးခဲ့ပါသည်။ တစ်မတ်တန်၊ ငါးမူးတန် ဘုရားရှိခိုးစာအုပ်မျိုးစုံ၊ ဆယ်စောင်တွဲ၊ ၁၅စောင်တွဲ၊ ပရိတ်ကြီးမျိုးစုံမှအစ ခေတ်အဆက်ဆက် ကျမ်းတတ်ဆရာတော်အမျိုးမျိုးတို့ ရေးသားပြုစုခဲ့ကြသည့် ဒီပနီပေါင်းစုံ ကျမ်းကြီးကျမ်းငယ် အဆူဆူတို့မှသည် မြန်မာပြန် နိကာယ်ငါးရပ်နှင့် ဝိနည်း၊ အဘိဓမ္မာပါဠိတော်များအထိ လေ့လာ ကျက်မှတ် ဆည်းပူးခဲ့ပါသည်။ ထိုမှတဆင့် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေကြသော အနောက်တိုင်း သုတေသီများ၊ ပညာရှင်များ၏ ဗုဒ္ဓဝါဒဆိုင်ရာ ကျမ်းကြီးကျမ်းငယ်များကို လက်လှမ်းမီသမျှ ဝယ်ယူစုဆောင်း၍ မလွတ်တမ်းဖတ်ရှုလေ့လာခဲ့ပါသည်။

ဤသို့ ဖိုးသုညဘဝမှ ကျမ်းဂန်နှံ့စပ်သည့် အဆင့်သို့ရောက်ရန် အပတ်တကုတ် ကြိုးပမ်းအားထုတ်ခဲ့ခြင်းဖြင့် ရလာဒ်အဖြစ် တွေဝေယိမ်းယိုင်မှု၊ သို့လောသို့လော တွေးတောယုံမှားမှုတို့ကိုသာ ရရှိခဲ့ပါသည်။

ပုံပမာအားဖြင့် ပင်လယ်ကမ်းခြေတွင်ရေကူးနေသူတစ်ဦးအပေါ် လှိုင်းလုံးကြီးများ ဆင့်ကဲဆင့်ကဲ ရိုက်နှက်ပုတ်ခတ်လိုက်သဖြင့် နစ်မြုပ်သွားရပြီး ကံအားလျော်စွာ ခြေဖြင့်ထောက်မိသော သဲသောင်စပ်သို့ ပြန်လည်ရောက်လာခဲ့သူတစ်ဦးနှင့် တူခဲ့ပါသည်။ ပင်လယ်လှိုင်းလုံးများ၏ ဒါဏ်ရာဒါဏ်ချက်များကြောင့် အချိန်ကြာ မူးဝေနောက်ကျိမှုံမှိုင်းပြာရီ ဖြစ်ရသူကဲ့သို့ ထိုထိုပညာရှင်များ၏ ဗုဒ္ဓဝါဒဆိုင်ရာ အယူအဆအမျိုးမျိုး၊ ရှုထောင့်အလီလီ၊ ဝေဖန်ချက်အသီးသီးတို့ အကြားတွင် ကျွန်တော်သည် စိတ်ရှုပ်ထွေးပွေလီ ဝေရီထုံထိုင်း ဖြစ်သွားခဲ့ရပေသည်။ ဤသို့ တစ်ဖက်စွန်းမှ အခြားတစ်ဖက်စွန်းသို့ရောက်ရှိသွားခဲ့သူ ကျွန်တော့်အား ဆရာတော် ရာဟုလာအရှင်သူမြတ်၏ မြတ်ဗုဒ္ဓဒေသနာ ကျမ်းငယ်က မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းသို့ သယ်ယူတွဲခေါ်၍ ဗုဒ္ဓဝါဒအပေါ် ကြည်လင်ပြတ်သားရှင်းလင်းတိကျသော အမြင်ကို ပေးခဲ့ပါသည်။ ဗုဒ္ဓ၏ 'ဟေဝိပဿိကော'ဖိတ်ခေါ်ချက်ကို လက်ခံ၍ ဝိပဿနာလမ်းစဉ်ကို ကျင့်သုံးနေချိန်တွင် ဤကျမ်း၌ တင်ပြရှင်းလင်းပေးထားသော အနတ္တသဘောတရား၊ တမလွန်ဘဝပြဿနာနှင့် နိဗ္ဗာန်အယူအဆတို့သည် လက်တွေ့လုပ်ငန်းကို များစွာ အထောက်အကူ ပြုခဲ့ပေသည်။

ဤကျမ်းငယ်ကိုပြုစုစီရင်သူ ဒေါက်တာ ဝါလ်ပိုလာရာဟုလာ အရှင်သူမြတ်သည် ဗုဒ္ဓသာသနာတွင် ထူးထူးကဲကဲ အံ့ဘွယ်သရဲ ထွန်းတောက် ပေါ်ပေါက်လာသူ ပုဂ္ဂိုလ်ထူးတစ်ပါး ဖြစ်ပေသည်ဟု ဆိုရပေမည်။ အရှေ့တိုင်းဗုဒ္ဓစာပေများသည် တတိယသင်္ဂါယနာ တင်ချိန်လောက်မှစ၍ သီဟိုလ်ရဟန်းတော်များက ဖြည့်စွက်ပြင်ဆင်ရေးသားခဲ့သော စာပေများသာဖြစ်ကြောင်း၊ အဌကထာဆရာကြီးများဖြစ်သော အရှင်ဗုဒ္ဓဃောသ နှင့် အရှင်ဗုဒ္ဓဒတ္တ တို့၏ ယူဆချက်၊ အဓိပ္ပါယ်ဖွင့်ဆိုချက်များကို ဘုရားဟောဒေသနာတော် အစစ်အမှန်သဖွယ် ယူဆလက်ခံနေကြကြောင်း စသည်ဖြင့် အနောက်တိုင်း သုတေသီပညာရှင်များက ထိုးနှက်ဝေဖန်လာချိန်၊ အထူးသဖြင့် ဒုတိယ ကမ္ဘာစစ်ကြီးအပြီးနောက်ပိုင်းတွင် ဗုဒ္ဓသည် အတ္တဝါဒကို လက်ခံခဲ့သယောင် ထိုပညာရှင်အချို့က တင်ပြလာနေချိန်တွင် မြန်မာပြည်

အပါအဝင် အရှေ့တိုင်းနိုင်ငံများမှ ကျမ်းတတ်ဆရာတော်၊ သံဃာတော်များသည် ရေငုံနှုတ်ပိတ်နေခဲ့ကြ၍ မချင့်မရဲ ဖြစ်ခဲ့ရပေသည်။

ယင်းဆရာတော် သံဃာတော်များ၏ ခတ်မဆိတ်နေတော်မူခဲ့ကြခြင်းသည် –

(က) အနောက်တိုင်းပညာရှင်တို့က ထိုသို့ ဤသို့ ဗုဒ္ဓစာပေများကို ဝေဖန်ရေးသားနေကြကြောင်းကို မသိရှိကြ၍ လည်းကောင်း၊

(ခ) သိရှိတော်မူကြသည့်တိုင်အောင် ပါဠိ၊ သက္ကတ၊ ဘင်္ဂါလီ၊ နာဂရီမှလွဲ၍ အနောက်တိုင်း ဘာသာစကားရပ်၌ မကျွမ်းကျင်၍ လည်းကောင်း၊

(ဂ) အနောက်တိုင်း ပညာရှင်တို့ အသုံးပြုသည့် သုတေသန လုပ်ထုံးလုပ်နည်းများ၊ ဝေဖန်ဆွေးနွေးနှိုင်းယှဉ် သုံးသပ်သော အတတ်ပညာများ၌ မကျွမ်းကျင်၍ လည်းကောင်း –

ဖြစ်နိုင်ပေရာသည်။

ဤအချိန်အခါတွင် အရှင်ရာဟုလာ မထေရ်သူမြတ်သည် အနောက်တိုင်းပညာရှင်များနှင့် ယှဉ်ပြိုင်ရင်ဆိုင်နိုင်ရန် သူရဲကောင်းသဖွယ် ဗုဒ္ဓသာသနာဘက်မှ ပေါ်ထွက်လာခဲ့ပေသည်။

ဆရာတော်အရှင်ရာဟုလာသည် ဗုဒ္ဓသာသနာ့ဝန်ထမ်း သီဟိုလ်ရဟန်းတော်တစ်ပါးဖြစ်ပေသည်။ သီဟိုလ် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများတွင် ငယ်စဉ်က ဗုဒ္ဓဘာသာစာပေ ပရိယတ္တိများ သင်ရိုးဆုံးဆည်းပူးခဲ့၍ သာသနာ့ဘောင် ဝင်ရောက်ခဲ့ပေသည်။ ထင်ရှားသော ကျောင်းတိုက်ကြီးများတွင် ဓမ္မာစရိယအဖြစ် ဗုဒ္ဓစာပေများကို ပို့ချပေးခဲ့ပေသည်။ ဤကဲ့သို့ ရိုးရာစာပေ သင်ကြားမှု၊ ပို့ချမှုပြုလုပ်နေရာမှ ခေတ်သစ်ပညာနည်းနာများနှင့် သိပ္ပံနည်းဝင် စာပေလေ့လာမှု၊ ဝေဖန်မှုတို့ကို ကျွမ်းကျင်ရန် သီဟိုလ်တက္ကသိုလ်တွင် စာပေသင်ယူပြန်သည်။ ရှေးဦးစွာ လန်ဒန် တက္ကသိုလ်၏ ဘီအေ(ဂုဏ်ထူး) ဘွဲ့ကို ဆွတ်ခူးပြီးနောက် သီဟိုလ်တက္ကသိုလ်၏ ဒေါက်တာ(ပါရဂူ)ဘွဲ့ကို 'သီဟိုလ် ဗုဒ္ဓသာသနာဝင်ကျမ်း' ပြု၍ ဆွတ်ခူးခဲ့လေသည်။ ထို့နောက် ကာလကတ္တား တက္ကသိုလ်တွင် တိဘက်ဘာသာစကား၊ တရုတ်ဘာသာစကားများကိုသင်ယူရင်း မဟာယာနဂိုဏ်း ဗုဒ္ဓဘာသာအကြောင်းကို လေ့လာဆည်းပူးခဲ့လေသည်။

ယခုဤကျမ်းကိုထုတ်ဝေချိန်တွင် ပါရီမြို့၊ဆော်ဗွန်တက္ကသိုလ်သို့ ရောက်ရှိနေ၍ သုတေသနလုပ်ငန်း လုပ်နေသည်မှာ (၈)နှစ် ပင်ရှိ၍သွားခဲ့ပေပြီ။ မဟာယာန အဘိဓမ္မာဆရာကြီး အသင်္ဂ၏ မူရင်းသက္ကတလက်ရာများ မပြည့်မစုံဖြစ်နေသည်ကို တိဗက်မူ၊ တရုတ်မူ တို့နှင့် နှိုင်းယှဉ်၍ အသင်္ဂစာပေများကို သုတေသန ပြုလုပ်နေခြင်း ဖြစ်ပေသည်။ စုံစမ်းသိရှိရသမျှ ဆော်ဗွန်တက္ကသိုလ်မှ ဒေါက်တာဘွဲ့တစ်ခုရရှိပြီးနောက် ဆရာတော်သည် သီဟိုလ်နိုင်ငံတွင် အသစ်ဖွင့်လှစ်လိုက်သော ဝိဇ္ဇောဒယ တက္ကသိုလ်တွင် ဒု–အဓိပတိအဖြစ် ဆောင်ရွက်တော်မူခဲ့လေသည်။ ထို့နောက် အမေရိကန် တက္ကသိုလ်များတွင်လှည့်လည်၍ နှစ်အနည်းငယ်ကြာ ဗုဒ္ဓစာပေများပို့ချပြီး ယခုအခါ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အမြဲသီတင်းသုံး၍ သာသနာပြုနေတော်မူပေသည်။

အထက်ဖော်ပြပါအတိုင်း ဆရာတော် ရာဟုလာအရှင်သူမြတ်သည် အနောက်တိုင်းသုတေသီပညာရှင်တို့နှင့် ရင်ဆိုင်ယှဉ်ပြိုင်နိုင်ရန် အထူးအရည်အချင်းနှင့်ပြည့်ဝတော်မူပေသည်။ ခေတ်သစ်သိပ္ပံနည်းဝင် သုတေသန လုပ်ထုံးလုပ်နည်း ပညာရပ်များကို တတ်ကျွမ်းလိမ္မာတော်မူသည့်ပြင် ဘာသာစကားရပ်၌လည်း နှံ့စပ်တော်မူပေ၏။ တဖန် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများတွင် စာပေများကို သင်ရိုးဆုံးသင်ကြားတတ်မြောက်ပြီး ဗုဒ္ဓဘာသာကို အမှန်တကယ် သက်ဝင်ယုံကြည်သူ ဗုဒ္ဓသာသနာ့ဝန်ထမ်း ရဟန်းတော်တစ်ပါးဖြစ်ရကား ဗုဒ္ဓဝါဒရေးရာတွင် တစ်ဖက်စောင်းနင်းဖြစ်နေကြသော အနောက်တိုင်း ပညာရှင်တို့၏ အယူအဆများကို ကောင်းစွာတည့်မတ် ပေးနိုင်တော်မူပေသည်။

ယခုအခါ ဗုဒ္ဓအမည် သုံးစွဲထားသော စာအုပ်အများအပြား ကမ္ဘာတစ်ဝန်းတွင် ပေါ်ထွက်လျက်ရှိပေသည်။ ဆရာတော်ရာဟုလာ၏အမြင်အရ ဤကဲ့သို့စာအုပ်အများအပြားကို အမှန်တကယ် တတ်ကျွမ်းနားလည်ခြင်း မရှိသူများက ရေးသားနေကြခြင်းဖြစ်ပေသည်။ တဖန် အခြားဘာသာများမှ ဆင်းသက်ခဲ့သော ထင်ယောင်ထင်မှားဖြစ်စေသော မှတ်ယူချက်များကို ၎င်းတို့၏စာများတွင် သွတ်သွင်းရေးသားသဖြင့် 'ဗုဒ္ဓဒေသနာ'ကို အဓိပ္ပါယ်ကောက် ယူမှားခြင်း၊ အလွဲဖော်ပြခြင်းတို့ ဖြစ်နေပေသည်။

မြန်မာ့စာပေလောကတွင်လည်း ကိုယ်တိုင်ပြုစုရေးသားဟန်လိုလိုဖြင့် ယင်းကဲ့သို့ ချွတ်ချော်တိမ်းမှားသော စာအုပ်များမှ လွဲမှားသော ကောက်ယူချက်များကို တဆင့်ထပ်မံတင်ပြနေကြပေပြီ။ ထိုသို့သော စာအုပ်များကို ဖတ်ရှုကြပြီး ကျွန်တော်တစ်ချိန်က နားဝေတိမ်တောင်ဖြစ်ခဲ့ဖူးသလို တွေ့ကြုံခံစားနေရသော စာဖတ်ပရိသတ်များ အမှန်တရားကို ရှင်းလင်းပြတ်သားစွာသိရှိနိုင်ကြရန် ဆရာတော်ရာဟုလာ၏ 'မြတ်ဗုဒ္ဓဒေသနာ' စာအုပ်ကို မူရင်း အတိုင်း တသွေမတိမ်း ယခုတင်ပြလိုက်ပါသည်။

ယင်းစာအုပ်ကို မူလက အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သော်လည်း ယခုအခါ ပြင်သစ်၊ ဂျာမန်၊ စပိန်၊ တရုတ် နှင့် သီဟိုလ် ဘာသာများဖြင့် ပြန်ဆို ထုတ်ဝေပြီးကြလေပြီ။ မြန်မာစာဖတ်ပရိသတ်တို့အတွက်လည်း မြန်မာဘာသာဖြင့် ထုတ်ဝေပေးရန် အမှန်တကယ်လိုလားအပ်နေပါသည်။

ကျွန်တော်၏ ဘာသာပြန်စာပေလုပ်ငန်းတွင် ဤစာအုပ်သည် အနက်နဲဆုံး၊ အခက်ခဲဆုံး စာအုပ်တစ်အုပ် ဖြစ်ခဲ့လေသည်။ ဆရာတော်၏ အာဘော်ကို မတိမ်းစောင်း၊ မချွတ်ချော်စေပဲ တိကျမှန်ကန်စေရန် အထူးကြိုးပမ်း အားထုတ်ခဲ့ရလေသည်။ သို့တစေလည်း ဆရာတော်က ပါဠိနှင့်သက္ကတတို့မှ အင်္ဂလိပ်ဘာသာပြန်ဆို၍ ကျွန်တော်က တစ်ဆင့် မြန်မာဘာသာပြန်ဆိုရာတွင် ဝေါဟာရအခက်အခဲများကြောင့် တိုက်ရိုက်မကျမူ၍ အနီးစပ်ဆုံးအဓိပ္ပါယ်ကို ယူရသည့်အခါများ ကြုံတွေ့ရပါသည်။ ဤကဲ့သို့ စကားလုံးများအတွက် ကျမ်းပြုသူ၏ ချွတ်ယွင်းမှုမဟုတ်ပဲ ဘာသာပြန်သူ၏ မပြည့်စုံမှုဟုသာ ယူဆကာ ခွင့်လွှတ်နိုင်ကြ၍ အကြံဉာဏ်ကောင်းများ ပေးကြပါရန် ပန်ကြားအပ်ပါသည်။

ဦးကိုလေး(ဇေယျာမောင်)

ချယ်ရီလမ်း၊ မေမြို့
၁၉၇၇ ခု၊ ဩဂုတ်လ၊ ၁၄ ရက်

## ပဥ္စမအကြိမ်မြောက် ပုံနှိပ်ထုတ်ဝေခြင်းအတွက် ဘာသာပြန်ဆိုသူ၏ အမှာစာ

ဤ ပဥ္စမအကြိမ်ရိုက်စာအုပ်တွင် ပြင်ဆင်ဖြည့်စွက်ချက် လုံးဝမပါရှိပါ။ စတုတ္ထအကြိမ်ရိုက်စာအုပ်အတိုင်းပင် ပြန်လည်ပုံနှိပ်တင်ပြထားခြင်း ဖြစ်ပါသည်။ ဤအမှာစာ၏ နိဂုံးအဖြစ်မူ ဘာသာပြန်ဆိုသူ၏ မှတ်ချက်အနေဖြင့် စာအုပ်ပါ အကြောင်းအရာတစ်ခုကို ရှင်းလင်းဖော်ပြလိုပါသည်။

ကျမ်းရေးသူ ဆရာတော်ရာဟုလာအရှင်မြတ်က ဤစာအုပ်စာမျက်နှာ ၁၂ တွင် မဇ္ဈိမနိကာယ်၊ သုတ္တံ အမှတ် ၁၄၀ မှ ပုံဝတ္ထုတစ်ပုဒ်ကို ကိုးကားဖော်ပြထားပါသည်။ ဤသုတ္တံမှာ – (သုတ္တံအမှတ် – ဆ၄မူ၊ မဇ္ဈိမနိကာယ် ဝင်၊ သုတ္တံပိဋကတ်၊ ဥပရိပဏ္ဏာသ ပါဠိတော်မြန်မာပြန်၊ စာမျက်နှာ ၂၈၄ မှ ) ဓါတုဝိဘင်္ဂသုတ် ဖြစ်ပါသည်။

ဆရာတော်ရာဟုလာအရှင်မြတ်၏ ဖော်ပြချက်မှာ –

“အခါတစ်ပါးတွင် ဗုဒ္ဓသည် အိုးထိန်းသည် တစ်ဦး၏ တင်းကုပ်၌ တစ်ညအိပ်နားနေ၏။ ထိုတင်းကုပ်မှာပင် အလျင်ရောက်ရှိနှင့်နေသော တောပျော် (တောထွက် – Recluse) ရသေ့တစ်ဦးရှိနေပေသည်။ **<u>တစ်ဦးနှင့်တစ်ဦး သိကျွမ်းကြသည်မဟုတ်ချေ</u>**။ ဗုဒ္ဓသည် ထိုရသေ့(ရဟန်း)ကိုမြင်၍ ဤရသေ့ငယ်၏ အမူအရာများသည် နှစ်လိုဖွယ် ရှိလှ၏။ သူ့အကြောင်းကို စုံစမ်းရပါမူ ကောင်းလေစွဟု– အောက်မေ့ပြီးလျှင် ......” စသည်ဖြင့် ဖြစ်ပါသည်။

ဤကျမ်းကို ဘာသာစပြန်စဉ်ကပင် ကျမ်းရေးသူ ဆရာတော်၏ ကိုးကားချက်ဟူသမျှကို ရှာဖွေဖတ်ရှု၊ စစ်ဆေးတိုက်ဆိုင်ကြည့်ရှုပြီးမှ ပုံနှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။ စာအုပ်ထွက်လာသောအခါ၌ အလွန်ရင်းနှီးသော ဓမ္မမိတ်ဆွေကြီး ဦးထိန်ဝင်းက အထက်စာပိုဒ်တွင် မျဉ်းသားထားသော **<u>တစ်ဦးနှင့်တစ်ဦး သိကျွမ်းကြသည်မဟုတ်ချေ</u>** ဆိုထားသည်ကို လွန်စွာ မကျေမနပ် ဖြစ်နေရှာပါသည်။ ဆရာတော်အရှင်သူမြတ်အချို့ကလည်း သဘောမကျ ဖြစ်နေကြသည်ဟု ပြောပါသည်။ သဗ္ဗညုတရွှေဉာဏ်တော်ရှင် မြတ်ဗုဒ္ဓသည် မသိတာမရှိ။ ပုက္ကုသာတိအား ထိုတင်းကုပ်တွင် တွေ့ဆုံပြီး တရားဟောရန်သက်သက် ကြွလာတော်မူသော မြတ်စွာဘုရားက ပုက္ကုသာတိ ကို မသိဟုဆိုခြင်းမှာ မြတ်ဗုဒ္ဓ၏ အနန္တဉာဏ်တော်ကို မထီမဲ့မြင်ပြုရာမကျဘူးလားဟု မေးရှာပါသည်။ ဘာသာပြန်သူက မှတ်ချက်၊ ရှင်းလင်းချက်ကလေးတော့ ရေးထည့်လိုက်သင့်ပါသည်ဟု ထောက်ပြခဲ့ပါသည်။

ကျွန်တော်များသည် ဘာသာပြန်စာရေးဆရာ တစ်ဦးအနေဖြင့် ခိုင်မြဲစွာ ခံယူထားချက်တစ်ခု ရှိပါသည်။ မိမိမှာ ဘာသာပြန်သူသာဖြစ်သည်။ မူရင်းစာရေးဆရာ၏ ထင်မြင်ယူဆရေးသားချက်ကို တသဝေမတိမ်း ထပ်ဆင့်ဖော်ပြရန်သာ တာဝန်ရှိသည်။ မိမိ၏ထင်မြင်ယူဆချက်များကို ထည့်သွင်းဖော်ပြရန် တာဝန်မရှိ၊ မဖော်ပြသင့် ဟူသော ခံယူချက် ဖြစ်ပါသည်။

ထိုမှတစ်ပါးလည်း ဤအကြောင်းကိစ္စတွင် ဆရာတော်ရာဟုလာရည်ညွှန်းသော ဥပရိပဏ္ဏာသ ပါဠိတော်မြန်မာပြန်၊ စာမျက်နှာ ၂၈၄ မှ ဓါတုဝိဘင်္ဂသုတ်ကို ဖတ်ရှုကြည့်ပါက မည်သူမဆို ဆရာတော်ရာဟုလာ၏နည်းတူပင် ကောက်ချက်ချမိကြပေမည်။ ယင်း ဓါတုဝိဘင်္ဂသုတ်ကိုသာလျှင် ဖတ်ရှုရ၍ သက်ဆိုင်ရာအဋ္ဌကထာအဖွင့်ကို မဖတ်ရှုရ သေးသမျှ ဤကောက်ချက်ကိုသာလျှင် ချကြရပေမည်။ “မြတ်စွာဘုရားသည် မဂဓတိုင်းတို့၌ ဒေသစာရီလှည့်တော်မူရာမှ ရာဇဂြိုလ်ပြည်သို့ ဆိုက်ရောက်လာတော်မူသည်။ အိုးထိမ်းသည် ဘဂ္ဂဝထံ သူ၏တင်းကုပ်၌ တစ်ညမျှနေရန် ခွင့်တောင်း၏။ ဘဂ္ဂဝက “ရှေးဦးစွာ နေထိုင်ကပ်ရောက်နှင့်သော ရဟန်းတစ်ပါးရှိ၏။ ရှေးဦးနေနှင့်သော ရဟန်းက ခွင့်ပြုမူ ချမ်းသာစွာနေတော်မူပါလော့ ဟု လျှောက်၏” ။ ထိုရဟန်းထံ မြတ်စွာဘုရားက တစ်ညမျှနေလိုသည်ဟု ခွင့်တောင်း၏။ ချမ်းသာစွာနေတော်မူပါ ဟု ရဟန်းက ခွင့်ပြု၏။ ထို့နောက်မြတ်စွာဘုရားနှင့် ထိုရဟန်းတို့သည် ညဉ့်နက်သည့်တိုင်အောင် ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိဖြစ်စေ၍ ထိုင်နေကြ၏။ ထိုအခါ မြတ်စွာဘုရားအား “ဤအမျိုးကောင်းသားသည် ကြည်ညိုဘွယ်ကို ဆောင်နိုင်သောဣရိယာပုဒ်ကိုဖြစ်စေ၏။ ငါသည်အကယ်၍ မေးရမူကောင်းလေစွ” ဟု အကြံဖြစ်၏။ ” --- စသည်ဖြင့်မူ သုတ်ကိုဖတ်ရှုရုံမျှနှင့် တစ်ပါးနှင့်တစ်ပါးမသိကြကြောင်း၊ အိုးထိမ်းသည် တဲကုတ်တွင် တစ်ညတာနားနေကြရင်း တွေ့ဆုံကြခြင်းသာဖြစ်ကြောင်း ယူဆကြမည်သာ ဖြစ်ပါသည်။

ရတနာသုံးပါးအပေါ် အထူးကြည်ညိုသဒ္ဓါထက်သန်သူ မိတ်ဆွေကြီး ဦးထိန်ဝင်းနှင့် ဆရာတော်အရှင်သူမြတ်များကမူ မူလသုတ်တော်မှတစ်ဆင့် အဋ္ဌကထာအဖွင့်ကို ဖတ်ရှုပြီးဖြစ်ရကား ဤသုတ်၏နောက်ခံအကြောင်းအရာကို ကောင်းစွာသိရှိနားလည်ကြပေမည်။ မိတ်ဆွေကြီးဦးထိန်ဝင်း ရှာဖွေငှားရမ်းပေးသော ကျေးဇူးကြောင့် ကျွန်တော်များလည်း အဋ္ဌကထာပါ နောက်ခံအကြောင်းအရာများကို ယခုအခါ လေ့လာဖတ်ရှုရပြီဖြစ်သဖြင့် ကျေးဇူးများလှပါသည်။

ပုက္ကုသာတိရဟန်းမှာ တက္ကသိုလ်ပြည်မှ ဘုရင်မင်းမြတ်ဖြစ်ခဲ့၍၊ ရာဇဂြိုဟ်ပြည်မှ ဗိမ္ဗိသာရမင်း၏ အကြည်တော်ဖြစ်ခဲ့လေသည်။ ဘုရင်နှစ်ပါးလက်ဆောင်ပဏ္ဏာများ အလဲအလှယ်ပေးကမ်းရာတွင် ဗိမ္ဗိသာရမင်းက ပုက္ကုသာတိ

မင်းထံ ရွှေပြားပုရပိုက်လက်ဆောင်ကို ပို့ပေးစေခဲ့၏။ ၎င်းရွှေပြားတွင် ယခုအခါ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူပြီဖြစ်ကြောင်း၊ ထိုမြတ်စွာဘုရား၏ ဂုဏ်တော်များအကြောင်း၊ ဟောကြားတော်မူသော တရားတော်များ၏ ဂုဏ်တော်များ အကြောင်း၊ တပည့်သာဝကများ၏ ဂုဏ်တော်များအကြောင်း စသည်တို့ကို အပြည့်အစုံရေးသား၍ ပို့ပေးလိုက်ခြင်း ဖြစ်၏။ ယင်းလက်ဆောင်တော်ကို ပုက္ကုသာတိမင်းသည် ရွှေနန်းပြသာဒ်အထက်ဘုံအဆင့်သို့ ယူဆောင်သွား၍ တစ်ပါးတည်း ရှိသေလေးမြတ်စွာ ဖတ်ရှုရာမှ ရေးပါရမီဓါတ်ခံရင့်သန်သည့်အလျောက်၊ ရွှေပြားပုရပိုဒ်ကို ဖတ်ရှုရင်းပင် လျှင် ပီတိအဟုတ်ပြင်းစွာဖြစ်၍ စတုတ္ထဈာန်၊ ပဥ္စမဈာန်တို့ကိုဖြစ်စေ၍ ဈာန်ချမ်းသာဖြင့်သာလျှင် ရက်ပေါင်းများစွာ တစ်ဦးတည်း နေထိုင်လေသည်။

ထို့နောက် ဤမျှချမ်းသာမှုကို လူကိုယ်တိုင် မဖူးမြော်ရပဲနှင့်ပင်လျှင် ပေးစွမ်းနိုင်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ တရားတော်၌ လွန်စွာသက်ဝင်ယုံကြည်လှသဖြင့် နန်းစည်းစိမ်ကိုစွန့်ပစ်၊ လူ့ဘောင်ကိုခွာ၍ ရသေ့ရဟန်း အဝတ်ကိုဆင်မြန်းကာ၊ တိုင်းသူပြည်သားများက ငိုကြွေးတားမြစ် တောင်းပန်တိုးလျှိုးနေကြဆဲမှာပင် တစ်ဦးတည်း ထွက်ခွါခဲ့၍ ရာဇဂြိုဟ်ပြည်သို့အရောက် ၁၉၂ ယူဇနာခရီးပြင်းကို နှင်ခဲ့လေသည်။ ရက်အတန်ကြာပြီး နောက်တစ်ည နေ နေဝင်ရီတရောအချိန်တွင် အိုးထိမ်းသည်၏ တဲကုတ်သို့ရောက်ရှိ၍ အိုးထိမ်းသည်ထံမှ ခွင့်တောင်းကာ တစ်ညတာ နားနေခဲ့သည်။

ဗုဒ္ဓမြတ်စွာဘုရားသည် မိုးသောက်ယံတွင် သတ္တလောက တစ်လောကလုံးကို ဆင်ခြင် သုံးသပ်တော်မူမြဲအတိုင်း ထိုနေ့နံနက်တွင်လည်း မျှော်တင်းတော်မူလတ်သည်ရှိသော် ပုက္ကုသာတိမင်းကို မြင်တော်မူ၍ ဤသို့ ကြံတော်မူလေ၏။ ပုက္ကုသာတိမင်းသည် အကြည်တော်ဖြစ်သော ဗိမ္ဗိသာရမင်း၏ ရွှေသဝဏ်လွှာကို ဖတ်ရှုရ၍ တိုင်းပြည်ကိုစွန့်ပစ်ခဲ့၍ ငါဘုရားကိုရည်၍ ရဟန်းပြု၍ ၁၉၂ ယူဇနာဝေးကွာသော ရာဇဂြိုဟ်ကို ထွက်ခွာခဲ့ရာလတ္တံ့။ ငါဘုရားသည် ပုက္ကုသာတိမင်းရှိရာအရပ်သို့ ယနေ့အရောက်မသွားသော် အောက်ဖိုလ် ၃ ပါးတို့ကို ထိုးထွင်း၍ မသိမူ၍ တစ်ညဥ့်လွန်လျှင် ကွယ်လွန်ပေလိမ့်မည်။ ငါဘုရားသွားသည်ရှိသော် ပုက္ကုသာတိမင်းသည် အောက်ဖိုလ် ၃ပါးတို့ကို ထိုးထွင်း၍ သိလတ္တံ့၊ သတ္တဝါများအား ကယ်တင်ရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ဆည်းခဲ့သော ငါဘုရားသည် ထို ပုက္ကုသာတိမင်းအား ကူညီချီးမြှင့်ပေအံ့ဟု နှလုံး ပိုက်တော်မူခဲ့လေသည်။

ထိုနေ့နံနက်ပိုင်းဆိုင်ရာ ဗုဒ္ဓကိစ္စအားလုံး ဆောင်ရွက်ပြီးတော်မူသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် အရှင်သာရိပုတ္တ၊ အရှင်မောဂ္ဂလာန စသော သာဝကကြီးများကိုပင် အသိမပေးဘဲ သပိတ်သင်္ကန်းတို့ကို ဆောင်ယူ၍ ကိုယ်တော်မြတ်ကြီးတစ်ပါးတည်းသာလျှင် ရာဇဂြိုဟ်ပြည်သို့ရှေးရှု၍ ထွက်တော်မူခဲ့၏။ ခြေလျင်ဖြင့်သာ မထင်မရှားသော ရဟန်းအသွင်ဖြင့် ကြွတော်မူခဲ့သော မြတ်စွာဘုရားသည် အိုးထိမ်းသည် ဘဂ္ဂဝ၏ တဲကုတ်သို့ ပုက္ကုသာတိရဟန်းနှင့် မရှေးမနှောင်းပင် ဆိုက်ရောက်သွားတော် မူခဲ့လေသည်။

ဤကဲ့သို့ အဌကထာတွင် ဖွင့်ဆိုထားသော နောက်ခံအကြောင်းများကို ဖတ်ရှုပြီးဖြစ်သည့် မိတ်ဆွေကြီး ဦးထိန်ဝင်းသည် သဒ္ဓါကြည်ညိုစိတ်ပြင်းပြသော ဓါတ်ခံကြောင့် ဆရာတော်ရာဟုလာ၏ ရေးသားချက်အပေါ် ဘဝင် မကျ ဖြစ်ရှာပေလိမ့်မည်။ သို့ရာတွင် ဗုဒ္ဓမြတ်စွာက ပုက္ကုသာတိရဟန်းသည် တိုင်းပြည်ကို စွန့်ခွာ၍ တောထွက်လာခဲ့ သော ပုက္ကုသာတိဘုရင်ကြီးဖြစ်ကြောင်းကို ကောင်းစွာ သိရှိတော်မူမည်ဖြစ်သော်လည်း ဆရာတော်ရာဟုလာ ယူဆ သကဲ့သို့ 'တစ်ဦးနှင့်တစ်ဦး သိကျွမ်းကြသည် မဟုတ်' သည်မှာမူ ထင်ရှားနေပါသည်။ ဆရာတော် ရာဟုလာက ဓါတု ဝိဘင်္ဂသုတ်တော်ကို ကိုးကားရာတွင် သစ္စာတရားကို ထိုးထွင်းသိမြင်ရန်သာ အဓိကဖြစ်သည်။ မည်သူက ဟောကြား သည်ကို သိရန်မှာ အရေးမကြီးပါဟု ဆိုလိုရင်းသာ ဖြစ်ပေသည်။ ပုက္ကုသာတိရဟန်းသည် ဓါတုဝိဘင်္ဂသုတ်လာ နက်နဲသော တရားများကို မည်သူက ဟောကြားနေသည်ဟု မသိပဲနှင့်ပင်လျှင် အနာဂါမိဖိုလ်သို့ ဆိုက်ရောက် သွားကြောင်း တင်ပြခြင်းသာလျှင်ဖြစ်၍ မြတ်စွာဘုရား၏ သဗ္ဗညုတရွှေဉာဏ်တော်ကို မထီမဲ့မြင်ပြုရာ မရောက်ပါ ကြောင်း ရှင်းလင်း တင်ပြအပ်ပါသည်။

ဇေယျာမောင်

ချယ်ရီလမ်း၊ မေမြို့
၁၉၈၆ ခု၊ စက်တင်ဘာလ (၁၂) ရက်နေ့။

## ဆရာတော် ဒေါက်တာ ဝါလ်ပိုလာ ရာဟုလာ အရှင်သူမြတ်၏

## ထေရုပတ္တိအကျဉ်းချုပ်

ဝါလ်ပိုလာရာဟုလာ ဆရာတော် အလောင်းအလျာကို သီရိလင်္ကာဟု ခေါ်တွင်လျက်ရှိသည့် သီဟိုဠ်နိုင်ငံ တောင်ပိုင်း ဂေါလ်ခရိုင်အတွင်းရှိ ဝါလ်ပိုလာ နိဂုံးရွာတွင် ၁၉၀၇ ခု၊ မေလ ၉ ရက်နေ့၌ ဖွားမြင်တော်မူခဲ့ပေသည်။ ငယ်စဉ်က ရွာတွင်ရှိသော အစိုးရ(လူဝတ်ကြောင်) ကျောင်းတွင် ပညာသင်ခဲ့သော်လည်း မကြာမီ ထိုကျောင်းမှ ထွက်ခွါခဲ့ပေသည်။ သူငယ်ချင်းများနှင့်ဆော့ကစားသည်ကို ဆရာက ကြိမ်ဖြင့်ဆုံးမပဲ့ပြင်သည်။ ရာဟုလာကလေးက ကြိမ်ဖြင့်ရိုက်နှက်မည်ကို လက်မခံနိုင်။ နှုတ်ဖြင့်သာ ဆုံးမသင့်သည်ဟု စောဒကတက်သည်။ ထိုမှစ၍ အတန်းကျောင်း ခေါ် အစိုးရကျောင်းတွင် ပညာမသင်တော့ချေ။ ရွာဦးရှိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတွင် ဘုန်းကြီးကျောင်းသားဖြစ်လာ၍ ရိုးရာဗုဒ္ဓစာပေ၊ ပါဠိစာပေနှင့် သီဟိုဠ်ဘာသာစာပေ၊ သမိုင်းတို့ကို ရိုးရာစနစ်အတိုင်း သင်ကြားခဲ့ပေသည်။

၁၃ နှစ်အရွယ်တွင် မိဘများက သင်္ကန်းဝတ်ပေး၍ ကိုရင်ကလေး ရာဟုလာ ဘဝဖြင့် ဘုန်းကြီးကျောင်းတွင် ဆက်လက် ပညာသင်ခဲ့သည်။ အသက် ၂၀ ပြည့်သောအခါ ရွာကျောင်းဘုန်းကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝသို့ တက်လှမ်းခဲ့သည်။ ဗုဒ္ဓစာပေ၊ ပါဠိစာပေနှင့် သီဟိုဠ်စာပေများတွင် သင်ရိုးပြီးမြောက်၍ ဘာသာရေးစာမေးပွဲများ အဆင့်ဆင့်အောင်မြင်ခဲ့ပြီးနောက် ထင်ရှားသော ကျောင်းတိုက်ကြီးများတွင် ဓမ္မာစရိယ စာချဆရာတော် တစ်ပါး ဖြစ်လာခဲ့ပေသည်။ ထိုအချိန်မှစ၍ အရှင်ရာဟုလာမထေရ်ကို ဖွားမြင်ရာ ဇာတိကို အစွဲပြုခြင်းအားဖြင့် အရှင်ဝါလ်ပိုလာ ရာဟုလာ ဟု ခေါ်တွင်လာခဲ့ကြပေသည်။ အခြားရာဟုလာဘွဲ့ခံ ဆရာတော်တစ်ပါးနှင့် ကွဲပြားစေရန် ဇာတိအမည် တပ်၍ ဘွဲ့တော်ကို ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်ပေမည်။

ဤသို့ ကျမ်းရိုးသင်တန်းတို့ကို ပို့ချလာသော ဦးပဥ္စင်းပျိုအရွယ် ဆရာတော်ရာဟုလာသည် ၁၉၃၀ ခုနှစ်လောက်မှစ၍ နိုင်ငံရေးစိတ်ဓါတ်ကိန်းဝင်လာခဲ့ပေသည်။ အမှန်စင်စစ် ရှေးဟောင်းစံနစ်ကို တော်လှန်ပစ်လိုသော စိတ်ဓါတ်မှာ ဆရာတော်အတွက် မွေးရာပါစိတ်ဓါတ်ပင် ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ၁၉၃၀ ပြည့်နှစ်တွင် ရိုးရာပညာပြည့်စုံပြီးသော ဆရာတော်သည် မိမိဘဝနှင့်တကွ နိုင်ငံခြားလက်အောက် ကျွန်သပေါက်ဖြစ်နေသော သီဟိုဠ်(သီရိလင်္ကာ) တစ်နိုင်ငံလုံး၏ အခြေအနေကို သုံးသပ်ကြည့်မိလေသည်။

အမျိုးသားရေး၊ ပညာရေး၊ စီးပွားရေးများတွင် တစ်နိုင်ငံလုံး အဘက်ဘက်မှ ကျဆင်းနေသည်။ ဘာသာရေးနယ်တွင် အင်အားအလွန် ချိနဲ့လျက် ရှိချေပြီ။ ဘုန်းတော်ကြီးကျောင်းများတွင် စာသင်သားမရှိ။ ကိုရင်ငယ်ဦးရေနည်းပါးသည်။ အစိုးရဖွင့်ကျောင်းများသို့ အတန်းစာသင်ရန် လူငယ်များ ပြောင်းရွှေ့ ပညာသင်နေကြသည်။ စာမေးပွဲအောင်လက်မှတ်ရလျှင် လခစားလုပ်ငန်း ဝင်လုပ်ကိုင်ကြသည်။ စီးပွားရေးလုပ်ငန်းကြီးများတွင် နိုင်ငံခြားသားများ ကြီးစိုးနေကြသည်။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၏ ဩဇာအရှိန်ကျဆင်းနေသည်။ ဆုံးမဩဝါဒ ကင်းလွတ်နေသည်။ ဘုန်းတော်ကြီးများကို အထင်မကြီးကြတော့ချေ။ လူတို့လိုအပ်နေသော ခေတ်ပညာ၊ အထူးသဖြင့် အင်္ဂလိပ်စာကို ဘုန်းတော်ကြီးများက သင်ကြားမပေးနိုင်။ အခြားဘာသာရပ်များတွင်လည်း လူတို့လောက်ပင် ဗဟုသုတ ကြွယ်ဝမှုမရှိ။ ထို့ကြောင့် လူတို့သည် ဘုန်းကြီးကျောင်းနားသို့ မချဉ်းကပ်ကြတော့ပေ။ ဘုန်းကြီးများကလည်း တိုင်းပြည်အခြေအနေကို လျစ်လျူပြု၍ နေကြသည်။

ထိုအခြေအနေ အရပ်ရပ်ကို သုံးသပ်မိသော အရှင်ရာဟုလာဆရာတော်သည် အခြေအနေများကို ပြောင်းပြန်လှန်ပစ်ရန် နည်းလမ်းများကို ရှာဖွေစိစစ်ခဲ့သည်။ ဤသို့စိစစ်ရာမှ အဓိကအဖြေမှာ ဘုန်းကြီးများသည် အင်္ဂလိပ်စာ သင်ကြားတတ်မြောက်ကြရမည်။ ခေတ်ပညာများ သင်ကြားတတ်မြောက်ရမည်။ ထိုသို့တတ်ရှိလာသော ခေတ်ပညာများကို ဘုန်းတော်ကြီးများကိုယ်တိုင် တိုင်းသူပြည်သားများကို သင်ကြားပေးရမည်။ ဘုန်းတော်ကြီးများသည် ဤသို့ ဦးဆောင်မှုကို သံဃာတော်များမှတစ်ဆင့် တရားတော်၌ သက်ဝင်ယုံကြည်မှု ပြန်လည် ဖွံ့ဖြိုးလာစေရမည်။ တရားတော်၌ သက်ဝင်ယုံကြည်မှု ရှိလာသည်နှင့်အမျှ ဗုဒ္ဓရှင်တော်ဘုရားသို့ ဦးညွှတ်ရိုကျိုးပြီးနောက် ဥပသကာ–ဥပသကာမများ ဖြစ်လာကြလိမ့်မည်ဟု ရဟန်းပျို ဆရာတော် ရာဟုလာသည် တွေးတောကြံဆမိခဲ့လေသည်။

ဆရာတော်သည် မိမိကြံဆ ချမှတ်သည့်စီမံကိန်းကို အကောင်အထည်ဖော်ရန် မိမိကိုယ်တိုင် ရဟန်းဝါ (၃) ဝါ ရသည့်နှစ်မှ စ၍ ဆောင်ရွက်ခဲ့သည်။ အင်္ဂလိပ်စာနှင့်တကွ ၁၀–တန်းအဆင့်အထိ ပြဋ္ဌာန်းထားသော ပညာရပ်အားလုံးကို အတန်းကျောင်းတွင် မနေပဲ အလွတ်ပညာသင်အဖြစ် ပြင်ပဆရာများထံတွင် ဆည်းပူးသင်ကြားခဲ့သည်။ ယူနီဗာစီတီ ကောလိပ်မှ အင်္ဂလိပ်စာ ပါမောက္ခကြီးတစ်ဦးက ရဟန်းငယ်အား အင်္ဂလိပ်စာ သင်ကြားပေး၍ ကိုလံဘိုစိန့်ဂျိုးဇက်ကောလိပ်မှ သင်္ချာကထိက တစ်ဦးက သင်္ချာဘာသာကို ကောင်းမွန်စွာပြသပေးလေသည်။ ထိုပုဂ္ဂိုလ် နှစ်ဦး

စလုံးမှာ သီဟိုဠ်သား ဗုဒ္ဓဘာသာဝင်များ မဟုတ်ကြချေ။ နှစ်ဦးစလုံး ဘာသာကွဲပြားသော နိုင်ငံခြားသား ဖြစ်သော်လည်း ခေတ်ပညာတတ်လိုသည်ဆိုသော ဗုဒ္ဓဘာသာ သီဟိုဠ်ရဟန်းငယ်အား စိတ်ဖြူစင်စွာဖြင့် ကူညီအားပေးခဲ့ကြလေသည်။

ဤသို့ခေတ်ပညာကို အလွတ်သင်ကြားယူနေစဉ်တွင်ပင် ကျောင်းတိုက်များ အတွင်း၌ ကိန်းအောင်းနေတော်မူကြပြီး၊ ရပ်ရွာအရေး၊ တိုင်းပြည်အရေးများကို လစ်လျူပြုနေတော်မူကြသော သီဟိုဠ်ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်တို့အား နိုးကြားလာကြစေရန် နှိုးဆော်တပ်လှန့်၍ တိုက်တွန်းတော်မူသည်။ ဟောပြောပွဲများကျင်းပသည်။ ဆွေးနွေးပွဲများ ပြုလုပ်သည်။ စာရွက်စာတမ်း ရိုက်နှိပ်ဝေငှသည်။ 'ဗဟုဇနာ ဟိတာယ၊ ဗဟုဇနာ သုခါယ' လူအများ၏ ကောင်းကျိုးချမ်းသာအတွက် ကျောင်းတိုက်များအတွင်း ခိုအောင်းမနေဘဲ ဘုရား၏ အလိုဆန္ဒတော်အတိုင်း တိုင်းပြည်တွင်း၌ လှည့်လည်၍ ပညာပေးပါ၊ သင်ကြားပြသပါ၊ လမ်းညွှန်ပေးတော်မူကြပါ ဟု အထူး လှုံ့ဆော်ပေးခဲ့သည်။

အရှင်ရာဟုလာသည် ထိုခေတ် ထိုအချိန်က နိုင်ငံရေးလှုပ်ရှားမှုများတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့သဖြင့် ဗြိတိသျှ အစိုးရ၏ ဖမ်းဆီးချုပ်နှောင်ခြင်း ခံရဖူးသည်။ ကိုလံဘို ရဲစခန်းအချုပ်ခန်းတွင် (၃)ရက် စံမြန်းတော်မူခဲ့ဖူးသည်။ ၁၉၃၆ ခုနှစ်တွင် ၁၀ တန်းစာမေးပွဲ အလွတ် ဖြေဆိုအောင်မြင်ပြီးနောက် ထိုအချိန်က လန်ဒန်တက္ကသိုလ်၏ လက်အောက်ခံ သီဟိုဠ်ယူနီဗာစီတီကောလိပ်တွင် ကျောင်းသားအဖြစ် စာရင်းသွင်းလိုက်သည်။ သီဟိုဠ်သမိုင်းတွင် ခေတ်တက္ကသိုလ် ကျောင်းသားအဖြစ် ပထမဦးစွာ ပေါ်ထွက်လာသော ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတစ်ပါးဟု တစ်နိုင်ငံလုံး ဟိုးဟိုးကျော်သွားခဲ့သည်။ ဆရာတော် ဟောပြောလုပ်ဆောင်ချက်များကို မနှစ်မြို့သည့် အသိုင်းအဝိုင်းမှ ရှေးအယူအဆ မစွန့်လွှတ်နိုင်သူများသည် ဆရာတော်ကို ပုတ်ခတ်ပြောဆို ဝေဖန်မှုများ တိုး၍တိုး၍ပြုလုပ်လာနေကြချေသည်။ ဤတွင် တစ်ဖက်၌ ခေတ်တက္ကသိုလ်မှ စာပေပညာရပ်များကို ဆည်းပူးသင်ကြားနေဆဲမှာပင် တစ်ဘက်မှ တိုက်ခိုက်ထိုးနှက်လာသော ဝေဖန်ချက်များကို တွန်းလှန်ဖြေရှင်း ဖယ်ရှားခဲ့ရသည်မှာ နေ့စဉ်နှင့်အမျှဖြစ်ပေသည်။ ထိုဝေဖန်မှုများကို ပြန်လည်တိုက်ခိုက်ဖြေရှင်းခဲ့သော စာရွက်စာတမ်းများကို သီဟိုဠ်ဘာသာဖြင့် ရဟန်းငယ်များ၏ လက်စွဲအဖြစ်ဖြင့် လည်းကောင်း၊ လူမှုဝန်ထမ်းလုပ်ငန်းများအတွက် လူမှုဝန်ထမ်းလုပ်ငန်းလမ်းညွှန် နည်းပြချက်များ အဖြစ်လည်းကောင်း၊ စာအုပ်တစ်အုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့ပေသည်။ ယင်းစာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် The Heritage of the Bhikkhu (ရဟန်း၏ အမွေ) ဟု ယခုအချိန်အထိ ပုံနှိပ်ထုတ်ဝေလျှက် ရှိပေသည်။

ဤသို့ တက္ကသိုလ်ကျောင်းသားအဖြစ် ခေတ်ပညာများကို အချိန်ပြည့် သင်ကြားယူခဲ့ပြီးနောက် ၁၉၄၁ ခုနှစ်တွင် လန်ဒန်တက္ကသိုလ်၏ ဘီအေဂုဏ်ထူးဘွဲ့ကို (အင်ဒိုအာရယန်) ဘာသာရပ်တွင် ဆွတ်ခူးနိုင်ခဲ့ပေသည်။ ထို့နောက် ကာလကတ္တား တက္ကသိုလ်တွင် တိဗက်ဘာသာ၊ တရုတ်ဘာသာစကားများကို သင်ယူရင်း၊ မဟာယာန ဗုဒ္ဓဘာသာအကြောင်းကို လေ့လာဆည်းပူးခဲ့လေသည်။ မြန်မာပြည်သို့ ဂျပန်ဝင်ရောက်လာသောအခါ အရှင်ရာဟုလာသည် သီဟိုဠ်နိုင်ငံသို့ပြန်သွား၍ နာမည်ကြီးပါမောက္ခ ဒေါက်တာ မာလာဆေးကရ ထံတွင် သုတေသနပြုလုပ်ရင်း " သီဟိုဠ်သာသနာဝင်" ကျမ်းကိုပြု၍ ဒေါက်တာ(ပါရဂူ)ဘွဲ့ကို ဆွတ်ခူးတော်မူခဲ့သည်။

၁၉၄၇ ခုနှစ်တွင် ဆရာတော်သည် နောက်ဆုံးနိုင်ငံရေးလုပ်ဆောင်ချက်အဖြစ် နယူးဒေလီတွင် ဂျဝါဟာလာ နေရူးက ကျင်းပပြုလုပ်သော "အာရှတိုက်သားချင်း နီးနှောဖလှယ်ပွဲ" (Asians Relations Conference) ကို သီဟိုဠ် ကိုယ်စားလှယ်တစ်ဦးအဖြစ် တက်ရောက်ခဲ့ပေသည်။ ယင်းနီးနှောဖလှယ်ပွဲသို့ မလွတ်လပ်သေးသော အရှေ့တောင်အာရှမှ တိုင်းပြည်များဖြစ်သည့် အင်ဒိုချိုင်းနား (ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လော)၊ မလေးရှား၊ အင်ဒိုနီးရှား၊ မြန်မာ၊ အိန္ဒိယ၊ သီဟိုဠ်နိုင်ငံတို့မှ ကိုယ်စားလှယ်များကို ဖိတ်ကြား၍ လုံးဝလွတ်လပ်ရေး မည်သို့ရအောင် ဆောင်ရွက်ကြမည်၊ လွတ်လပ်ရေးရပြီးနောက် အာရှတိုက်သား အချင်းချင်း မည်သို့ဆက်သွယ်ကြမည်၊ ဆက်ဆံကြမည် စသော နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး နှင့် ဆိုင်ရာဆိုင်ရာ ယဉ်ကျေးမှုဖလှယ်ရေးကိစ္စများ အပါအဝင် ဘက်စုံ ဆွေးနွေးကြရသော အရေးပါအရာရောက်သည့် ကွန်ဖရင့် အစည်းအဝေးကြီးဖြစ်ပါသည်။

ထိုအစည်းအဝေးကြီး၌ အိန္ဒိယနိုင်ငံမှ ထိပ်သီးခေါင်းဆောင်ကြီးများဖြစ်ကြသည့် ပန်ဒစ်ဂျဝါဟာလာနေရူး၊ ရာဂျင်ဒရာပရာဆဒ် (အိန္ဒိယနိုင်ငံ၏ ပထမဆုံးသမ္မတ)၊ ဒေါက်တာ ရာဒါကရစ်ရှနာ၊ ပရာကတ်ဂျ်နရိန်း၊ ဒေါက်တာ အမ်ဘက်ဒ်ကား(ဇာတ်နိမ့်ဟိန္ဒူတို့၏ခေါင်းဆောင်) စသည်တို့ကိုယ်တိုင်ပါဝင် ဆွေးနွေးခဲ့ကြပေသည်။ ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ ကိုယ်တိုင်လည်း အစည်းအဝေးပွဲ ညီလာခံကြီးသို့ ကြွရောက်ချီးမြှင့်ခဲ့ပေသည်။

တိုက်တိုက်ဆိုင်ဆိုင် ဤ ၁၉၄၇ ခု၊ နယူးဒေလီ၌ ကျင်းပသော အာရှနိုင်ငံများနီးနှောဖလှယ်ပွဲကြီးကို ဤဘာသာပြန်သူကိုယ်တိုင်လည်း မြန်မာနိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးအဖြစ် တက်ရောက်ခဲ့ရပေသည်။ မြန်မာ ကိုယ်စားလှယ်အဖွဲ့ကို ဝတ်လုံတော်ရဦးကျော်မြင့်က ခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ် နိုင်ငံရေးနယ်ပယ်နှင့်

တက္ကသိုလ်နယ်ပယ်မှ ပညာရှင်များပါဝင်ခဲ့ရာ မှတ်မိသရွေ့ မြန်အောင်ဦးတင်၊ အမ်၊အေ ရာရှစ်၊ ဆရာကြီး ဦးဘ၊ မြို့မ ကျောင်းဆရာကြီး ဦးဘလွင်၊ ဦးသိန်းဟန်၊ ဦးဝန်၊ အမျိုးသမီးများမှ ဒေါ်ခင်မျိုးချစ် နှင့် နော်လော်ဖရင့်တောာ တို့ ပါဝင်ခဲ့ ပေသည်။

ညီလာခံကြီးမှာ အလွန်ကြီးကျယ်ခမ်းနားလှ၍ ဆွေးနွေးနှီးနှောကြသော ဘာသာရပ်ပေါင်းလည်း များပြား လွန်းလှသဖြင့် မိမိတို့အသီးသီး တာဝန်ခွဲဝေသတ်မှတ်၍ အစည်းအဝေးတက်ခဲ့ကြရသည်။ ထိုစဉ်အခါက သီဟိုဠ် ကိုယ်စားလှယ်အဖွဲ့တွင် ရဟန်းတော်တစ်ပါး ပါဝင်သည်ကို သတိပြုမိခဲ့သော်လည်း ဆရာတော်ရာဟုလာ ဟု မသိရှိခဲ့ပေ။ ထိုဆရာတော်သည် ယဉ်ကျေးမှုနှင့် လူမှုဆက်ဆံရေးဘာသာရပ်များ ကဏ္ဍတွင်ပါဝင်၍ စာရေးသူမှာ သိပ္ပံ နှင့် စက်မှုလက်မှုကဏ္ဍတွင် ဆောင်ရွက်ခဲ့ကြသဖြင့် တစ်ဦးနှင့်တစ်ဦးတွေ့ဆုံနိုင်ခွင့် မကြုံခဲ့ရပါ။

အခြားတိုက်ဆိုင်ချက်တစ်ခုမှာ ၁၉၄၇ ခုနှစ်တွင် ယင်းညီလာခံမှ ပြန်လာပြီးကတည်းက စာရေးသူသည် နိုင်ငံရေး လှုပ်ရှားဆောင်ရွက်မှုများတွင် ပါဝင်ခြင်းမပြုတော့ပါ။ ဆရာကြီးဦးရာဇတ်၏ တာဝန်ပေးချက်အရ မန္တလေး တက္ကသိုလ် ဖြစ်မြောက်ရေးအတွက် ပညာရေးကိုသာ ဇောက်ချ ဆောင်ရွက်ခဲ့ပေသည်။ ထိုနည်းတူစွာ ဆရာတော် ရာဟုလာ အရှင်သည်လည်း ထိုအချိန်မှစ၍ ပညာရေးနှင့်ဘာသာရေးသက်သက်ကိုသာ ဦးတည်ဆောင်ရွက်တော်မူခဲ့ ၍ နိုင်ငံရေးလှုပ်ရှားမှုအားလုံး စွန့်ပစ်လိုက်ခဲ့ပေသည်။

ဒေလီညီလာခံမှ ပြန်လာပြီးနောက် ဆရာတော်သည် ထိုအချိန်တွင် စတင်တည်ထောင်လိုက်သည့် ဘုန်းတော်ကြီးတက္ကသိုလ် ဝိဇ္ဇာလင်္ကာရပရိဝေနတွင် အထွေထွေအတွင်းရေးမှူးချုပ် (မော်ကွန်းထိန်း) အဖြစ် ဆောင်ရွက်တော်မူခဲ့ပေသည်။ ထို့နောက် ၁၉၅၀ ပြည့်နှစ်တွင် ပြင်သစ်အစိုးရက ချီးမြှင့်သော စကောလားရှစ်ဆုဖြင့် ပါရီမြို့ ဆော်ဗွန်တက္ကသိုလ်တွင် ပညာဆက်လက် သင်ကြားတော်မူသည်။ ဆော်ဗွန်တက္ကသိုလ်သည် သက္ကတဘာသာ သင်ကြားပေးခြင်း၊ မဟာယာနဗုဒ္ဓဘာသာကို လေ့လာသုတေသနပြုလုပ်ခြင်းများတွင် နာမည်ကြီးလှပေသည်။ ယင်းတက္ကသိုလ်တွင် ၈ နှစ်မျှပညာသင်ကြားရင်း ပြင်သစ်ဘာသာစကားကို ကောင်းစွာ တတ်မြောက်လာသည့် အလျောက် အသင်္ဂ၏ နက်နဲခက်ခဲလှသည့် အဘိဓမ္မာသမုစ္စယ ကျမ်းကြီးကို ပြင်သစ်ဘာသာ ပြန်ဆိုပြုစုနိုင်ခဲ့ ပေသည်။ ယင်းကျမ်းကြီးကို ပြုစုခြင်းဖြင့် ဆော်ဗွန်တက္ကသိုလ်မှ ဒေါက်တာဘွဲ့ကို ဆွတ်ခူးနိုင်ခဲ့ပြန်ပေသည်။

၁၉၆၄ ခုနှစ်တွင် အမေရိကန်၊ အီလီနွိုက်ပြည်နယ်၊ အနောက်မြောက်တက္ကသိုလ်တွင် ဘာသာရေးစာပေ ဆိုင်ရာ ပါမောက္ခအဖြစ် ခန့်အပ်ခြင်းခံရသည်။ အနောက်နိုင်ငံတက္ကသိုလ်များတွင် ရှေးဦးပါမောက္ခအဖြစ် ခန့်အပ်ခြင်း ခံရသော ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးဖြစ်လေသည်။

၁၉၆၅ ခုနှစ်တွင် ဆရာတော်၏ ဂိုဏ်းဖြစ်သော သီရိကလျာဏီ သမဂ္ဂီသံဃသဘာ က ဆရာတော်အား ပညာ အရာတွင် အမြင့်ဆုံးဘွဲ့ထူးဖြစ်သော “တိပိဋက ဝဂ်ီသွာရာစရိယ” ဘွဲ့ကို ပေးအပ်သည်။ သီရိလင်္ကာနိုင်ငံတွင် ဤ ဘွဲ့ထူးဆောင် ဆရာတော်များမှာ ယခုတိုင် နှစ်ပါး၊ သုံးပါးမျှသာ ရှိသည်ဟု သိရသည်။

၁၉၆၆ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၌ အသစ်ဖွင့်လှစ်လိုက်သော ဝိဇ္ဇောဒယ တက္ကသိုလ်တွင် ဒု–အဓိပတိအဖြစ် သီဟိုဠ်အစိုးရက ခန့်အပ်ခဲ့သည်။

၁၉၇၇ ခုနှစ်တွင် အမေရိကန် ပင်ဆယ်လ်ဗေးနီးယားပြည်နယ်၊ ဆွတ်မိုးတက္ကသိုလ်၌လည်းကောင်း၊ ၁၉၇၈ ခု နှင့် ၁၉၇၉ ခုနှစ်များတွင် ကာလီဖိုးနီးယားပြည်နယ် တက္ကသိုလ်နှင့် အရှေ့တိုင်းပညာရပ် တက္ကသိုလ်များတွင် လည်းကောင်း ဧည့်ပါမောက္ခအဖြစ် ဗုဒ္ဓဘာသာစာပေများကို ပို့ချ သင်ကြားပေးတော်မူခဲ့သည်။

၁၉၇၈ ခုနှစ်တွင် သီရိလင်္ကာတက္ကသိုလ်မှ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ဖြင့်လည်းကောင်း၊ ကမ္ဘာပေါ်တွင် ရှေးအကျဆုံးတက္ကသိုလ်တစ်ခုဖြစ်သည့် နာလန္ဒတက္ကသိုလ်မှ (ဝိဇ္ဇာ ဝရိဓိ)၊ ဒီလစ်ဘွဲ့ထူးဖြင့်လည်းကောင်း ချီးမြှင့်ခြင်း ခံရသည်။ ၁၉၇၉ ခုနှစ်တွင် ကာလီဖိုးနီးယားတက္ကသိုလ်မှ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ဖြင့် ချီးမြှင့်ခြင်းခံရပြန်သည်။ ၁၉၈၀ ခုနှစ်တွင် သီဟိုဠ် ကေလနိယတက္ကသိုလ်မှ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ဖြင့် ချီးမြှင့်ခြင်းခံရသည်။

၁၉၇၄ ခုနှစ်မှစ၍ ဆရာတော်၏ တပည့်ဖြစ်သူ တစ်ဦး၏ ဖိတ်ကြားခြင်းနှင့် အင်္ဂလန်ပါဠိတော် အသင်းကြီး၏ အတွင်းရေးမှူး မစ္စစ် ဟော်နား(ကွယ်လွန်) ၏ ပင့်လျှောက်တောင်းပန်ခြင်းများကြောင့် ဆရာတော်သည် လန်ဒန်မြို့ တွင် အခြေစိုက် သီတင်းသုံး၍ နေထိုင်တော်မူခဲ့ပေသည်။ အင်္ဂလန်ပါဠိတော် အသင်းတွင် အမှုဆောင်တစ်ဦးအဖြစ် ပါဝင်၍ ဘာသာပြန် လုပ်ငန်းများ လုပ်ကိုင်ရင်း၊ ဘာသာရေးစာအုပ်အမျိုးမျိုး ရေးသားပြုစုတော်မူလျက် ရှိသည်။ ဤသို့ လန်ဒန်တွင် သီတင်းသုံးတော်မူလျက်ရှိသော်လည်း အမေရိကန်၊ ဥရောပနှင့် ဂျပန်တက္ကသိုလ်များသို့ ခရီးလှည့် လည်၍ စာပေပို့ချလျက်ပင် ရှိလေသည်။

အထူးအားဖြင့် မိမိ၏ နိုင်ငံရင်းဖြစ်သော သီရိလင်္ကာတွင် ကေလနိယတက္ကသိုလ်၏ ဒု–အဓိပတိအဖြစ် လည်းကောင်း၊ ပရမဓမ္မဗုဒ္ဓတက္ကသိုလ်၏ အကြီးအကဲအဖြစ်ဖြင့် လည်းကောင်း၊ ဆောင်ရွက်တော်မူလျက် ရှိပါသည်။

ယင်းတက္ကသိုလ်သည် သီရိလင်္ကာနိုင်ငံ သမ္မတကြီးနှင့် ဝန်ကြီးချုပ်တို့၏ တောင်းပန်ချက်အရ ဆရာတော်က ၁၉၈၂ ခုနှစ်တွင် တည်ထောင်ဖွင့်လှစ်ပေးလိုက်သော တက္ကသိုလ်သစ်တစ်ခု ဖြစ်ပေသည်။ ယင်းတက္ကသိုလ်တွင် လူမျိုးမရွေး၊ ဘာသာမရွေး၊ ပါဠိစာပေနှင့် ဗုဒ္ဓစာပေတို့ကို အဆင့်မြင့်မြင့် သင်ကြားပေးလျက်ရှိရာ ဤ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓ တက္ကသိုလ်မျိုး ကမ္ဘာတွင် ဤတစ်ခုသာ ရှိသေးကြောင်း သိရှိရပေသည်။

# နိဒါန်း

ယနေ့ ကမ္ဘာတစ်ဝန်းလုံးတွင် ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ စိတ်ဝင်စားမှု တိုးတက်မြားပြားလျက် ရှိနေပေသည်။ ဗုဒ္ဓဘာသာလေ့လာရန် အသင်းအဖွဲ့နှင့် လေ့လာရေးအုပ်စုပေါင်း များစွာတို့ ပေါ်ပေါက်လာကြ၍ ဗုဒ္ဓရှင်တော်ဘုရားဟောကြားတော်မူသော ဒေသနာတော်များအကြောင်း စာအုပ်ပေါင်းများစွာလည်း ထွက်ပေါ်ခဲ့ပေပြီ။ သို့ရာတွင် ဝမ်းနည်းစရာကောင်းလှသည်မှာ ဤကဲ့သို့စာအုပ်အများအပြားကို အမှန်တကယ် တတ်ကျွမ်းနားလည်ခြင်း မရှိသူများက ရေသားနေကြခြင်း ဖြစ်ပေသည်။ တဖန် တစ်ခြားဘာသာများမှ ဆင်းသက်ခဲ့သော ထင်ယောင်ထင်မှားဖြစ်စေသော မှတ်ယူချက်များကို ၎င်းတို့၏စာများတွင် သွတ်သွင်းရေးသားကြသဖြင့် (ဗုဒ္ဓဒေသနာ) ကို အဓိပ္ပါယ် ကောက်ယူမှားခြင်း၊ အလွဲဖော်ပြခြင်းတို့ ဖြစ်နေပေသည်။ မကြာသေးမီက ဗုဒ္ဓဘာသာ စာအုပ်တစ်အုပ်ကို ပြုစုရေးသားသော (ဘာသာဝါဒ နှိုင်းယှဉ်လေ့လာရေးပညာ) ပါမောက္ခတစ်ဦးသည် ဗုဒ္ဓမြတ်စွာဘုရားအား ကြည်ညိုလေးစားစွာဖြင့် အလုပ်အကျွေးပြုစုခဲ့သူ အရှင်မြတ် အာနန္ဒာကို ဘိက္ခုမထေရ်တစ်ပါး ဖြစ်သည်ဟု မသိရှိဘဲ ဥပသကာတစ်ဦးဟု ထင်မြင်ယူဆခဲ့လေသည်။ ဤကဲ့သို့သောစာအုပ်မျိုးမှ ပေါက်ပွားလာမည့် ဗုဒ္ဓဘာသာနှင့်ပတ်သက်သည့် အသိပညာသည် မည်ကဲ့သို့ ရှိချိမ့်မည်ကို စာရှုသူများ စဉ်းစားစိတ်ကူး၍သာ ကြည့်ကြစေလိုပါတော့သည်။

ကျွန်ုပ်သည် ဤစာအုပ်ငယ်ကို ဗုဒ္ဓဘာသာရေးရာကို စနစ်တကျလေ့လာသင်ကြားမှု မရခဲ့သော်လည်း ဗုဒ္ဓက မုချဟောကြားတော်မူခဲ့သော တရားဒေသနာအမှန်ကို သိရှိလိုကြသည့် ပညာတတ်အသိဉာဏ်ရှိသူ၊ စာပေအနံ့အပြားဖတ်တတ်သူ ပုဂ္ဂိုလ်တို့အား၊ ရည်စူး၍ရေးသားပါသည်။ ၎င်းတို့အကျိုးငှာ ဗုဒ္ဓရှင်တော်မြတ် နှုတ်တော်မှ ကေန်မြွက်ဆိုသည့် စကားလုံးများကို တိကျမှန်ကန်စွာ အတတ်နိုင်ဆုံး လွယ်လွယ်တည့်တည့် နည်းဖြင့် အကျဉ်းချုပ်ဖော်ပြရန် ရည်သန်ပါသည်။ ၎င်းမှုခပါဠိတော်လာ စကားလုံးများမှာလည်း ရှေးအကျဆုံး အကၡရာတင် မှတ်သားထားသော ဗုဒ္ဓဒေသနာတော်များဖြစ်သည်ဟု တစ်ကမ္ဘာလုံးရှိ ပညာရှင်များက လက်ခံအသိအမှတ်ပြုထားသည့် တိပိဋကတော်၏ မူရင်းပါဠိတော်များတွင် တွေ့ရှိရသည့် စကားလုံးများပင်ဖြစ်ပါသည်။ ရေးသားထားသည့်အကြောင်းအရာနှင့် အသုံးပြုထားသည့် စာပိုဒ်များသည် မူရင်းပါဠိတော်များမှ တိုက်ရိုက်တည့်တည့် ကိုးကားထားချက်များဖြစ်ပါသည်။ အချို့နေရာများတွင်မူ နောက်ပေါ်ကျမ်းစာများကိုလည်း ရည်ညွှန်းကိုးကားထားပါသည်။

ဗုဒ္ဓဒေသနာတော်များကို အတော်အသင့် သင်ကြား လေ့လာခဲ့ဖူးပြီး ဆက်လက်ဆည်းပူးလိုသေးသော ပုဂ္ဂိုလ်များကိုလည်း ကျွန်ုပ်ရည်ရွယ်ရိုးရင်း နှလုံးသွင်းမိပါသည်။ ထိုအကြောင်းကြောင့် အဓိကဝေါဟာရများအတွက် ပါဠိစကားလုံးများကို ဖော်ပြပေးထားရုံသာ မဟုတ်သေး၊ မူရင်းပါဠိတော်အတွက် ကျမ်းညွှန်းများကိုလည်း အောက်ခြေမှတ်သားချက်တွင်ရေးသားထားပါသည်။ အကိုးအကားစာအုပ်စာရင်းကိုလည်း သီးသန့်ရွေးချယ်တင်ပြထားပါသည်။

ဤစာအုပ်ရေးသားရာတွင် အခက်အခဲ အများအပြား ကြုံတွေ့ခဲ့ရ၏။ ဗုဒ္ဓဘာသာဆိုင်ရာ လူသိများပြီးသော အကြောင်းအရာနှင့် မသိမကြားဖူးသေးသော အကြောင်းအရာများကို ခွဲခြားစိစစ်၍ လည်းကောင်း၊ ဗုဒ္ဓဟောပြောခဲ့သော ဒေသနာတော်များကို အကြောင်းအရာနှင့်ဟောပြောပုံမူရင်း ဟန်မပျက် ယခုမျက်မှောက် အင်္ဂလိပ်စာဖတ်ပရိသတ်တို့ အလွယ်တကူ နားလည် သဘောသက်ဝင်နိုင်အောင်လည်း ကြိုးစားကြံဆောင် ဖော်ပြရသည်မှာ မလွယ်ကူလှပေ။

ဤစာအုပ်ရေးသားရာတွင် ရှေးဟောင်းပါဠိတော် ကျမ်းကြီးများသည် ကျွန်ုပ်၏စိတ်ဝယ် ပေါ်နေပေ၏။ နှုတ်ထက်ရွရွ ကျက်မှတ်သောအစဉ်အလာအရ ကျွန်ုပ်တို့ လက်ခံမှတ်သားခဲ့ရသော ဘုရားမုခပါဠိတော်လာ ဒေသနာများတွင် ပါရှိသည့် အဓိပ္ပါယ်တူ စကားလုံးများနှင့် ထပ်ကာတလဲလဲ စကားပြောပုံများကို တမင်တကာ မပြုပြင်ဘဲ ထားပါသည်။ ဤကဲ့သို့ ထားခြင်းဖြင့် ဗုဒ္ဓ၏ဟောပြောပုံနည်းဟန်ကို အတော်အတန် သဘောသက်ရောက်နိုင်မည် ဖြစ်ပါသည်။ ဘာသာပြန်ရာတွင် မူရင်းအဓိပ္ပါယ်အတိုင်း ပေါ်လွင်နိုင်သမျှပေါ်လွင်စေ၍ လွယ်ကူချောမောစွာ ဖတ်ရှုနိုင်စေရန် ကြိုးစားထားပါသည်။

သို့ရာတွင် ဗုဒ္ဓကိုယ်တော်မြတ် ဆိုလိုတော်မူရင်းအရာကို အဓိပ္ပါယ်မပျက်စေရန် ကြိုးစားရာတွင် လွယ်ကူချောမောသော ဝါကျများအဖြစ် မရေးနိုင်သော အကြိမ်များ တွေ့ရပေသည်။ (မြတ်ဗုဒ္ဓဒေသနာ) ဟု စာအုပ်အမည်ကို ရွေးချယ်ထားရကား ဗုဒ္ဓကိုယ်တော်မြတ်သုံးနှုန်းသည့် စကားလုံးများအတိုင်းနှင့် ပုံဆောင်သော ဝတ္ထုများအတိုင်း မရေးသားပါက မှားယွင်းပေမည်ဟု ကျွန်ုပ်ယူဆပါသည်။ ပိုမိုလွယ်ကူစွာ နားလည်စေရန် ရည်သန်လျက် ဘာသာပြန်ချက်တွင် ပြုပြင်ရေးသားလိုက်ပါက ဆိုလိုရင်း အဓိပ္ပါယ် ချွတ်ချော်တိမ်းပါးသွားမည့် အန္တရာယ် ရှိနေပေသည်။

ဗုဒ္ဓသာသနာတော်တွင် အခြေအမြစ် မူလပင်မဖြစ်၍ အထူးအလေးပြုအပ်ပြီး မပါလျှင်မပြည့်စုံပေဟု အများကယူဆထားသည့် တရားဒေသနာများအားလုံးလိုလိုပင် ဤစာအုပ်၌ထည့်သွင်းဆွေးနွေးထားပါသည်။ ၎င်းတရားတော်များမှာ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး၊ ခန္ဓာငါးပါး၊ ကံ၊ ဘဝသစ်၊ ပဋိစ္စသမုပ္ပါဒ်၊ အနတ္တတရားနှင့် သတိပဋ္ဌာန်တရားတော်များပင် ဖြစ်ပါသည်။ ဤတရားတော်များကို ဆွေးနွေးရာတွင် အနောက်နိုင်ငံသား စာဖတ်သူများအတွက် မကြားဖူး၊ မကျွမ်းကျင်သော အသုံးအနှုန်းများ ပါဝင်မည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ ၎င်းတို့သည် ရှေးဦးစွာ ပထမဆုံးအခန်းကို ဖတ်ရှုပြီးနောက် အခန်း(၅)၊(၇) နှင့် (၈) တို့သို့ ခုန်ကျော်ဖတ်ကာ ယေဘုယျသဘော ပိုမိုရှင်းလင်းထင်ရှားပေါ်လွင်လာမှသာ အခန်း(၂)၊(၃)၊(၄) နှင့် (၆) တို့ကို ပြန်လည် ဖတ်ရှုကြရန် အကြံဉာဏ်ပေးလိုပါသည်။

ဗုဒ္ဓဟော တရားများအကြောင်းကို စာတစ်အုပ်ရေးသားရာတွင် ထေရဝါဒနှင့် မဟာယာန ဗုဒ္ဓဘာသာတို့က ဗုဒ္ဓဝါဒ၏အခြေခံမူလဟု လက်ခံပြုထားသော အကြောင်းအရာများကို မထည့်သွင်းမဖော်ပြဘဲ ရေးသား၍ မဖြစ်နိုင်ပါ။

ထေရဝါဒယ ကို ဟိနယာန(ယာဉ်ငယ်) ဟူသောဝေါဟာရကို သိကျွမ်းနားလည်ကြသော ပညာရှင်ပုဂ္ဂိုလ်တို့က သုံးစွဲခြင်းမပြုကြတော့ပေ။ ထေရဝါဒကို မထေရ်ကြီးများဂိုဏ်းဂဏ ဟု ဘာသာပြန်နိုင်၍ မဟာယာနကို ယာဉ်ကြီးဂိုဏ်းဟု ယူဆအပ်၏။ ၎င်း၏အမည်နာမများမှာ မျက်မှောက်ကမ္ဘာတွင် ထင်ရှားပေါ်လွင်လျက်ရှိသော ဗုဒ္ဓဘာသာဝင်ဂိုဏ်းကြီးနှစ်ဂိုဏ်းကို ခေါ်ဝေါ်သုံးစွဲခြင်းဖြစ်ပေသည်။ ဗုဒ္ဓဘာသာပင်ကိုယ်မူရင်းအမှန်ဟု မှတ်ယူခံရသော ထေရဝါဒကို သီဟိုဠ်၊ မြန်မာပြည်၊ ယိုးဒယား၊ ကမ္ဘောဇ၊ လာောနှင့် အရှေ့ပါကစ္စတန်၊ စစ်တကောင်းနယ်များတွင် လိုက်နာကြ၍ အတော်အတန်ကာလနောက်ကျမှ ဖြစ်ထွန်းပေါ်ပေါက်လာသော မဟာယာနဂိုဏ်းကို တရုတ်ပြည်၊ ဂျပန်၊ တိဗက်၊ မွန်ဂိုလီယား စသော တိုင်းနိုင်ငံများတွင် လိုက်နာကြသည်။ ဤဂိုဏ်းကြီးနှစ်ဂိုဏ်းတွင် အထူးသဖြင့် သဘောအယူအဆ၊ ကျင့်ထုံးဓလေ့နှင့် သိမှတ်လိုက်နာမှုများတွင် အချို့သော ကွဲလွဲခြားနားချက်များရှိလင့်ကစား ဤစာအုပ်တွင် ဆွေးနွေးတင်ပြသည့် အရေးအကြီးဆုံး ဗုဒ္ဓ၏ ဒေသနာတော်များတွင်ကား နှစ်ထွေကွဲပြားမခြားနားပဲ တညီတညွတ်တည်း ထေရဝါဒနှင့် မဟာယာနတို့ သဘောတူညီမှု ရှိကြပါသည်။

ဤစာအုပ်ကို ရေးသားပြုစုရန် ကျွန်ုပ်အားတိုက်တွန်းသော ပါမောက္ခ အီး၊ အက်ဖ်၊ စီ၊ လူဒိုဝစ် အားလိုသော အကူအညီများပေးကာ စိတ်ပါဝင်စားစွာဖြင့် အကြံဉာဏ်များပေး၍ စာမူကြမ်းကို ဖတ်ရှုပေးခြင်းကြောင့် အထူး ကျေးဇူးဥပကာရတင်ရှိကြောင်း ဖော်ပြပါသည်။ စာမူကြမ်းကို ဖတ်ရှု၍ အကြံဉာဏ်ကောင်းများပေးသော မစ်စ်မေရီယံမှုန်းအားလည်း အထူးကျေးဇူးတင်ရှိပါသည်။

နိဂုံးချုပ်အားဖြင့် ဉယျောဇဉ်ကိုရေးသားပေးသော ပါရစ်မြို့ရှိ ကျွန်ုပ်၏ဆရာ ပါမောက္ခ ပေါလ်ဒီမီယဲဗီယေး၏ ကျေးဇူးကား ကြီးမားလှပါကြောင်း ဖော်ပြအပ်ပါသည်။

ပါရစ်မြို့
ဇူလိုင်၊၁၉၅၈ ခုနှစ်

ဝါလ်ပိုလာ ရာဟုလာ

ဤစာမျက်နှာတွင် ––

**ကမ္ဘာလောက၏ အနာရောဂါများကို ကုစားပေးတော်မူသော၊ ဘိသက္က၊ ဘေသဇ္ဇဂုရု သမားတော်ကြီးအဖြစ် မြတ်စွာဘုရားအား ပူဇော်ရပုံ။**

**လက်ဝဲလက်တော်တွင် ဆေးဝါးကြုတ်ကိုစွဲကိုင်၍ လက်ယာလက်တော်ဖြင့် ဘေးရန်ကင်းငြိမ်းစေသောဝ် ဟူသည့် အထိမ်းအမှတ်ကို ပြတော်မူသည်။ (ဂျပန်)**

–– ဟု စာတမ်းပါသည့်  ဗုဒ္ဓရှင်တော်မြတ်၏ ပုံကို ဖော်ပြထားပါသည်။

ဤစာမျက်နှာတွင် --

Dr WALPOLA RAHULA အရှင်မြတ်၏ ပုံကို ဖော်ပြထားပါသည်။

ဓါတ်ပုံများကို ကျွန်တော် scan မကူးတော့ပါ။ ဤပုံများကို ခဲ ဖြင့်သော်လည်းကောင်း၊ ရေဆေးဖြင့်သော်လည်းကောင်း ကျွန်တော်ရေးဆွဲပြီးမှ ပို့လိုက်ပါမည်။

ဤစာမျက်နှာတွင် --

ဦးကိုလေးအတွက်ထုတ်ပေးထားသော Dr Walpola Rahula ၏ဘာသာပြန်ဆိုခွင့် authorization letter ကို ဖော်ပြထားပါသည်။

(မဏိ) သို့
သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

# ဗုဒ္ဓရှင်တော်မြတ်

မျိုးနွယ်အမည် ဂေါတမ၊ ကိုယ်ပိုင်အမည် သိဒ္ဓတ္ထဟုခေါ်တွင်သော ဗုဒ္ဓဘုရားရှင်တော်မြတ်သည် ဘီစီ ၆ ရာစုနှစ်အတွင်းတွင် အိန္ဒိယမြောက်ပိုင်း၌ သက်တော်ထင်ရှားနေထိုင်တော်မူခဲ့ပေသည်။ ၎င်း၏ဘခမည်းတော် သုဒ္ဓေါဒနသည် သကျမင်းတို့၏ တိုင်းနိုင်ငံ (ယခုနီပေါပြည်)တွင် ဘုရင်မင်းမြတ်ဖြစ်ပေသည်။ မယ်တော်မှာ မာယာ မိဖုရားကြီးဖြစ်ပါသည်။

ထိုခေတ်အခါက ဓလေ့ထုံးစံအတိုင်း သိဒ္ဓတ္ထမင်းသားသည် အသက်ငယ်ရွယ်စဉ် (၁၆) နှစ်သား၌ ချောမော ပြေပြစ်၍ သစ္စာတည်တံ့သော မင်းသမီးပျို ယသော်ဓယာနှင့် ထိမ်းမြားလက်ထပ်ခဲ့လေသည်။ သိဒ္ဓတ္ထမင်းသားကလေး သည် လိုတရနိုင်သော စည်းစိမ်ချမ်းသာဖြင့် ၎င်း၏နန်းတော်ထက်တွင် နေထိုင်တော်မူခဲ့ရ၏။ သို့ရာတွင် ဘဝ၏ သဘောအစစ်အမှန်နှင့် လူ့လောက၏ ဒုက္ခဆင်းရဲခြင်းများကို တွေ့မြင်သိရှိလိုက်သည်နှင့် တပြိုင်နက် တစ်လောကလုံး ရှိ သတ္တဝါတို့၏ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးနည်းလမ်းကို ရှာဖွေရန် ရုတ်တရက် ချက်ခြင်း စိတ်ပြဋ္ဌာန်းချက် ချမှတ်ခဲ့ သည်။ တစ်ဦးတည်းသော သားတော်ရာဟုလာကို မွေးဖွားပြီး၍ များမကြာမီ သက်တော် နှစ်ဆယ့်ကိုးနှစ်အရွယ်တွင် သိဒ္ဓတ္ထသည် ထီးနန်းကို စွန့်ပစ်ခဲ့၍ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးနည်းလမ်း ရှာဖွေရန် တောထွက်တော်မူခဲ့လေသည်။

တောထွက်လာသော ဂေါတမသည် ဂင်္ဂါမြစ်ဝှမ်းတွင် လှည့်လည်၍ နာမည်ကျော်ကြားသော ဘာသာရေး တရားဟောဆရာများနှင့်တွေ့ဆုံကာ ၎င်းတို့၏ နည်းနာနိဿယများကို လေ့လာသုံးသပ်လျှက် ကိုယ်တော်တိုင် ပြင်းပြင်းထန်ထန် အထူးခြိုးခြံစွာ (၆)နှစ်တိုင်တိုင် ကျင့်တော်မူခဲ့လေသည်။ ဤကဲ့သို့လွန်မင်းစွာ ကျင့်ကြံခြင်းဖြင့် ၎င်း၏ လိုအင်ဆန္ဒမှာ ပြည့်ဝခြင်းမရှိခဲ့ပေ။ ထို့ကြောင့် အစဉ်အလာအားဖြင့် ဆင်းသက်လာခဲ့သော သမားရိုးကျ ဘာသာ ဝါဒများနှင့် ကျင့်ကြံနည်းများကို စွန့်ပယ်တော်မူ၍ ကိုယ်တော်တိုင် တရားလမ်းကို ရှာဖွေခဲ့လေသည်။ သို့နှင့် ညနေ ချမ်းတစ်ချိန်ဝယ် နေရဥ္ဇယာမြစ်ကမ်းပါး ဗုဒ္ဓဂယာ (ယခုဘီဟာနယ်–ဂယာမြို့အနီး) ၌ သစ်ပင်တစ်ပင် (ဤကာလမှစ၍ ထိုသစ်ပင်အား ဗောဓိညောင်ပင်၊ ညောင်ဗုဒ္ဓဟေပင် ဟုခေါ်တွင်သည်) အောက်တွင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူစဉ် သက်တော် (၃၅) နှစ်ရွယ်ရှိ ဂေါတမရှင်တော်မြတ်သည် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူ သည်။ ထိုမှစ၍ သဗ္ဗညုတဉာဏ်တော်ရှင် ဗုဒ္ဓရှင်တော်မြတ်ဟူ၍ ဘွဲ့တော်ကို ခံယူတော်မူပေသည်။

သဗ္ဗညုတ ရွှေဉာဏ်တော်ရပြီးနောက် ဗုဒ္ဓဂေါတမသည် ဗာရာဏသီအနီး ဣသိပတန (ယခု– ဆာရ်နသ်) ရှိ သမင်တို့၏ ဥယျဉ်တွင်း၌ ရှေးအခါက တရားကျင့်ဖော်ကျင့်ဖက် ဖြစ်ခဲ့ဖူးသော ပဥ္စဝဂ္ဂီ အရှင်တို့အား တရားဦးကို ဟောတော်မူလေသည်။ ထိုနေ့မှစ၍ (၄၅)နှစ်ပတ်လုံး ဘုရင်နှင့်ကျေးတောသား၊ ပုဏ္ဏားနှင့်ယာစကာ၊ ဘောဂဝါနှင့် သူတောင်းစား၊ ခိုးသားနှင့်လူသူတော်ဟူ၍ မြူတစ်စိတ်မျှ ခွဲခြားမှုမထားဘဲ ယောကျ်ားမိန်းမ မဟူ အားလုံးသော လူအမျိုးအစားတို့အား တရားရေအေးကို တိုက်ကျွေးတော် မူခဲ့လေသည်။ ရှင်တော်မြတ်သည် အမျိုးဇာတိ၊ ရာထူး ဂုဏ်သိန် အဆင့်အတန်း ခွဲခြားမှုများကို လက်ခံတော်မမူဘဲ ၎င်း၏ မဂ္ဂင်တရားကို သိရှိနားလည်စေရန် ဆန္ဒရှိ၍ လိုက်နာကျင့်ကြံလိုသူ ယောကျ်ားမိန်းမ အားလုံးတို့အား ဟောကြားတော်မူလေသည်။ အသက်တော်(၈၀)တွင် ကုသိနာရုံ (ယခု ဥတ္တာပရာဒေ့ရှ်) ၌ ဗုဒ္ဓရှင်တော်မြတ်သည် ပရိနိဗ္ဗာန်ပြုတော်မူလေသည်။

ယခုအခါတွင် ဗုဒ္ဓဝါဒကို သီဟိုဠ်၊ မြန်မာပြည်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လောပြည်၊ ဗီယက်နမ်၊ တိဗက်၊ တရုတ်၊ ဂျပန်၊ မွန်ဂိုလီယား၊ ကိုးရီးယား၊ ဖော်မိုဆာနှင့် အိန္ဒိယပြည် အချို့အပိုင်း၊ ပါကစ္စတန်၊ နီပေါနှင့် ဆိုဗီယက် ယူနီယံတွင် တွေ့ရှိရပေသည်။ ဗုဒ္ဓဘာသာ ကိုးကွယ်သူ လူဦးရေပေါင်းမှာ ကမ္ဘာပေါ်တွင် သန်းပေါင်း (၅၀၀) ကျော် ရှိပေသည်။

အခန်း(၁)

# ဗုဒ္ဓဘာသာ စိတ်နေသဘောထား

လူအများ မှတ်ယူနားလည်နေသည့် အဓိပ္ပါယ်အတိုင်း ကိုးကွယ်သည့်ဘာသာတရားတစ်ခုကို ပြုစုတည်ထောင်သူတစ်ဦးဟု ဗုဒ္ဓအားခေါ်ဆိုနိုင်ခွင့်ရှိပါက ကမ္ဘာပေါ်ရှိဘာသာတရားအမျိုးမျိုးကို တည်ထောင်ခဲ့ကြသော ဆရာကြီးများတွင် ဗုဒ္ဓတစ်ပါးသာလျှင် မိမိကိုယ်ကို မနုဿလူသားစင်စစ် ရှင်းရှင်းသာလျှင်ဖြစ်သည်ဟု အခိုင်အမာ ဆိုခဲ့ပေသည်။ အခြားဆရာကြီးများမှာမူ ဂေါ့ဒ် ဟူသော ဘုရားသခင်၊ သို့မဟုတ် ဘုရားသခင်၏ ရုပ်သဏ္ဍာန်လက္ခဏာ ပုံပန်းအမျိုးမျိုးကို ခံယူသူ၊ သို့မဟုတ် ဂေါ့ဒ်က အားပေးတိုက်တွန်းလိုက်သူများ ဖြစ်ကြပေသည်။ ဗုဒ္ဓသည် မနုဿလူသားတစ်ဦးသာ ဖြစ်ရုံမဟုတ်သေး၊ မည်သည့်နတ်ဘုရား၊ အခြားပြင်ပ တန်ခိုးရှင်တို့ထံမှ အားပေးကူညီတိုက်တွန်းနှိုးဆော်ခြင်းကို တစ်ဆင့်ခံယူမှုမရှိပေ (သူမဟုတ်ပေ)။ လူသားတို့၏ လုံ့လ၊ ဝီရိယ၊ လူသားတို့၏ ပဋိသန္ဓေဉာဏ်ဖြင့်သာ ဗုဒ္ဓသည် ၎င်းရည်မှန်းသော ပန်းတိုင်သို့ရောက်ရှိ၍ လိုအပ်သောဆုလာဘ်များ (သဗ္ဗညုတ ရွှေဉာဏ်တော်) ကို မုချအောင်မြင်ခံစားခဲ့ရခြင်းဖြစ်သည်ဟု အကြောင်းပြပေသည်။ မနုဿယောကျ်ား လူသားသာလျှင် ဘုရားအဖြစ်သို့ရောက်ရှိနိုင်လေသည်။ လူတိုင်းလူတိုင်းတွင် တကယ်သာလိုအင်ဆန္ဒရှိ၍ လုံ့လပြုပါက ဗုဒ္ဓဘုရားဖြစ်နိုင်သော စွမ်းပကားသတ္တိ ရှိကြသည်သာဖြစ်လေသည်။ ဗုဒ္ဓမြတ်ဘုရားကို ထူးကဲကောင်းမွန်လှသော ယောကျ်ားမြတ် (ဝါ) ဥတ္တမပုရိသ ဟု ခေါ်ဆိုနိုင်ပေသည်။ ဗုဒ္ဓသည် မနုဿလူသားပီသရာတွင် ချွတ်ယွင်းမှုမရှိ၊ အပြစ်အနာအဆာကင်းရှင်းစွာ စေ့ပြေည့်စုံလှသဖြင့် ကာလရွေ့လျော့လာသောအခါ အများနားလည်သော ဘာသာရေးကိစ္စရပ်များ၌ လူထက်လွန်ကဲ၍ လူတို့ဓမ္မတာတရားကို လွန်မြောက်သော ပုဂ္ဂိုလ်ဟု ထင်မှတ်ခြင်းကို ခံယူလာရပေတော့သည်။

ဗုဒ္ဓဘာသာတရားတော်အရ လူ့ဘဝသည် အမွန်မြတ်ဆုံးဖြစ်ပေသည်။ လူသည် မိမိကိုယ်ပိုင် အရှင်သခင်ဖြစ်၍ သူ၏ဘဝဖြစ်စဉ်ကို စီရင်ဆုံးဖြတ်ရန် မည်သည့်တန်ခိုးအာဏာရှင် သို့မဟုတ် အထက်ပုဂ္ဂိုလ်မျှ ရှိသည်မဟုတ်ပေ။

"မိမိသည်သာလျှင် မိမိ၏ ကိုးကွယ်ရာဖြစ်၏။ မိမိမှတစ်ပါး အလယ်သူသည် (မိမိ၏) ကိုးကွယ်ရာဖြစ်နိုင်ပါအံ့နည်း" [၁] ဟု ဗုဒ္ဓမြတ်ဘုရားက မိန့်ခဲ့လေပြီ။ ၎င်း၏ တပည့်ရဟန်းတို့အား "မိမိကိုယ်သာအားကိုးကြလေ။ အခြားတစ်ပါး၌ ကိုးကွယ်ရာ မရှာလေနှင့်" [၂] ဟူ၍လည်း သြဝါဒ ပေးခဲ့သေး၏။

လူသတ္တဝါသည် ကိုယ်ပိုင်ကြိုးစားမှုနှင့် ပင်ကိုယ်ဉာဏ်အားဖြင့် အနှောင်အဖွဲ့အားလုံးတို့မှ လွတ်မြောက်နိုင်စွမ်းရှိရကား ဗုဒ္ဓမြတ်စွာသည် ပုဂ္ဂိုလ်တိုင်းအား မိမိ၏ တိုးတက်ရေးနှင့် လွတ်မြောက်ရေးကို မိမိကိုယ်တိုင် ကြိုးပမ်းယူရန် အားပေးလှုံ့ဆော်သွန်သင် ဆုံးမပေးတော်မူခဲ့ပေသည်။ "သင်တို့ကိုယ်တိုင် အားထုတ်ကြရကုန်မည်။ ဘုရားရှင် (တထာဂတ) [၃] တို့သည် လမ်းကိုသာ ညွှန်ပြကြကုန်၏။" [၄] ဟု ဗုဒ္ဓရှင်တော်မြတ်က မြွက်ကြားတော်မူ၏။ ဗုဒ္ဓမြတ်ဘုရားအား ကယ်တင်ရှင်ဟု ခေါ်တွင်ရမည်ဆိုပါလျှင် လွတ်မြောက်ရေးစခန်းဖြစ်သော နိဗ္ဗာန်သို့သွားရာ ခရီးလမ်းကြောင်းကို ရှာဖွေတွေ့သူနှင့် လမ်းညွှန်ပြသူ အဖြစ်ဖြင့်သာ ခေါ်ဆိုကြရမည် ဖြစ်ပေသည်။ နိဗ္ဗာန်သို့ဆိုက်ရောက်ရန်မှာမူ ဤခရီးလမ်းကြောင်းအတိုင်း ကျွန်ုပ်တို့ကိုယ်တိုင် လျှောက်သွားကြရပေမည်။

ဤကဲ့သို့ တစ်ဦးတစ်ယောက်စီကိုယ်တိုင် တာဝန်ခံယူခြင်းဟူသော ကျင့်စဉ်မူအရ ဗုဒ္ဓက တပည့်ရဟန်းတို့အား လွတ်လွတ်လပ်လပ်နေထိုင်ခွင့်ကို ပေးတော်မူခြင်း ဖြစ်လေသည်။ မဟာပရိနိဗ္ဗာနသုတ်တော်တွင် မြတ်စွာဘုရားက သံဃာ [၅] အား ချုပ်ချယ်ထားရန် စိတ်မကူးခဲ့ကြောင်း၊ သံဃာကလည်း ဘုရားအပေါ်တွင် မှီခိုမနေစေလိုကြောင်းတို့ကို ဟောကြားတော် မူခဲ့လေသည်။

---

၁။ ဓမ္မပဒ၊ ၁၂-၄၊ ဒု ၉၄-၃၇၉။

၂။ ဒီဃနိကာယ် ၂ (ကိုလံဘို၊၁၉၂၉) စာမျက်နှာ ၆၂၊ မဟာပရိနိဗ္ဗာနသုတ်။

၃။ တထာဂတ = အမှန်သို့ရောက်ရှိသူ၊ အမှန်တရားကိုရှာဖွေတွေ့ရှိသူ၊ ဗုဒ္ဓကိုယ်တော်မြတ်သည် မိမိကိုယ်တော်တိုင် သို့မဟုတ် ဗုဒ္ဓဘုရားအများနှင့်ပတ်သက်က ဤအခေါ်အဝေါ်ကို အသုံးပြုသည်။

၄။ ဓမ္မပဒ၊ ၂၀-၄။

၅။ သံဃ=လူအပေါင်း၊ ပရိသတ်အပေါင်း။ သို့ရာတွင် ဗုဒ္ဓဘာသာတွင် သံဃ သည် ရဟန်းအပေါင်း သို့မဟုတ် ရဟန်းအဖွဲ့အစည်းဟု ညွှန်ပြပေသည်။ ဗုဒ္ဓ၊ ဓမ္မ(တရား)၊ သံဃ(သံဃာတော်အဖွဲ့အစည်း) တို့ကို ကိုးကွယ်ဆည်းကပ်ရာသုံးပါး သို့မဟုတ် ရတနာသုံးပါး (တြိရတန) ဟုခေါ်တွင်သည်။

ဗုဒ္ဓ၏တရားတော်တွင် ထိန်ချန်ဖုံးအုပ်ထားသည့် အချက်ဟူ၍မရှိ။ အာစရိယမုဋ္ဌိခေါ် ဆရာ့လက်ဆုပ်လက်ကိုင်ဖြစ်၍ တပည့်တို့အား မသင်ကြား မပြသဘဲ ကွယ်ဝှက်ထားသည်ဟူ၍မရှိ။ တစ်နည်းဆိုသော် ဆရာစားချန်ထားသော အကြောင်းများမရှိဟု ဗုဒ္ဓက မြွက်ဆိုခဲ့လေသည်။ [၁]

ဗုဒ္ဓကခွင့်ပြုတော်မူသော လွတ်လပ်စွာတွေးခေါ်မှုကို အခြားဘာသာရေးရာသမိုင်းများတွင် ကြားမျှပင်မကြားရဘူးချေ။ ဤလွတ်လပ်မှုမှာ အရေးတကြီးလိုအပ်လှပေသည်။ အကြောင်းမူ ဗုဒ္ဓ၏အဆိုအရ လူ၏လွတ်မြောက်ရေးသည် သစ္စာတရားကို ကိုယ်တိုင် ရှာဖွေရယူနိုင်ခြင်းအပေါ်တွင်သာ တည်ရှိသည်။ မည်သည့်နတ်ဘုရား တန်ခိုးရှင်တို့ကမှ သူတို့၏ သြဇာခံ၍ ကောင်းမွန်စွာကျင့်ကြံသည့်အတွက် ဆုလာဘ်အဖြစ်ဖြင့် ချီးမြှင့်နိုင်သော အရာ မဟုတ်ပေ။

အခါတစ်ပါး၌ ဗုဒ္ဓသည် ကောသလပြည် ကေသပုတ္တမြို့ငယ် တစ်ခုသို့ ရောက်ရှိလာခဲ့သည်။ ဤမြို့နေလူအပေါင်းကို ကာလာမ အမျိုးအနွယ်များဟု ခေါ်တွင်ကြလေသည်။ ၎င်းတို့မြို့သို့ ဗုဒ္ဓရောက်ရှိလာကြောင်း ကြားသောအခါ ကာလာမအမျိုးသားတို့သည် ဗုဒ္ဓထံသို့ ဆည်းကပ်၍ ဤသို့ လျှောက်ထားကြကုန်၏။

"အရှင်ဘုရား၊ ကေသပုတ္တသို့ ရသေ့ပုဏ္ဏားအချို့တို့ ရောက်ရှိလာကြပါသည်။ သူတို့သည် သူတို့၏အယူဝါဒများကိုသာ ရှင်းလင်းပြကြ၍ ထင်ရှားစေကုန်ကြပါသည်။ သူတစ်ပါး၏အယူဝါဒများကို မထီလေးစား ပြုကြပါသည်။ ရှုတ်ချကြပါသည်။ ပစ်ပယ်ကြပါသည်။ ထို့နောက်အခြားက ရသေ့ပုဏ္ဏားတို့ ရောက်လာကြပြန်ပါသည်။ သူတို့ကလည်း သူတို့၏ အယူဝါဒများကိုသာ ရှင်းလင်းပြကြ၍ ထင်ရှားစေကုန်ကြပါသည်။ အခြားသူများ၏ အယူဝါဒများကို မထီလေးစားပြုကြပါသည်။ ရှုတ်ချကြပါသည်။ ပစ်ပယ်ကြပါသည်။ ဘုရားတပည့်တော်တို့မှာ ကြည်ညိုလေးမြတ်ဖွယ်သော ဤရသေ့ပုဏ္ဏားများတွင် မည်သူက အမှန်စကားပြော၍ မည်သူက မမှန်တရား ဟောသွားကြသည်ကို မဝေခွဲနိုင်အောင် အစဉ်စိတ်ရှုပ်ပွေကာ သံသယဖြင့် တွေဝေလျှက် ရှိကြရပါသည် ဘုရား "

ထိုအခါ ဗုဒ္ဓရှင်တော်ဘုရားက ဘာသာရေးဆိုင်ရာ သမိုင်းတစ်လျှောက်တွင် ထူးထူးခြားခြား ပြိုင်ဘက်ကင်းသည့် ဤသြဝါဒစကားကို မြွက်ကြားတော် မူလိုက်ပေသည်။

"ဟုတ်ပေသည် ကာလာမအမျိုးသားတို့၊ ယုံမှားဖွယ်ရာကိစ္စတွင် သံသယဖြစ်ပေါ်လာသောကြောင့် သင်တို့သည် ယုံမှားသံသယ ရှိသင့်ကြပေသည်။ စိတ်ရှုပ်ပွေခြင်း ဖြစ်သင့်ကြပေသည်။ ယခု ရှုကြပေလော့ ကာလာမအမျိုးသားတို့ –

သတင်းစကားကို ကြားရုံမျှဖြင့် နားမယောင်နှင့်။ အစဉ်အလာဖြစ်ပေသည် ဟူ၍လည်း လက်မခံနှင့်။ လူပြောသူပြော တစ်ဆင့်စကားကိုလည်း မယုံလေနှင့်။ ဘာသာရေးကျမ်းကြီးများကို ကိုးကားပြော၍လည်း မှန်လှပြီ မထင်လေနှင့်။ တက္ကနည်းနှင့် ဆင်ခြင်ကြံဆ ယူရုံမျှကိုလည်း နားမယောင်လေနှင့်။ ပုံပန်းအမြင် သဏ္ဌာန်ကြည့်၍လည်း မဆုံးဖြတ်နှင့်။ ရော်ရမ်းမှန်းဆယူရသောသဘော ထင်မြင်ချက်ကိုလည်း အမှန်ဟု မမှတ်ယူနှင့်။ ဖြစ်နိုင်ကောင်း၏ဟု ထင်မြင်ရရုံဖြင့်လည်း မယုံကြည်ပါလေနှင့်။ အသင်တို့ ကိုးကွယ်ဆည်းကပ်ရာ ဆရာသမားဖြစ်ပေသည်ဟူသောသဘောကြောင့်လည်း မှန်လှပြီဟု တထစ်ချ မမှတ်ကြကုန်ရာ။

အို–ကာလာမနွယ်ဖွား အမျိုးသားတို့၊ အချို့သောအကြောင်းတရားသည် အကုသိုလ်ဖြစ်သည်၊ မမှန်ကန်၊ မကောင်းကျိုးကိုဖြစ်စေသည်ဟု သင်တို့ကိုယ်တိုင်ကိုယ်ကျ သိရှိ၏။ ထိုအကြောင်းတရားများကို စွန့်ပယ်ကြကုန်လော့။ အချို့အကြောင်းတရားများမှာမူ ကုသိုလ်ဖြစ်သည်၊ ကောင်းကျိုးကိုဖြစ်စေသည်ဟု အသင်တို့ ကိုယ်တိုင်ကိုယ်ကျသိ၏။ ထိုအကြောင်းတရားများကို နှစ်သက်စွာလက်ခံ၍ လိုက်နာ ကျင့်ကြံကြပေတော့။ " [၂]

ဗုဒ္ဓက ဤထက်ပင်လွန်ကဲ၍ ဆိုပေသေးသည်–

တစ်စုံတစ်ယောက်အား မိမိဆရာအဖြစ် လက်ခံလိုက်နာမည်ဆိုလျှင် တထာဂတကိုပင်သော်လည်း အမျိုးစစ်

အဖိုးတန် မှန်မမှန် ထင်ရှားသိမြင်နိုင်ရန် သေချာစွာ စစ်ဆေးစမ်းသပ် လေ့လာသင့်သည်။ ––

ဟု ၎င်း၏ ရဟန်းတို့အား မိန့်မြွက်ခဲ့လေသည်။ [၃]

ဗုဒ္ဓ၏ ဟောပြောချက်အရ ယုံမှားသံသယရှိခြင်း (ဝိစိကိစ္ဆာ) သည် အမှန်တရားကို မျက်ဝါးထင်ထင် သိရှိနားလည်ရန်လည်းကောင်း၊ ဘာသာရေးလုပ်ငန်း တိုးတက်မှုရရန် (သို့မဟုတ် မည်သည့် တိုးတက်မှုအတွက်) သော်

---

၁။ ဒီဃနိကာယ် ၂၊ (ကိုလံဘို၊ ၁၉၂၉) စာမျက်နှာ ၆၂။

၂။ အင်္ဂုတ္တရနိကာယ–ပ၊(ကိုလံဘို၊၁၉၂၉) စာမျက်နှာ ၁၁၅။

၃။ ဝီမံသကသုတ္တ၊ အမှတ် ၄၇။ မဇ္ဈိမနိကာယ။

လည်းကောင်း၊ ပိတ်ပင်တားဆီးစေသည့် (နီဝရဏတရား)[၁] ငါးပါးအနက် တစ်ပါးဖြစ်လေသည်။ သို့ရာတွင် ဗုဒ္ဓဝါဒ၌ 'ယုံကြည်လက်ခံရမည့် ပညတ်ချက်များ' ဟူ၍ မရှိရကား ယုံမှားသံသယရှိခြင်း ဝိစိကိစ္ဆာ သည် ဒုစရိုက် အပြစ်တစ်ခု မဟုတ်ချေ။ အမှန်မှာ ဗုဒ္ဓဝါဒတွင် အခြားဘာသာဝါဒများက နားလည်ယူဆသော sin ဆင်း ခေါ် ဒုစရိုက်အပြစ် ဟူ၍ မရှိပေ။ မကောင်းမှုအားလုံးတို့၏ အခြေအမြစ်သည် အသိဉာဏ်ကင်းမဲ့ခြင်း (အဝိဇ္ဇာ) နှင့် ဖောက်ပြန်သောအမြင်ကြောင့် မှားသောအယူကိုရှိခြင်း (မိစ္ဆာဒိဋ္ဌိ) သာလျှင်ဖြစ်ပေသည်။ ယုံမှားသံသယ ရှိခြင်း၊ တွေဝေရှုတ်ထွေးခြင်း၊ စိတ်မတည်မကျ လွင့်ပါးခြင်းတို့ ရှိနေသမျှ မည်သည့်တိုးတက်မှုကိုမျှ ရရှိနိုင်မည်မဟုတ်သည်မှာ ငြင်းဆိုနိုင်သော အချက်မဟုတ်ပေ။ ထို့အတူ အကြောင်းတရားတစ်ရပ်ကို ကောင်းစွာနားမလည်သမျှ၊ ထင်လင်းစွာ သိမြင်မှု မရှိသမျှ ယုံမှားသံသယ ဝင်နေမည်ကိုလည်း ငြင်းဆိုနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် ရှေ့သို့ဆက်လက်တိုးတက်နိုင်စေခြင်းငှာ ယုံမှားတွေးတောမှုကို သုတ်သင်ပယ်ဖျောက်ရန် လုံးဝလိုအပ်ပေသည်။ တဖန် ယုံမှားတွေးတောမှုကို သုတ်သင်ပယ်ဖျောက်ပစ်ရန် ရှင်းလင်းစွာ သိမြင်ရပေလိမ့်မည်။

ယုံမှားတွေးတောမှု မရှိသင့်ဘူး၊ ယုံကြည်မှု ထားရမည်ဟု တိုက်တွန်းခြင်းမှာ လိုရင်းသို့ မရောက်နိုင်ပေ။ "ကျွန်ုပ်ယုံကြည်ပါသည်" ဟု ပြောကာမျှဖြင့် တကယ်နားလည်၍ တကယ်သိမြင်မှုရှိသည်ဟု မယူဆနိုင်ပေ။ စာသင်သားတစ်ဦးသည် သင်္ချာတစ်ပုဒ်ကို တွက်ချက်ရာတွင် ရှေ့သို့ဆက်လက်၍ မတွက်နိုင်သောအဆင့်သို့ ရောက်လာသောအခါ စိတ်ရှုပ်ထွေးခြင်း၊ သို့လောသို့လောတွေးတောခြင်း စသည်တို့ဝင်ရောက်လာလေသည်။ ဤကဲ့သို့တွေးတောမှု ရှိနေသမျှ ၎င်းသည် ရှေ့သို့တိုးတက်နိုင်မည် မဟုတ်ပေ။ ဤယုံမှားတွေးတောမှုကို ပယ်ဖျောက်ရန် နည်းလမ်းများရှိပေသည်။ "ကျွန်ုပ်ယုံကြည်ပါသည်၊ ကျွန်ုပ်၌ ယုံမှားသံသယများမရှိပါ" ဟုဆိုကာမျှဖြင့်မူ ပြဿနာကို ဖြေရှင်းနိုင်မည် မဟုတ်ချေ။ မိမိကိုယ်မိမိ ဇွတ်အတင်း ယုံကြည်မှုရှိစေ၍ မသိနားမလည်ဘဲနှင့် လက်ခံခြင်းသည် နိုင်ငံရေးဆန်ဆန် ဆောင်ရွက်ခြင်းသာဖြစ်၍ ဘာသာရေးရာဆောင်ရွက်ခြင်း၊ အသိဉာဏ်ဖြင့် ဆောင်ရွက်ခြင်းဟု မဆိုနိုင်ပေ။

ဗုဒ္ဓသည် ယုံမှားသံသယရှိမှုကို ပယ်ဖျောက်ပေးရန် အစဉ် အာသီသထားတော်မူပေသည်။ ပရိနိဗ္ဗာန်ပြုတော်မမူခင် မိနစ်ပိုင်းကလေးအလိုမှာပင် တပည့်ရဟန်းများအား ၎င်း၏ ဟောပြောချက်များတွင် ယုံမှားသံသယရှိပါက မေးမြန်းကြ၊ နောင်တွင် ဤသံသယကိစ္စများကို မရှင်းလင်းလိုက်ရဘိဟု နောင်တရကာ ဝမ်းနည်းပူပန်ဆင်းရဲမဖြစ်ကြစေလင့်ဟု ဗုဒ္ဓက အကြိမ်ကြိမ်တိုက်တွန်း ပြောကြားခဲ့ပေသည်။

သို့ရာတွင် မထေရ်များသည် ဆိတ်ဆိတ်နေခဲ့ကြပေ၏။ ထိုအခါ ဗုဒ္ဓက "ဟောကြားလိုက်သော စကားလုံးများသည် နှစ်လိုကြည်ညိုဘွယ်ရာ ဖြစ်ပါဘိ၏။ ဆရာသမားဖြစ်လို့ ရှိသေသမှုကြောင့် (အားနာမှုဖက်၍ မေးလိုလျှက်နှင့်) မမေးဘဲတော့ မနေနှင့်၊ ရဟန်းဖော်တစ်ဦးအား အကြောင်းကြားပါလေ (ရဟန်းတစ်ဦးအား သူ့ကိုယ်စား တစ်ဆင့်မေးပေးနိုင်ရန် ပြောပါ။)"[၂]

လွတ်လပ်စွာတွေးခေါ် ကြံဆမှုအရာတွင်သာမဟုတ်သေး။ လွတ်လပ်စွာ ကိုးကွယ်ဆည်းကပ်မှုတွင်လည်း ဗုဒ္ဓက သည်းခံခွင့်ပြုတော်မူခြင်းမှာ ဘာသာရေးရာသမိုင်းစဉ်ကို လေ့လာသော ပညာရှင်များအား အံ့သြစေသော အကြောင်းတစ်ရပ် ဖြစ်စေသည်။

တစ်ရံရောအခါ မြတ်စွာဘုရားသည် နာလန္ဒ၌ သီတင်းသုံးနေတော်မူစဉ် ဥပါလိ အမည်ရှိသော ထင်ပေါ်ကျော်ကြားသော သူဌေးကြီးတစ်ဦးသည် မြတ်စွာဘုရားထံတော်မှောက်သို့ ရောက်ရှိလာလေသည်။ ဥပါလိသည် နိဂဏ္ဍနာဋပုတ္တ (ဂျိန်းမဟာဝီရ) ၏ ကျော်ကြားထင်ရှားသော တပည့်ကြီးဖြစ်၍ မဟာဝီရကိုယ်တိုင်က ဗုဒ္ဓနှင့်တွေ့ဆုံရန် ဥပါလိအား စေလွှတ်လိုက်ခြင်းဖြစ်ပေသည်။ ကံ ကံ၏ အကြောင်းအကျိုးတရားနှင့် ပတ်သက်၍ ဗုဒ္ဓ၏ အယူအဆနှင့် မဟာဝီရ၏ ထင်မြင်ချက်တို့မှာ မတိုက်ဆိုင်၊ ကွဲပြားခြားနားလျှက် ရှိရကား ဗုဒ္ဓကို ဤကိစ္စတွင် စကားစစ်ထိုးအနိုင်ယူရန် ဥပါလိအား စေလွှတ်လိုက်ခြင်း ဖြစ်ပေသည်။[၃]

သို့ရာတွင် ထင်မြင် မျှော်လင့်သည့်အတိုင်းဖြစ်မလာချေ။ တရားဆွေးနွေးပွဲ အပြီးတွင် ဗုဒ္ဓ၏ အယူအဆများသည်မှန်ကန်၍ ၎င်း၏ဆရာ နိဂဏ္ဍ၏ ယူဆချက်တို့မှာ လွဲမှားနေကြောင်း ဥပါလိသည် ကောင်းစွာ သဘောသက်ဝင်

---

၁။ နီဝရဏတရားငါးပါးမှာ – (က) ကာမစ္ဆန္ဒနီဝရဏ = ကာမဂုဏ်၌အလိုရှိခြင်း။ (ခ) ဗျာပါဒနီဝရဏ = မကောင်းကြံခြင်း။ (ဂ) ထိနမိဒ္ဓ နီဝရဏ = စိတ်ရောကိုယ်ပါ ထိုင်းမှိုင်းခြင်း၊ထုံခြင်း၊ညှိုးနွမ်းခြင်း။ (ဃ) ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ = စိတ်မငြိမ်သက် ပျံ့လွင့်ခြင်း၊ စိုးရိမ်ပူပန်ခြင်း။ (င) ဝိစိကိစ္ဆာ နီဝရဏ = ယုံမှားတွေးတောခြင်း

၂။ ဒီဃနိကာယ် ၂၊ (ကိုလံဘို ၁၉၂၉) စာမျက်နှာ ၉၅။ အင်္ဂုတ္တိုလ် (ကိုလံဘို ၁၉၂၉) စာမျက်နှာ ၂၃၉။

၃။ မဟာဝီရသည် ဂျိန်းဘာသာကို တီထွင်သူဖြစ်၍ ဗုဒ္ဓနှင့်ခေတ်ပြိုင်ဖြစ်သည်။ ဗုဒ္ဓထက် အသက်အနည်းငယ် ကြီးဟန်ရှိသည်။

ယုံကြည်သွားလေတော့သည်။ သို့ယုံကြည်သည့်အတိုင်း ၎င်းကို တပည့်ဥပသကာတစ်ဦးအဖြစ်ဖြင့် သွတ်သွင်းချီးမြှင့်ရန် ဗုဒ္ဓအား ဥပါလိက ပန်ကြားလေတော့သည်။ သို့ရာတွင် ဗုဒ္ဓက ဥပါလိအား ပြန်လည်စဉ်းစားရန်နှင့် "အသင်ကဲ့သို့ ထင်ရှား၍ လူသိများသော ပုဂ္ဂိုလ်အတွက် သေချာစွာ စဉ်းစားရန်ကောင်းကြောင်း၊ အလျင်စလို မပြုလုပ်သင့်ကြောင်း" တို့ကို ပြောကြားလေသည်။ ဥပါလိက ဗုဒ္ဓအားထပ်မံ၍ ပန်ကြားပြန်သောအခါ ၎င်း၏ ဘာသာရေး ဆရာဟောင်းများအား ရှေးယခင်ကကဲ့သို့ပင် ရှိသေသမှု ဝတ်ကြီးဝတ်ငယ် ဆက်လက်ပြုစုမြဲ ပြုစုရန် ဗုဒ္ဓက မေတ္တာရပ်ခံပေသည်။ [၁]

ဗုဒ္ဓ၏ ဤမှန်မြတ်လှသော စိတ်ထားကြီးမှု၊ စာနာမှုများကို စံနမူနာပြု၍ ဘီစီ ၃ ရာစုနှစ်အတွင်းတွင် ဗုဒ္ဓဘာသာဝင်ဖြစ်သော အသောက ဧကရာဇ်မင်းမြတ်ကြီးသည် ၎င်း၏ ကျယ်ပြန့်သော အင်ပိုင်ယာနိုင်ငံတော်ကြီး အတွင်းရှိ အခြားသော ဘာသာဝင်အားလုံးတို့အား လေးစားချီးမြှင့် ထောက်ပံ့ခြင်း ပြုခဲ့ပေသည်။ ယနေ့တိုင် ဖတ်ရှုနိုင်သော ကျောက်စာအဖြစ် ထုထွင်းထားခဲ့သည့် ၎င်း၏အမိန့်တော် ရာဇသံတစ်ခုတွင် ဧကရာဇ်ဘုရင်ကြီးက ကြေညာခဲ့သည်မှာ–

> မိမိကိုးကွယ်သည့် ဘာသာကိုသာ ချီးမြှင့်မြှောက်စား၍ အခြားဘာသာများကို ဖိနှိပ်ရှုတ်ချခြင်းကို မပြုလုပ်ရုံ သာမဟုတ်သေး။ ဤအကြောင်း ထိုအကြောင်းများကြောင့် အခြားဘာသာ ဝါဒများကို လေးစားချီးမြှင့်ကြရပေမည်။ ဤကဲ့သို့ပြုလုပ်ခြင်းဖြင့် မိမိ၏ဘာသာကို ကြီးပွားတိုးတက်စေပြီးလျှင် အခြားဘာသာတို့အားလည်း ကူညီထောက်ပံ့ လေသည်။ ဤကဲ့သို့မလုပ်မူ မိမိဘာသာ၏ သင်္ချိုင်းကို မိမိတူးရာရောက်၍ အခြားဘာသာများကိုလည်း အန္တရာယ် ပြုရာရောက်ပေသည်။ မိမိကိုးကွယ်သည့်ဘာသာကိုသာ ချီးမြှင့်မြှောက်စား၍ အခြားဘာသာများကို ဖိနှိပ်ရှုတ်ချသူများသည် မိမိဘာသာကို ကြည်ညိုစိတ်ဖြင့် "ငါ့ဘာသာ ဂုဏ်သိန် ထွန်းတောက်စေမည်" ဟု တွေးတောယူဆပြီး ပြုလုပ်ကြခြင်း အမှန်ဖြစ်ပေသည်။ သို့ရာတွင် ဤကဲ့သို့ ပြုမူဆောင်ရွက်ခြင်းကြောင့် ၎င်း၏ ဘာသာကို ပိုမိုလေးနက်စွာ အကျိုးယုတ်ပျက်ပြားစေပါသည်။
>
> ထို့ကြောင့် သာယာညီညွတ်ခြင်းသည် မှန်မြတ်ပေသည်။ လူအပေါင်းတို့ မှတ်သားလိုက်နာကြလော့။ အခြားသူများ၏ ဘာသာဝါဒများကို လေးစားကြားနာကြကုန်လော့။ [၂]

ဤကဲ့သို့ ကြင်နာငဲ့ညှာ ကိုယ်ချင်းစာသော သဘောတရားများကို ဘာသာဝါဒရေးရာများတွင်သာ မဟုတ်၊ အခြားအကြောင်း ကိစ္စများတွင်လည်း အသုံးပြုကျင့်ဆောင်သင့်ကြောင်း ကျွန်ုပ်တို့က ထပ်လောင်း၍ ဖော်ပြရပေမည်။ ဤကဲ့သို့ ကြင်နာငဲ့ညှာ ကိုယ်ချင်းတရားသည် အစကနဦးကပင် ဗုဒ္ဓဝါဒဆိုင်ရာ ယဉ်ကျေးမှုကိစ္စများတွင် အထွတ်အမြတ်ထားခြင်း ခံရသည့် တရားမွတ်တစ်ပါးဖြစ်ခဲ့ပေသည်။ ထို့ကြောင့်ပင် လူအပေါင်းတို့အား ဗုဒ္ဓဝါဒသို့ သက်ဝင်ကူးပြောင်းစေရာတွင်လည်းကောင်း၊ နှစ်ပေါင်း (၂၅၀၀) အတွင်း ဗုဒ္ဓသာသနာပြုလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြရာတွင်လည်းကောင်း တစ်စုံတစ်ယောက်ကိုမျှ ညှဉ်းပန်းနှိပ်စက်ခဲ့ခြင်း၊ သွေးတစ်ပေါက် ကျဆုံးစေခဲ့ရခြင်း လုံးဝမရှိခဲ့ပေ။

ဗုဒ္ဓဝါဒသည် အာရှတိုက်တစ်ခုလုံးတွင် ငြိမ်းချမ်းသာယာစွာ ပျံ့နှံ့ခဲ့ရာ ယခုအခါ ဗုဒ္ဓဘာသာဝင်ပေါင်း သန်းပေါင်း (၅၀၀) ကျော် ရှိပေပြီ။ မည်သည့်အကြောင်း ပရိယာယ်နှင့်မျှ မည်သည့်အကြမ်းဖက်မှုမျိုးကိုမျှ မပြုလုပ်ရန် ဗုဒ္ဓက လုံးဝတားမြစ်တော်မူသည်။

ဗုဒ္ဓဝါဒသည် ကိုးကွယ်သည့် ဘာသာတရားလော၊ ဖီလော်ဆော်ဖီခေါ် ဒဿနိကဗေဒ၊ နာနာနယကျိုးကြောင်းပြ ပညာရပ်တစ်ခုပေလောဟု မကြာခဏ စစ်ကြောမေးမြန်းကြပေသည်။ မည်သို့ပင်ခေါ်ခေါ် အရေးမကြီးလှပါ။ မည်သည့်အမည်နာမပေးပေး၊ ဗုဒ္ဓဝါဒသည် ဗုဒ္ဓဝါဒပင် ဖြစ်နေပေမည်။ အမှတ်တံဆိပ်သည် အရာဝင်သော အကြောင်းမဟုတ်။ အရေးမကြီးပါ။ ဗုဒ္ဓဟောကြားတော်မူခဲ့သော တရားဒေသနာများကို 'ဗုဒ္ဓဝါဒ' ဟု ပေးအပ်ထားသည့် အမှတ်တံဆိပ်သည်ပင် ရေးကြီးခွင်ကျယ် မဟုတ်လှပါ။ ခေါ်ဝေါ်သည့် အမည်နာမသည် မရှိမဖြစ်သည့် အကြောင်းတစ်ရပ် မဟုတ်ပါချေ။

ရွှေနှင်းဆီ ဘယ်မည်ပေး၊ မွှေးမပျက် ရှိမည်သာ။
မည်နာမ လိုရာရွေး၊ ရေး မကြီးပါ။

---

၁။ ဥပါလိသုတ္တ၊ အမှတ် ၅၆၊ မဇ္ဈိမနိကာယ်။
၂။ အသောက ကျောက်စာ ၁၂။

ထို့အတူ သစ္စာတရားသည် အမည်တံဆိပ်မလိုပါ။ သစ္စာသည် ဗုဒ္ဓဘာသာပိုင်လည်း မဟုတ်၊ ခရစ်ယန်၊ ဟိန္ဒူ၊ မွတ်ဆလင် ပိုင်လည်းမဟုတ်၊ မည်သူ တစ်ဦးတစ်ယောက်ပိုင်မျှ မဟုတ်ပေ။ ဂိုဏ်းအမည် တံဆိပ်များသည် သစ္စာတရားကို လွတ်လပ်စွာ နားလည်သဘောပေါက်ရန် ဟန့်တားပိတ်ပင်စေသည်။ ထို့ပြင် လူများ၏စိတ်တွင် အကျိုးယုတ်စေသည့် အထင်အမြင်လွဲမှု များကိုလည်း ဖြစ်ပေါ်စေတတ်ပေသည်။ ဗဟုသုတ အသိပညာနှင့် ဘာသာရေးရာ ကိစ္စများသာမဟုတ်သေး။ လူမှုရေးရာ ကိစ္စများတွင်လည်း ဤကဲ့သို့ပင်ဖြစ်တတ်ပေသည်။ ဥပမာ–ကျွန်ုပ်တို့သည် လူတစ်ယောက်ကို ဆုံစည်းမိရာတွင် ၎င်းအား လူးသားတစ်ဦးဟု မမှတ်ယူဘဲ အင်္ဂလိပ်ပဲ၊ ပြင်သစ်ပဲ၊ ဂျာမန်၊ အမေရိကန်၊ ရေဝတီပဲ စသော အမည်တံဆိပ်ကို ခတ်နှိပ်လိုက်ကြပေသည်။ ထို့နောက် ကျွန်ုပ်တို့စိတ်၌ ၎င်းအမည်တံဆိပ်နှင့်ပူးတွဲ စွဲကပ်လျက်ရှိသော လွဲမှားသည့် ယူဆချက်များဖြင့် ထိုလူအား ကြည့်ရှုပေတော့သည်။ တစ်ဖက်သား သူ့ခမျာမှာမူ ကျွန်ုပ်တို့စွဲလမ်းထင်မှားနေသော အကြောင်းခြင်းရာများ လုံးဝကင်းရှင်းကောင်း ကင်းရှင်းနေပေလိမ့်မည်။

လူအပေါင်းတို့သည် ခွဲခြားခွဲခြားဖြစ်စေသည့် အမှတ်တံဆိပ်များကို ခုံမင်လှကြရကား လူအားလုံးတို့တွင် တွေ့ရှိနိုင်သည့် ဂုဏ်အရည်အချင်းနှင့် စိတ်လှုပ်ရှားမှုအရာများကိုပင် လိုက်လံအမှတ်တံဆိပ်များ ဆွဲကပ်လိုက်ကြပေသည်။ အလှူဒါနပြုခြင်းကို ဗုဒ္ဓဘာသာအလှူ၊ ခရစ်ယန်အလှူဟု တံဆိပ်ခွဲခြားတပ်ဆင်လျက် တံဆိပ်မတူသော အလှူကို အထင်အမြင် သေးလေ့ရှိကြပေသည်။ သို့ရာတွင် ဒါနမှုကို ဂိုဏ်း၊ ဘာသာခွဲ၍ မရစကောင်းပေ။ ဒါနမှုသည် ခရစ်ယန်လည်းမဟုတ်၊ ဗုဒ္ဓဘာသာ၊ ဟိန္ဒူ၊ မွတ်ဆလင်လည်း မဟုတ်ပေ။

မိမိရင်သွေးအား ချစ်မြတ်နိုးသော မိခင်၏ ချစ်စိတ်သည် ဗုဒ္ဓဘာသာလည်းမဟုတ်၊ ခရစ်ယန်လည်းမဟုတ်၊ မိခင်မေတ္တာသာလျှင် ဖြစ်ပေသည်။ လူသားတို့လက္ခဏာအရည်အချင်းနှင့် စိတ်လှုပ်ရှားမှုများဆိုင်ရာ ချစ်မေတ္တာ၊ အလှူဒါန၊ သနားခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ မိတ်ကျွမ်းဝင်ခြင်း၊ အလိုဆန္ဒဖြစ်ခြင်း၊ မုန်းတီးခြင်း၊ ရန်ငြိုးထားခြင်း၊ မိုက်မဲခြင်း(ပညာကင်းမဲ့ခြင်း) နှင့် မာနထောင်လွှားခြင်း စသည်တို့သည် ဂိုဏ်းခြားသော အမှတ်တံဆိပ်များ မလိုပေ။ ၎င်းတို့ကို မည်သည့်ဘာသာနှင့်သာ သက်ဆိုင်သည်ဟု မယူဆနိုင်ပေ။

အမှန်တရားကို ရှာဖွေနေသူအား သဘောတရားတစ်ခုကို မည်သည့်နေရာမှပင်ရသည်ဖြစ်စေ၊ နေရာသည် အရေးမကြီးပါ။ ၎င်းသဘောတရားသည် မည်သည့်အခြေမှ ဖြစ်ပေါ်ခဲ့သည်။ မည်ကဲ့သို့ တိုးတက်ပြန့်ပွားလာခဲ့ပေသည် စသည်တို့မှာ ပညာရှင်တို့ ဆွေးနွေးရန်သာ ဖြစ်လေသည်။ အမှန်စင်စစ် သစ္စာတရားကို နားလည်ဘို့ရန်အတွက် ဗုဒ္ဓကိုယ်တော် ဟောကြားသောတရားလေလော၊ အခြားတစ်စုံတစ်ယောက်က ဟောကြားထားလေသလောဟု သိရှိနေရန်ပင် မလိုပေ။ သစ္စာတရားကို တကယ်သိမြင်၍ သဘောပေါက်နားလည်ရန်သာ အဓိက ဖြစ်ပေသည်။ မဇ္ဈိမနိကာယ်၊ သုတ္တံအမှတ် ၁၄၀ တွင် ဤအချက်ကို ထင်ရှားစေသော အရေးကြီးသည့် ပုံဝတ္ထုတစ်ပုဒ်ပါရှိလေသည်။

အခါတစ်ပါးတွင် ဗုဒ္ဓသည် အိုးထိန်းသည်တစ်ဦး၏ တင်းကုပ်၌[၁] တစ်ညဥ့်အိပ်နားနေ၏။ ထိုတင်းကုပ်မှာပင် အလျင်ရောက်ရှိနှင့်နေသော တောပျော် (တောထွက်) ရသေ့တစ်ဦး ရှိနေပေသည်။ တစ်ဦးနှင့်တစ်ဦး သိကျွမ်းကြသည် မဟုတ်ချေ။ ဗုဒ္ဓသည် ထိုရသေ့ကိုမြင်၍ "ဤရသေ့ငယ်၏ အမူအရာများသည် နှစ်လိုဖွယ် ရှိလှ၏။ သူ့အကြောင်းကို စုံစမ်းရပါမူ ကောင်းလေစွ" ဟု အောက်မေ့ပြီးလျှင် ......

"အို ဘိက္ခု[၂] ––သင်မည်သူ့ကိုရည်မှန်း၍ တောထွက်ခဲ့ပေသနည်း၊ သင့်ဆရာကား မည်သူပေနည်း၊ မည်သူ့အယူဝါဒကို သင်နှစ်ခြိုက်ပေသနည်း" ဟု မေးမြန်းလေသည်။

"အို ငါ့ရှင်၊သကျမင်းမျိုးတို့ကိုစွန့်လွှတ်၍ တောထွက်သွားခဲ့သော သကျသာကီဝင် ဂေါတမဆိုသူ တောထွက်

---

၁။ အိန္ဒိယပြည်တွင် အိုးထိန်းသည်တင်းကုပ်တို့သည် ကျယ်ကျယ်ဝန်းဝန်းနှင့် တိတ်တိတ်ဆိတ်ဆိတ်ရှိကြသည်။ ပါဠိတော်များ၌ ဗုဒ္ဓကိုယ်တော်တိုင်နှင့် ရသေ့တပသီ ယောဂီပုဂ္ဂိုလ်တို့ ဒေသစာရီလှည့်လည် သွားလာကြရာတွင် အိုးထိန်းသည် တင်းကုပ်များတွင် ညဥ့်အိပ်ညဥ့်နေ တည်းခိုကြကြောင်း ဖော်ပြကြသည်။

၂။ ဗုဒ္ဓဘာသာရဟန်းတော်များကိုသာ ခေါ်ဆိုသည့် ဘိက္ခုဟူသောအာလုပ်ဖြင့် ဤရသေ့အား ဗုဒ္ဓက ခေါ်ဆိုသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်ပေသည်။ နောက်ပိုင်းတွင် ဤရသေ့သည် ဘိက္ခုမဟုတ်ကြောင်း၊ သံဃာတော်ဂိုဏ်းဝင်ပင် မဟုတ်ကြောင်း ဗုဒ္ဓထံရဟန်းပြုခွင့်တောင်းခံခြင်းဖြင့် သိရသည်။ ဗုဒ္ဓလက်ထက်က ဘိက္ခုအသုံးအနှုန်းမှာ အခြားဘာသာဝင်များကိုလည်း မခွဲခြားဘဲ သုံးခဲ့သလော၊ ဗုဒ္ဓကိုယ်တော်တိုင်က ဤအသုံးအနှုန်းကို တိတိကျကျ အသုံးမပြု၍ပေလော။ ဘိက္ခုအဓိပ္ပါယ်မှာ 'ဘုန်းတောင်းယာစကာ' တောင်းခံစားသောက်သူ ဟူ၍ရှိရကား ဤနေရာတွင် စကားလုံး၏မူရင်းစာပေအဓိပ္ပါယ်အတိုင်း အသုံးပြုထားဟန်ရှိပေသည်။ သို့သော် ယခု ခေတ်သုံးအဓိပ္ပါယ်မှာ ဘိက္ခုသည် ဗုဒ္ဓဘာသာ ရဟန်းတော်ဟု ဆိုလို၍ အထူးသဖြင့် ထေရဝါဒထွန်းကားရာ သီဟိုဠ်၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဇနှင့် စစ်တကောင်းဒေသတို့တွင် အထူးအသုံးများသည်။

ရဟန်းတစ်ပါးရှိပါသည်။ သူသည်ရဟန္တာဖြစ်ပြီ၊ သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်ပြီ ဟု ကျော်ကြားလျက် ရှိပါသည်။ ဤဘုရားဂေါတမကို တိုင်တည်၍ ကျွန်ုပ်တောထွက်ခဲ့ပါသည်၊ ဗုဒ္ဓသည် ကျွန်ုပ်ဆရာဖြစ်၍ ၎င်း၏ဝါဒကို နှစ်ခြိုက်ပါသည်'' ဟု–ရသေ့ငယ်က ပြန်လည် ဖြေကြားပေသည်။

''ဤ သမ္မာသမ္ဗုဒ္ဓ ဘုရားရဟန္တာသည် ယခုဘယ်မှာ သီတင်းသုံးနေထိုင်တော်မူပါသနည်း''။

''ငါ့ရှင်၊ ဤမှ မြောက်အရပ်ဒေသတွင် သာဝတ္ထိပြည်ကြီးရှိပေသည်။ အဲဒီ သာဝတ္ထိပြည်တွင် ထို သမ္မာသမ္ဗုဒ္ဓ ဘုရားရဟန္တာ ယခု သီတင်းသုံး နေထိုင်တော်မူပါသည်''။

''ထိုမြတ်စွာဘုရားကို အသင်ဖူးမြော်ဖူးပါသလော၊ မြင်တွေ့ရလျှင် မြတ်စွာဘုရားဟု သိရှိမှတ်မိပါမည်လော''

''မဖူးမြော်ဘူးပါ၊ မြင်လျှင်လည်း သိမည်မဟုတ်ပါ''။

ဤ အမည်မသိရသေးသော လူငယ်သည် မိမိအား အာရုံပြု၍ တောထွက်ပြီး ရသေ့လုပ်လာကြောင်း ဗုဒ္ဓသည် ရိပ်စားမိလာသည်။ ကိုယ်တော်တိုင် မည်သူဖြစ်ကြောင်း ထုတ်ဖော်၍ မပြောပြသေးဘဲ–

''အို ဘိက္ခု၊ကျွန်ုပ်တရားဟောပြမည်။ဂရုတစိုက်နာကြားလော့၊ဟောပြမည်'' ဟု ဗုဒ္ဓကမြွက်ကြားလေသည်။

''ကောင်းလှပါပြီ ငါ့ရှင်'' ဟု ရသေ့ငယ်က သဘောတူလေသည်။ ထိုအခါတွင် ဗုဒ္ဓက ရသေ့ငယ်အား သစ္စာတရားအကြောင်းကို ထူးကဲစွာ ရှင်းလင်းဟောပြတော်မူလေသည်။ (အကျဉ်းချုပ်ကို နောက်တွင် ဖော်ပြထားသည်) [၁]။

ဒေသနာပြီးဆုံးမှပင် ပုက္ကုသာတိအမည်ရှိသော ဤရသေ့ငယ်သည် တရားဓမ္မဖြင့် ၎င်းအား ချီးမြှင့်နေသူမှာ ဗုဒ္ဓကိုယ်တော်တိုင်ပင်ဖြစ်ကြောင်း သိရှာပေသည်။

ထို့ကြောင့် နေရာမှထ၍ ဗုဒ္ဓရှေ့တော်မှောက်သို့သွားရောက် ခြေတော်ရင်း၌ ဝပ်တွားပြီးလျှင် ဗုဒ္ဓအား မသိမှားယွင်း၍ ''ငါ့ရှင်''[၂] ဟု ခေါ်ဝေါ်မိသည်ကို ရှိခိုးတောင်းပန်လေသည်။ ထို့နောက် ရဟန်းအဖြစ် ချီးမြှင့်ရန် ခွင့်တောင်းခံ လေသည်။

ဗုဒ္ဓက ၎င်းအား သပိတ်နှင့် သင်္ကန်းများ အသင့်ရှိမရှိ မေးမြန်းလေသည်။ (ဘိက္ခုတစ်ပါးတွင် သင်္ကန်းသုံးထည်နှင့် ဆွမ်းခံရန်သပိတ် ရှိရမြဲဖြစ်သည်။) ပုက္ကုသာတိက မရှိကြောင်းပြောသောအခါ ဗုဒ္ဓက တထာဂတမည်သည် သပိတ်နှင့် သင်္ကန်းမရှိဘဲ ရဟန်းပြုပေးရိုးမဟုတ်ဟု မြွက်ကြားတော် မူလေသည်။ ထို့ကြောင့် ပုက္ကုသာတိသည် သပိတ်နှင့် သင်္ကန်းရှာဖွေရန် ထွက်ခွာသွားခဲ့ရာ ကံမကောင်းအကြောင်းမလှ၍ နွားမတစ်ကောင်[၃] အဝှေ့ခံရပြီးလျှင် အသက်ဆုံးရ ရှာလေသည်။

နောက်တွင် ဤဝမ်းနည်းဖွယ် သတင်းကို ဗုဒ္ဓကြားရသောအခါ ပုက္ကုသာတိသည် အကျွတ်တရား ရသွားပြီဖြစ်ကြောင်း၊ နိဗ္ဗာန်တံခါးဝအရောက် ပေါက်ရောက်သွားခဲ့ကြောင်း၊ ယခုရောက်သွားသည့်ဘဝတွင် ရဟန္တာ[၄] ဖြစ်ပြီးနောက် သံသရာမှ ထွက်မြောက်သွားတော့မည် ဖြစ်ကြောင်း ဟောကြားတော်မူလေသည်။ [၅]

---

၁။ တတိယမြောက် သစ္စာအကြောင်း အခန်းတွင် ဖော်ပြထားသည်။

၂။ အသုံးပြုသောစကားလုံးမှာ 'အာဝုသော'ဖြစ်၍ 'ငါ့ရှင်'သို့မဟုတ် 'မိတ်ဆွေ'ဟု အဓိပ္ပါယ် ရသည်။ တန်းတူခြင်း ရှိသေသမှု ခေါ်ဝေါ်ခြင်းဖြစ်သည်။ တပည့်ရဟန်းတို့က ဗုဒ္ဓအား ဤ 'အာဝုသော–ငါ့ရှင်'ဆိုသော အသုံးအနှုန်းဖြင့် လျှောက်ထားလေ့မရှိပါ။ ၎င်းအစား 'ဘန္တေ' ဟုသာ သုံးမြဲဖြစ်၍ အရှင်ဘုရား၊ အရှင်မြတ်ဘုရား ဟု အဓိပ္ပါယ်ရလေသည်။ ဗုဒ္ဓလက်ထက်တော်က ရဟန်းတော်များသည် တစ်ပါးနှင့် တစ်ပါးအား 'အာဝုသော'ဟု ခေါ်ဝေါ်ခဲ့ကြသည်။ သို့ရာတွင် ပရိနိဗ္ဗာန်စံလွန်တော်မမူမီ ဗုဒ္ဓက ရဟန်းငယ်များအား မထေရ်ကြီးတို့ကို ဘန္တေ အရှင်ဘုရား သို့မဟုတ် အာယသ္မာ ကြည်ညိုဖွယ်(အသက်ရှည်သော) အရှင်ဟု လျှောက်ထားကြရန် ပညတ်တော်မူခဲ့လေသည်။ မထေရ်ကြီးများက ရဟန်းငယ်များအား အမည်ဖြင့်လည်းကောင်း၊ 'အာဝုသော'ဟုလည်းကောင်း ခေါ်ကြရသည်။ ဤအလေ့အကျင့်သည် ဗုဒ္ဓဘာသာ သံဃာတော်များတွင် ယခုတိုင် တည်မြဲလျက် ရှိနေပေသေးသည်။

၃။ အိန္ဒိယတွင် နွားမများ လမ်းမကြီးများပေါ် ကျက်စားကြကြောင်းကို လူသိများကြပေသည်။ ဤဝတ္ထုအရ ဤအလေ့အကျင့်သည် ရှေးပဝေဏီကပင် ရှိခဲ့ကြောင်း သိရပေသည်။ သို့ရာတွင် အများအားဖြင့် နွားမများသည် ယဉ်ပါးနေ၍ ဝှေ့တတ်ခြင်း၊ အန္တရာယ်ပြုတတ်ခြင်း မရှိကြပေ။

၄။ ရဟန္တာဆိုသည်မှာ လောဘ၊ဒေါသ၊မောဟ၊ အဘိဇ္ဈာ၊ မာန်မာနစသော ကိလေသာ အညစ်အကြေးများမှ ကင်းစင်ပြီးသော ပုဂ္ဂိုလ်ဖြစ်လေသည်။ နိဗ္ဗာန်သို့ရောက်ရှိရန် အဆင့်များတွင် စတုတ္ထ သို့မဟုတ် နောက်ဆုံးအဆင့်သို့ရောက်ရှိပြီးဖြစ်၍ ဉာဏ်ပညာ၊ ကရုဏာစသော အရိယာတို့၏ အရည်အချင်းများနှင့် ပြည့်စုံပြီး ဖြစ်ပေသည်။ ထိုစဉ်က ပုက္ကုသာတိမှာ အနာဂါမိ(ကာမဘုံသို့ မလာလတ္တံ့သော ပုဂ္ဂိုလ်) ခေါ်တွင်သော တတိယအဆင့်သို့သာ ရောက်ရှိသွားသည်။ ဒုတိယအဆင့်ကို သကဒါဂါမိ(ကာမဘုံသို့ တစ်ကြိမ်သာလာမည့် ပုဂ္ဂိုလ်) ဟု ခေါ်တွင်၍ ပထမအဆင့်မှာ သောတာပန်(မဂ်ရေစီးအလျဉ်သို့ရောက်သူ) ဖြစ်သည်။

၅။ ကားလ်ဂျီလာရပ်ရေးသော ဘုရားဖူးခရီးသည် ကမနိတ ခေါ်စာအုပ်သည် ဤ ပုက္ကုသာတိ ဝတ္ထုကို မှီး၍ ရေးသားထားဟန် တူသည်။

ပုက္ကုသာတိသည် ဗုဒ္ဓတရားကိုနာယူ၍ သဘောပေါက်နားလည်စဉ်က မည်သူက တရားဟောနေမှန်း၊ မည်သူ၏ ဘာသာဝါဒဖြစ်မှန်းမသိကြောင်း ဤဝတ္ထုမှာ ထင်ရှားပေသည်။ ပုက္ကုသာတိသည် အမှန်တရားကို သိရှိနားလည်သွားပေသည်။ ဆေးစွမ်းက ရောဂါပျောက်ကင်းပေမည်။ ထိုဆေးကို မည်သူဖော်စပ်သည်၊ ဘယ်ကရရှိသည်ဟု သိနေရန် မလိုတော့ပေ။

ဘာသာဝါဒတိုင်းလိုပင် ယုံကြည်မှု(မျက်စိမှိတ်ယုံကြည်မှု) ပေါ်တွင် အခြေတည်ကြလေသည်။ ဗုဒ္ဓဝါဒမှာမူ သက်ဝင်ယုံကြည်မှုပေါ်တွင် အခြေမပြုဘဲ မြင်မှု၊ သိမှု၊ နားလည်မှုပေါ်တွင်သာ အခြေခံလေသည်။ ဗုဒ္ဓဝါဒစာပေများတွင်တွေ့ရှိသော သဒ္ဓါ ဟူသော စကားလုံးကို အများအားဖြင့် 'သက်ဝင်မှု၊ ယုံကြည်မှု' ဟု ဘာသာပြန်လေ့ ရှိကြသည်။ သို့ရာတွင် 'သဒ္ဓါ' ဆိုသည်မှာ 'ယုံကြည်မှု' မည်ကာမတ္တမဟုတ်။ ကိုယ်တိုင် ကျေကျေနပ်နပ် ရှင်းရှင်းလင်းလင်း သိရှိနားလည်၍ ဖြစ်ပေါ်လာသော 'စိတ်ချယုံကြည်မှု' မျိုးဖြစ်ပေသည်။ အများနားလည်သော ဗုဒ္ဓဝါဒ နှင့် ကျမ်းစာများတွင် သာမန်ရေးသား သုံးစွဲရာ၌ သဒ္ဓါဆိုသည်မှာ ဘုရား၊ တရား၊ သံဃာတို့အား 'ကိုးကွယ်ယုံကြည်သည်' ဆိုသော အဓိပ္ပါယ်မျိုးရှိသည်ကိုမူ ဝန်ခံရပေမည်။

အေဒီ ၄ ရာစုနှစ်ဆီက ထင်ရှားခဲ့သော ဗုဒ္ဓအဘိဓမ္မာဆရာကြီး အသင်္ဂ၏ အလိုအရ သဒ္ဓါတွင် အောက်ပါ လက္ခဏာသုံးမျိုးရှိပေသည်။

၁။ အကြောင်းအရာတစ်ခုသည် အဟုတ်အမှန်ရှိသည် ဖြစ်သည်ဟု ပြည့်စုံခိုင်ခံ့စွာ သိရှိနားလည်ခြင်း၊

၂။ ကောင်းသောအရည်အချင်းများတွင် ပီတိရှိခြင်း၊

၃။ ရည်မှန်းချက်ကို အောင်မြင်ရရှိလိုသော ဆန္ဒ။ [၁]

အခြားဘာသာဝင်တို့ နားလည်ကြသော 'သက်ဝင်မှု' သို့မဟုတ် 'ယုံကြည်မှု' စသည်တို့သည် ဗုဒ္ဓဝါဒနှင့် ပတ်သက်ခြင်း မရှိပေ။ ယုံကြည်ခြင်း ဟူသော ကိစ္စသည် သိမြင်မှု(အပြည့်အစုံသိရှိနားလည်မှု) မရှိမှုဖြစ်ပေါ်ပေသည်။ သိမြင်နားလည်သည်နှင့်တစ်ပြိုင်နက် ယုံကြည်ခြင်းဟူသော ပြဿနာမရှိနိုင်တော့ချေ။ လက်ထဲတွင် ကျောက်မျက်ရွဲ တစ်လုံးကို ဆုပ်ဂုက်ထားပါသည်ဟု ပြောပါမူ ကိုယ်တိုင်မျက်စိဖြင့် မမြင်ရ၍ ယုံကြည်ရသော ကိစ္စမျှသာ ဖြစ်ပေသည်။ လက်ဝါးကိုဖြန့်၍ ကျောက်မျက်ရွဲကို ထုတ်ပြပါလျှင် မျက်စိဖြင့် ကိုယ်တိုင်မြင်ရပြီဖြစ်၍ ယုံကြည်ရုံကိစ္စမဟုတ်တော့ပေ။ ဤသည်ကိုရည်၍ ရှေးကျသော ဗုဒ္ဓကျမ်းစာများတွင် 'ကျောက်မျက်ရွဲ၊ သို့မဟုတ် (ဖန်ခါးသီး)ကို လက်ဝါးပြင်တွင် မြင်ရသကဲ့သို့ သဘောပေါက်နားလည်သည်' ဟူသော အသုံးအနှုန်းများကို ဖော်ပြလေ့ရှိသည်။

ဗုဒ္ဓ၏ တပည့်တပန်း ရဟန်းတစ်ပါးဖြစ်သော မုသီလ က အခြား ရဟန်းတစ်ပါးအား အောက်ပါအတိုင်း မိန့်ကြားဖူးလေသည်–

"ငါ့ရှင်သဝိဋ္ဌ၊ ကိုးကွယ်သက်ဝင် ယုံကြည်မှုကြောင့်မဟုတ်ဘဲ ကြည်ညိုခြင်း၊ ကိုင်းရှိုင်းခြင်းကြောင့်မဟုတ်ဘဲ တစ်ဆင့်စကား သူများ ပြောကြား၍လည်း မဟုတ်ဘဲ၊ မိရိုးဖလာယုံကြည်မှုကြောင့်လည်း မဟုတ်ဘဲ၊ ဟုတ်မှန်လောက်ပေသည် ဟု ကြံစည်စဉ်းစား၍လည်း မဟုတ်ဘဲ၊ အယူအဆ အမျိုးမျိုးကို တွေးတောကြံဆ သဘောကျ၍လည်း မဟုတ်ဘဲ ဘဝ၏ချုပ်ဆုံးရာသည် နိဗ္ဗာန်ဖြစ်သည်ဟု ကျွန်ုပ်ကိုယ်တိုင် သိမြင်ပေသည်။" [၂]

ဗုဒ္ဓရှင်တော်မြတ်ကလည်း "ရဟန်းတို့၊ ကိလေသာ အညစ်အကြေးတို့ကို ချွတ်ဆေးပစ်ခြင်းသည် သိသော၊ မြင်သော ပုဂ္ဂိုလ်အတွက်သာဖြစ်၍ မသိသော၊ မမြင်သော ပုဂ္ဂိုလ်အတွက် မဟုတ်ပေ" ဟု မိန့်မြွက်တော်မူခဲ့လေသည်။ [၃]

သိခြင်းမြင်ခြင်းသည်သာလျှင် ပဓာနဖြစ်၍ ယုံကြည်ခြင်းမှာ အရာမဟုတ်ပါချေ။ ဗုဒ္ဓ၏ ဒေသနာများတွင် "ဧဟိပဿိက" ဟုပါရှိရာ လာ၍ ရှုလှည့်လော့ ဟုသာ ဖိတ်ခေါ်ပေသည်။ "လာ၍ ယုံကြည်လက်ခံပါ" ဟု မဆိုပေ။

အကျွတ်တရားပေါက်ရောက်ပြီးသော ပုဂ္ဂိုလ်တို့၏ အကြောင်းကို ဖော်ပြရာတွင် ဗုဒ္ဓကျမ်းစာတို့၌ "မြူမှုန် အညစ်အကြေးကင်းသော သစ္စာမျက်စိ(ဓမ္မစက္ခု) ပွင့်ခဲ့ပြီ။" "သစ္စာတရားကို မျက်မြင်ဖြစ်ပေပြီ၊ သစ္စာတရားကို ဆွတ်ခူးမိပေပြီ"။ "သစ္စာတရား ကို သိရှိပေပြီ၊ သစ္စာနယ်တွင်းသို့ ဖောက်ထွင်း ဝင်ရောက်မိချေပြီ၊ ယုံမှားသံသယ

---

၁။ အဘိဓမ္မာ သမုစ္စယ၊ အသင်္ဂ (သံတိနိကေတံ ၁၉၅၀၊ စာမျက်နှာ ၆)။

၂။ သံယုတ္တနိကာယ ၂၊ (ပတစ) စာမျက်နှာ ၁၁၇။

၃။ ၎င်း – ၃၊ စာမျက်နှာ ၁၅၂။

နယ်ကို ကျော်လွန်သွားခဲ့ပြီ၊ ယိမ်းယိုင်တွေဝေမှုမှ ကင်းလွတ်ပေပြီ၊ ယထာဘူတကျစွာ အသိဉာဏ်ဖြင့် အမှန်ကို မြင်ပေပြီ” စသည်ဖြင့် ရေးသားထားပေသည်။ [၁] ကိုယ်တော်တိုင် သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိသည့် အကြောင်းနှင့် ပတ်သက်၍ စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ = ဉာဏ်မျက်စိ ထင်ရှား ဖြစ်ပေါ်လာ၏။ အသိဉာဏ် ထင်ရှား ဖြစ်ပေါ်လာ၏။ ဉာဏ်ပညာ ထင်ရှား ဖြစ်ပေါ်လာ၏။ ဝိဇ္ဇာဓါတ် ထင်ရှား ဖြစ်ပေါ်လာ၏။ အလင်းရောင် ထင်ရှား ဖြစ်ပေါ်လာ၏ – ဟု ဟောကြားတော် မူခဲ့လေသည်။ [၂] အသိဉာဏ် သို့မဟုတ် ဉာဏ်ပညာဖြင့် ထိုးထွင်းသိမြင်မှုသာ (ဉာဏဒဿန) အကျွတ်တရား ရကြသည်ဖြစ်၍ ယုံကြည်သက်ဝင်မှု သက်သက်ဖြင့် ကျွတ်တမ်း ဝင်နိုင်ကြသည်မဟုတ်ပေ။

ဗြာဟ္မဏဝါဒတွင် အယူသည်းသူတို့က ၎င်းတို့မိရိုးဖလာ အယူဝါဒကို သက်ဝင်ယုံကြည်စေ၍ ၎င်းဝါဒသည်သာ အမှန်တရားစစ်စစ်ဖြစ်သည်ဟု အရမ်းလက်ခံစေရန် တိုက်တွန်းနေချိန်တွင် ဤဗုဒ္ဓ၏ ဉာဏဒဿနလမ်းစဉ်ကို လူကြိုက်များလာလေသည်။

တစ်ချိန်တွင် ထင်ရှားသော ပရောဟိတ်တစ်စုသည် ဗုဒ္ဓထံပါးသို့ရောက်လာ၍ ဗုဒ္ဓနှင့် အချိန်ကြာမြင့်စွာ တရားဆွေးနွေးကြလေသည်။ ၎င်းတို့အထဲတွင် အထူးဉာဏ်ပညာစွမ်းရည် ထက်မြက်လှသည်ဟု အသိအမှတ်ပြုခြင်း ခံရသော အသက် (၁၆)နှစ်ရွယ် ကာပဋိကအမည်ရှိ ပုဏ္ဏားလူငယ်တစ်ဦးက ဗုဒ္ဓအား အမေးပုစ္ဆာ ပြုလုပ်လေသည်။ [၃]

“အရှင်ဂေါတမ၊ အစဉ်အဆက်မပြတ် နှုတ်တိုက်ရွရွ ရွတ်ဖတ်၍ ဆင့်ကဲဆင့်ကဲ ကျက်မှတ်ခဲ့ရသော မိရိုးဖလာ ရှေးဟောင်းဗြာဟ္မဏကျမ်းကြီးများ ရှိပါသည်။ ဤကျမ်းများနှင့် ပတ်သက်၍ ဗြာဟ္မဏ လူမျိုးတို့က “ ဒါမှ အမှန်တရားဖြစ်သည်၊ အခြား ဘယ်ဟာမှမမှန်” ဟု တစ်ထစ်ချ ယုံကြည်ဆုံးဖြတ်ကြပါသည်။ အရှင်ဂေါတမ၊ အဲဒီ အကြောင်းအရာနှင့် ပတ်သက်၍ ဘာများပြောလိုပါသလဲ။”

“ဗြာဟ္မဏလူမျိုးများတွင် ‘ဒါမှ အမှန်တရားဖြစ်သည်၊ အခြားဘယ်ဟာမှမမှန်’ ဆိုတာကို ကိုယ်တိုင် မြင်သည်၊ သိသည်ဟု ပြောဖူးသူ တစ်စုံတစ်ယောက် ရှိပါသလား” ဟု ဗုဒ္ဓက မေးမြန်းလေသည်။

ပုစ္ဆာရှင် ပုဏ္ဏားလေးက ရိုးသားမှန်ကန်စွာပင် “မရှိပါဘုရား” ဟုဖြေကြားလေသည်။

“ဒါဖြင့်ယင် ဆရာတစ်ယောက်တလေမျှ၊ ဒါမှမဟုတ် ဆွေစဉ် ၇ ဆက်ဆင်းသက်ခဲ့တဲ့ ဆရာ့ဆရာတွေထဲမှ၊ ဒါမှမဟုတ် ဒီကျမ်းကြီးတွေကို ရေးသားခဲ့ကြတဲ့ ကျမ်းပြုပုဂ္ဂိုလ်တွေထဲက “ဒါမှ အမှန်တရားဖြစ်သည်၊ အခြား ဘယ်ဟာမှ မမှန်” ဆိုတာကို မြင်သည်၊ သိသည်ဟုပြောဖူးသူ တစ်ယောက်တလေများ ရှိခဲ့သလား”။

“မရှိခဲ့ပါ”

“ဒါဖြင့်ယင် မျက်မမြင်တွေ တစ်ယောက်နှင့်တစ်ယောက် လက်ဆင့်ကမ်း ရပ်နေကြသလိုပေ့ါ။ ပထမလူက မျက်မမြင်၊ အလယ်လူကလဲ မျက်မမြင်၊ နောက်ဆုံးလူကလဲ စက္ခုအလင်းမရှိ။ ဒ့ါကြောင့် ဗြဟ္မဏလူမျိုးတို့ ဖြစ်နေပုံ က မျက်မမြင်တွေ စီတန်းနေကြသလိုပဲ လို့ သဘောရတယ်။”

ထို့နောက် ဗုဒ္ဓက ထိုဗြဟ္မဏပုဏ္ဏားတို့အား အရေးအကြီးဆုံးသော ဩဝါဒတစ်ခုကို မိန့်မြွက်ခဲ့လေသည်။

“သစ္စာတရားကို ထိန်းသိမ်းစောင့်ရှောက်သူ ပညာရှိသည် ဤဟာသာလျှင် အမှန်တရားဖြစ်သည်၊ အခြား ဘာမဆို မှားယွင်းသည် ဟုပြောဆိုခြင်းငှာ မသင့်ချေ။”

သစ္စာတရား ထိန်းသိမ်းစောင့်ရှောက်ခြင်း သဘောကို ရှင်းလင်း ဟောပြပါရန် ပုဏ္ဏားလုလင်များက တောင်းပန် လျှောက်ထားရာတွင် “ပုဂ္ဂိုလ်တစ်ဦး၌ ယုံကြည်မှုတစ်ခုရှိအံ့၊ “ဤဟာသည် ကျွန်ုပ်၏ ယုံကြည်မှု ဖြစ်ပါသည်” ဟုဆိုသော် ဤအချိန်အထိ ၎င်းသည် အမှန်တရားကို ထိန်းသိမ်း စောင့်ရှောက်ထားသည် မည်ပေသည်။ ထို့ထက်လွန်၍ “ဤဟာသာ အမှန်တရားဖြစ်သည်၊အခြားဘာမဆို မှားယွင်းသည်” ဟု ယတိပြတ် ဆုံးဖြတ်မှုကို မပြုအပ်ပေ။

တစ်နည်းဆိုရသော် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် မိမိကြိုက်သလို ယုံကြည်နိုင်၍ “ဤဟာကို ကျွန်ုပ် ယုံကြည်၏” ဟုပြောဆိုနိုင်ပါ၏။ ဤသို့ပြောဆိုသည့်တိုင်အောင် အမှန်တရားကို ထိန်းသိမ်းထားပေသေးသည်။ သို့သော် ဤသို့ မိမိယုံကြည် သက်ဝင်မှုရှိရုံမျှဖြင့် ၎င်း၏ ယုံကြည်မှုသည်သာ အမှန်တရားဖြစ်၍ အခြားဘာမဆို

---

၁။ သံယုတ္တနိကာယ် ၅၊ (ပတစ) စာမျက်နှာ ၄၂၃၊ ၃၊ စာမျက်နှာ ၁၀၃။ မဇ္ဈိမနိကာယ် ၃၊ (ပတစ) စာမျက်နှာ ၁၉။

၂။ သံယုတ် ၅၊ (ပတစ) စာမျက်နှာ ၄၂၂။

၃။ စင်္ကီသုတ္တ၊ အမှတ် ၉၅၊ မဇ္ဈိမနိကာယ် ။

မှားယွင်းသည်ဟု မပြောဆိုအပ်ပေ။ ”[၁] ဟု မိန့်မြွက်တော် မူခဲ့သည်။

အရာတစ်ခု(အယူအဆတစ်မျိုး) ကို စွဲလမ်းနှစ်သက်၍ အခြားအရာများ(အယူအဆများ)ကို ညံ့ဖျင်းသည်ဟု နှိမ့်ချတတ်ခြင်းကို ပညာရှိတို့က “အနှောင်အဖွဲ့”ဟု သမုတ်ကြောင်း ဗုဒ္ဓက ဟောကြားထားပေသည်။[၂]

တရံရောအခါ ဗုဒ္ဓက တပည့်သာဝကများအား ပဋိစ္စသမုပါဒ် တရားကို ဟောကြားတော်မူ၏။ ရဟန်းများက တရားတော်ကို ရှင်းရှင်းလင်းလင်း သိရှိနားလည်ကြကြောင်း လျှောက်ထားကြ၏။ ထိုအခါ ဗုဒ္ဓက “အို ရဟန်းတို့၊ ဤ အလွန်ရှင်းလင်းပြတ်သားလှသော တရားကိုတောင်မှ အသင်တို့သည် ဆုပ်ကိုင်ထားလျှင်၊ ယုယပိုက်ထွေးထားလျှင်၊ မြတ်နိုးစွာ သိမ်းဆည်းထားလျှင်၊ စွဲလမ်းနေလျှင်၊ တရားတော်သည် ဖောင်နှင့်တူကြောင်း၊ တစ်ဘက်ကမ်းသို့ ကူးခပ်သွားရန်သာ အသုံးပြုရမည်ဖြစ်ကြောင်း၊ ဆုပ်ကိုင်ထားရန် မဟုတ်ကြောင်း သင်တို့နားမလည်ကြသေး” ဟု မိန့်မြွက်တော်မူလေသည်။[၃]

တခြားတစ်နေရာတွင် တရားတော်ကို ဖောင်နှင့် နှိုင်းယှဉ်ပြပြီးလျှင် တစ်ဘက်ကမ်းသို့ ကူးခပ်ရာ၌ အသုံးပြုရန်သာဖြစ်၍ ကျောကုန်းထက်တွင် သယ်ပိုးဆောင်ယူသွားရန်၊ ဆုပ်ကိုင်ထားရန် မဟုတ်ကြောင်း ထင်ရှားစွာ ဥပမာဆောင် ဟောကြားထားခဲ့ပေသည်။

“အို ရဟန်းတို့၊ လူတစ်ယောက်သည် ခရီးထွက်ခဲ့၏။ သူသည် ကျယ်ပြန့်သော ရေပြင်ကြီးတစ်ခုသို့ ဆိုက်ရောက်လာ၏။ ဤမှာဘက်ကမ်းရိုးသည် အန္တရာယ်ထူပြော၏။ အခြားဘက်မှာမူ ဘေးကင်းရန်ရှင်းဖြစ်၏။ ဘေးကင်းရန်ရှင်းသော ထိုဘက်ကမ်းသို့ လှေလည်းမသွား၊ ကျော်ဖြတ်သွားရန် တံတားလည်းမရှိ။ ထိုသူက စဉ်းစား၏။ ဤပင်လယ်ရေပြင်ကား ကျယ်ပြန့်လှ၏။ ဤဘက်ကမ်းရိုးသည် အန္တရာယ်ထူပြော၏။ အခြားဘက်တွင် ဘေးကင်းရန်ရှင်း၏။ ထိုဘက်ကမ်းသို့ လှေလည်းမသွား၊ ကျော်ဖြတ်သွားရန် တံတားလည်းမရှိ။ မြက်၊ သစ်သား၊ သစ်ကိုင်းနှင့် သစ်ရွက်များ စုဆောင်း၍ ဖောင်ဆောက်ရသော် ကောင်းလေစွ၊ ၎င်းဖောင်ကိုအသုံးပြု၍ ငါ၏ ခြေလက်များဖြင့် လှော်ခတ်၍ တစ်ဘက်ကမ်းသို့ ဘေးကင်းစွာ ကူးသွားပေအံ့။” ဤသို့စဉ်းစားပြီးနောက် ထိုသူသည် မြက်ခြောက်၊ သစ်သား၊ သစ်ကိုင်း၊ သစ်ရွက်များကို စုဆောင်း၍ ဖောင်တည်ဆောက်၏။ ၎င်းဖောင်ကို အသုံးပြု၍ မိမိ၏ ခြေလက်တို့ဖြင့် လှော်ခတ်ပြီးလျှင် တစ်ဘက်ကမ်းသို့ ဘေးကင်းစွာကူးမြောက်သွားခဲ့၏။

ဤကဲ့သို့ ကူးမြောက်၍ တစ်ဘက်ကမ်းသို့ ရောက်ပြီးနောက် ၎င်းလူတွင် “ဤဖောင်သည် ငါ့အတွက် အလွန်အသုံးဝင်ခဲ့ဘိ၏။ ငါ၏ခြေလက်တို့ဖြင့် လှော်ခတ်ရာတွင် တစ်ဘက်ကမ်းသို့ရောက်အောင် ပို့ဆောင်ခဲ့ပေ၏။ ထို့ကြောင့် ဤဖောင်ကို ငါ၏ ကျောထက်မှာ လည်းကောင်း၊ ဦးခေါင်းထက်မှာ လည်းကောင်း သယ်ယူသွားရသော် ကောင်းပေအံ့” ဟု အကြံဖြစ်ပေါ်လာ၏။

အို–ရဟန်းတို့၊ အသင်တို့ မည်သို့သဘောရသနည်း။ ထိုလူသည် ဤအကြံအတိုင်း ဆောင်ရွက်သော် ဖောင်နှင့် ပတ်သက်၍ လျောက်ပတ်စွာဆောင်ရွက်ခြင်း မည်ပါသလော။ “မမည်ပါဘုရား”။ ဒါဖြင့် အဘယ်ကဲ့သို့ ဆောင်ရွက်မှ ဖောင်နှင့်ပတ်သက်၍ လျောက်ပတ်စွာ ဆောင်ရွက်ခြင်း မည်မလဲ။ တစ်ဘက်သို့ ကူးမြောက်ပြီးနောက် ဤလူက ဤကဲ့သို့ ကြံစည်ပေအံ့။ “ဤဖောင်သည် ငါ့အတွက် အလွန်အသုံးဝင်ခဲ့၏။ ငါ၏ ခြေလက်တို့ဖြင့် လှော်ခတ်ရာတွင် တစ်ဖက်ကမ်းသို့ရောက်အောင် ကူညီပို့ဆောင်ခဲ့ပေ၏။ ဤဖောင်ကို ကမ်းတွင် ဆွဲတင်ထား၍ လည်းကောင်း၊ ကမ်းတွင်ကပ်ပြီး ချည်နှောင်၍လည်းကောင်း၊ ထားခဲ့ပြီးသော် ကျွန်ုပ်သွားလိုရာသို့ ဆက်လက်ထွက်ခွါသွားရသော် ကောင်းပေအံ့” ဤအကြံအစည်အတိုင်း ဆောင်ရွက်မှသာ ထိုဖောင်နှင့် ပတ်သက်၍ လျောက်ပတ်စွာ ဆောင်ရွက်သည် မည်ပေသည်။

အို–ရဟန်းတို့၊ ထိုနည်းတူစွာ ဖောင်နှင့်တူသော တရားဓမ္မကို ငါဘုရားပြသတော်မူပေပြီ။ တစ်ဘက်ကမ်းသို့ ကူးမြောက်ရန် အတွက်သာဖြစ်၍ ယူဆောင်သွားရန် (ဆွဲကိုင်ထားရန်) မဟုတ်ပေ။ သင် ရဟန်းတို့သည်လည်း တရားဓမ္မသည် မဂ္ဂင်ဖောင်နှင့် တူညီကြောင်း နားလည် သဘောပေါက်ပါက ကောင်းမွန်သောအရာများ (ဓမ္မ) ကိုပင် စွန့်လွှတ်ကြရပေမည်။ မကောင်းမွန်သော အရာများ(အဓမ္မ) ကိုမူ စွန့်လွှတ်ကြရန်မှာ အဘယ်ဆိုဘွယ် ရှိတော့အံ့နည်း။[၄]

---

၁။ သုတ္တနိပါတ (ပတစ)၊ စာမျက်နှာ ၁၅၁။

၂။ မဟာတဏှာသင်္ခယသုတ္တ၊ အမှတ် ၃၈၊ မဇ္ဈိမနိကာယ် ။

၃။ မဇ္ဈိမနိကာယ် (ပတစ)၊ စာမျက်နှာ ၂၆၀။

၄။ မဇ္ဈိမနိကာယ် (ပတစ)၊ စာမျက်နှာ ၁၃၄၊၁၃၅။

ဗုဒ္ဓ၏ဒေသနာတော်များသည် လူသားတို့အား ဘေးကင်းရာ၊ ငြိမ်းချမ်းရာ၊ ပျော်ရွှင်ရာ၊ တည်ငြိမ်ရာ နိဗ္ဗာန်သို့အရောက် သယ်ယူပို့ဆောင်ရန်ဖြစ်ကြောင်းကို ဤပုံပြင်မှာ ကောင်းစွာထင်ရှားလှပေသည်။ ဗုဒ္ဓ၏ဒေသနာ တစ်ရပ်လုံးသည် ဤရည်ရွယ်ချက်သို့ ဦးတည်ပေသည်။ ဉာဏ်ပညာကစားရန်သာ ဗုဒ္ဓက အရာရာကို ဟောပြခဲ့သည် မဟုတ်ပေ။ လက်တွေ့သင်ပြသော ဆရာတစ်ဆူ ဖြစ်တော်မူသည့်အလျောက် လူသားတို့အား ငြိမ်းချမ်းမှုနှင့် ပျော်ရွှင်မှုကိုပေးစွမ်းနိုင်မည့် အကြောင်းအရာများကိုသာ ဟောကြားပြသတော်မူပေသည်။

တစ်ရံရောအခါ မြတ်စွာဘုရားသည် ကောသမ္ဗီပြည်ရှိ (ယခု အလာဗာဘာဒ်) ရင်းတိုက်တောအုပ်တွင် သီတင်းသုံးနေတော်မူ၏။ သစ်ရွက်တစ်ဆုပ်ကို လက်တွင်ကိုင်တော်မူ၍ တပည့်ရဟန်းတို့အား ဤသို့ ဗုဒ္ဓက မေးတော်မူ၏။ "အို ရဟန်းတို့၊ အသင်တို့ မည်သို့ထင်မြင်သနည်း၊ ငါ၏လက်တွင် ဆုပ်ကိုင်ထားသော သစ်ရွက်အချို့နှင့် အပေါ်က သစ်တောမှာရှိသော သစ်ရွက်တွေ ဘယ်ဟာက ပိုများပေသနည်း"။ "အရှင်ဘုရားလက်တော်တွင် ဆုပ်ကိုင်ထားသည့် သစ်ရွက်များမှာ အနည်းငယ်မျှသာ ဖြစ်ပါသည်။ ရင်းတိုက်တောအုပ်မှာ ရှိတဲ့ သစ်ရွက်များက အဆများစွာပိုမိုများပါသည် ဘုရား"။

"ဤကဲ့သို့ပဲ ရဟန်းတို့၊ ငါဘုရားသိရှိသည့် အကြောင်းအရာများအနက် ဟောပြောပြသည်မှာ အနည်းငယ်မျှသာ ဖြစ်ပေသည်၊ မဟောပြောချန်ထားသည်မှာ အများအပြားရှိသည်၊ အဘယ့်ကြောင့် မဟောမပြောဘဲ ထားသနည်း။ အကျိုးကျေးဇူး မရှိ၍၊ နိဗ္ဗာန်သို့ မရောက်စေနိုင်၍ ထိုအကြောင်းများကို မဟောပြောဘဲထားသည်။" [၁]

ဗုဒ္ဓသည် သိရှိနားလည်သော်လည်း မဟောကြားဘဲထားသည့် အကြောင်းများကို အချို့ပညာရှင်များက ပင်ပင်ပန်းပန်း ကြိုးစား၍ ဆင်ခြင်ကြံဆနေကြသည်မှာ အချည်းနှီးအားထုတ်မှုပင် ဖြစ်ပေသည်။ စိတ်ကူးယဉ် ပြဿနာများဖြစ်ပေါ်စေ၍ မြော်ခေါ်ကြံဆမှုသက်သက်မျှသာဖြစ်သော အကျိုးမများသည့် တက္ကိက (စိတ်ပိုင်းဆိုင်ရာ) ပုစ္ဆာများ (**Metaphysical**)ကို ဆွေးနွေးရန် ဗုဒ္ဓသည် စိတ်မဝင်စားချေ။ ၎င်းတို့ကို "ဝါဒကန္တာရ" (**Wilderness of opinions**) ဟူ၍သာ မှတ်ယူတော်မူသည်။ ဤသို့ ဗုဒ္ဓကသဘောထားတော်မူသည်ကို ၎င်း၏တပည့် ရဟန်းများတွင် မကျေနပ် သဘောမပေါက်သော ရဟန်းအချို့ ရှိခဲ့ဟန်တူပေသည်။ အကြောင်းမှု မာလုကျပုတ္တ အမည်ရှိရဟန်းတစ်ပါးသည် သူမကျေနပ်မှုကို ဖော်ထုတ်ပြီးလျှင် စံတင်လောက်အောင် ထင်ရှားသော တက္ကိကပုစ္ဆာ (၁၀) ခု ကို ဗုဒ္ဓအား လျှောက်ထား၍ အဖြေကို တောင်းခံခဲ့ပေသည်။ [၂]

တစ်နေ့သ၌ မာလုကျပုတ္တသည် ကမ္မဋ္ဌာန်းခွင်မှထ၍ ဗုဒ္ဓထံပါးချဉ်းကပ်ပြီး ရှိခိုးဝပ်တွား လျှောက်ထားသည်မှာ – "အရှင်ဘုရား၊ တပည့်တော် တစ်ဦးတည်း ဘာဝနာပွားများနေစဉ် စိတ်၌ ဤအတိုင်း ဖြစ်ပေါ်လာပါသည်။ မြတ်စွာဘုရားသည် ဤပုစ္ဆာများကို ရှင်းလင်းမပြ၊ လက်မခံ၊ ပယ်ရှားတော်မူသည်–

၁။ စကြာဝဠာသည် အစဉ်အမြဲတည်သလော၊
၂။ မတည်သလော၊
၃။ စကြာဝဠာသည် အကန့်အသတ်ရှိသလော၊
၄။ မရှိသလော၊
၅။ ဝိညာဉ်သည် ကာယနှင့် အတူတူပင်လော၊
၆။ ဝိညာဉ်ကတသီးတခြား၊ ကာယက တသီးတခြားပင်လော၊
၇။ တထာဂတသည် သေသည်၏အခြားမဲ့၌ တည်ရှိသလော၊
၈။ သေသည်၏အခြားမဲ့၌ မတည်ရှိသလော၊
၉။ သေသည်၏အခြားမဲ့၌ (တစ်ပြိုင်နက်) တည်ရှိ–မတည်ရှိသလော၊
၁၀။ သေသည်၏အခြားမဲ့၌ (တစ်ပြိုင်နက်) မတည်ရှိ–မတည်ရှိမဟုတ်သလော၊

ဤပုစ္ဆာများကို မြတ်စွာဘုရားက ငါ့အားရှင်းလင်းမပြပေ။ ဤအချက်ကို ငါမကျေနပ်၊ သဘောမကြိုက်၊ ဘုရားထံသွား၍ မေးမြန်းမည်၊ မြတ်စွာဘုရားက ရှင်းလင်းဟောပြလျှင် ရဟန်းဝတ်ဖြင့် ဆက်လက်၍ ၎င်းထံ၌ တရား

---

၁။ သံယုတ် ၅ (ပတစ)၊ စာမျက်နှာ ၄၅၇။
၂။ စူဠမာလုကျသုတ္တ အမှတ် ၆၃၊ မဇ္ဈိမနိကာယ်။

ကျင့်နေထိုင်မည်၊ ရှင်းလင်းဟောပြခြင်း မပြုလုပ်လျှင် ရဟန်းဝတ်ကို စွန့်ပစ်၍ ထွက်ခွာသွားတော့မည်။ မြတ်စွာဘုရားသည် စကြာဝဠာသည် အစဉ်အမြဲတည်ရှိသည်ကို သိပါက ၎င်းအကြောင်းကို ရှင်းလင်းဟောပြပါစေ၊ မြတ်စွာဘုရားသည် စကြာဝဠာသည် အစဉ်အမြဲမတည်ရှိကြောင်း သိလျှင်လည်း မရှိကြောင်းပြောပါစေ၊ စကြာဝဠာသည် အစဉ်အမြဲတည်ရှိသည်၊ စကြာဝဠာသည် အစဉ်အမြဲမတည်ရှိစသည်တို့ကို မသိပါက မသိသည့်အလျောက် မကွယ်မထောက်ဘဲ "ငါမသိဘူး၊ ငါမမြင်ဘူး" ဟု မြတ်စွာဘုရားက ပွင့်ပွင့်လင်းလင်းပဲ ပြောပြရန်သာရှိသည်။"

ယနေ့ကမ္ဘာတွင် သန်းပေါင်းများစွာသော လူအပေါင်းတို့သည် အဆိုပါ တက္ကိကပုစ္ဆာများနှင့် အဖိုးထိုက်တန်လှသော အချိန်များကိုဖြုန်းပစ်၍ မိမိကိုယ်ကိုမိမိ စိတ်မချမ်းသာမှုကို အလဟဿ ဖန်တီးနေကြပေသည်။ မာလုကျပုတ္တအား ဗုဒ္ဓက ဖြေကြားတော်မူသော တရားများသည် ထိုသူများအတွက် အကျိုးကျေးဇူးများစွာ ရှိပေမည်။

"မာလုကျပုတ္တ၊ ငါဘုရားက သင့်အား 'မာလုကျပုတ္တ၊ လာလော့၊ ငါ့ထံ၌ ရဟန်းဝတ်လှည့်လော့၊ ဒီပုစ္ဆာများကို ငါရှင်းလင်းဟောပြမည်' ဟု ပြောဖူးပါသလား"။

"မပြောဖူးပါဘုရား"

"သင်ကကော၊ 'အရှင်ဘုရား၊ အရှင်ဘုရားထံ၌ ရဟန်းဝတ်ပါမည်၊ ဤပုစ္ဆာများကို ရှင်းလင်းပြောပြပါ' ဟု တောင်းပန်ဖူး၊ လျှောက်ထားဖူးသလား"။

"မလျှောက်ထားဖူးပါ ဘုရား"။

"မာလုကျပုတ္တ၊ အစတောင်မှ ငါဘုရားက သင့်အား ငါ့ထံလာ၍ ရဟန်းပြုလော့၊ သင့်အား ဤအကြောင်းအရာများကို ရှင်းလင်းဟောပြမည်ဟု မပြော၊ သင်ကလည်း အရှင်ဘုရားထံ ရဟန်းဝတ်၍ နေထိုင်ပါမည်၊ ဤပုစ္ဆာများကို ဖြေရှင်းပြတော်မူပါဟု မလျှောက်ထား၊ ဤကဲ့သို့ဖြစ်ခြင်းကြောင့် မည်သူက မည်သူ့ကို ညှဉ်းဆဲသည်ဟု ခေါ်ဆိုရမည်နည်း အသင်လူမိုက်"။ [၁]

"မာလုကျပုတ္တ၊ တစ်စုံတစ်ယောက်သောသူသည် မြတ်စွာဘုရားထံ၌ ဤပုစ္ဆာများကို မဖြေမချင်း ရဟန်းမဝတ်ဟု ပြောငြားအံ့၊ ၎င်းသူသည် တထာဂတထံမှ ဤပုစ္ဆာတို့၏ အဖြေကိုမရရှိဘဲ အသက်သာလျှင် ဆုံးရှုံးကောင်း ဆုံးရှုံးသွားပေမည်။"

"မာလုကျပုတ္တ၊ အကယ်၍ လူတစ်ယောက်ကို အဆိပ်လူးသောမြား ထိအံ့၊ ၎င်း၏ မိတ်သင်္ဂဟ ဆွေမျိုးသားချင်းတို့က သမားတစ်ယောက်ထံ ဆောင်ကြဉ်းသွားအံ့၊ ထိုအခါတွင် လူနာက 'ကျွန်ုပ်အား မြားဖြင့်ပစ်သူကို မသိရသမျှ မြားကို မဖြုတ်ရပြီ၊ မြားပစ်သမားသည် ခတ္တိယ (စစ်သည်တော်တန်းစား) မျိုးနွယ်လော၊ ဗြာဟ္မဏ (ရဟန်းပုဏ္ဏား) အမျိုးနွယ်ပင်လော၊ သို့မဟုတ် ဝေဿ (ကုန်သည်လယ်လုပ်) အတန်းအစားလော၊ သုဒ္ဒ(ဇာတ်နိမ့်) ထဲကပင်လော၊ သူ့အမည်၊ သူ၏ဆွေမျိုးအမည်က အဘယ်ဖြစ်သနည်း၊ အရပ်မြင့်သလားပုသလား၊ အလယ်အလတ်ပဲလား၊ အသားအရေက မည်းသလား၊ ညိုသလား၊ ရွှေရောင်အဆင်းလား၊ ဘယ်ရွာ၊ ဘယ်မြို့၊ ဘယ်နိဂုံးက လာခဲ့သနည်း။

အဘယ်လေးမျိုးဖြင့် ပစ်ခွင်းလိုက်သည်ကို မသိရသမျှ မြားကို မဖြုတ်ရပြီ၊ မည်ကဲ့သို့လေးကြိုးကို အသုံးပြုလိုက်သနည်း၊ မြားတံက မည်သည့်အမျိုးအစားဖြစ်သနည်း၊ မြားတံပေါ်တွင်မည်သည့် အမွေးဖွားများ တပ်ထားသနည်း၊ မြားဦးကို မည်သည့်အရာဝတ္ထုဖြင့် ပြုလုပ်ထားသနည်း၊' စသည်ဖြင့် မေးမြန်းစုံစမ်းသည်ဟု ဆိုပါတော့၊ ထိုသူသည် ၎င်းသိလိုသော ဤအကြောင်းအရာများ တစ်ခုမျှမသိရှိနိုင်မီ အသက်သေဆုံးရပေမည်။"

"မာလုကျပုတ္တ၊ ဤနည်းတူစွာပင် တစ်စုံတစ်ယောက်သောသူသည် စကြာဝဠာသည် အစဉ်အမြဲတည်သလော၊ မတည်သလော အစရှိသော ပုစ္ဆာတို့ကို မဖြေမချင်း မြတ်စွာဘုရားထံ၌ ရဟန်းမဝတ်ဟု ပြောငြားအံ့၊ ထိုသူသည် အသက်သေဆုံးသည့်တိုင်အောင် တထာဂတ ထံမှ ဤပုစ္ဆာများ၏ အဖြေတို့ကို ရရှိမည် မဟုတ်ပေ"။

ထို့နောက် ဗုဒ္ဓသည် မာလုကျပုတ္တအား ရဟန်းဝတ်၍ သူတော်ကောင်းတရားကျင့်နိုင်ရန် ဤအယူအဆသဘောတရားများအပေါ် မတည်ရှိကြောင်း ရှင်းလင်းဟောပြတော်မူလေသည်။ ဤပြဿနာရပ်များနှင့် ပတ်သက်၍ မည်ကဲ့သို့ ထင်မြင်ယူဆစေကာမူ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ တို့ ရှိမြဲရှိနေမည်။ 'ဤဘဝ၌ပင် ၎င်းတို့ချုပ်ငြိမ်းရာ (နိဗ္ဗာန်) ကိစ္စကိုသာ ငါဘုရား ဟောကြားတော်မူပေသည်' ဟု မိန့်မြွက်တော်မူလေသည်။

---

၁။ နှစ်ဦးစလုံးလွတ်လွတ်လပ်လပ် ရှိသည်။ တစ်ဦးနှင့်တစ်ဦး ကတိဝန်ခံချက်များဖြင့် ချည်နှောင်ထားမှုမရှိဟု ဆိုလိုသည်။

"မာလုကျပုတ္တ၊ ဒါကြောင့် မည်သည့်အကြောင်းအရာများကို ငါဘုရားဟောကြားသနည်း၊ မည်သည့် အကြောင်းအရာများကို ငါဘုရား မဟောကြား၊ ရှင်းလင်းမပြသနည်း ဆိုသည်တို့ကို ကောင်းစွာ နှလုံးသွင်းထားလော့။ မည်သည့်အကြောင်းအရာများကို ငါဘုရား မဟောကြားသနည်း၊ စကြာဝဠာသည် အစဉ်အမြဲတည်သလော၊ မတည်သလော၊ (အထက်ဖော်ပြပါ အယူအဆ ၁၀ မျိုး) စသည်တို့ကို ငါဘုရား ရှင်းလင်းဖော်ပြ ဟောကြားတော်မမူ။ မာလုကျပုတ္တ၊ ဤအကြောင်းအရာများကို ငါဘုရား အဘယ်ကြောင့် မဟောကြားပေသနည်း။ ဤအယူအဆ သဘောတရားများသည် အသုံးမဝင်၊ အရာမရောက်။ သူတော်မြတ်တို့၏ လုပ်ငန်းကျင့်စဉ်နှင့် အခြေခံ ဆက်စပ်ခြင်း မရှိ။ ငြီးငွေ့ရွံရှာခြင်း၊ တွယ်တာမှုကင်းခြင်း၊ ချုပ်ငြိမ်းခြင်း၊ ချမ်းမြေ့ခြင်း၊ ထိုးထွင်းသိမြင်ခြင်း၊ နိဗ္ဗာန်သို့ရောက်ခြင်း အလို့ငှာ ထောက်ပံ့ကူညီမှုမပြု။ ထို့ကြောင့် ဤအကြောင်းအရာများကို သင့်အားမဟောကြားခြင်းဖြစ်သည်။

ဒါဖြင့်လျှင် မာလုကျပုတ္တ၊ သင့်အား အဘယ်တရားများကို ငါဘုရား ဟောကြားပေသနည်း၊ သင့်အား ဒုက္ခအကြောင်းကို ရှင်းလင်းဟောကြားသည်။ ဒုက္ခဖြစ်ပေါ်ခြင်း(သမုဒယ) အကြောင်း၊ ဒုက္ခချုပ်ငြိမ်းခြင်း(နိရောဓ) အကြောင်း၊ ဒုက္ခချုပ်ငြိမ်းရာ ရောက်ရန်လမ်းစဉ် (ဒုက္ခနိရောဓ ဂါမိနိပဋိပဒါ) [၁] အကြောင်းကို ဟောကြားသည်။

အဘယ့်ကြောင့် ဤအကြောင်းအရာများကို ဟောကြားပေသနည်း။ မာလုကျပုတ္တ၊ ဤအကြောင်းအရာ များသည် အသုံးဝင် အရာရောက်သည်။ သူတော်မြတ်တို့၏ လုပ်ငန်းကျင့်စဉ်နှင့် အခြေခံ ဆက်စပ်လျက် ရှိသည်။ ငြီးငွေ့ရွံရှာခြင်း ဖြစ်စေသည်၊ တွယ်တာမှုကင်းစေသည်၊ ချုပ်ငြိမ်းစေသည်၊ ချမ်းမြေ့စေသည်၊ ထိုးထွင်းသိမြင်ခြင်း၊ နိဗ္ဗာန်သို့ရောက်ခြင်း အလို့ငှာသာ ထောက်ပံ့ကူညီမှု ပြုသည်။ ထို့ကြောင့် ဤအကြောင်းအရာများကို ငါဘုရား ရှင်းလင်း ဟောပြခြင်းဖြစ်ပေသည်။" [၂]

မာလုကျပုတ္တအား ဗုဒ္ဓက ရှင်းလင်းဟောပြသော သစ္စာလေးပါးတရား ၏ အကြောင်းကို ယခု ကျွန်ုပ်တို့ လေ့လာကြပေအံ့။

---

၁။ ဤသစ္စာလေးပါးတရားများကို နောက်အခန်း ၄ တွင် ရှင်းလင်းဖော်ပြထားသည်။

၂။ ဗုဒ္ဓ၏ ဆိုဆုံးမစကားသည် မာလုကျပုတ္တအား လိုအပ်သော အကျိုးကိုပြီးစေဟန် ရှိပေသည်။ အကြောင်းမူ အခြားတစ်နေရာတွင် မာလုကျပုတ္တသည် ဗုဒ္ဓထံသို့တစ်ဖန်ဆည်းကပ်ပြန်၍ တရားခံယူပြီးနောက် ရဟန္တာဖြစ်သွားကြောင်း ဖော်ပြထားပေသည်။ အင်္ဂုတ္တိုရ် (ကိုလံဘို ၁၉၂၉) စာမျက်နှာ ၃၄၅၊ ၃၄၆။

အခန်း(၂)

# အရိယ သစ္စာလေးပါး

### ပထမ အရိယသစ္စာ – ဒုက္ခ

ဗာရာဏသီအနီး (ဆာရ်နသ်) ဣသိပတနတွင် တရားကျင့်ဖော်ကျင့်ဖက် ဖြစ်ခဲ့သည့် ရဟန်းငါးပါးအား တရားဦး [၁] ဟောရာတွင် ရှင်းလင်း ဟောကြားတော်မူခဲ့သော အရိယသစ္စာလေးပါး ( စတ္တာရိ အရိယ သစ္စာနိ) တွင် ဗုဒ္ဓဒေသနာတော်၏ အဆီအနှစ်သည် ကိန်းအောင်းတည်ရှိလေသည်။ မူလ ပါဠိတော်များတွင် တွေ့ရှိရသည့် ဤ တရားဦးဒေသနာတော်တွင် သစ္စာလေးပါးတရားကို အကျဉ်းချုံး၍သာ ဖော်ပြထားပေသည်။ သို့ရာတွင် ရှေးအကျဆုံး ဗုဒ္ဓစာပေ ကျမ်းဂန်များတွင်မူ နေရာအနှံ့အပြား၌ သစ္စာလေးပါး တရားများကို နည်းအမျိုးမျိုးဖြင့် ထပ်တလဲလဲ အသေးစိတ် ခွဲခြားရှင်းလင်းထားပေသည်။ ထိုစာပေကျမ်းဂန်ပါ ရည်ညွှန်းကိုးကားချက်နှင့် ရှင်းလင်းချက်များကို လက်စွဲပြု၍ အရိယသစ္စာလေးပါးတရားကို လေ့လာသုံးသပ်ပါက ဗုဒ္ဓ၏ အဓိက ဒေသနာတော်များကို မူလပါဠိတော်များတွင် ပါရှိသည့်အတိုင်း တိကျမှန်ကန်စွာ သိရှိနားလည်နိုင်ကြပေမည်။

အရိယသစ္စာလေးပါး ဟူသည်–

၁။ ဒုက္ခ[၂] – ဒုက္ခ၊

၂။ သမုဒယ – ဒုက္ခ၏အစ၊ သို့မဟုတ် ဖြစ်ပေါ်ရခြင်း၊

၃။ နိရောဓ – ဒုက္ခ၏ ချုပ်ငြိမ်းရခြင်း၊

၄။ မဂ္ဂ – ဒုက္ခ၏ ချုပ်ငြိမ်းရာသို့ ညွှန်ပြ ရှေးရှုသည့်လမ်း။

### ပထမ အရိယသစ္စာ – ဒုက္ခ

ပထမအရိယသစ္စာ (ဒုက္ခအရိယသစ္စာ) ကို အားလုံးသောပညာရှင်တိုင်းလိုပင် 'ပင်ပန်းဆင်းရဲခြင်း အရိယ သစ္စာ' ဟု ဘာသာပြန်ဆိုလေ့ ရှိကြပြီး ဗုဒ္ဓဝါဒအရဆိုလျှင် လောက၌ နေထိုင်မှုသည် 'ပင်ပန်းဆင်းရဲမှု' မျှသာ ဖြစ်သည် ဟု အဓိပ္ပါယ်ကောက်ယူကြသည်။ ဘာသာပြန်ပုံနှင့် အဓိပ္ပါယ်ကောက်ယူချက် နှစ်ခုစလုံးသည် ကျေနပ်ဖွယ် မရှိရုံသာမက ထင်ယောင်ထင်မှားပင် ဖြစ်စေသည်။ ဤကဲ့သို့ ကျဉ်းကျဉ်းနှင့် အလွယ်အလွတ် ဘာသာပြန်ခြင်း၊ အပေါ်ယံက အဓိပ္ပါယ်ကောက်ယူခြင်းများအတွက် ဗုဒ္ဓဝါဒသည် အဆိုးဘက်ကိုသာ ကြည့်တတ်သော မကောင်းမြင် ဝါဒဟု လူအများအား ထင်မြင်လွဲမှားစေသည်။

ဗုဒ္ဓဝါဒသည် အဆိုးအပျက်ဘက်ကိုသာ တစ်ဘက်သတ်ကြည့်တတ်သော ဝါဒလည်းမဟုတ်၊ အကောင်းဘက် အဖြစ်ဘက်ကိုသာ မြင်တတ်သော ဝါဒလည်းမဟုတ်ကြောင်း ရှေးဦးစွာထုတ်ဖော်ရပေမည်။ လောကနှင့် ဘဝ၏ တကယ်ပကတိ အဖြစ်မှန်ကိုသာ ဆင်ခြင်သုံးသပ်ရကား ဗုဒ္ဓဝါဒသည် သဘာဝဓမ္မအတိုင်း ရှုမြင်သောဝါဒဖြစ်သည် ဟု သာဆိုရပေမည်။ ၎င်းဝါဒသည် အကြောင်းအရာဟူသမျှကို ယထာဘူတကျအောင် လေ့လာသုံးသပ်သည်။ ဗုဒ္ဓဝါဒ သည် စိတ်ကူးယဉ်လောက၌ မေ့လျော့ပျော်ပါးနေစေရန် မှောက်မှားသော နှစ်သိမ့်မှုကိုလည်းမပေး။ အပြစ်များ အန္တရာယ်များကို တွေးတော၍ စိုးရိမ်သောက ရောက်နေအောင် ခြောက်လှန့် နှိပ်စက်မှုလည်းမပြု။ မိမိ၏ ပကတိ အစစ်အမှန် ပတ်ဝန်းကျင်လောက၏ အခြေအနေ အဖြစ်သနစ်မှန်ကို အတိအကျ ယထာဘူတကျကျ ပြောပြ၍ လုံးဝ လွတ်လပ်ရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ချမ်းမြေ့ပျော်ရွှင်ရေးကို ရနိုင်ရန် လမ်းညွှန် ပြသပေးပေသည်။

သမားတစ်ဦးသည် ရောဂါအခြေအနေကို 'အလွန်စိုးရိမ်ဖွယ်ရှိသည်' ဟု ချဲ့ထွင်ပြောဆို၍ မျှော်လင့်ချက်မရှိ တော့ဟု ထင်မြင်စေ၏။ အခြားသမားတစ်ဦးက မသိမလိမ္မာစွာ 'မည်သည့်ရောဂါမှ မရှိ၊ ဆေးကုသရန် မလိုပါ' ဟု ပြော၍ လူနာအားမှောက်မှားသော နှစ်သိမ့်မှုကို ပေး၏။ ပထမသမားအား အဆိုးဘက်ကိုသာ ကြည့်တတ်သူဟူ၍ လည်းကောင်း၊ ဒုတိယသမားအား အကောင်းဘက်ကိုသာ ကြည့်တတ်သူဟူ၍ လည်းကောင်း၊ ခေါ်ဆိုနိုင်ပါ၏။ နှစ်ဦး

---

၁။ ဓမ္မစက္ကပဝတ္တနသုတ္တ 'သစ္စာတရားစက်ဝန်းကို လှည့်လည်စေခြင်း' မဟာဝဂ္ဂ၊ (အလွတ်ဂါမ၊ စာမျက်နှာ ၆)။
သံယုတ်နိကာယ် ၅ (ပတစ)၊ စာမျက်နှာ ၄၂၀။

၂။ ဒုက္ခ – ဤဝေါဟာရကို အောက်တွင် ဖော်ပြပါအကြောင်းများကြောင့် အင်္ဂလိပ်ဘာသာဖြင့် အနက်အဓိပ္ပါယ် မဖွင့်တော့ပါ။

စလုံးပင် ညီတူညီမျှ ကြောက်မက်ဖွယ် ကောင်းပေသည်။ တတိယသမားကမူ ရောဂါ၏ လက္ခဏာကို မှန်ကန်စွာ စစ်ဆေး၍ ရောဂါ၏သဘောနှင့် ဖြစ်ခြင်းအကြောင်းကို သိရှိနားလည်သွား၏။ ပျောက်ကင်းအောင် ကုသနိုင်ကြောင်း ရှင်းလင်းစွာသိမြင်ရကား သတ္တိရှိရှိဖြင့် ပိုင်နိုင်စွာကုသလေရာ လူနာ အသက်ချမ်းသာလေတော့သည်။ ဗုဒ္ဓသည် တတိယသမားနှင့် တူတော်မူ၍ ကမ္ဘာလောက၏ အနာရောဂါများကို ကုသပေးရန် လိမ္မာကျွမ်းကျင်သော လောကဓါတ်ပညာရှင် သမားတော်ကြီး (ဘိသက္က၊ ဘေသဇ္ဇဂုရု) ဖြစ်တော်မူပေသည်။

ပါဠိစကားလုံး ဒုက္ခ (သက္ကတ – ဒုခ) သည် သာမန်အသုံးတွင် 'ဆင်းရဲခံရခြင်း'၊ 'နာကျင်ခြင်း'၊ 'ဝမ်းနည်းပူပန်ခြင်း'၊သို့မဟုတ် 'ပြုံပြင်ဆင်းရဲခြင်း' ဟူ၍ 'ပျော်ရွှင်ခြင်း'၊ 'သက်သာခြင်း'၊ 'မပင်ပန်းခြင်း' စသော သုခ၏ ဆန့်ကျင်ဘက် အနက်အဓိပ္ပါယ်ကို ဆောင်သည်မှာ မှန်ပါသည်။ သို့ရာတွင် ဗုဒ္ဓ၏ လောကနှင့် ဘဝအပေါ်အမြင်ကို ဖော်ထုတ်ဆောင်သော ပထမအရိယသစ္စာ အဖြစ်ဖြင့် အသုံးပြုထားသည့် 'ဒုက္ခ' တွင် ၎င်းတို့ထက် နက်နဲသည့် အဓိပ္ပါယ် (ဒဿနဠ) ရှိ၍ အလွန်ပိုမို ကျယ်ပြန့်လှသောအနက်ကို ဆောင်ပေသည်။

ပထမအရိယသစ္စာ၏ 'ဒုက္ခ' တွင်'ဆင်းရဲခံရခြင်း' ဟူသည့် သာမန်အနက် ထင်ရှားစွာပါရှိကြောင်း ဝန်ခံပါသည်။ သို့ရာတွင် ၎င်းအပြင် ပိုမိုနက်နဲသည့် သဘောများကိုဆောင်သော 'ချွတ်ယွင်းခြင်း' 'မတည်မြဲခြင်း' 'ဟင်းလင်းဗလာဖြစ်ခြင်း' 'အနှစ်သာရဒြပ်ကင်းမဲ့ခြင်း' စသော အဓိပ္ပါယ်များလည်း ပါဝင်ပေသည်။ ပထမအရိယသစ္စာ ဖြစ်သော ဒုက္ခ စကားလုံး၏ ကျယ်ဝန်းသော အဓိပ္ပါယ်များကို အပြည့်အစုံ ချုပ်ငုံနိုင်သည့် ဘာသာခြားစကားတစ်လုံးကို ရှာဖွေရန် ခဲယဉ်းလှပေသည်။ ထို့ကြောင့် ဆင်းရဲခံရခြင်း၊ နာကျင်ခြင်း စသည်တို့ဖြင့် လွယ်ကူစွာ ပြန်ဆိုလိုက်၍ အနက်အဓိပ္ပါယ် မပြည့်မစုံ မှားမှားယွင်းယွင်း ဖြစ်စေမည်ထက် ဘာသာမပြန်ဘဲ 'ဒုက္ခ' ဟူ၍ပင် သုံးစွဲသည်က ပိုမိုသင့်မြတ်ပေသည်။

ဒုက္ခ ဆင်းရဲခြင်းရှိသည်ဟု ဟောပြောခြင်းဖြင့် လောကတွင် ပျော်ရွှင်မှုသုခမရှိဟု ဗုဒ္ဓက ငြင်းဆိုတော်မူခြင်း မဟုတ်ပေ။ ရဟန်းများနှင့် ဝတ်ကြောင်များအတွက်ပါ လောကီ လောကုတ္တရာ နှစ်ဖြာသောဃာနများတွင် ပျော်ရွှင်မှုသုခ အမျိုးမျိုးရှိကြောင်း ဗုဒ္ဓက ဝန်ခံတော်မူပေသည်။ ဗုဒ္ဓဒေသနာတော်များ စုပေါင်းထားရာ မူလနိကာယ်ငါးရပ် ပါဠိတော်တို့တွင် အပါအဝင်ဖြစ်သည့် အင်္ဂုတ္တိုလ်နိကာယ်၌ (သုခါနိ) ဟု ပျော်ရွှင်ချမ်းမြေ့မှုမျိုးစုံ စာရင်းကို ဖတ်ရှုရသည်။ အိမ်ထောင်ဘဝတွင် ချမ်းသာမှု၊ ရဟန်းဘဝတွင်ချမ်းသာမှု၊ ကာမဂုဏ်စည်းစိမ် ချမ်းသာမှု၊ တောထွက် စွန့်စားခြင်း၏ ချမ်းသာမှု၊ ခင်မင်တွယ်တာခြင်း၏ ချမ်းသာမှု၊ စွန့်ပစ်ရှောင်ခွာသွားခြင်း၏ ချမ်းသာမှု၊ ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှု စသည်တို့ဖြစ်ပေသည်။[၁] သို့ရာတွင် ၎င်းတို့အားလုံးသည် ဒုက္ခတွင် အကျုံးဝင်ကြသည် ဟု ဆိုထားပေသည်။

အထက်တန်း ဘာဝနာလုပ်ငန်းဖြင့် ရအပ်သော သာမန်လူတို့ နားလည်သည့် ဒုက္ခ၏ အရိပ်အယောင်မျှပင် မယှက်သန်း၊ ကင်းရှင်းသော သုခသက်သက်ဟုပင် ဆိုနိုင်လောက်သော အလွန်ကြည်လင် သန့်စင်သည့် လောကုတ္တရာ ဈာန် အခြေအနေကိုလည်းကောင်း၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာတို့ ကင်းလွတ်၍ ဥပေက္ခာနှင့် သိမှုသာလျှင်ရှိသော ဈာန်အခြေအနေကိုလည်းကောင်း ထိုကဲ့သို့ အဆင့်အတန်း မြင့်မားလှသည့် လောကုတ္တရာ ဈာန် အင်္ဂါရပ်များကိုပင် ဒုက္ခစာရင်းတွင် သွတ်သွင်းထားပေသည်။ မဇ္ဈိမနိကာယ်(မူလနိကာယ် ငါးရပ်အပါအဝင်) ပါ သုတ်တစ်သုတ်တွင် ထိုထို ဈာန်များ၏ လောကုတ္တရာသုခကို ချီးမွမ်းပြီးနောက် ၎င်းတို့သည် မတည်မမြဲ၊ ဆင်းရဲဖောက်ပြန်တတ်သည်။ (အနိစ္စာ၊ ဒုက္ခာ၊ ဝိပရိဏာမဓမ္မာ)[၂] ဟု ဟောကြားထားပေသည်။ ဤ၌ ဒုက္ခဟူသော စကားလုံးကို အတိအလင်း ထင်ထင်ရှားရှား အသုံးပြုထားကြောင်း သတိပြုကြရပေမည်။ သာမန် အနက်အဓိပ္ပါယ် အရ ဆင်းရဲခြင်းရှိနေ၍ ဒုက္ခ ဟု ယူရသည်မဟုတ်။ မတည်မြဲသော သဘောဖြစ်၍ ဒုက္ခဟု မှတ်ရသည်။ (ယဒနိစ္စံ၊ တံ ဒုက္ခံ)။

ဗုဒ္ဓသည် တကယ်ပကတိ တည်ရှိသော အဖြစ်မှန်၊ အခြေအနေမှန်များကို ယထာဘူတကျစွာ ဆင်ခြင်သုံးသပ်တော်မူသည်။ လောကအတွင်း နေထိုင်ရာ၌လည်းကောင်း၊ ကာမဂုဏ်စည်းစိမ်များကို ခံစားရာတွင်လည်းကောင်း အကြောင်းခြင်းရာ သုံးခုကို ရှင်းလင်းစွာ သိနားလည်ထားရမည်ဟု မိန့်မြွက်ခဲ့လေသည်။

၁။ တပ်မက်သာယာခြင်း၊ သို့မဟုတ် ချိုမြိန် ခံစားခြင်း (အဿာဒ)။

---

၁။ အင်္ဂုတ္တိုလ် (ကိုလံဘို ၁၉၂၉) စာမျက်နှာ ၄၉။

၂။ မဟာဒုက္ခက္ခန္ဓသုတ္တ၊ မဇ္ဈိမနိကာယ် အတွဲ ၁ (ပတစ)၊ စာမျက်နှာ ၉၀။

၂။ မကောင်းကျိုးအပြစ်၊သို့မဟုတ် ဘေးအန္တရာယ်၊သို့မဟုတ် ချမ်းမြေ့နှစ်လိုဖွယ်ရာ မဟုတ်ခြင်း (အာဒီနဝ)
၃။ လွတ်လပ်ခြင်း၊ သို့မဟုတ် ထွက်မြောက်ခြင်း (နိဿရဏ)

ချော၊မောလှပ နှစ်လိုဖွယ် ရုပ်ဆင်း ရူပကာယရှိသူ တစ်ဦးအားမြင်လျှင် တပ်မက်စွဲလမ်းသည်။ ၎င်းသူကို အဖန်တလဲလဲ တွေ့မြင်လိုသည်။ တွေ့မြင်ရတိုင်းလည်း သာယာနှစ်သိမ့်ကြည်နူးသည်။ ၎င်းအခြင်းအရာကို တပ်မက် သာယာခံစားခြင်းကို အဿာဒဟု ခေါ်၍ ကိုယ်တွေ့မျက်မြင် ရှိဖူးကြသည့် အကြောင်းမှန်တစ်ရပ် ဖြစ်ပေသည်။ သို့ သာယာကြည်နူးစွာ တပ်မက်ခံစားရခြင်းသည် အစဉ်ထာဝရ တည်မြဲသော အကြောင်းကိစ္စများ မဟုတ်ပေ။ ထိုနည်းတူ ထိုချော၊မောလှပသူနှင့် ၎င်း၏နှစ်လိုဖွယ်သော ရုပ်ဆင်းရူပကာယတို့သည်လည်း ကြာရှည်တည်မြဲ နေကြမည် မဟုတ်ပေ။ အခြေအနေပြောင်းလဲသွားသဖြင့် ၎င်းသူအား မမြင်မတွေ့နိုင်လျှင် ယခင်ခံစားခဲ့ရသော သာယာနှစ်သိမ့်မှုမျိုး မခံစားရတော့သဖြင့် ဝမ်းနည်းပက်လက်ဖြစ်ရတော့သည်။ ကြောင်းကျိုးမဆင်ခြင်နိုင်၊ စိတ်ကယောင်ချောက်ချားဖြစ်ကာ မိုက်မဲဖောက်ပြန်သော အပြုအမူများကိုပင် ပြုမိကောင်း ပြုမိပေလိမ့်မည်။ ဤ အခြင်းအရာမှာ မကောင်းကျိုးအပြစ် (ဝါ) ချမ်းမြေ့နှစ်လိုဖွယ်ရာ မရှိခြင်း (ဝါ) ဘေးအန္တရာယ် ထူပြောခြင်း စသော (အာဒီနဝ) သဘောဆောင်ခြင်း ဖြစ်ပေသည်။ ဤ အခြင်းအရာသည်လည်း ကိုယ်တွေ့မျက်မြင် ခံစားဖူးကြသည့် အကြောင်းမှန်တစ်ရပ်ပင် ဖြစ်ချေသည်။ ယခု ၎င်းပုဂ္ဂိုလ်အား တပ်မက်စွဲလမ်းခြင်းမရှိဘဲ လုံးဝသံယောဇဉ်တွယ်တာမှု ကင်းသွားလျှင် လွတ်လပ်မှုရသည်ဟု ဆိုရ၍ အချုပ်အနှောင်မှ ထွက်မြောက်ခြင်း (နိဿရဏ) ဖြစ်ပေသည်။ မည်သည့် လောကီ ကာမဂုဏ်စည်းစိမ် ခံစားရာတွင်မဆို ဤ အကြောင်းခြင်းရာ သုံးခုနှင့် အမှန်တကယ် တွေ့ကြုံရပေမည်။

အထက်ပါ အချက်အလက်များကို ထောက်ရှု၍ အကောင်းဘက်ကိုသာ ကြည့်ရှုခြင်း၊ အဆိုးဘက်ကိုသာ ကြည့်ရှုခြင်း စသောပြဿနာများ ပေါ်ပေါက်စရာမရှိဘဲ လောကသဘာဝကို ပြည့်စုံစွာနှင့် ယထာဘူတကျစွာ သိရှိနားလည်ရန် လောက၏ ပျော်ရွှင်ခံစားမှုများသာမကဘဲ ပူဆွေးဒုက္ခများနှင့်တကွ ၎င်းတို့မှ လွတ်မြောက်မှုအကြောင်း အားလုံးတို့ကို ဆင်ခြင်သုံးသပ်ကြရပေမည်။ ဤနည်းဖြင့်သာလျှင် ထွက်မြောက်မှု အစစ်အမှန်ကို ရရှိနိုင်ပေမည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ ဗုဒ္ဓက အောက်ပါအတိုင်း မိန့်မြွက်ထား၏။

"အို ရဟန်းတို့၊ အကြင် ရဟန်း ပုဏ္ဏားသည် ကာမဂုဏ်၌ ပျော်ရွှင်ခံစားမှုကို ပျော်ရွှင်ခံစားမှုဟု လည်းကောင်း၊ ၎င်း၏အပြစ်အန္တရာယ်ကို အပြစ်အန္တရာယ်ဟုလည်းကောင်း၊ ၎င်းမှ လွတ်မြောက်မှုကို လွတ်မြောက်မှု ဟု လည်းကောင်း ယထာဘူတကျစွာ သိရှိနားမလည်သေး။ ထိုရဟန်းပုဏ္ဏားသည် မိမိကိုယ်တိုင် ကာမဂုဏ်၌ စွဲလမ်း တပ်မက်သော တဏှာကို ပြည့်စုံရှင်းလင်းစွာ နားလည်သည် မဟုတ်သေး၍ အခြားပုဂ္ဂိုလ်တစ်ဦးအား ထိုအကြောင်း ကို ဟောကြားပြသနိုင်မည် မဟုတ်ပေ။ ထိုအခြားပုဂ္ဂိုလ်သည်လည်း ကာမဂုဏ်၌ စွဲလမ်းတပ်မက်သော တဏှာကို ပြည့်စုံရှင်းလင်းစွာ နားလည်နိုင်မည် မဟုတ်ပေ။

အို–ရဟန်းတို့၊ အကြင် ရဟန်းပုဏ္ဏားသည် ကာမဂုဏ်၌ ပျော်ရွှင်ခံစားမှုကို ပျော်ရွှင်ခံစားမှု ဟု လည်းကောင်း၊ ၎င်း၏အပြစ်အန္တရာယ်ကို အပြစ်အန္တရာယ်ဟုလည်းကောင်း၊ ၎င်းမှ လွတ်မြောက်မှုကို လွတ်မြောက်မှု ဟု လည်းကောင်း ယထာဘူတကျစွာ သိရှိနားလည်၏။ ထိုရဟန်းပုဏ္ဏားသည် မိမိကိုယ်တိုင် ကာမဂုဏ်၌ စွဲလမ်း တပ်မက်သော တဏှာကို ပြည့်စုံရှင်းလင်းစွာ နားလည်သည်ဖြစ်၍ အခြားပုဂ္ဂိုလ်တစ်ဦးအား ထိုအကြောင်းကို ဟောကြားပြသနိုင်ပေမည်။ ထိုအခြားပုဂ္ဂိုလ်သည်လည်း ကာမဂုဏ်၌ စွဲလမ်းတပ်မက်သော တဏှာကို ပြည့်စုံ ရှင်းလင်းစွာ နားလည်နိုင်ပေမည်။"[၁]

ဒုက္ခသဘောတရားကို သုံးမျိုးသုံးစား ခွဲခြားမှတ်သားနိုင်ပေသည်။

၁။ သာမန်ဆင်းရဲခြင်း သဘောရှိသော ဒုက္ခကို ဒုက္ခ ဒုက္ခ၊

၂။ ဖောက်ပြန်ပျက်စီးမှုကြောင့် ဖြစ်ပေါ်ရသော ဒုက္ခကို ဝိပရိဏာမဒုက္ခ၊ နှင့်

၃။ ပြုပြင်စီရင်ခြင်း ခံရသည်၏ သဘောဒုက္ခကို သင်္ခါရ ဒုက္ခ

ဟူ၍ ခွဲခြား ယူဆနိုင်ပေသည်။[၂]

---

၁။ မဇ္ဈိမနိကာယ် အတွဲ ၁ (ပတစ)၊ စာမျက်နှာ ၈၇။

၂။ ဝိသုဒ္ဓိမဂ္ဂ (ပတစ)၊ စာမျက်နှာ ၄၉၉။
အဘိဓမ္မာသမုစ္စယ၊ စာမျက်နှာ ၃၈။

လောကတွင် တွေ့ကြုံခံစားကြရသော ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ မချစ်မနှစ်လိုအပ်သော သတ္တဝါ သင်္ခါရတို့နှင့် အတူတကွပေါင်းယှဉ်ရခြင်း၊ ချစ်နှစ်လိုအပ်သော သတ္တဝါသင်္ခါရတို့နှင့် ကွေကွင်းခွဲခွာရခြင်း၊ မိမိလိုအင်ဆန္ဒ မပြည့်ဝခြင်း၊ စိုးရိမ်ပူဆွေးရခြင်း၊ ငိုကြွေးရခြင်း၊ စိတ်နှလုံးမသာယာခြင်း စသည့် ကိုယ်စိတ်နှစ်ဖြာ ငြိုငြင်ပူပန်ခြင်းတို့သည် တစ်ကမ္ဘာလုံးက သိရှိနားလည်ထားကြသည့် ဆင်းရဲပင်ပန်း ခံစားရခြင်းမျိုးဖြစ်၍ သာမန် ဆင်းရဲခြင်းသဘော အနက်ရှိသော ဒုက္ခ ဒုက္ခတွင် အကျုံးဝင်လေသည်။

ပျော်ရွှင်သော စိတ်နှလုံးချမ်းသာသော ဘဝအခြေအနေတို့သည် အစဉ်ထာဝရ တည်မြဲခိုင်ခံ့ကြသည် မဟုတ်ပေ။ အနေးနှင့်အမြန် တစ်မျိုးတစ်ဖုံ ပြောင်းလဲသည်သာဖြစ်၏။ ဤကဲ့သို့ ပြောင်းလဲသောအခါ၌ နာကျင်ခြင်း၊ ဆင်းရဲခြင်း၊ စိတ်မချမ်းမြေ့ခြင်းတို့ ဖြစ်ပေါ်ရ၏။ ဤသို့ ဖောက်ပြန်ပြောင်းလဲခြင်းမှ ဖြစ်ပေါ်လာသော ဆင်းရဲဒုက္ခကို ဝိပရိဏာမ ဒုက္ခတွင် ထည့်သွင်းရ၏။

ဤဖော်ပြပြီး ဒုက္ခနှစ်မျိုးနှစ်စားမှာ နားလည်ရန်လွယ်ကူ၍ မည်သူမျှ အငြင်းပွားမည်မဟုတ်ပေ။ နားလည်ရန်လွယ်ကူသည့်အလျောက် ပထမအရိယသစ္စာတွင် ဤအချက်အပိုင်းကို လူသိများကြပေသည်။ သို့ရာတွင် တတိယမြောက် ဒုက္ခဖြစ်သော အကြောင်းတရားတို့၏ ပြုပြင်စီရင်ခြင်းခံရသည့် အဖြစ်ဆောင်သော သင်္ခါရဒုက္ခသည် ပထမအရိယသစ္စာတွင် အရေးအကြီးဆုံး အဘိဓမ္မာအချက်အပိုင်း ဖြစ်ပေသည်။ ၎င်းအချက်အပိုင်းကို နားလည်ရန် 'သတ္တဝါ'၊ 'ငါ' ဟု ယူဆကြသောအရာများကို အရင်းအမြစ်သိသည့်တိုင်အောင် ရှင်းလင်းဖော်ပြရန်လိုပေသည်။

ဗုဒ္ဓအဘိဓမ္မာအရ 'သတ္တဝါ'၊ 'ပုဂ္ဂိုလ်'၊ 'ငါ' ဟု ခေါ်ဆိုနေကြသည်မှာ အစဉ်အမြဲ ပြောင်းလဲဖြစ်ပျက်နေကြသည့် ရုပ်နာမ်တို့၏ အစုအဝေးသာလျှင်ဖြစ်၍ ၎င်းတို့ကို ခန္ဓာငါးပါး (ပဉ္စက္ခန္ဓာ) ဟု ငါးစုခွဲထားနိုင်ပေသည်။ "အကျဉ်းချုပ်အားဖြင့် ဤငါးပါးသော စွဲလမ်းတပ်မက်မှု အစုအဝေး (ဥပါဒါနက္ခန္ဓာ) သည် ဒုက္ခဆင်းရဲပေတည်း" ဟု ဗုဒ္ဓက ဟောကြားထား၏။[၁]

အခြားတစ်နေရာတွင်လည်း ဒုက္ခကို ပဉ္စက္ခန္ဓာဟု ထင်ထင်ရှားရှား သတ်မှတ် ဖော်ပြထားပေသည်။ "အို–ရဟန်းတို့၊ ဒုက္ခသည် အဘယ်နည်း။ ဒုက္ခသည် ပဉ္စုပါဒါနက္ခန္ဓာပင် ဖြစ်သည်ဟု ဆိုရမည်။"[၂]

ဤနေရာတွင် ဒုက္ခနှင့် ခန္ဓာငါးပါးသည် နှစ်မျိုးနှစ်စားကွဲပြားခြားနားသည် မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း နားလည်ထားရပေမည်။ ခန္ဓာငါးပါးသည်ပင် ဒုက္ခဖြစ်တော့သည်။ 'သတ္တဝါ' ဟု ခေါ်ဆိုသော ခန္ဓာငါးပါးအကြောင်း အနည်းငယ် သိရှိလာသောအခါတွင် ဤအချက်ကို ပိုမိုရှင်းလင်းစွာ နားလည်လာပါလိမ့်မည်။ ခန္ဓာငါးပါး ဟူသည် အဘယ်နည်း။

## ခန္ဓာငါးပါး

**ပထမခန္ဓာ** မှာ ရုပ်တို့၏ အစုအပေါင်း ရူပက္ခန္ဓာ ဖြစ်သည်။ ရုပ်တို့၏ အစုအပေါင်း ဆိုရာတွင် မာကြောခြင်း၊ ယိုစီးခြင်း၊ ပူအေးခြင်း၊ လှုပ်ရှားခြင်း ဟူသော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော အစဉ်အလာ ဓါတ်ကြီးလေးပါး (စတ္တာရိ မဟာဘူတာနိ) နှင့် ၎င်းတို့ကို အစွဲပြု၍ ဖြစ်ပေါ်လာသော ဥပါဒါယရုပ်များ ပါဝင်လေသည်။[၃]

ဥပါဒါယရုပ်များတွင် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ဟူသော ပသာဒရုပ် ၅–ပါး၊ ပြင်ပလောကရှိ ၎င်းတို့နှင့် သက်ဆိုင်ရာ အာရုံများဖြစ်ကြသော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံနှင့် ဓမ္မာယတနနယ်[၄] တွင်းမှ ဓမ္မာရုံများဖြစ်သည့် အချို့သော ကြံစည်စိတ်ကူးယူဆချက်များ အကျုံးဝင်ပါဝင်ကြသည်။ ဤနည်းအားဖြင့် အဇ္ဈတ္တ၊ ဗဟိဒ္ဓရုပ်လောက တစ်ခုလုံးသည် ရူပက္ခန္ဓာတွင် အကျုံးဝင်ကြသည်။

**ဒုတိယခန္ဓာ** သည် အာရုံခံစားမှုများ အစုအပေါင်း (ဝေဒနက္ခန္ဓာ) ဖြစ်သည်။ ပြင်ပအာရုံများနှင့် ရုပ်ဒွါရမနောတို့ ထိတွေ့၍ ဖြစ်ပေါ်လာသမျှသော ချမ်းသာစွာခံစားခြင်း (သုခဝေဒနာ)၊ ဆင်းရဲနာကျင်စွာ ခံစားခြင်း (ဒုက္ခဝေဒနာ)၊ မဆင်းရဲ၊ မချမ်းသာ အလယ်အလတ်ခံစားခြင်း (အဒုက္ခ မသုခ ဝေဒနာ) အားလုံးသည် ဤအစုအဝေး၌ ပါဝင်သည်။

---

၁။ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ၊ သံယုတ် ၅ (ပတစ) စာမျက်နှာ ၄၂၁။
၂။ သံယုတ် ၃ (ပတစ) စာမျက်နှာ ၁၅၈။
၃။ သံယုတ် ၃ (ပတစ) စာမျက်နှာ ၁၉။
၄။ အသင်္ဂ၏ အဘိဓမ္မာသမုစ္စယကျမ်း (စံတိနိကေတံ ၁၉၅၀) စာမျက်နှာ ၄။

စက္ခုပသာဒ အကြည်ဓါတ်နှင့် ရူပါရုံ၊ သောတပသာဒနှင့် သဒ္ဒါရုံ၊ ဃာနပသာဒနှင့် ဂန္ဓာရုံ၊ ဇိဝှါပသာဒနှင့် ရသာရုံ၊ ကာယပသာဒနှင့် ဖောဋ္ဌဗ္ဗာရုံ၊ ဘဝင်စိတ်မန(ဗုဒ္ဓအဘိဓမ္မာတွင် စိတ်သည် ဆဋ္ဌမမြောက် အကြည်ဓါတ်၊ သို့မဟုတ် ဒွါရတစ်ပါးဖြစ်သည်) နှင့် ဓမ္မာရုံ(ကြံစည်ရာစိတ်ကူးချက်) တို့ပေါင်းဆုံထိတွေ့၍ ဖြစ်ပေါ်လာသော ခံစားခြင်း ဝေဒနာများဟူ၍ ၆ မျိုးရှိသည်။ [၁] ကိုယ်၊စိတ် နှစ်မျိုးလုံးဖြင့် အာရုံခံစားသမျှ ဤအစုတွင် အကျုံးဝင်ကြသည်။

ဗုဒ္ဓအဘိဓမ္မာတွင် မနောခေါ်တွင်သော စိတ်အကြောင်းကို အနည်းငယ် ရှင်းပြရန်လိုပေသည်။ စိတ်သည် ရုပ်ဒြပ်နှင့် ဆန့်ကျင်ဘက်ဖြစ်သော ဝိညာဉ် (spirit)မဟုတ်ကြောင်း ရှင်းလင်းစွာ သိနားလည်ထားရန် လိုပေသည်။ တချို့ဘာသာဝါဒနှင့် အဘိဓမ္မာတရားများတွင် လက်ခံကြသကဲ့သို့ ရုပ်ဒြပ်၏ဆန့်ကျင်ဘက်ဖြစ်သော သီးခြားဝိညာဉ် ရှိသည်ဟု ဗုဒ္ဓဝါဒက အသိအမှတ်မပြုပေ။ မျက်စိ၊ နားများကဲ့သို့ စိတ်(မန)သည် ဒွါရ သို့မဟုတ် အင်္ဂါ (ဣန္ဒြေ) တစ်ပါးသာ ဖြစ်ပေသည်။ အခြားအင်္ဂါများကဲ့သို့ပင် ၎င်းအားထိန်းသိမ်းအုပ်ချုပ်၍ တိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်နိုင်ပေသည်။ ဗုဒ္ဓသည် ဤဒွါရခြောက်ခုအား ချုပ်ထိန်း သိမ်းဆည်းခြင်း၏ အကျိုးကျေးဇူးများကို မကြာခဏ ဟောပြောလေ့ရှိ၏။ စက္ခုနှင့် မနောဒွါရအင်္ဂါများ ခြားနားချက်မှာ စက္ခုက အဆင်းနှင့် ရူပါရုံတို့ကို သိမြင်ခံစား၍ မနောဒွါရက စိတ်ကူးအကြံအစည် တွေးတောခြင်း စသော ဓမ္မာရုံတို့ကို ထိတွေ့ခံစားခြင်းဖြစ်ပေသည်။

အာရုံအမျိုးအစားအလိုက် သိရှိထိတွေ့ခံစားမှု အမျိုးအစား ကွဲပြားသည်။ အဆင်းကို မကြားနိုင်၊ မြင်ရသည်။ အသံကို မမြင်နိုင်၊ ကြားရသည်။ ကျွန်ုပ်တို့၏ ရုပ်ဝတ္ထု အင်္ဂါ ငါးပါး (စက္ခု၊သောတ၊ဃာန၊ဇိဝှါ၊ကာယ) ဖြင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့လောကတို့ကို သုံးသပ်ကြသည်။ သို့ရာတွင် ဤအာရုံများသည် လောကကြီး တစ်ခုလုံး အပြည့်အစုံမဟုတ်သေး။ တစ်စိတ်တစ်ဒေသမျှသာ ရှိသေးသည်။ အတွေးအခေါ် အကြံအစည် များလည်း လောက၏ အစိတ်အပိုင်းအဖြစ် ပါဝင်ကြသေးသည်။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် စသောအင်္ဂါများဖြင့် ယင်း အတွေးအခေါ် အကြံအစည်များကို ထိတွေ့ခံစားပေါက်ဖွားနိုင်ခြင်းမရှိ။ စိတ်နှလုံးခေါ် မနောဒွါရအားဖြင့်သာ ၎င်းတို့ကို ထိတွေ့ပေါက်ပွားစေနိုင်သည်။

ပဉ္စဒွါရဖြင့် တွေ့သိရသော အာရုံလောကမှ ကင်းကွာ၍လည်း အတွေးအခေါ်အကြံအစည်များ မဖြစ်ပွားနိုင်ပေ။ အမှန်အားဖြင့် ၎င်းတို့သည် ရုပ်အာရုံတွေ့ကြုံခံစားမှုပေါ်တွင် အကြောင်းပြု၍ တည်ရှိကြသည်။ ထို့ကြောင့် စက္ခုနှစ်ကွင်း အလင်းမရ မွေးဖွားလာသောသူသည် အဆင်း၏သဘောကို တိုက်ရိုက်သိနိုင်ခြင်းမရှိပေ။ အသံ၊သို့မဟုတ် အခြား ဒွါရတို့ဖြင့် တွေ့သိရသည့် အာရုံတို့နှင့် အလားတူ သဘောရှိပေမည်ဟု ရိပ်စားမိရုံမျှထက် ပို၍ သိရှိနားလည်နိုင်မည်မဟုတ်ပေ။ ဤနည်းဖြင့် လောက၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် အတွေးအခေါ် အကြံအစည်များသည် ရုပ်အာရုံအတွေ့အကြုံများကို အကြောင်းပြု၍ ဖြစ်ပေါ်လာပြီး စိတ်က ၎င်းတို့အား ထင်မြင်လာရခြင်း ဖြစ်ပေသည်။ ထို့ကြောင့် စိတ်ကို အာရုံသိစွမ်းသည့် အကြည်ဓါတ်၊ သို့မဟုတ် မျက်စိ၊ နားတို့ကဲ့သို့ ဣန္ဒြိယတစ်ပါး ဖြစ်သည်ဟု ယူဆအပ်၏။

**တတိယခန္ဓာ** သည် အာရုံကို အမှတ်ပြု၍ သိသော သညာစေတသိက်များ ၏ အစုအပေါင်း ဖြစ်သော သညာက္ခန္ဓာ ဖြစ်၏။ ဝေဒနာအပြားကဲ့သို့ပင် သညာတွင်လည်း အတွင်းပသာဒ ၆–မျိုး၊ ပြင်ပအာရုံ ၆–မျိုးတို့နှင့် ဆိုင်ရာဆိုင်ရာ ယှဉ်၍ ၆–ပါးအပြားရှိ၏။ ဝေဒနာများကဲ့သို့ပင် အတွင်းပသာဒ ၆–မျိုးနှင့်ပြင်ပအာရုံ ၆–မျိုးတို့ တွေ့ထိမှုမှ ပေါက်ပွားလာ၏။ ရုပ်အာရုံ မနောအာရုံ ဟူသမျှကို အမှတ်ရခြင်း၊ အမှတ်အသားပြုခြင်း ကိစ္စအတွက် သညာက ဆောင်ရွက်၏။ [၂]

**စတုတ္ထခန္ဓာ** မှာ စေတသိက်အစုအပေါင်း [၃] ဖြစ်သော သင်္ခါရက္ခန္ဓာ ဖြစ်၏။ ဤအစုတွင် စေတနာ လှုံ့ဆော်မှု အားလုံးမှ ဖြစ်ပေါ်လာသော ကောင်းမှု၊ မကောင်းမှုအားလုံး အကျုံးဝင်လေသည်။ ကံ၊ ကမ္မဟု ယေဘုယျ သိရှိနေကြသော အမှုအပေါင်းသည် ဤအစုတွင် ပါဝင်သည်။ ဤနေရာတွင် မြတ်စွာဘုရားကိုယ်တော်တိုင် ဖွင့်ဆိုသော ကမ္မ၏ အနက်အဓိပ္ပါယ်ကို သတိရှိကြရပေမည်။

“ရဟန်းတို့ စေတနာကို ကံ ဟူ၍ ငါဘုရားမိန့်ဆို၏။ ဆန္ဒပြုပြီးနောက်မှ ကိုယ်၊ နှုတ်၊ နှလုံးအမှု (ကာယကံ၊

---

၁။ သံယုတ် ၃ (ပတစ) စာမျက်နှာ ၅၉။

၂။ သံယုတ် ၃ (ပတစ) စာမျက်နှာ ၆၀။

၃။ စေတသိက်အစုအပေါင်း ဟူသော အသုံးအနှုန်းကို ယခုအခါ ခန္ဓာငါးပါးစာရင်းတွင် ပါဝင်သော သင်္ခါရ၏ ကျယ်ဝန်းသော အဓိပ္ပါယ်အဖြစ် အသုံးပြုသည်။

ဝစီကံ၊ မနောကံ) တို့ကို ပြုကြသည်သာ ဖြစ်၏။" [၁] စေတနာသည် မနောဖန်တီးမှု၊ လှုပ်ရှားမှုဖြစ်၏။ ၎င်း၏လုပ်ငန်းမှာ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ အမှုများအတွက် စိတ်ကို စေစားညွှန်ကြားရန်ဖြစ်၏။ [၂] ဝေဒနာ၊ သညာများမှာ ကဲ့သို့ပင် စေတနာတွင်လည်း ၆–မျိုး ကွဲပြား၏။ အတွင်း ဉပါဒါယရုပ် ၆ မျိုးနှင့် ၎င်းတို့နှင့် သက်ဆိုင်သည့် ပြင်ပအာရုံ ၆ မျိုး (ရုပ်အာရုံ၊ မနောအာရုံ ၂ မျိုးစလုံး) တို့နှင့် ဆက်စပ်၍ စေနာ ၆ မျိုး ကွဲပြားခြင်းဖြစ်၏။ [၃] ဝေဒနာနှင့် သညာ တို့သည် စေတနာအမှုများ မဟုတ်ကြပေ။ ၎င်းတို့သည် ကံအကျိုးတရား (ဝိပါက်) ကိုဖြစ်ပွားစေမှု မရှိကြချေ။

စေတနာအမှုများဖြစ်သော မနသိကာရ၊ ဆန္ဒ၊ အဓိမောက္ခ၊ သဒ္ဓါ၊ သမာဓိ၊ ပညာ၊ ဝီရိယ၊ ရာဂ၊ ပဋိဃ၊ အဝိဇ္ဇာ၊ မာန၊ သက္ကာယဒိဋ္ဌိ စသည်တို့ကသာ ကံအကျိုးတရားဖြစ်ထွန်းစေသည်။ သင်္ခါရက္ခန္ဓာတွင် အကျုံးဝင်သည့် ဤကဲ့သို့ စေတသိက်ပေါင်း ၅၀ ရှိလေသည်။

**ငါးခုမြောက်ခန္ဓာ** သည် **ဝိညာဏက္ခန္ဓာ** ဖြစ်၏။ ဝိညာဏ်သည် စက္ခု၊သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဝတ္ထုရုပ်များနှင့် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံစသည့် ပြင်ပအာရုံတို့ထိခိုက်သည်မှ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ဉပမာအားဖြင့် စက္ခုဝိညာဏ်သည် စက္ခုဝတ္ထုရုပ်နှင့် ရူပါရုံတို့ တွေ့ထိမှုမှ ပေါ်ပေါက်လာသည်။ မနောဝိညာဏ်သည် မနနှင့် ဓမ္မာရုံ (ဓမ္မ) တို့မှ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ဝိညာဏ်သည် အခြား ဝတ္ထု၊ အာရုံများနှင့် ဆက်သွယ်လျက် ရှိ၏။ ဝေဒနာ၊ သညာ၊ သင်္ခါရက္ခန္ဓာမှာကဲ့သို့ အတွင်းဝတ္ထုရုပ် ၆ ပါး၊ ပြင်ပအာရုံ ၆ ပါး ပေါ်တွင် မှီ၍ ဝိညာဏ် တွင်လည်း ၆ မျိုးအပြားရှိလေသည်။ [၄]

ပဉ္စဝိညာဏ်သည် အာရုံကို ခွဲခြားသိမှု မရှိကြောင်း ကောင်းစွာရှင်းလင်း နားလည်ကြရပေမည်။ အာရုံတစ်ခု ရှိနေကြောင်း သိနေရုံသိနေမှုသာလျှင် ဝိညာဏ်၏ သဘောဖြစ်၏။ မျက်စိသည် ဉပမာ–အပြာရောင်အဆင်းနှင့် ထိခိုက်တွေ့ဆုံရပါမူ အရောင်တစ်ခုရှိနေကြောင်း သိရှိရုံသိရှိသော စက္ခုဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာ၏။ ၎င်း ဝိညာဏ်စိတ်သည် အရောင်အဆင်းရှိမှန်း သိရုံသာသိ၍ အပြာရောင်ဟု ကွဲပြားသိမှုမရှိပေ။ ဤအခြေအဆင့်တွင် ကွဲပြားသိမှုမရှိသေးချေ။ သညာကသာလျှင် (အထက်တွင်ဆွေးနွေးခဲ့သော သညာက္ခန္ဓာ) အပြာရောင်ဟု ကွဲပြား အသိအမှတ်ပြုလေသည်။ စက္ခုဝိညာဏ်ဟု ခေါ်တွင်သော အဘိဓမ္မာစကားလုံးသည် အရပ်သုံးစကား 'မြင်ခြင်း' နှင့် အနက် အဓိပ္ပါယ် အတူဆောင်သည်။ 'မြင်ခြင်း' သည် ကွဲပြားသိခြင်း၊ အသိအမှတ်ပြုခြင်း မဟုတ်ချေ။ ထို့အတူ အခြားဝိညာဏ်များ၏ သဘောကိုလည်း သိရှိနိုင်ပေပြီ။

ဗုဒ္ဓအဘိဓမ္မာအရ ရုပ်၏ဆန့်ကျင်ဘက်ဖြစ်၍ ထာဝရတည်မြဲ မပြောင်းလွဲသည့် 'ငါ'၊ 'ဆိုးလ်ခေါ် ဝိညာဉ်ကောင်' သို့မဟုတ် အတ္တ ဟု ခေါ်ဆိုရမည့် ဝိညာဉ်ကောင် မရှိပေ။ အထက်ဖော်ပြပါ ခန္ဓာငါးပါးဝင် ဝိညာဏ် ကို 'ရုပ်၏ဆန့်ကျင်ဘက် ဝိညာဉ်ကောင်' ဟု မယူအပ်။ ဤရှင်းလင်းချက်ကို အထူးလေးနက်စွာ ဖော်ပြရပေမည်။ အကြောင်းမူ ရှေးပဝေဏီမှ ယခုတိုင်အောင် ဝိညာဏ်သည် 'ငါကောင်' ဝိညာဉ်ကောင်ဖြစ်၍ တစ်သက်ပတ်လုံး တည်မြဲနေသော အရာဝတ္ထုဖြစ်သည်ဟု အယူမှား၊ အစွဲမှားများ ကိန်းအောင်းနေကြ၍ ဖြစ်သည်။

ဗုဒ္ဓ၏ တပည့်တစ်ယောက်ဖြစ်သော သာတိ အမည်ရှိရဟန်းသည် 'ဤဝိညာဏ် တစ်ခုတည်းသာလျှင် ဘဝ ကူးပြောင်းလှည့်လည် သွားလာနေကြောင်း မြတ်စွာဘုရား ဟောကြားတော်မူသည်' ဟု အယူရှိနေလေသည်။ ၎င်းအား မြတ်စွာဘုရားက ဝိညာဏ်ဟူ၍ မည်သည်ကိုဆိုလိုကြောင်း မေးမြန်းရာ သာတိ၏ ဖြေကြားချက်မှာ 'ပြောဆိုတတ်သောသဘော၊ သိတတ်သောသဘော၊ ထိုဘဝ ဤဘဝ၌ ကုသိုလ်၊ အကုသိုလ်၏ အကျိုးကို ခံစား တတ်သော သဘော ကိုဆိုလိုပါသည်၊' ဟု လျှောက်ထားလေ၏။

'မိုက်မဲသော(အချည်းနှီးဖြစ်သော) ယောကျာ်း၊ မည်သူ့အား ဤကဲ့သို့ ငါဘုရား ဟောကြားသည်ကို သင်ကြားဖူးသနည်း။ ဝိညာဏ်သည် အကြောင်းကိုစွဲ၍ ဖြစ်ပေါ်လာသည်။ အကြောင်းကင်းမဲ့၍ ဝိညာဏ်မဖြစ်ပေါ် ဟု နည်းအမျိုးမျိုးဖြင့် ငါဘုရားဟောကြားခဲ့သည် မဟုတ်လော။' ဟု ဗုဒ္ဓက ထိုရဟန်းအား မေးမြန်း၍ ဆိုဆုံးမခြင်း ပြုလေသည်။ ထို့နောက် ဝိညာဏ်ကို အသေးစိတ်ရှင်းလင်းစွာ ဗုဒ္ဓက ဆက်လက် ဟောကြားတော်မူသည်မှာ 'အကြင်အကြင် အကြောင်းကို စွဲ၍ သိမှုဝိညာဏ်သည် ဖြစ်ပေါ်လာ၏။ ထိုထိုအကြောင်းဖြင့်သာလျှင် ဝိညာဏ် ဟု

---

၁။ အင်္ဂုတ္တိုလ် (ကိုလံဘို ၁၉၂၉) စာမျက်နှာ ၅၉၀။ စေတနာ ဟံ ဘိက္ခဝေ၊ ကမ္မံ ဝဒါမိ။ စေတယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ။

၂။ အဘိဓမ္မာသမုစ္စယ – အသင်္ဂ ၊ စာမျက်နှာ ၆။

၃။ သံယုတ် ၃ (ပတစ) စာမျက်နှာ ၆၀။

၄။ သံယုတ် ၃ (ပတစ) စာမျက်နှာ ၆၁။

ခေါ်ဝေါ်၏။ မျက်စိနှင့် အဆင်းတို့ကို စွဲ၍ သိမှုဝိညာဏ်ဖြစ်ပေါ်လာ၏။ မျက်စိသိဟူ၍သာလျှင် ခေါ်ဝေါ်၏။ နားနှင့် အသံတို့ကို စွဲ၍ သိမှုဝိညာဏ် ဖြစ်ပေါ်လာ၏။ နားသိ ဟူ၍သာလျှင် ခေါ်ဝေါ်၏။ နှာခေါင်းနှင့် အနံ့တို့ကို စွဲ၍ သိမှုဝိညာဏ် ဖြစ်ပေါ်လာ၏။ နှာခေါင်းသိ ဟူ၍သာလျှင် ခေါ်ဝေါ်၏။ လျှာနှင့် အရသာတို့ကို စွဲ၍ သိမှုဝိညာဏ် ဖြစ်ပေါ်လာ၏။ လျှာသိ ဟူ၍သာလျှင် ခေါ်ဝေါ်၏။ ကိုယ်နှင့် အတွေ့အထိတို့ကို စွဲ၍ သိမှုဝိညာဏ် ဖြစ်ပေါ်လာ၏။ ကိုယ်သိ ဟူ၍သာလျှင် ခေါ်ဝေါ်၏။ (အကြံအစည်၊ စဉ်းစားစိတ်ကူး၊ အာဝဇ္ဇာန်းနှင့်တကွ ဘဝင်)စိတ်နှင့် သဘာဝဓမ္မတို့ကို စွဲ၍ သိမှုဝိညာဏ် ဖြစ်ပေါ်လာ၏။ စိတ်သိ ဟူ၍သာလျှင် ခေါ်ဝေါ်၏။'

ထို့နောက် ဗုဒ္ဓက ဆက်လက်၍ ဥပမာဆောင်ကာ ရှင်းလင်းဟောကြားတော်မူ၏။ မီးကို တောက်လောင်စေသော အရာဝတ္ထုပစ္စည်းကိုစွဲ၍သာ အမည်ကို ခေါ်ဝေါ်ကြ၏။ သစ်သားထင်းကိုစွဲ၍ မီးသည်တောက်လောင်၏။ ထိုမီးကို သစ်သားထင်းမီးဟု ခေါ်ဆို၏။ ကောက်ရိုးမြက်ခြောက်ကိုစွဲ၍ မီးသည်တောက်လောင်၏။ ထိုမီးကို ကောက်ရိုးမြက်ခြောက်မီးဟု ခေါ်ဆို၏။ ထို့အတူပင်လျှင် အကြင်အကြောင်းကိုစွဲ၍ သိမှုဝိညာဏ်ဖြစ်ပေါ်လာ၏။ ထိုအကြောင်းဖြင့်သာလျှင် ခေါ်ဝေါ်၏။

အဋ္ဌကထာပညာကျော် ဗုဒ္ဓဃောသသည် ဤအကြောင်းအရာနှင့် ပတ်သက်၍ ရှင်းလင်း ဖော်ပြခဲ့သည်မှာ 'သစ်သားထင်းကို စွဲ၍တောက်လောင်သော မီးသည် သစ်သားထင်းရှိနေသမျှသာ တောက်လောင်၏။ သစ်သားထင်းကုန်ဆုံးသည်နှင့် တစ်ပြိုင်နက် ထိုနေရာတွင်ပင် ငြိမ်းချုပ်၏။ အကြောင်းမူ တောက်လောင်စေသော အကြောင်းရင်းစွဲ ပြောင်းလဲခဲ့သောကြောင့်ဖြစ်၏။ မီးသည် ထင်းစကလေးများသို့ ကူးပြောင်း၍ ထင်းစမီး အစရှိသည် ဖြစ်ပေါ်လာမြဲမဟုတ်။ ဤနည်းတူစွာ မျက်စိနှင့် အဆင်းတွင် အကြောင်းရင်းစွဲရှိသော သိမှုဝိညာဏ်သည် မျက်စိ၊ အဆင်း၊ အလင်းရောင်နှင့် ရှေးရှုအာရုံထားမှု မနသိကာရနှလုံးသွင်းမှု စသော အကြောင်းရပ်များ ပြည့်စုံမှ မျက်စိတံခါးပေါက်တွင် ဖြစ်ပေါ်လာ၍ ထိုအကြောင်းရပ်များ ချုပ်ငြိမ်းသွားသည်နှင့် တစ်ပြိုင်နက် ဖြစ်ပေါ်ရင်း အကြောင်းစွဲ ပြောင်းလဲသွားရကား ထိုနေရာတွင်ပင် မျက်စိသိလည်း ချုပ်ငြိမ်း၏။ သို့ရာတွင် မျက်စိသိသည် နားသို့ကူးပြောင်း၍ နားသိစသည်တို့ ဖြစ်ပေါ်မလာပေ။'[၁]

သို့လောသို့လော တွေးတောဖွယ်မရှိစေရန် ရှင်းလင်းသေချာစွာ ဗုဒ္ဓက သိမှုဝိညာဏ်သည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရများပေါ်တွင် အမှီသဟဲ အကြောင်းစွဲရှိရသည်။ ၎င်းတို့မှ ကြဉ်၍ မဖြစ်ပေါ် မတည်ရှိနိုင်ဟု ဟောကြားတော်မူခဲ့ပေသည်။

'ဝိညာဏ်သည် ရုပ်သို့ကပ်ရောက်၍မူလည်း တည်ရာ၏။(ရူပုပါယံ)၊ ရုပ်ကို အာရုံပြု၍ (ရူပါရမ္မဏံ)၊ ရုပ်ကို မှီခိုရာပြု၍လည်း (ရူပပတိဋ္ဌာနံ) တည်ရာ၏။ ထိုဝိညာဏ်သည် နှစ်သက်မှုတဏှာဖြင့် ပြီးစေအပ်သော် ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့ ရောက်ရာ၏။ ဝိညာဏ်သည် ဝေဒနာသို့ကပ်ရောက်၍မူလည်း ---သညာသို့ --- သင်္ခါရသို့ ကပ်ရောက်၍မူလည်း တည်ရာ၏။ သင်္ခါရကို အာရုံပြု၍ သင်္ခါရကို မှီခိုရာပြု၍လည်း တည်ရာ၏။ ထိုဝိညာဏ်သည် နှစ်သက်မှု တဏှာဖြင့် ပြီးစေအပ်သော် ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့ ရောက်ရာ၏။'

တစ်စုံတစ်ယောက်သောသူက 'ရုပ်ကိုဖယ်ထား၍၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့ကိုဖယ်ထား၍ ဝိညာဏ်၏ လာခြင်း၊ သွားခြင်း၊ သေဆုံးခြင်း၊ ဖြစ်ပေါ်ခြင်း၊ ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းတို့ကို ပြသအံ့ဟု ဆိုချေသော် မရှိနိုင်သော အကြောင်းကို ဆိုခြင်းသာ ဖြစ်ပေမည်။'[၂]

ဤဆိုခဲ့ပြီးသည်ကား ခန္ဓာငါးပါး၏ အကျဉ်းချုပ်ပေတည်း။ 'သတ္တဝါ'၊'လူ'၊'ငါ' ဟုခေါ်ရာတွင် ဤ ခန္ဓာငါးပါးကို လွယ်ကူသောအမည်၊ အမှတ်အသား ပေးထားခြင်း သာလျှင်တည်း။ ၎င်းတို့အားလုံးသည် မတည်မြဲ၊ အစဉ် ဖောက်ပြန် ပြောင်းလဲလျှက် ရှိကြ၏။ မတည်မြဲသမျှ သည် ဒုက္ခပေတည်း။ (ယဒနိစ္စံ၊ တံ၊ ဒုက္ခံ) 'သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာ ဒုက္ခာ = အကျဉ်းအားဖြင့် စွဲလမ်းရာ အာရုံဖြစ်သော ခန္ဓာငါးပါး တို့သည် ဆင်းရဲခြင်းတည်း' ဟု မြတ်စွာဘုရား ဟောကြားရာတွင် ဤ အဓိပ္ပါယ်ရင်းကို ဖော်ထုတ်ခြင်းဖြစ်ပေသည်။ တစ်ခဏနှင့် တစ်ခဏ မတူကြ။ ဤကိစ္စတွင် အက္ခရာသင်္ချာမှာကဲ့သို့ 'က' နှင့် 'က' သည် မညီမျှ။ တစ်ခဏမျှ ဖြစ်ပေါ်လာ၍ ရုတ်ခြည်း ကွယ်ပျောက်သွားခြင်းဖြင့် အစဉ် ပြောင်းလဲနေကြသည်သာ ဖြစ်ပေသည်။

'အို ပြာဟ္မဏ၊ တောင်မှ စီးဆင်းလာသော မြစ်ရေအလျဉ်သည် အဟုတ်ပြင်းစွာ လျင်စွာဖြင့် ခရီးဝေးသို့

---

၁။ မဇ္ဈိမနိကာယ် အဋ္ဌကထာ၊ ပဥ္စပသူဒနီ (ပတစ) စာမျက်နှာ ၃၀၆–၃၀၇။

၂။ သံယုတ် ၃ (ပတစ) စာမျက်နှာ ၅၈။

တွေ့သမျှကို သယ်ယူသွား၏။ တစ်မုဟုတ်မျှ တစ်ခဏမျှ တစ်စက္ကန့်မျှ ရပ်တည်သည်မရှိ။ အစဉ်မပြတ် ဆက်လက်စီးဆင်းလျက်ရှိ၏။ ဗြာဟ္မဏ၊ လူ၏ဘဝခရီးသည်လည်း တောင်ကျမြစ်ရေနှင့် တူလှစွာ၏။' [၁] ရဋ္ဌပါလအား ဗုဒ္ဓဟောကြားတော်မူသကဲ့သို့ 'ကမ္ဘာကြီးသည် အစဉ်ဖောက်ပြန် ပြောင်းလဲနေ၍ မတည်မြဲပေ။'

အကြောင်းနှင့်အကျိုး ကွင်းဆက်များ စီတန်းနေရာတွင် တစ်စုံတစ်ရာ ကွယ်ပျောက်ပျက်ပြုန်းသွားခြင်းသည် အခြားတစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာစေရန် အကြောင်းဖော်ပေးခြင်းသာဖြစ်ပေသည်။ ၎င်းတို့အတွင်း (အဇ္ဈတ္တ) ၌ မပြောင်းလဲသော ဝတ္ထုပစ္စည်း ဟူ၍မရှိ။ ၎င်းတို့နောက်ကွယ်၌ အစဉ်တည်မြဲသော ကိုယ်အတ္တ (အာတမံ) ပုဂ္ဂိုလ်၊ သို့မဟုတ် အကယ်အစစ် 'ငါ' ဟုခေါ်ဆိုနိုင်သည့် အရာဟူ၍ ဘာမျှမရှိချေ။ ရုပ်ကိုသော်လည်းကောင်း၊ ဝေဒနာ၊ သညာ၊ သင်္ခါရ တစ်ခုခုကို သော်လည်းကောင်း ဝိညာဏ်ကိုသော်လည်းကောင်း၊ 'ငါ'ဟူ၍ သတ်မှတ် ခေါ်ဆိုနိုင်သည် မဟုတ်ကြောင်း သဘောတူကြပေလိမ့်မည်။ [၂] သို့ရာတွင် တစ်ခုနှင့်တစ်ခု မဆက်မစပ် သီးခြားဖြစ်သော ရူပက္ခန္ဓာ နှင့် နာမက္ခန္ဓာ ဤငါးခုတို့သည် အတူတကွ ပူးပေါင်း၍ ရုပ်နာမ် ၂-ပါး 'စက်ယန္တရား' [၃] အဖြစ် ဆောင်ရွက်လာသောအခါ 'ငါ'ဟူသော သဘောအယူ ဖြစ်ပေါ်လာပေသည်။ ဤအယူကား မှားယွင်းသောအယူပင်ဖြစ်၍ အထက်တွင် ဖော်ပြပြီးဖြစ်သော သင်္ခါရက္ခန္ဓာတွင် ပါဝင်သည့် ၅၂-ပါးသော စေတသိက်တို့အနက် တစ်ပါးသာဖြစ်ပေသည်။ 'ငါ'ဟု မှားယွင်း ယူဆသည့် သက္ကာယဒိဋ္ဌိပင်တည်း။

ပညတ်ဝေါဟာရအားဖြင့် 'သတ္တဝါ'ဟု သမုတ်အပ်သော ဤခန္ဓာငါးပါးသည်ပင် ဒုက္ခဖြစ်ပေသည်။ (သင်္ခါရဒုက္ခ)၊ ၎င်း ခန္ဓာငါးပါး၏ နောက်ကွယ်၌ ရပ်တည်၍ ဒုက္ခကို ခံစားအပ်သော 'သတ္တဝါ'သို့မဟုတ် 'ငါ' ဟူ၍ အခြား မရှိပြီ။

ရှင်ဗုဒ္ဓဃောသ မိန့်မြွက်သကဲ့သို့ 'ဒုက္ခသည်သာရှိ၏။ ဒုက္ခကို ခံစားတတ်သောသူ တစ်စုံတစ်ယောက်မျှမရှိ။ ပြုပြင်ခြင်းသာလျှင် ရှိ၏။ ပြုတတ်သူမရှိ။' [၄]

လှုပ်ရှားမှုနောက်ကွယ်တွင် ရပ်တည်နေသော လှုပ်ရှားသူဟူ၍မရှိ။ လှုပ်ရှားမှုမျှသာဖြစ်သည်။ လောကကြီးသည် လှုပ်ရှားလျက်ရှိသည် ဟု ဆိုမှု မမှန်ကန်ချေ။ လောကသည်ပင် လှုပ်ရှားမှုဖြစ်ပေသည်။ လောကနှင့် လှုပ်ရှားမှုသည် ကွဲပြားခြားနားသော အရာနှစ်ခုမဟုတ်ပေ။ တစ်နည်းဆိုသော် ကြံစည်စိတ်ကူးမှုနောက်ကွယ်၌ ကြံစည်စိတ်ကူးသူ ဟူ၍ မရှိပေ။ စိတ်အကြံအစည်သည်ပင် စိတ်ကူးသူဖြစ်ပေသည်။ ကြံစည်စိတ်ကို ပယ်ဖျောက်၍ စိတ်ကူးသူကို ရှာဖွေမတွေ့နိုင်ပေ။ 'ငါ ကြံစည်စိတ်ကူသည်၊ ထို့ကြောင့် ငါရှိသည်' ဟု ယူဆသော ၁၇ ရာစုခေတ် ပြင်သစ်အဘိဓမ္မာဆရာ ဒေးကပ် (**Descarter**) ၏ ယူဆချက်နှင့် ဗုဒ္ဓဘာသာတို့ ယူဆချက်မှာ ဗီလာကန့်လန့် ဖြစ်နေသည်ကို ဤနေရာတွင် သတိပြုမိကြမှာ မလွဲပေ။

ယခုအခါ လောက (ဘဝ) ၌ အစရှိသလော ဟူသော ပုစ္ဆာကို မေးမြန်းကောင်းမေးမြန်းလိုကြပေမည်။ ဗုဒ္ဓ၏ တရားတော်အရ သက်ရှိသတ္တဝါတို့၏ ဘဝရေအလျဉ်အစကို မကြံစည်နိုင်ဟု ဖြေရပေမည်။ ဘုရားသခင်က ဘဝကို ဖန်ဆင်းသည်ဟု ယုံကြည်သူများသည် ဤအဖြေကို အံ့သြပေလိမ့်မည်။ သို့ရာတွင် ၎င်းအား 'ဘုရားသခင်က ဘယ်ကစသနည်း ' ဟုမေးမြန်းမူ 'ဘုရားသခင်၌ အစမရှိ'ဟု မဆိုင်းမတွ ဖြေကြားပေလိမ့်မည်။ ဤသို့ဖြေကြားသည်ကိုတော့၎င်းက မအံ့သြချေ။ ဗုဒ္ဓက 'အို ရဟန်းတို့၊ ဤလည်ပတ်လျက်ရှိသော သံသရာစက်ဝိုင်း၌ မြင်နိုင်သော အဆုံးမရှိ။ အဝိဇ္ဇာဖုံးလွှမ်းလျက် တဏှာဖြင့် ချည်နှောင်ခြင်းခံကြရပြီး ဝိုင်းကာ တဝဲလည်လည် ပြေးသွားကျင်လည်နေကြရသော သတ္တဝါတို့၏ ဦးစွာအစကိုလည်း မြင်နိုင်အပ်သည် မဟုတ်။' ဟု မိန့်မြွက်တော်မူခဲ့ပေသည်။ [၅]

---

၁။ အင်္ဂုတ္တိုလ် (ကိုလံဘို ၁၉၂၉) စာမျက်နှာ ၇၀၀။ ဤစကားရပ်ကို လွန်လေပြီးသော နှစ်ပေါင်းအသင်္ချေက အာသဝေါကင်းပြီးဖြစ်သော အရကအမည်ရှိ ဆရာကြီးက မြွက်ကြားခဲ့ကြောင်း ဗုဒ္ဓက ဟောတော်မူသည်။ ဤနေရာ၌ ဘီစီနှစ် ၅၀၀ လောက်က ဟီရာကလိတပ်စ်၏ ဝါဒကို သတိပြုမိကြပေမည်။ ယင်း၏ ဝါဒအရ အရာရာသည် မတည်မမြဲ၊ အစဉ်ပြောင်းလဲလျက်ရှိ၏။ 'မြစ်တွင်းသို့ ခြေချဆင်းလျှင် ခြေတစ်လှမ်းနှင့် တစ်လှမ်းမတူညီနိုင်၊ အသစ်အသစ်သောရေတို့သည် သင့်ပေါ်သို့ဖြတ်၍ စီးဆင်းသွားနေသည်' ဟုသူက ဆိုခဲ့သည်။

၂။ အနတ္တသဘောတရားကို အခန်း ၅ တွင် ဆွေးနွေးတင်ပြပါမည်။

၃။ အမှန်စင်စစ် အရှင်ဗုဒ္ဓဃောသသည် 'သတ္တဝါ'ကို သစ်သားစက်ယန္တယား (ဒါရုယန္တ) နှင့် နှိုင်းယှဉ်ဖော်ပြခဲ့ပေသည်။ ဝိသုဒ္ဓိမဂ္ဂ (ပတစ) စာမျက်နှာ ၅၉၄-၅၉၅။

၄။ ဝိသုဒ္ဓိမဂ္ဂ (ပတစ) စာမျက်နှာ ၅၁၃။

၅။ သံယုတ် ၃၊ စာမျက်နှာ ၁၇၈၊ ၁၇၉။ ၁၄၉-၁၅၁။

ဂင်းပြင် ဘဝ၏ ကျင်လည်ပြေးသွားရန် အဓိကအကြောင်းဖြစ်သော အဝိဇ္ဇာနှင့် ပတ်သက်၍ ‘ဤအခါမှ ရှေ့၌ အဝိဇ္ဇာ မဖြစ်ဖူးသေး။ ထိုမှနောက်၌ ဖြစ်ခဲ့ပြီ’ ဟု အဝိဇ္ဇာ၏ ရှေ့အစွန်းကိုမသတ်မှတ်နိုင် ဟုလည်း ဟောကြားခဲ့ပေသည်။ [၁] ထို့ကြောင့် တိကျသော မှတ်သားချက်တစ်ခုပြု၍ ၎င်း၏ရှေ့၌ ဘဝမတည်ရှိခဲ့ပေဟု ဘဝ၏ ရှေ့စွန်းကို သတ်မှတ်ရန် မဖြစ်နိုင်ပေ။

ဤကား ဒုက္ခအရိယသစ္စာ၏ အနက်အဓိပ္ပါယ် အကျဉ်းချုပ်ပေတည်း။ ဤ ပထမအရိယသစ္စာကို ကောင်းစွာ သဘောပေါက်နားလည်ရန် လွန်စွာအရေးကြီးပေသည်။ အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓဟောကြားတော်မူသည့်အတိုင်း ‘ဒုက္ခဆင်းရဲကိုမြင်သောသူသည် ဆင်းရဲဖြစ်ပေါ်ကြောင်း ကိုလည်း မြင်၏။ ဆင်းရဲချုပ်ငြိမ်းရာ(နိဗ္ဗာန်) ကိုလည်း မြင်၏။ ဆင်းရဲချုပ်ငြိမ်းရာ (နိဗ္ဗာန်) သို့ သွားရာလမ်းကြောင်း၊ ရောက်ကြောင်း အကျင့်ကိုလည်း မြင်သောကြောင့် ဖြစ်ပေသည်။’ [၂]

အချို့ပုဂ္ဂိုလ်တို့ မှားယွင်းစွာ တွေးခေါ်ကြသကဲ့သို့ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ဘဝသည် သောကငြိုငြင် မပျော်ရွှင်စရာဟု မမှတ်ယူသင့်ပေ။ အမှန်မှာ ဗုဒ္ဓဘာသာ စစ်စစ်တစ်ဦးသည် စိတ်အချမ်းသာဆုံး၊ အပျော်ရွှင်ဆုံး သတ္တဝါ တစ်ဦးသာဖြစ်ပေသည်။ သူ့၌ ကြောက်ရွံ့ဖွယ်၊ စိုးရိမ်ဖွယ် ကိစ္စဟူ၍မရှိ၊ အစဉ်သဖြင့် တည်ငြိမ်အေးချမ်း၍ အကြောင်းအရာတို့ကို အဖြစ်သနစ်မှန်အတိုင်း သိရှိရကား မည်သည့်ပြောင်းလဲမှု၊ သို့မဟုတ် ဘေးအန္တရာယ်တို့နှင့် ရင်ဆိုင်ရစေကာမူ တုန်လှုပ်ချောက်ခြားခြင်း ကင်းပေသည်။ ဗုဒ္ဓသည် မည်သည့်အခါကမျှ စိတ်မသာယာခြင်း၊ တွေဝေ ညစ်မှိုင်းခြင်း မဖြစ်ခဲ့ပေ။ အစဉ်သဖြင့် ရွှင်ပြုံးနေတော်မူသည်။

(မိဟိတ ပုဗ္ဗင်္ဂမ) ဟု ဗုဒ္ဓလက်ထက်တော်ကို မီလိုက်သူတို့က ဖော်ပြပြောဆိုကြသည်။ ပန်းချီကားများနှင့် ရုပ်တုများတွင် ဗုဒ္ဓအား ကြည်ရွှင်သော၊ တည်ငြိမ်သော၊ ကျေနပ်ရောင့်ရဲသော၊ ကြင်နာသော မျက်နှာတော်ဖြင့်သာ ထုတ်ဖော်တင်ပြကြပေသည်။ အနည်းငယ်မျှပင် ငြိုငြင်ပင်ပန်း၊ နာကျင်၊ ဆင်းရဲနေပုံကို မတွေ့မြင်ကြရပေ။ [၃] ဗုဒ္ဓဘာသာနှင့်ပတ်သက်သည့် အနုပညာလက်ရာများ၊ အဆောက်အအုံများ၊ ဘုရားကျောင်းများအထိလေ့လာပါက စိတ်ညစ်ညူး ထိုင်းမှိုင်းမှုကို မဖြစ်စေဘဲ တည်ငြိမ်အေးချမ်းသည့် အရသာကို ခံစားကြရပေသည်။

ဘဝခရီးလမ်းကြောင်းတွင် ဆင်းရဲဒုက္ခကို တွေ့ကြရမည်ဖြစ်သော်လည်း ဗုဒ္ဓတရားကို လိုက်နာသူသည် တွေ့ကြုံရသော ဆင်းရဲဒုက္ခအတွက် ပူပန်ခြင်း၊ ဒေါသထွက်ခြင်း၊ စိတ်မရှည်ခြင်း မဖြစ်စေသင့်ပေ။ လောကရှိ မကောင်းမှု ဒုစရိုက်ကြီးများတွင် ဗုဒ္ဓတရားတော်အရ စက်ဆုပ်မုန်းတီးခြင်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ စက်ဆုပ်မုန်းတီးခြင်း(ပဋိဃ) ၏ အနက်အဓိပ္ပါယ်ကို ‘သက်ရှိသတ္တဝါတို့အပေါ် မကောင်းစိတ်ထားခြင်း၊ ဒုက္ခဆင်းရဲအတွက် စိတ်နှလုံးမသာယာခြင်း၊ ဒုက္ခဆင်းရဲခြင်းနှင့် ပတ်သက်သမျှအပေါ် မကောင်းသဘောထားခြင်း’ ဟူ၍ ဖွင့်ဆိုသည်။

၎င်း၏ကိစ္စမှာ ပျော်ရွှင်ခြင်းကင်းမဲ့သော ဘဝ၏အခြေခံနှင့် မကောင်းမှုများဖြစ်စေရန် ဖြစ်သည် ဟု ပြသည်။ [၄] ထို့ကြောင့် ဒုက္ခနှင့်ရင်ဆိုင်ရ၍ စိတ်တိုခြင်းသည် မှားသောသဘောထားဖြစ်သည်။ ဒုက္ခဆင်းရဲဖြစ်သည်ကို စိတ်မရှည်ခြင်း၊ ဒေါသအမျက်ထွက်ခြင်းဖြင့် မပြေပျောက်နိုင်ချေ။ မပြေပျောက်နိုင်ရုံမက မနှစ်မြို့ဖွယ်ဖြစ်နေသော ကိစ္စတစ်ခုကို ပို၍အခြေအနေဆိုးကာ ဒုက္ခပိုမို၍ တိုးလာရန်သာ ရှိပေသည်။ စိတ်တိုခြင်း၊ အမျက်ထွက်ခြင်းသည် ဒုက္ခကို ကုစားနည်းမဟုတ်။ ဒုက္ခ၏ သဘောတရားကို နားလည်၍ မည်သို့ဖြစ်လာသည်။ မည်ကဲ့သို့ ပြေပျောက်မည် စသည်တို့ကို ဆင်ခြင်၍ စိတ်လက်ရှည်စွာ အသိဉာဏ်၊ ဇွဲ၊ ဝီရိယတို့ကို အသုံးပြု၍သာ ကုစားနိုင်ပေမည်။

ထေရဂါထာ၊ ထေရီဂါထာဟူသော ရှေးဟောင်းဗုဒ္ဓစာပေ နှစ်စောင်တွင် မြတ်စွာဘုရား၏ တရားရေအေးကို သောက်သုံးရ၍ ငြိမ်းချမ်းပျော်ရွှင်မှုကို ရကြသော ဘုရားသားတော်၊ သမီးတော်တို့၏ ရွှင်လန်းဝမ်းမြောက်စွာ သီကျူး ထားသော မြွက်ဟချက်များကို ဖတ်ရှုနိုင်ကြပေသည်။ ကောသလပြည့်ရှင်ဘုရင်မင်းမြတ်က မြတ်စွာဘုရားအား

---

၁။ အင်္ဂုတ္တိုလ် ၅ (ပတစ) စာမျက်နှာ ၁၃၃။

၂။ သံယုတ် ၅ (ပတစ) စာမျက်နှာ ၄၃၇။ အမှန်အားဖြင့် သစ္စာလေးပါးတွင် တစ်ပါးပါးကိုမြင်သောသူသည် ကျန်သုံးပါးကိုလည်း မြင်တော့ သည်ဟု ဗုဒ္ဓက ဟောကြားတော်မူသည်။ သစ္စာလေးပါးတို့သည် အချင်းချင်းဆက်စပ်လျက် ရှိကြပေသည်။

၃။ ဂန္ဓာရနယ်မှ ရုပ်တုတစ်ခုနှင့် တရုတ်ပြည် ပူကျင်နယ်မှ ရုပ်တုတော်တစ်ခုတွင် ဂေါတမပုံတော်ကို နံရိုးအပြိုင်းပြိုင်းထ၍ ပိန်လှီချိနဲ့နေ သော တရားကျင့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဖော်ပြထားသည်။ ပုံများမှာ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့မရောက်မီ ဒုက္ခရစရိယာအကျင့်ဖြင့် မိမိကိုယ်ကို ငြိုငြင်စွာ ညှဉ်းပန်းခဲ့စဉ် အချိန်က ရုပ်ပုံတော်ကို ဖော်ပြထားခြင်းသာ ဖြစ်ပေသည်။ သဗ္ဗညုတ ရွှေဉာဏ်တော်ရပြီးနောက် ထို ဆင်းရဲပင်ပန်းသော ကျင့်စဉ်များကို ဗုဒ္ဓသည် ကဲ့ရဲ့ရှုတ်ချ ပစ်ပယ်ခဲ့ပေသည်။

၄။ အဘိဓမ္မာ သမုစ္စယ၊ အသင်္ဂ၊ စာမျက်နှာ ၇။

"အရှင်မြတ်၏ တပည့်သားရဟန်းများသည် အခြားဘာသာရေး ဂိုဏ်းဝင်များ၏ တပည့်တပန်းများကဲ့သို့ ပိန်ကြုံရုံ့မဲ့၊ ကြမ်းတမ်း၊ ဖျော့တော့၊ လျှိကင်း၊ ခေါင်းပါး၍ ရုပ်ပျက်ဆင်းပျက် မဟုတ်ဘဲ အလွန်ရွှင်လန်းအားရ (ဟဋ္ဌပဋ္ဌ)၊ မြူးထူး တက်ကြွစွာ (ဥဒဂ္ဂုဒဂ္ဂ)၊ ရဟန်းဘဝ၌ ပျော်ပိုက်သော သဘောရှိ၍ အလွန်မွေ့လျော် (အဘိရတရူပ)၊ ပြည့်ဖြိုးသော ဣန္ဒြေရှိကုန်လျက် (ပီဏိန္ဒြိယ)၊ ကြောင့်ကြမဲ့ (အပ္ပေါသုက္က)၊ ပူပင်ကင်း (ပန္နလောမ)၊ ငြိမ်းချမ်းစွာ (ပရဒဝုတ္တ)၊ သားသမင်စိတ်ထားဖြင့် (မိဂဘူတေနစေတသာ) စိတ်ပေါ့ပါးစွာ နေကြပါကုန်သည် ဘုရား" ဟု တစ်ကြိမ်သောအခါ လျှောက်ထားဖူးလေသည်။

ဤကဲ့သို့ ကောင်းမြတ်သောစိတ်ထားဖြင့် နေနိုင်ကြသည်မှာ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ တရားတော်အဆီအနှစ် ပြည့်ပြည့်ဝဝကို အမှန်မုချ သောက်သုံးခံစားထားပြီးဖြစ်၍သာ နေနိုင်ကြသည်ဟု ယုံကြည် ကြောင်းကိုလည်း ဘုရင်က လျှောက်ထားသေးသည်။ [၁]

ဗုဒ္ဓဘာသာသည် သစ္စာတရားကို ဖော်ထုတ်ရယူရန် နှောင့်ယှက် ဟန့်တားစေသည့် ငြိုငြင်ခြင်း၊ ဝမ်းနည်းခြင်း၊ နောင်တရခြင်း၊ ကုက္ကုစ္စဖြစ်ခြင်း၊ ညှိုးမှိန်ခြင်း စသော စိတ်သဘောထားမျိုးနှင့် လုံးလုံးဆန့်ကျင်သည်။ စိတ်ရွှင်လန်းမှု (ပီတိ) ကိုမူ နိဗ္ဗာန်ရစေခြင်းငှာ ကြိုးစားအပ်သည့် ဗောဇ္ဈင် (၇) ပါးတွင် အင်္ဂါတစ်ပါးအဖြစ် ထည့်သွင်း ထားသည်ကို ကျွန်ုပ်တို့ မှတ်သား သတိပြုကြရပေမည်။ [၂]

---

၁။ မဇ္ဈိမနိကာယ် ၂ (ပတစ) စာမျက်နှာ ၁၂၁။
၂။ ဗောဇ္ဈင် (၇) ပါးအကြောင်းကို ကမ္မဋ္ဌာန်းအခန်းတွင် ကြည့်ရှုပါ။

အခန်း(၃)

# ဒုတိယအရိယသစ္စာ သမုဒယ

**သမုဒယ = ဒုက္ခဖြစ်ပေါ်ခြင်းအကြောင်း**

ဒုတိယအရိယသစ္စာသည် ဒုက္ခဖြစ်ပေါ်ခြင်း သို့မဟုတ် ဖြစ်ပေါ်ရာမူလအကြောင်းဖြစ်သည်။ (ဒုက္ခသမုဒယ အရိယသစ္စာ)။ ပါဠိတော်များတွင် နေရာအနှံ့အပြား၌ တွေ့ရှိရ၍ လူများ အသိရှိဆုံးဖြစ်သည့် သမုဒယသစ္စာ၏ အဓိပ္ပါယ် ဖော်ပြချက်မှာ "အကြင်တဏှာသည် တစ်ဖန်ဘဝသစ်ကို ဖြစ်စေတတ်၏ (ပေါနောဗ္ဘဝိကာ)။ နှစ်သက်ခြင်း တပ်မက်ခြင်းနှင့် တကွဖြစ်၏ (နန္ဒီရာဂသဟဂတာ)။ ထိုထိုအာရုံ၌ လွန်စွာ နှစ်သက်တတ်၏ (တတြာတတြာဘိနန္ဒိနီ)။ ဤ တပ်မက်မှုတဏှာ ဟူသည် အဘယ်နည်း။

၁။ ကာမဂုဏ်၌ ဆာလောင်တပ်မက်မှု (ကာမတဏှာ)၊

၂။ ဘဝ၌ ဆာလောင်တပ်မက်မှု (ဘဝတဏှာ)၊

၃။ ဘဝကင်းပြတ်ခြင်း၌ တပ်မက်မှု (ဝိဘဝတဏှာ) တို့တည်း " ဟူ၍ ဖြစ်သည်။ [၁]

နည်းအမျိုးမျိုး ပရိယာယ်အသွယ်သွယ်ဖြင့် ပေါ်ထွက်ထင်ရှားလာတတ်သော ဤ တပ်မက်မှု၊ တဏှာ၊ ရမ္မက်၊ လောဘ၊ တောင့်တမှုသည် ဒုက္ခပေါင်းစုံကို ဖြစ်ထွန်းပေါ်ပေါက်စေ၍ သတ္တဝါတို့၏ ဘဝစဉ်ဆက်ရေးကို ဖန်တီးပေးလေသည်။ သို့ရာတွင် ၎င်းအား မူလအကြောင်းရင်းအဖြစ် မထင်မှတ်အပ်ပေ။ ဗုဒ္ဓဝါဒတွင် အရာရာသည် တစ်ခုခုနှင့် ဆက်စပ်မှီတွယ် ယှဉ်ပြိုင်နေရကား မူလအကြောင်းရင်းဟူ၍ မရစကောင်းပေ။ ဒုက္ခ၏အစ၊ ဒုက္ခ၏ ဖြစ်ကြောင်းဟု ယူဆရသော ဤတဏှာသည်ပင် ၎င်းကိုယ်တိုင်ဖြစ်ပေါ်ရန် အာရုံအရသာ ခံစားမှု (ဝေဒနာ) [၂] အပေါ် တွင် တည်ရှိနေ၍ ဝေဒနာသည်လည်း ထိတွေ့မှု(ဖဿ) ရှိမှ ဖြစ်ပေါ်လာနိုင်သည်။ ဤသို့လျှင် တစ်ခုပေါ်တစ်ခု မှီခို၍ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းအဖြစ် လှည့်ပတ်နေပေသည်။ ဤ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းအကြောင်းကို နောက်တွင် ဆွေးနွေး တင်ပြပါမည်။

ထို့ကြောင့် တဏှာသည် ဒုက္ခကိုဖြစ်စေသော ရှေးဦးမူလအကြောင်းလည်း မဟုတ်ချေ။ တစ်ခုတည်းသော အကြောင်းလည်းမဟုတ်ချေ။ သို့ရာတွင် ထိုတဏှာသည် အသိသာဆုံးနှင့် နီးစွာသော အကြောင်းဖြစ်ရကား "အားလုံးခြုံ၍ အဓိကတရားခံ" ဖြစ်လာရသည်။ ဤအကြောင်းများကြောင့် ပါဠိတော် အချို့နေရာများ၌ ဒုက္ခ၏ ဖြစ်ကြောင်းသမုဒယကို ဖွင့်ဆိုရာတွင် တဏှာကို ရှေးဦးတင်ပြပြီးနောက် အခြားကိလေသာနှင့် သဘာဝဓမ္မများကို လည်း ဖော်ပြကြခြင်းဖြစ်ပေသည်။ [၃] ကျယ်ပြန့်စွာဆွေးနွေးရန် နေရာမရှိရကား ဤ တဏှာ ၏ ဗဟိုမဏ္ဍိုင်သည် အဝိဇ္ဇာမှဖြစ်ပေါ်လာသော သက္ကာယဒိဋ္ဌိပင်ဖြစ်သည်ဟု မှတ်သား သတိပြုမိက လုံလောက်ပေပြီ။

ဤနေရာ၌ 'တဏှာ' ဟူသည် ကာမဂုဏ်စည်းစိမ် ပစ္စည်းဥစ္စာ ရတနာနှင့် တန်ခိုးအာဏာတို့ကို စွဲလမ်း တပ်မက်ခြင်းဟုသာ မယူရဘဲ စိတ်ကူးစိတ်သန်း၊ အထင်အမြင်၊ သဘောအယူအဆ၊ တွေးတောချက်၊ ယုံကြည်ချက် တို့ကို စွဲလမ်းဆုပ်ကိုင်ထားခြင်း သည်လည်း တဏှာ (ဓမ္မတဏှာ) [၄] တွင် အပါအဝင် ဖြစ်ပေသည်။ ပုဂ္ဂိုလ်ရေး အကြောင်းအရာများကြောင့် အိမ်ထောင်စုချင်း ခိုက်ရန်ဖြစ်ပွားကြသည်မှ လူမျိုးချင်း၊ တိုင်းပြည်ချင်း တိုက်ခိုက်ကြရ သည့် စစ်ပွဲကြီးများတိုင်အောင် ကမ္ဘာလောကတွင် အန်တုဖက်ပြိုင် ဘေးဒုက္ခဆိုင်လေသမျှ ဗုဒ္ဓ၏ စိစစ်ဝေဘန်ချက်အရ ဤကိုယ်ကျိုးရှုတဏှာ [၅] မှ ဖြစ်ပွားပေါ်ပေါက်လာခြင်းသာ ဖြစ်သည်။ ဤရှုထောင့်မှကြည့်သော် အားလုံးသော စီးပွား ရေး၊ နိုင်ငံရေး၊ လူမှုရေးရာ ပြဿနာတို့သည် ကိုယ်ကျိုးရှု တဏှာတွင် အခြေခံလျက် ရှိပေသည်။ စစ်မက်ရေးရာများ နှင့် အပြည်ပြည်ဆိုင်ရာ ငြင်းခုံမှုများကို ဆွေးနွေးဖြေရှင်းကြသော ကမ္ဘာ့ခေါင်းဆောင်ကြီးတို့သည် ဤပြဿနာများကို စီးပွားရေးနှင့် နိုင်ငံရေးနယ်ပယ်အတွင်းမှာသာ သုံးသပ်နေသမျှ ပြဿနာ၏ အခြေအမြစ်မှန်တိုင်အောင် နှိုက်နှိုက်ချွတ်

---

၁။ မဟာဝဂ္ဂ၊ ဝိနည်း(အလွတ်ဂါမ ၁၉၂၂) စာမျက်နှာ ၉။ သံယုတ် ၅ (ပတစ) စာမျက်နှာ ၄၂၁။

၂။ ဝေဒနာ သမုဒယာ တဏှာသမုဒယော၊ မဇ္ဈိမနိကာယ် ၁ (ပတစ) စာမျက်နှာ ၅၁။

၃။ ဝိဘင်္ဂ (ပတစ) စာမျက်နှာ ၁၀၆။

၄။ မဇ္ဈိမနိကာယ် ၁ (ပတစ) စာမျက်နှာ ၅၁။ သံယုတ် ၂ စာမျက်နှာ ၇၂။ ဝိဘင်္ဂ၊ စာမျက်နှာ ၃၈၀။

၅။ မဇ္ဈိမနိကာယ် ၁ (ပတစ) စာမျက်နှာ ၈၆။

ချွတ် လေ့လာတတ်သည် မဟုတ်ဘဲ အပေါ်ယံကမျှသာ ဆောင်ရွက်နေခြင်း ဖြစ်လေသည်။ ရဋ္ဌပါလအား ဗုဒ္ဓမိန့်မြွက်တော်မူသည့်အတိုင်း 'ကမ္ဘာလောကကြီးသည် မျှော်လင့်ဖင့်နွဲ့လျှက် ယက်ကန်ယက်ကန်ဖြင့် တဏှာ့ကျေးကျွန်(တဏှာဒါသော) ဖြစ်နေရသည်။'

ကမ္ဘာ့ပြဿနာအရပ်ရပ်နှင့် ဆင်းရဲဒုက္ခအပေါင်းတို့သည် အတ္တဟိတ ကိုယ်ကျိုးရှာ လောဘရမ္မက်ကြောင့် ဖြစ်ပေါ်လာရသည်ဟု လူတိုင်း သဘောတူ လက်ခံကြပေသည်။ နားလည်ရန် မခက်ခဲလှသော အရာပေ။ သို့ရာတွင် ဤ အာသာရမ္မက် 'တဏှာ'သည် ဘဝသစ်ကို မည်ကဲ့သို့ပြန်လည် ဖြစ်ပေါ်စေသည် (ပေါနော့ဗ္ဘဝိကာ) ကိုမူ လွယ်လွယ်သဘောပေါက်နိုင်ကြမည် မဟုတ်ပေ။ ဤနေရာတွင် ပထမအရိယသစ္စာ၏ အဘိဓမ္မာ သဘောတရားများနှင့် ယှဉ်လျှက် ဒုတိယအရိယသစ္စာ၏ ပိုမိုနက်နဲသော အဘိဓမ္မာ သဘောတရားများကို ဆွေးနွေးကြရမည်ဖြစ်ရာ ကံနှင့်ဘဝသစ်တို့ အကြောင်းကို အနည်းငယ် သဘောပေါက်ထားရန်လိုပေသည်။

သတ္တဝါတို့၏ တည်ရှိရေးနှင့် ဘဝအစဉ် ဆက်လက်ဖြစ်ပေါ်ရေးအတွက် အာဟာရလေးပါးတည်းဟူသော အကြောင်းတရားများ ညီညွတ်ကြရမည်။ ၎င်းတို့မှာ –

၁။ သာမန်နေ့စဉ် အလုပ်အလွေး စားမျိုအပ်သော အစားအစာ (ကဗဠီကာရာ အာဟာရာ)

၂။ (ဘဝင်စိတ်အပါအဝင်) ဒွါရ ၆ ပါးနှင့် ပြင်ပအာရုံတို့ ထိခိုက်တွေ့ဆုံမှု (ဖဿာဟာရ)

၃။ အသိစိတ် (ဝိညာဏာဟာရ) နှင့်

၄။ စေတနာ စေတသိက် (မနောသဉ္စေတနာဟာရ) တို့ ဖြစ်သည်။ [၁]

ဤလေးပါးတို့အနက်တွင် စေတနာစေတသိက်သည် ဘဝ၌ ရပ်တည်ရန်၊ တစ်ဖန်ဘဝသစ်ဖြစ်ပေါ်ရန်၊ ဘဝစဉ်ဆက်ရန် နှင့် ဘဝပေါင်းများစွာဖြစ်ပေါ်ရန် လိုလားနိူးဆွနေသော စိတ်အလို အာသာဆန္ဒပင် ဖြစ်ပေသည်။ [၂] ကောင်းမှုနှင့်မကောင်းမှုများ ပြုလုပ်ခြင်းအားဖြင့် (ကုသလာ ကုသလကမ္မ) [၃] ဤအလိုဆန္ဒသည် ဘဝရပ်တည်ရေးနှင့် စဉ်ဆက်ရေး၏ ရေသောက်မြစ်ကို ဖန်တီးလေသည်။ ဤအလိုဆန္ဒသည် စေတနာ[၄] ပင်ဖြစ်သည်။ စေတနာသည် ကံပင်ဖြစ်၏ဟု ဗုဒ္ဓရှင်းလင်းပြကြောင်း ရှေ့ပိုင်းတွင် ဖော်ပြခဲ့ပြီးပေပြီ။ အထက်ဖော်ပြပါ မနောသဉ္စေတနာဟာရ နှင့် ပတ်သက်၍ 'မနောသဉ္စေတနာဟာရ ကို နားလည်သဘောပေါက်လျှင် တဏှာသုံးပါး [၅] အကြောင်းကို သိရှိနားလည်ပြီ' ဟု ဗုဒ္ဓက မိန့်ဆိုခဲ့လေသည်။ ဤနည်းဖြင့် တဏှာ၊ စေတနာ၊ မနောသဉ္စေတနာဟာရ၊ ကံ စသည်တို့သည် သဘောအနက် တစ်ခုတည်းကိုသာ ဆောင်ကြပေသည်။ ၎င်းအနက်အဓိပ္ပါယ်ကား 'ဘဝတည်ရှိရန်၊ ဘဝသစ်ထူထောင်ရန်၊ ဘဝပေါင်းများစွာဖြစ်လာရန်၊ တိုးပွားသည်ထက် တိုးပွားလာရန်၊ စုပေါင်းသည်ထက် စုပေါင်းလာရန်' အလိုဆန္ဒ အာသာရမ္မက်ပင်ဖြစ်သည်။ ဤသည်ပင် ဒုက္ခဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်းဖြစ်၍ သတ္တဝါတည်း ဟူသော ခန္ဓာ ၅ ပါးတွင် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်တွေ့ရှိရသည်။ [၆]

ဤအချက်သည် ဗုဒ္ဓဒေသနာတွင် အရေးအကြီးဆုံးနှင့် အထူးဂရုပြုအပ်သော အချက်ကြီးများအနက် တစ်ချက်ဖြစ်ပေသည်။ ထို့ကြောင့် ဒုက္ခဖြစ်ပေါ်စေသော အကြောင်းအရာ၊ ဒုက္ခ၏ မျိုးစေ့သည် ဒုက္ခတရားကိုယ်တွင်းမှာသာရှိ၍ အပြင်အပတွင် မဟုတ်ကြောင်း ကျွန်ုပ်တို့ ရှင်းလင်းသေချာစွာ မှတ်သားကြရပေမည်။ ထိုနည်းတူ ဒုက္ခဖြစ်ပေါ်စေသော အကြောင်း၏ ချုပ်ငြိမ်းရာ၊ ဒုက္ခမျိုးစေ့ ပျက်ပြုန်းရာသည် ဒုက္ခတရား၏ အတွင်းမှာသာရှိ၍ အပြင်ပတွင် မဟုတ်ကြောင်း မှတ်သားသတိပြုကြရမည်။ ပါဠိတော်များတွင် တွေ့ရှိရသည့် 'ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံတံ နိရောဓ ဓမ္မံ'= ဖြစ်ပေါ်ခြင်းသဘောရှိသော တရားဟူသမျှသည် ချုပ်ပျောက်ခြင်း သဘောရှိ၏။ [၇] ဟုဆိုရာ၌ ဤ အဓိပ္ပါယ်ကို ဆိုလိုရင်းဖြစ်ပေသည်။ သတ္တဝါသော်လည်းကောင်း၊ အရာဝတ္ထုသော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုသော်လည်းကောင်း မိမိအတွင်း၌ ဖြစ်ပေါ်ခြင်း၊ ပေါက်ပွားခြင်း သဘာဝ ကိန်းအောင်းပါရှိနေပါက ကိုယ်တိုင်ချုပ်ငြိမ်းရာ

---

၁။ မဇ္ဈိမနိကာယ် ၁ (ပတစ) စာမျက်နှာ ၄၈။

၂။ ဤစေတနာစေတသိက်ကို ခေတ်သစ် စိတ်ပညာမှ 'လီဗီဒို' ခေါ်ကာမစိတ်နှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။

၃။ မဇ္ဈိမနိကာယ် အဋ္ဌကထာ၊ ပပဉ္စသူဒနီ ၁ (ပတစ) စာမျက်နှာ ၂၁၀။

၄။ မနောသဉ္စေတနာတိ စေတနာ ဧဝ ဝုစ္စတိ။ ပပဉ္စသူဒနီ၊ စာမျက်နှာ ၂၀၉။

၅။ သံယုတ် ၂၊ စာမျက်နှာ ၁၀၀။ (၁) ကာမတဏှာ၊ (၂) ဘဝတဏှာ၊ (၃) ဝိဘဝတဏှာ။

၆။ သံယုတ် ၂၊ စာမျက်နှာ ၂၂။

၇။ မဇ္ဈိမနိကာယ် ၃ (ပတစ) စာမျက်နှာ ၂၈၀။ သံယုတ် ၄၊ စာမျက်နှာ ၄၇–၁၀၇။ သံယုတ် ၅၊ စာမျက်နှာ ၄၂၅။

ပျက်ပြုန်းရာသဘောနှင့် ဗီဇမျိုးစေ့လည်း မိမိ၏အတွင်း၌ တစ်ပါတည်း ကပ်လျက် တည်ရှိမြဲဖြစ်သည်။ ဤနည်းဖြင့် ဒုက္ခ (ခန္ဓာငါးပါး) သည် ၎င်း၏တရားအတွင်း၌ ဖြစ်ပေါ်ခြင်းသဘောရှိရကား ၎င်း၏ ချုပ်ငြိမ်းခြင်းသဘောလည်း ၎င်း၏ အတွင်း၌ပင် ကိန်းအောင်းတည်ရှိနေပေသည်။ ဤအချက်ကို တတိယအရိယသစ္စာ နိရောဓ အကြောင်း ဆွေးနွေးရာတွင် ထပ်မံတင်ပြပါဦးမည်။

ပါဠိစကားလုံး 'ကမ္မ' သို့မဟုတ် သက္ကတစကားလုံး 'ကရ်မ' (ခါတ်–ကရ်ပြုလုပ်ရန်) ၏ ဝေါဟာရ စာပေ အဓိပ္ပါယ်သည် 'အမှု'၊ 'ဆောင်ရွက်ခြင်း' ဟူ၍ဖြစ်သည်။ သို့ရာတွင် ဗုဒ္ဓဝါဒတွင် ယူဆသော 'ကမ္မ'၏သဘောမှာ တိကျထူးခြားသော အနက်ကိုပြ၍ ဆောင်ရွက် လုပ်ကိုင်မှုတိုင်းကို မဆိုလို၊ စေတနာ၏ အမှုကိုသာ ကံဟု ဆိုလိုပေသည်။ လူအများမှားယွင်း၍ ပေါ့ပေါ့ဆဆ သုံးစွဲယူဆနေသကဲ့သို့ ကမ္မ၏ အကျိုးတရားကိုလည်း ဆိုလိုသည် မဟုတ်ပေ။ ဗုဒ္ဓဘာသာစာပေတွင် ကမ္မသည် အကျိုးတရားဟု အဓိပ္ပါယ် မသက်ရောက်ပေ။ ကမ္မကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားကို ကမ္မဖလ သို့မဟုတ် ကမ္မဝိပါက ဟူ၍ ခေါ်တွင်သည်။

ဆန္ဒလောဘသည် ကောင်းသည်လည်းရှိ၊ ဆိုးသည်လည်း ရှိသကဲ့သို့ စေတနာသည်လည်း အကောင်းအဆိုး (၂) မျိုး ရှိနိုင်ရကား ကံတွင် အကောင်းအဆိုး ရှိရသည်။ ကောင်းသောကံ (ကုသလ)သည် ကောင်းကျိုးကို ဖြစ်ပေါ်စေ၍ မကောင်းသောကံ (အကုသလ) သည် မကောင်းကျိုးကို ပေးလေသည်။ တဏှာ၊ စေတနာ၊ ကံတို့တွင် ကောင်းလျှင် ကောင်းသလို၊ ဆိုးလျှင် ဆိုးသည့်အလျောက် အကျိုးအဖြစ်ဖြင့် ဆက်လက်တည်ရှိ ဖြစ်ပေါ်ရန် အားအရှိန်ရှိကြသည်။ အကောင်း၊ အဆိုးဟူသည် နှိုင်းခိုင်း၍ သုံးနှုန်းထားခြင်းသာဖြစ်၍ သံသရာစက်ဝိုင်း အတွင်းမှာပင် တည်ရှိရပေသည်။ ရဟန္တာသည် အမှုကိစ္စကို ပြုမူဆောင်ရွက်သော်လည်း ကံအရာမရောက်ချေ။ အကြောင်းမူ ရဟန္တာသည် သက္ကာယ ဒိဋ္ဌိ ပယ်ခွာပြီးဖြစ်၍ ဘဝဆက်တည်ရန်၊ ဖြစ်ပေါ်ရန် တဏှာနှင့် အခြားကိလေသာ အညစ်အကြေး (သဘာဝဓမ္မ) များမှ ကင်းလွတ်ပြီး ဖြစ်သောကြောင့်ပေတည်း။ ၎င်းအတွက် ဘဝတစ်ဖန် မဖြစ်တော့ပြီ။

ကံသဘောတရားကို လောကကျင့်ဝတ်အတိုင်း တရားစီရင်မှု၊ သို့မဟုတ် ဆုလာဘ် နှင့် အပြစ်ဒဏ် ဟု ခေါ်ဆိုကြသည့် ဝါဒများနှင့် မရှုပ်ထွေးမိရန် သတိပြုရပေမည်။ 'ကျင့်ဝတ်အရ တရားမျှတစေခြင်း'၊ 'ဆုလာဘ်တော် ချခြင်း'၊ 'အပြစ်ဒဏ်ထားခြင်း'၊ စသော အယူသဘောတို့သည် 'ထာဝရ ဘုရားသခင်'ဝါဒမှ ဆင်းသက်လာခြင်း ဖြစ်သည်။ ထာဝရ ဘုရားသခင်သည် အမှားအမှန်ကို ဝေဖန်ဆုံးဖြတ်၍ တရားဥပဒေများ သတ်မှတ်ချထားခြင်း၊ တရားစီရင် ဆုံးဖြတ်ခြင်းများ ပြုသည်ဟု ယုံကြည်ကြသည်။ 'တရားမျှတစေခြင်း'ဟူသော ဝေါဟာရသည် မရှင်းလင်း မပြတ်သားဘဲ အန္တရာယ်များကို ဖြစ်ပေါ်စေသည်။ လူ့လောကတွင် ဤ 'တရားမျှတစေမှု'ကိစ္စများကြောင့် ကောင်းကျိုးထက် ဆိုးပြစ်ကို ပို၍ ခံယူနေကြရသည်။ ကံ အယူဝါဒမှာမူ အကြောင်းနှင့် အကျိုးသဘောတရား၊ လှုပ်ရှားမှု နှင့် တုံ့ပြန်မှုသဘောတရားများသာ ဖြစ်သည်။ ဤသဘောတရားသည် သဘာဝဓမ္မဖြစ်၍ 'တရားမျှတမှု'၊ 'ဆုလာဘ်ချမှု'၊ 'အပြစ်ဒဏ်ခတ်မှု' စသော ဝါဒများနှင့် မည်သို့မျှ မသက်ဆိုင်ပေ။

မည်သည့်စေတနာကံမဆို ၎င်း၏အကျိုးတရားကို ဖြစ်ပေါ်စေသည်။ ကောင်းသော ဆောင်ရွက်မှုအတွက် ကောင်းကျိုးထွက်ပေါ်၍ မကောင်းမှုအတွက် မကောင်းကျိုးခံယူရပေမည်။ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့် တန်ခိုးအာဏာ ရှင်ကမျှ မိမိအပြုအမူကို ဝေဖန်ဆုံးဖြတ်ချက်ချခြင်း၊ သာနာညီမျှစေခြင်း၊ ဆုလာဘ်ချတော်မူခြင်း၊ အပြစ်ဒဏ်ခတ်ခြင်း များ ပြုလုပ်သည်မဟုတ်ဘဲ သဘာဝဓမ္မအရ အလိုအလျောက် ကောင်းကျိုး၊ မကောင်းကျိုး ပေါ်ထွက်ရခြင်းပင် ဖြစ်သည်။ ဤအချက်ကို သိရှိနားလည်ရန် ခဲယဉ်းလှမည်မဟုတ်ပေ။ စေတနာကံ၏ အကျိုးသည် ဘဝသက်တမ်း ကုန်ဆုံးပြီးနောက် ဘဝသစ်မှာလည်း ဆက်လက်ပေါ်လွင်နိုင်သည်ဟူသည့် အချက်ကိုမူ လွယ်လွယ်ဖြင့် နားလည်နိုင် မည် မဟုတ်ပေ။ ဤနေရာ၌ ဗုဒ္ဓဝါဒအရ 'သေဆုံးခြင်း'ဟူသော အကြောင်းခြင်းရာကို ရှင်းလင်းတင်ပြရပေမည်။

'သတ္တဝါ'ဆိုသည်မှာ ရုပ်နာမ်တည်းဟူသော အား(ဝါ) စွမ်းအင်များ ပေါင်းစပ်နေခြင်းမျှသာ ဖြစ်ကြောင်း ရှေ့တွင် ဖော်ပြပြီးဖြစ်သည်။ 'သေခြင်း'ဆိုသည်မှာ ရူပကာယသည် မိမိဆောင်ရွက်ရန် အမှုကိစ္စအားလုံးကို မဆောင်ရွက် တော့ဘဲ လုံးဝချုပ်ငြိမ်းသွားခြင်း ဖြစ်ပေသည်။ ဤသို့ ရူပကာယက အမှုကိစ္စအားလုံး မဆောင်ရွက်သည့် အချိန်တွင် အထက်ဖော်ပြပါ အား(ဝါ) စွမ်းအင်အားလုံး ရပ်စဲသွားပါသလောဟု မေးမြန်းရန် ရှိပေသည်။ ဗုဒ္ဓဝါဒအရ ဖြေကြားချက်မှာ 'မရပ်စဲပါ'ဟုပင်ဖြစ်သည်။ ဘဝတည်ရှိစေလိုသော၊ ဘဝကို ဆက်လက်စေလိုသော၊ တစ်ဘဝပြီး တစ်ဘဝ ထပ်ကာထပ်ကာ ဖြစ်စေလိုသော အာသာဆန္ဒ၊ စေတနာ၊ ဇော၊ ရမ္မက်၊ တဏှာသည် အလွန်ကြီးမားသော အင်အားတစ်ခုဖြစ်ရကား တစ်သက်တာလုံးသော်လည်းကောင်း၊ တစ်ဘဝလုံးကိုသော်လည်းကောင်း၊ ကမ္ဘာကြီးတစ်ခု လုံးကိုသော်လည်းကောင်း ရွေ့ရှား၊ လှုပ်ရှားစေနိုင်ပေသည်။ ကမ္ဘာတွင် ဤအင်အားထက် ကြီးမားသော အင်အား

မရှိပြီ။ ဗုဒ္ဓဝါဒအရ ရူပကာယသည် အမှုကိစ္စအားလုံး ဆောင်ရွက်မှုရပ်စဲ၍ သေဆုံးခြင်း ရောက်ပြီဟု ဆိုရသောအချိန်တွင် ဤစွမ်းအင် အပဟုန်သည် တန့်ရပ်မှုမရှိဘဲ အခြားရုပ်သဏ္ဍာန်တစ်ခု၌ ဆက်လက်၍ ထင်ရှားပြ ပြန်ပေသည်။ ဤသို့ဖြင့် ဘဝသစ် တစ်ဖန်ဖြစ်ပေါ်လာရပေသည်။

ဤတွင် ပြဿနာတစ်ရပ်ပေါ်လာပြန်သည်။ အတ္တ သို့မဟုတ် ဝိညာဏ်ကောင်ကဲ့သို့ ထာဝရတည်မြဲသော မပြောင်းလဲသော အရာဝတ္ထု၊ သို့မဟုတ် အထည်ကိုယ်ဟူ၍ မရှိဟုဆိုပါက သေသည်၏အခြားမဲ့၌ တစ်ဖန်ပြန်လည်ဖြစ်ပေါ်လာသော ဘဝအသစ် ပြန်လည်ထူထောင်သောအရာသည် မည်သည့်အရာ ဖြစ်ပါသနည်း။ သေသည်၏ အခြားမဲ့၌ ဖြစ်ပေါ်လာသော ဘဝကို မဆွေးနွေးမီ ယခု ပစ္စက္ခဘဝသက်တမ်းသည် အဘယ်ရာနည်း။ အဘယ်ကဲ့သို့ ဆက်လက်ဖြစ်ပေါ်နေသနည်း ဟူသောအကြောင်းကို စဉ်းစားကြရပေမည်။ ဘဝ၊ လောက၊ သက်တမ်း ဆိုသည်မှာ ရုပ်နာမ်တည်းဟူသော အင်အားစွမ်းအင်တို့ ပေါင်းစပ် ဖြစ်ပေါ်လာသည့်ခန္ဓာငါးပါးအစုအဝေးသာဖြစ်ကြောင်း ထပ်ခါတလဲလဲ ဖော်ပြခဲ့ပြီးဖြစ်ပေသည်။ ၎င်းတို့သည် အစဉ်သဖြင့် ပြောင်းလဲလျက်ရှိရာ တစ်ခဏမှသည် နောက်တစ်ခဏတိုင် ဆက်လက်တည်မြဲခြင်း မရှိ။ ခဏတိုင်းခဏတိုင်း မွေးဖွားလိုက်(ဖြစ်ပေါ်လိုက်)၊ သေဆုံးလိုက်(ပျက်ပြုန်းလိုက်) ဖြစ်နေကြသည်။ “အိုး–ရဟန်းတို့၊ ခန္ဓာတို့ ဖြစ်ပေါ်လိုက်၊ ရင့်ရော်လိုက်၊ ပျက်ပြုန်းလိုက်တိုင်း သင်တို့သည် မွေးဖွားလိုက်၊ ယိုယွင်းလိုက် သေလိုက် ဖြစ်နေကြသည်။” ထို့ကြောင့် ဤတစ်သက်တာ ဘဝအတွင်းမှာပင် ခဏတိုင်းခဏတိုင်း ကျွန်ုပ်တို့သည် မွေးလိုက်၊ သေလိုက်ဖြစ်နေလျှက်နှင့် ဆက်လက်တည်ရှိနေကြရသည်။ ဤတစ်သက်တာ ဘဝအတွင်း အတ္တ၊ သို့မဟုတ် ဝိညာဉ်ကောင်ကဲ့သို့ မပြောင်းလဲတည်မြဲသော အထည်ကိုယ် မရှိပါဘဲလျှက် ဆက်လက်တည်ရှိနေခြင်းကို နားလည်နိုင်ပါက ရူပကာယ ချုပ်ငြိမ်းပြီးနောက် ဤအင်အားစုများပင် အတ္တ သို့မဟုတ် ဝိညာဉ်ကောင် မပါဘဲ ဆက်လက်တည်ရှိနေနိုင်ခြင်းကို နားမလည်နိုင်စရာမရှိပါ။

ဤရူပကာယသည် အမှုခပ်သိမ်း မဆောင်ရွက်တော့ဘဲ ချုပ်ငြိမ်းသွားသောအခါတွင် အားစွမ်းအင်များသည် ၎င်းနှင့်တကွ ချုပ်ငြိမ်းပျက်သုဉ်းမသွားဘဲ ဘဝသစ်တည်းဟူသော အခြားရုပ်ပုံသဏ္ဍာန်တစ်ခုကို ဆက်လက်တည်ရှိနေပေသည်။ ကလေးငယ်၌ ကာယ၊ စိတ္တ၊ ဉာဏ စွမ်းအင်တို့သည် နုနည့်ချိနဲ့လျက်ရှိသော်လည်း ဖွံ့ဖြိုးသောလူကြီးတစ်ဦး ဖြစ်ပေါ်လာစေရန် ငုပ်လျှိုးနေသော တန်ခိုးသတ္တိတို့ ကိန်းအောင်း ပါဝင်ပြီးဖြစ်ပေသည်။ သတ္တဝါတစ်ဦး၏ ရုပ်နာမ်တည်းဟူသော အားစွမ်းအင်များတွင်လည်း ရုပ်ပုံသဏ္ဍာန်သစ်တစ်ခုကိုယူရန် အစွမ်းသတ္တိတို့ ကိန်းအောင်းလျက် ရှိ၍ ယင်းတို့သည် တဖြည်းဖြည်းဖွံ့ဖြိုးလာကာ အပြည့်စုံဆုံးအခြေသို့တိုင်အောင် တိုးတက်ကြီးပွားလာကြပေသည်။

အစဉ်တည်မြဲသော မပြောင်းလဲသောအရာဝတ္ထုဟူ၍ မရှိရကား တစ်ခဏမှသည် တစ်ခဏသို့ မည်သည့်အရာမျှ ကူးပြောင်းသွားသည်မဟုတ်ပေ။ ထို့ကြောင့် တစ်ဘဝမှတစ်ဘဝသို့ မည်သည့်တည်မြဲသော၊ မပြောင်းလဲသော အရာမျှ ရွှေ့ပြောင်းကူးသန်းမသွားကြောင်း ထင်ရှားလှပေသည်။ ခဏတိုင်း၊ ခဏတိုင်း ပြောင်းလဲနေသော်လည်း အဆက်မပြတ်ဖြစ်ပေါ်နေသည့် အစဉ်မျှသာဖြစ်သည်။ အမှန်စင်စစ် ဤအစဉ်သည် ရွေ့လျားလှုပ်ရှားမှု တစ်ခုသာဖြစ်ပေသည်။ ညလုံးပေါက်ထွန်းတောက်နေသည့် မီးလျှံတစ်ခုကဲ့သို့ပင်တည်း။ မီးလျှံထပ်တူလည်း မဟုတ်၊ အခြားမီးလျှံလည်း မဟုတ်ပေ။ ကလေးငယ်မှ အသက် (၆၀) ရွယ်သို့ ရောက်သွားရာတွင် အသက် (၆၀) ရှိသူမှာ ယခင်နှစ်ပေါင်း (၆၀) က ကလေးငယ်လည်း မည်သို့မျှမဟုတ်နိုင်။ အခြားပုဂ္ဂိုလ်တစ်ဦးလည်း မဖြစ်နိုင်ချေ။ ထို့အတူ ဤနေရာတွင်သေ၍ အခြားတစ်နေရာတွင် ဘဝသစ်ယူသူမှာ ယခင်ပုဂ္ဂိုလ်လည်းမဟုတ်၊ အခြားပုဂ္ဂိုလ်တစ်ဦးလည်း မဟုတ်ချေ။ (န စ သော၊ န စ အညော) ယခင် အစဉ်သန္တာန်တစ်ခုတည်း၏ အဆက်သာလျှင် ဖြစ်ချေသည်။ သေခြင်းနှင့် မွေးခြင်းတို့၏ ခြားနားခြင်းသည် စိတ်တစ်ခဏသာဖြစ်သည်။ ဤဘဝ၏ နောက်ဆုံးစိတ်တစ်ခဏ (စုတိစိတ်) သည် နောက်ဘဝ၏ ပထမဦးဆုံးစိတ်တစ်ခဏ (ပဋိသန္ဓေစိတ်) ကိုပေါ်ပေါက်စေရန် အကြောင်းကို ဖန်တီးပေးရကား အစဉ်သန္တာန်တန်းတွင် တစ်ဆက်တည်းသာဖြစ်ပေသည်။ ဤတစ်သက်တာ ဘဝ၌ပင်လျှင် ရှေ့စိတ်တစ်ခဏသည် နောက်စိတ်တစ်ခဏ၏ ဖြစ်ပေါ်စေကြောင်းကို ဖန်တီးလေသည်။ ထို့ကြောင့် ဗုဒ္ဓဝါဒီတို့၏ အမြင်အရ သေသည်၏နောက်၌ဖြစ်ပေါ်ရသော ဘဝအကြောင်းသည် နက်နဲလျှို့ဝှက်လှသည့် ကိစ္စတစ်ရပ်မဟုတ်ရကား ဤပြဿနာကြောင့် ဗုဒ္ဓဘာသာဝင်တစ်ဦးသည် ပူပန်စိုးရိမ်ခြင်းမရှိလှပေ။

ဘဝတည်ရှိရန်နှင့် ဖြစ်ပေါ်ရန်စွဲလမ်းသော တဏှာ ရှိနေသမျှ သံသရာစက်ရဟတ်သည် လည်ပတ်မြဲလည်ပတ်နေမည်သာ ဖြစ်သည်။ ယင်းစက်ရဟတ်အား ခုတ်မောင်းနေသည့် အင်အားတည်းဟူသော ဤ တဏှာ ကို

“အမှန်တရားသစ္စာ (၀ါ) နိဗ္ဗာန်” ကို မျက်မှောက်ပြုသောပညာဖြင့် ဖြတ်တောက်နိုင်မှသာ ဤသံသရာ စက်ရဟတ် အလည်ရပ်နိုင်ပေမည်။

အခန်း(၄)

# တတိယ အရိယသစ္စာ နိရောဓ

### နိရောဓ = ဒုက္ခချုပ်ငြိမ်းခြင်း

တတိယမြောက် အရိယသစ္စာသည် ဒုက္ခမှသော်လည်းကောင်း၊ ဒုက္ခသံသရာမှ သော်လည်းကောင်း၊ လွတ်မြောက်မှု၊ ကယ်တင်မှု၊ လွတ်လပ်မှုရှိကြောင်းပင် ဖြစ်သည်။ ဤလွတ်မြောက်မှုသည် ဒုက္ခချုပ်ငြိမ်းသော အမှန်တရား (ဒုက္ခနိရောဓ အရိယသစ္စာ) ဖြစ်၍ သက္ကတဘာသာဖြင့် နိရ်ဝါဏ – ခေါ် အသိများကြသော နိဗ္ဗာန်ပင်တည်း။

ဒုက္ခကို လုံးဝပယ်ထုတ်ရန် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဒုက္ခ၏ ပင်မအရင်းဖြစ်သော တဏှာကို အမြစ်မှ ပယ်ဖြတ်ပစ်ရပေမည်။ ထို့ကြောင့် နိဗ္ဗာန်ကို "တဏှာကုန်ဆုံးခြင်း၊ တဏှာက္ခယ" ဟူ၍လည်း ခေါ်ဝေါ်ကြသည်။

နိဗ္ဗာန်ဆိုသည် အဘယ်နည်းဟု မေးမြန်းကြပေလိမ့်မည်။ ဤကဲ့သို့ သဘာဝကျ၍ မေးမြန်းသင့်သော ပုစ္ဆာ ရိုးရိုးကိုဖြေကြားရန် ကျမ်းပေါင်းများစွား ရေးသားပြီးကြပေပြီ။ သို့ရာတွင် အဖြေကျမ်းများရေးသားလေလေ ပုစ္ဆာကို ရှင်းလင်းစေမည့်အစား ပိုမိုရှုပ်ထွေးစေလေလေဖြစ်နေပေသည်။ ဤပုစ္ဆာကို စကားလုံးအားဖြင့်ပြည့်စုံစွာနှင့် ကျေနပ်ဖွယ်ရာ မဖြေစွမ်းနိုင်ပါဟု ပြန်ကြားခြင်းသည်သာ အသင့်လျော်ဆုံးဖြစ်ပေသည်။ အကြောင်းမူ နိဗ္ဗာန်သည် "အကြွင်းမဲ့ မှန်ကန်သောတရား"၊ သို့မဟုတ် "မူလပင်မဖြစ်သောသစ္စာတရား" ဖြစ်ရကား ၎င်း၏ သဘောတရားမှန်ကို ဖော်ပြနိုင်ရန် လူတို့၏ ဝေါဟာရစကားသည် ပြည့်စုံလုံလောက်စွာ မကြွယ်ဝချေ။ လူအပေါင်းတို့သည် ၎င်းတို့၏ ပသာဒရုပ်အကြည်ဓါတ်နှင့် မနဓါတ်တို့တွင်တွေ့ကြုံရသော အကြောင်းအရာများ၊ စိတ်ကူးများကို ဖော်ပြရန် ဘာသာစကားများကို တီထွင်သုံးစွဲကြခြင်းဖြစ်သည်။ "အကြွင်းမဲ့ မှန်ကန်သောတရား"ကဲ့သို့သော အတွေ့အကြုံမျိုးသည် လောကီနယ်မှ ကျော်လွန်သော လောကုတ္တရာကိစ္စရပ်ဖြစ်၍ အထက်ဖော်ပြသည့် လူတို့၏ အတွေ့အကြုံမျိုးတွင် မပါဝင်ချေ။

သို့ဖြစ်၍ ငါးသတ္တဝါတွင် ကုန်းမြေအကြောင်းကို ဖော်ပြနိုင်ရန် ဝေါဟာရမရှိသကဲ့သို့ လူတို့တွင်လည်း လောကုတ္တရာ အတွေ့အကြုံကို ဖော်ပြနိုင်ရန် စကားလုံးမရှိချေ။ လိပ်က ၎င်း၏မိတ်ဆွေငါးအား ကုန်းပေါ်မှာလမ်းလျှောက်၍ ရေကန်သို့ပြန်လာကြောင်း ပြောပြသည်။ ငါးက "အော်၊ဟုတ်လား၊ ရေကူးလာခဲ့တာမဟုတ်လား" ဟု ပြန်မေးလေသည်။ လိပ်က ကုန်းပေါ်တွင်ရေမကူးနိုင်ကြောင်း၊ ကုန်းမြေသည် မာကျောကြောင်း၊ လမ်းလျှောက်၍သွားရကြောင်း ရှင်းပြသည်။ သို့ရာတွင် ငါးက လိပ်ပြောသောကုန်းမြေကဲ့သို့ မရှိနိုင်ကြောင်း၊ ရေကန်ကဲ့သို့ပင် လှိုင်းအိကလေးများနှင့် ရေပြင်သာဖြစ်ရမည်ဖြစ်၍ ရေကူးနိုင်၊ ရေငုပ်နိုင်မည်သာဖြစ်ကြောင်း ဇွတ်ငြင်းဆိုလေတော့သည်။

စကားလုံးများသည် ကျွန်ုပ်တို့သိရှိသောအရာများ၊ စိတ်ကူးများကို ထင်လင်းဖော်ပြသော အမှတ်အသား သင်္ကေတများဖြစ်သည်။ ယင်းတို့သည် သာမန်အကြောင်းအရာ၊ ဝတ္ထုများ၏ သဘောတရားမှန်ကိုပင် မဆောင်ကြဉ်းနိုင်၊ မဆောင်ကြဉ်းကြပေ။ သစ္စာတရားကို ရှင်းလင်းဖော်ပြရာ၌ ဘာသာဝေါဟာရသည် ထင်ယောင်ထင်မှား ဖြစ်စေတတ်သည်။ လွဲညွှန်တတ်သည် ဟု ယူဆကြသည်။ လင်္ကာဝတာရ သုတ္တတွင် ပညာမဲ့သောသူတို့သည် ရွှံ့နွံတွင်နစ်သော ဆင်ပြောင်ကဲ့သို့ စကားလုံးများတွင် နစ်မြုပ်နေကြကြောင်း ဖော်ပြထားသည်။[၁]

သို့တစေ ဘာသာဝေါဟာရမရှိ၍လည်း မဖြစ်ပေ။သို့ရာတွင် နိဗ္ဗာန်ကို တိုက်ရိုက်စကားလုံးများဖြင့် အနက်ပေး၍ ဖော်ပြရှင်းလင်းပါက ထိုစကားလုံးများနှင့် ယှဉ်တွဲနေသော သဘောအယူအဆများကို ရုတ်တရက်စွဲယူလိုက်နိုင်သောကြောင့် ဖြောင့်ဖြောင့်ဆန့်ကျင်သော အဓိပ္ပါယ် ကောက်ချက်ချမှတ်နိုင်ကြသည်။ သို့ဖြစ်ရကား အပြစ်အန္တရာယ်ပို၍ကင်းသောနည်းကိုသုံး၍ ဆန့်ကျင်ဘက် အနက်အဓိပ္ပါယ်များဖြင့် နိဗ္ဗာန်ကို ဖော်ပြတတ်ကြသည်။[၂] ထို့ကြောင့် နိဗ္ဗာန်ကို တဏှာကုန်ဆုံးခြင်း (တဏှာက္ခယ)၊ အကြောင်းတရားတို့ မပေါင်းဆုံ မပြုပြင်၊ မစီရင်အပ်သော တရား (အသင်္ခတ)၊ ရာဂကင်းငြိမ်းခြင်း (ဝိရာဂ)၊ ချုပ်ငြိမ်းခြင်း (နိရောဓ)၊ ငြိမ်းသတ်ခြင်း၊ မှုတ်ငြိမ်းခြင်း (နိဗ္ဗာန) စသော ဆန့်

---

၁။ လင်္ကာဝတာရသုတ္တ၊ နန်ဂျီယို၊ ကျိုတို၊ ၁၉၂၃၊ စာမျက်နှာ ၁၁၃။

၂။ တခါတရံမူ ဖြောင့်ဖြောင့်အနက်အဓိပ္ပါယ်ဆောင်သည့် သိဝ=ချမ်းသာခြင်း၊ကောင်းမြတ်ခြင်း။ ခေမ=ဘေးကင်းခြင်း။ သုဒ္ဓိ=စင်ကြယ်ခြင်း။ ဒီပ=ကျွန်း။ သရဏ=ကိုးကွယ်လဲလျောင်းရာ။ တာဏ=အကာအကွယ်အစောင့်အရှောက်။ ပါရ=တစ်ဘက်ကမ်း၊အခြားတစ်ဖက်။ သန္တိ=ငြိမ်းချမ်းခြင်း၊ ငြိမ်သက်ခြင်း စသော စကားလုံးများဖြင့် နိဗ္ဗာန်ကို ဖော်ပြကြသည်။ သံယုတ္တနိကာယ်၊ အသင်္ခတသံယုတ်တွင် နိဗ္ဗာန်ကို ရည်ညွှန်းသည့် အဓိပ္ပါယ်တူစကားလုံးပေါင်း ၃၂ လုံး အသုံးပြုထားပေသည်။

ကျင်ဘက် အနက်စကားလုံးတို့ဖြင့် မကြာခဏ ရည်ညွှန်းကြသည်။

ပါဠိတော်များတွင် ပါရှိသည့်အတိုင်း နိဗ္ဗာန်၏ အဓိပ္ပါယ် ဖော်ပြချက်များကို တင်ပြရသော် ထိုတဏှာ၏ လုံးဝ ချုပ်ငြိမ်းခြင်း၊ စွန့်ပစ်ခြင်း၊ လက်လွှတ်ခြင်း၊ ထိုတဏှာ့ကျွန်ဘဝမှ လွတ်မြောက်ခြင်း၊ ထိုတဏှာမှ လွတ်မြောက်ခြင်း၊ ထိုတဏှာမှ စွန့်ခွာခွဲထွက်ခြင်း၊[၁] ပြုပြင်စီရင်အပ်သောတရားအားလုံးကို ငြိမ်းအေးစေခြင်း၊ ကိလေသာ အညစ်အကြေး ဟူသမျှကို စွန့်လွှတ်ခြင်း၊ တဏှာကို ငြိမ်းသတ်ခြင်း၊ စွန့်ခွာခြင်း၊ ချုပ်ငြိမ်းခြင်း၊ နိဗ္ဗာန်။[၂]

အို–ရဟန်းတို့၊ အကြောင်းတရားတို့ မပြုပြင်မစီရင်အပ်သောတရား (အသင်္ခတ) သည် အဘယ်နည်း။ အို–ရဟန်းတို့၊ တဏှာရာဂ ကုန်ဆုံးရာ (ရာဂက္ခယော)၊ အမျက်ဒေါသကုန်ဆုံးရာ (ဒေါသက္ခယော)၊ တွေဝေမိုက်မဲခြင်း ကုန်ဆုံးရာ (မောဟက္ခယော) ကို အသင်္ခတဟု ခေါ်ဝေါ်၏။[၃]

“အချင်း ရာဓ၊ တဏှာကုန်ဆုံးခြင်း (တဏှာက္ခယော) သည် နိဗ္ဗာန် ပင်တည်း။”[၄]

“အို–ရဟန်းတို့၊ အပြုပြင်ခံတရား၊ သို့မဟုတ် အပြုပြင်ကင်းတရား ရှိသမျှတို့တွင် ရာဂမှစွန့်ခွာခွဲထွက်ခြင်း (ဝိရာဂ) သည် အမြတ်ဆုံးဖြစ်သည်။ ထောင်လွှားမှုမှ လွတ်ကင်းရာ၊ တဏှာကိုဖျက်ဆီးရာ၊ စွဲလမ်းမှုကို အမြစ်ဖြစ်ရာ၊ ခန္ဓာအစဉ်ကို ဖြတ်တောက်ရာ၊ တဏှာကုန်ဆုံးရာ၊ ခွဲထွက်ရာ၊ ချုပ်ငြိမ်းရာ နိဗ္ဗာန်သည် အမြတ်ဆုံးပေတည်း။”[၅]

ပရိဗိုဇ်တစ်ဦးက အဘယ်သည် နိဗ္ဗာန်ဖြစ်သနည်းဟု တိုက်ရိုက်မေးမြန်း၍ ဗုဒ္ဓ၏ အဂ္ဂသာဝကကြီးဖြစ်သော အရှင်သာရိပုတ္တရာက ဖြေကြားရာတွင် ဗုဒ္ဓရှင်းပြသော အသင်္ခတ (အထက်တွင်ဖော်ပြပြီး) အတိုင်း “တဏှာကုန်ဆုံးရာ၊ တွေဝေမိုက်မဲခြင်းကုန်ဆုံးရာသည် နိဗ္ဗာန်ပင်တည်း” ဟု ဖြေကြားလေသည်။[၆]

ဥပါဒါနက္ခန္ဓာငါးပါးတို့၌ စွဲလမ်းတောင့်တ၊ တပ်မက်မှုကို စွန့်ပယ်ခြင်း၊ ဖြိုဖျက်ခြင်းတည်းဟူသော ဒုက္ခ၏ ချုပ်ငြိမ်းခြင်း[၇] ခန္ဓာအစဉ်နှင့် ဘဝချုပ်ငြိမ်းခြင်း (ဘဝနိရောဓ) သည် နိဗ္ဗာန်ပင်တည်း[၈] စသည်တို့ဖြစ်သည်။

နိဗ္ဗာန်နှင့်စပ်လျဉ်း၍ ဗုဒ္ဓမိန့်မြွက်သည်တို့ကို ဆက်လက်ဖော်ပြရသော် “အို–ရဟန်းတို့၊ မွေးဖွားခြင်း၊ အိုမင်းကြီးထွားခြင်း၊ သင်္ခါရပြုပြင်ခြင်းတို့ ကင်းငြိမ်းရာဟူ၍ ရှိ၏။ မွေးဖွားခြင်း၊ အိုမင်းကြီးထွားခြင်း၊ သင်္ခါရပြုပြင်ခြင်းတို့ မရှိလျှင် မွေးဖွားခြင်း၊ အိုမင်းကြီးထွားခြင်း၊ သင်္ခါရပြုပြင်ခြင်းမှ ထွက်မြောက်ရန် လမ်းမရှိပေ။ မွေးဖွားခြင်း၊ အိုမင်းကြီးထွားခြင်း၊ သင်္ခါရပြုပြင်ခြင်းတို့မှ ကင်းငြိမ်းရာဟူ၍ ရှိရကား မွေးဖွားခြင်း၊ အိုမင်းကြီးထွားခြင်း၊ သင်္ခါရပြုပြင်ခြင်းတို့မှ ထွက်မြောက်နိုင်ကြသည်။”[၉]

“နိဗ္ဗာန်တွင် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော ဓါတ်ကြီးလေးပါးမရှိ။ အလျားနှင့်အနံ၊ အနုနှင့် အကြမ်း၊ အကောင်းနှင့်အဆိုး၊ အမည်နာမနှင့် ရုပ်သဏ္ဌာန် စသည့်သဘောတို့သည် လုံးဝပျက်ပြုန်း၏။ ဤကမ္ဘာလည်းမဟုတ်၊ အခြားကမ္ဘာလည်း မမည်၊ လာခြင်း၊ သွားခြင်း၊ ရပ်တည်နေခြင်း၊ သေဆုံးခြင်း၊ မွေးဖွားခြင်းမရှိ၊ အာရုံဝတ္ထုဟူ၍လည်း မတွေ့ရတော့ပေ။”[၁၀]

နိဗ္ဗာန်ကို ဤကဲ့သို့ မရှိ၊ မဖြစ် စသည့် ပဋိသေဓ အသုံးအနှုန်းများဖြင့် ဖော်ပြရကား နိဗ္ဗာန်သည် ပဋိသေဓ အရာဖြစ်၍ မိမိကိုယ်မိမိ ဖျောက်ဖျက်ခြင်းဖြစ်သည်ဟူ၍ လူပေါင်းများစွာ မှားယွင်းသဘောပေါက် နေကြပေသည်။ နိဗ္ဗာန်သည် မိမိကိုယ်မိမိ ဖျောက်ဖျက်ပစ်ခြင်းမဟုတ်သည်မှာ သေချာလှသည်။ အကြောင်းမူဖျောက်ဖျက်ပစ်လိုက်ရန် မိမိကိုယ် ဟူ၍ပင်မရှိသောကြောင့်ပင်တည်း။ ဖျောက်ဖျက်ပစ်လိုက်ခြင်းဟုဆိုရပါလျှင် “မိမိကိုယ်” ဟု မှားယွင်းနေသော ထင်ယောင်ထင်မှား ဖြစ်နေသော အယူအဆကိုသာ ဖျောက်ဖျက်ခြင်းဖြစ်မည်။

---

၁။ မဟာဝဂ္ဂ၊ စာမျက်နှာ ၁၀၊ သံယုတ် ၅၊ စာမျက်နှာ ၄၂၁။
၂။ သံယုတ် ၁၊ စာမျက်နှာ ၁၃၆။
၃။ သံယုတ် ၄၊ စာမျက်နှာ ၃၅၉။
၄။ သံယုတ် ၄၊ စာမျက်နှာ ၁၉၀။
၅။ အင်္ဂုတ္တိုရ် ၂၊ (ပတစ) စာမျက်နှာ ၃၄။
၆။ သံယုတ် ၄၊ (ပတစ) စာမျက်နှာ ၂၅၁။
၇။ မဇ္ဈိမနိကာယ် ၁၊ (ပတစ) စာမျက်နှာ ၁၉၁။ အရှင်သာရိပုတ္တရာ၏ စကားလုံးများ။
၈။ သံယုတ်၂၊ (ပတစ) စာမျက်နှာ ၁၁၇။ ဗုဒ္ဓ၏အခြားတပည့်တစ်ဦးဖြစ်သော မုသီလ၏ စကားလုံးများ။
၉။ ဥဒါန (ကိုလံဘို ၁၉၂၉)၊ စာမျက်နှာ ၁၂၉။
၁၀။ ၎င်း စာမျက်နှာ ၁၂၈။ ဒီဃနိကာယ်၊ (ကိုလံဘို ၁၉၂၉) စာမျက်နှာ ၁၇၂။

နိဗ္ဗာန်ကို 'မရှိ၊မဖြစ်' (**Negative**) ဟူ၍လည်းကောင်း၊ 'အရှိ၊အဖြစ်' (**Positive**) ဟူ၍လည်းကောင်း ပြောဆိုလျှင် မမှန်ကန်ချေ။ 'မရှိ၊မဖြစ်' နှင့် 'အရှိ၊အဖြစ်' စသော သဘောအယူအဆသည် အချင်းချင်းဝဲ့သော နှိုင်းခိုင်းသော အညမညအရာဖြစ်၍ ဒွိစုံ၊ ယမကအယူနယ်ပယ် (**Realm of duality**) တွင်း၌ ရှိပေသည်။ ယမက နှင့် အညမညနယ်ကို လွန်မြောက်သွားသော ပကတိ (ပရမတ်) သစ္စာ နိဗ္ဗာန်ကိုမူ ဤအခေါ်အဝေါ်များဖြင့် မဖော်ပြနိုင်ပေ။

တားမြစ်ခြင်း၊ ငြင်းဆိုခြင်း (ပဋိသေဓ)၊ မရှိခြင်း အနက်ဆောင် စကားလုံးတိုင်း 'မရှိ၊မဖြစ်'ဟူသော သဘောကိုဖော်ပြသည်ဟု မယူဆနိုင်ပေ။ ဉပမာ–ကျန်းမာခြင်းကို ပါဠိနှင့် သက္ကတဘာသာတွင် 'အာရောဂျ'ရောဂါကင်းခြင်း၊ အနာမရှိခြင်း ဟူသော 'မရှိ၊မဖြစ်'အနက်ဆောင် စကားလုံးဖြင့်ခေါ်ဝေါ်၏။ သို့ရာတွင် ကျန်းမာခြင်း ဟူသည်မှာ 'မရှိ၊ မဖြစ်' သော အခြေအနေမဟုတ်ပေ။ နိဗ္ဗာန်နှင့် သဘောအဓိပ္ပါယ်တူ စကားလုံးဖြစ်သော'အမတ'သည် 'မသေခြင်း' ဟု ဆိုသော်လည်း 'မရှိ၊ မဖြစ်' သော အခြေအနေမဟုတ်ပေ။ ဆန့်ကျင်သော အနက်အဓိပ္ပါယ်ကို တားမြစ်ခြင်းသည် 'မရှိ၊ မဖြစ်' မဟုတ်ပေ။ လူသိအများဆုံး နိဗ္ဗာန်အဓိပ္ပါယ်ဆောင် စကားလုံးတစ်လုံးမှာ လွတ်လပ်ခြင်း 'မုတ္တိ' ဟု ပါဠိတွင် ခေါ်ဝေါ်သည်။ လွတ်လပ်ခြင်းကို မရှိသောအခြေအနေဟု မည်သူမျှသမုတ်မည် မဟုတ်ပေ။ သို့ရာတွင် လွတ်လပ်ခြင်းမှာပင် ဆန့်ကျင်ဘက်သဘော ရှိသေးသည်။ လွတ်လပ်သည်ဆိုသည်မှာ နှောင့်ယှက်ပိတ်ဆီးထားသည့်မှ မကောင်းသောအခြေ ဆန့်ကျင်ဘက်အခြေမှ လွတ်မြောက်သည်ကို ဆိုလိုသည်။ သို့ရာတွင် လွတ်လပ်ခြင်းသည် 'မရှိ၊ မဖြစ်' မဟုတ်ပေ။ ထို့ကြောင့် နိဗ္ဗာန်၊ မုတ္တိ၊ ဝိမုတ္တိသည် မကောင်းမှုအားလုံးမှ၊ လောဘ၊ ဒေါသ၊ မောဟမှ ကင်းလွတ်ခြင်း ယမက၊ အညမည၊ ကာလ၊ အာကာသ စသည့် အခေါ်အဝေါ်အယူအဆတို့မှ ကင်းလွတ်ခြင်းပင် ဖြစ်ပေသည်။

နိဗ္ဗာန်သည် ပရမတ္ထသစ္စာဖြစ်ကြောင်း မဇ္ဈိမနိကာယ် သုတ်အမှတ် ၁၄၀၊ ဓာတုဝိဘင်္ဂသုတ်တော်ကို ဖတ်ရှုလျှင် ကောင်းစွာ သဘောပေါက်နိုင်ပေမည်။ ဤ လွန်စွာအရေးကြီးသော သုတ်တရားတော်ကို အိုးထိန်းသည်၏ တဲတွင် တစ်ညတာအတူတကွ နေထိုင်ရာမှ တိတ်ဆိတ်ငြိမ်သက်လျှက်ရှိသော ညဥ့်ယံအခါ၌ တရားတော်ကို ကြည်ညိုလေးစား သိမြင်နားလည်ပေမည်ဟု သိတော်မူသောကြောင့် ပုက္ကုသာတိမထေရ်အား မြတ်စွာဘုရား ဟောကြားတော်မူလေသည်(အထက်တွင်ဖော်ပြပြီး)။ ဤ သုတ်မှ အဓိကအရေးကြီးသော အဆီအနှစ်ကို သက်ဆိုင်ရာ အပိုင်းများမှ ကောက်နုတ်၍ အောက်ပါအတိုင်းဖော်ပြလိုက်ပေသည်–

"လူပုဂ္ဂိုလ်တစ်ဦးသည် ပထဝီ၊အာပေါ၊တေဇော၊ဝါယော၊ အာကာသ၊ဝိညာဏ စသော ဓါတ်ကြီးခြောက်ပါးဖြင့် ဖွဲ့စည်းထား၏။ သူသည် ယင်းဓါတ်ခြောက်ပါးအား ခွဲခြမ်းစိစစ်ကြည့်လိုက်ရာ မည်သည့်ဓါတ်မျှ 'ငါပိုင်မဟုတ်'၊ 'ငါမဟုတ်'၊ 'ငါ၏အတ္တမဟုတ်'ကြောင်း တွေ့ရှိရသည်။ သူသည် ဝိညာဏ်၏ဖြစ်ပေါ်ခြင်း၊ ချုပ်ပျောက်ခြင်းအကြောင်းကို နားလည်သည်။ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဉပေက္ခာဝေဒနာတို့ ဖြစ်ပေါ် ချုပ်ပျောက်ခြင်းအကြောင်းကိုလည်း နားလည်သိရှိသည်။ ဤသို့သိရှိနားလည်သော အသိဉာဏ်ကြောင့် ၎င်း၏စိတ်သည် တွယ်တာမှု ကင်းလာ၏။ ၎င်းနောက် စင်ကြယ်ဖြူစင်သော ဉပေက္ခာသာလျှင် ကြွင်းကျန်တော့ရာ ၎င်းဉပေက္ခာကို အလိုရှိရာဈာန်သို့ ဆောင်ယူနိုင်၍ ရှည်မြင့်စွာသော ကာလပတ်လုံး တည်ရှိနိုင်သည်ကို သိရှိလေသည်။ ထို့နောက် ထိုသူသည် ဤသို့ သိ၏–

'ငါသည် ဤသို့ထက်ဝန်းကျင် စင်ကြယ်သော ဖြူစင်သော ဤဉပေက္ခာကို အာကာသာနဥ္စာယတနဈာန်သို့ အကယ်၍ ဆောင်ငြားအံ့၊ ထို အာကာသာနဥ္စာယတနဈာန် သို့ အစဉ်လိုက်သော (ရူပဈာန်)စိတ်ကိုလည်း ပွားငြားအံ့။ ဤ အာကာသာနဥ္စာယတနဈာန်သည် ပြုပြင်အပ်သော'သင်္ခတတရားတည်း'၊ ငါသည် ဤသို့ထက်ဝန်းကျင်စင်ကြယ်သော ဝိညာဏဥ္စာယတနဈာန် သို့၊ အာကိဉ္စညာယတနဈာန်သို့၊ နေဝသညာနာသညာယတနဈာန်သို့ အကယ်၍ ဆောင်ငြားအံ့၊ ထို နေဝသညာနာသညာယတနဈာန်သို့ အစဉ်လိုက်သော (ရူပဈာန်) စိတ်ကိုလည်း ပွားများအံ့၊ ဤ နေဝသညာနာသညာယတနဈာန်သည် ပြုပြင်အပ်သော 'သင်္ခတ'တရားတည်း ဟုသိ၏။"

ထိုသူသည် ကြီးပွားခြင်းငှာလည်းကောင်း၊ ဆုတ်ယုတ်ခြင်းငှာလည်းကောင်း ထိုဉပေက္ခာကို မပြုပြင်၊ မစေ့ဆော်။ သူသည် ကြီးပွားခြင်းငှာလည်းကောင်း၊ ဆုတ်ယုတ်ခြင်းငှာလည်းကောင်း မပြုပြင်၊ မစေ့ဆော်သော် လောက၌ တစုံတရာကိုမျှ မစွဲလမ်း။ မစွဲလမ်းသောသူသည် မတောင့်တ။ မတောင့်တသောသူသည် စိုးရိမ်ပူပန်ခြင်းမှ ကင်း၏။ စိုးရိမ်ပူပန်ခြင်းမှကင်းသဖြင့် ကိုယ်အတွင်း၌ လုံးဝငြိမ်းအေး၏။ (ပစ္စတ္တံ–ယေဝ ပရိနိဗ္ဗာယတိ) 'ပဋိသန္ဓေနေရမှု ကုန်လေပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ။ တစ်ပါးသောပြုဖွယ်ကိစ္စမရှိတော့ပြီ။' [၁] ဟု သိ၏။

---

၁။ ဤစာပိုဒ်၏အဓိပ္ပါယ်ကား ရဟန္တာဖြစ်လေပြီ ဟု ဆိုလိုသည်။

ထိုသူသည် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာကို အကယ်၍ ခံစားရအံ့၊ ထိုဝေဒနာသည် အမြဲမရှိ၊ အနိစ္စဟု သိ၏။ ထိုဝေဒနာသည် ၎င်းအားချည်နှောင်မှုမရှိဟု သိ၍ ရာဂါနုသယနှင့် မယှဉ်ဘဲသာလျှင် ခံစား၏။ မည်သည့်ဝေဒနာကို မဆို ကိလေသာနှင့် မယှဉ်ဘဲ (ဝိသံယုတ္တော) ကပ်ငြိခြင်းကင်းစင်းစွာဖြင့်သာ ခံစား၏။ မီးစာနှင့်ဆီ ကုန်ခမ်းလျှင် မီးအလျှံငြိမ်းရဘိသကဲ့သို့ ခန္ဓာပျက်ပြုန်းလျှင် ဤခံစားမှုအားလုံး ပြီးငြိမ်းမည်ဟူ၍လည်း ထိုသူသိသည်သာတည်း။

"ထို့ကြောင့် အိုရဟန်း၊ ဤသို့ပြည့်စုံသော ပုဂ္ဂိုလ်သည် အလွန်မြတ်သော ပညာနှင့် ပြည့်စုံသည် မည်၏။ အဘယ့်ကြောင့်ဟူမူ ခပ်သိမ်းကုန်သော ဆင်းရဲဒုက္ခတို့ ကုန်ဆုံး၍ ဖြစ်ပေါ်လာသော ဤဉာဏ်သည် အလွန်အကဲမြတ်သော ပညာပေတည်း။

ထိုသူအား ဤမြတ်သောပညာသည် ပရမတ္ထသစ္စာ၌ အာရုံတည်ရကား မပျက်စီး၊ မယိမ်းယိုင်တော့ပေ။ အိုရဟန်း၊ ချွတ်လွဲသော သဘောရှိသောတရားသည် မမှန်ကန် (မောသဓမ္မ)၊ မချွတ်လွဲသော သဘောရှိသောတရား (အမောသဓမ္မ) သည် နိဗ္ဗာန်တည်း၊ သစ္စာတရားတည်း။ ထို့ကြောင့် အိုရဟန်း၊ ဤဆိုပြီးသော လက္ခဏာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အလွန်မြတ်သော ပရမတ္ထသစ္စာနှင့် ပြည့်စုံ၏။ အလွန်အကဲမြတ်သော အရိယသစ္စာသည် (ပရမံ အရိယသစ္စံ) ချွတ်လွဲပျက်စီးခြင်းမရှိသော နိဗ္ဗာန်သာတည်း။"

အခြားတစ်နေရာတွင်လည်း သစ္စာဟူသော စကားလုံးကို နိဗ္ဗာန်အစားတိုက်ရိုက်အသုံးပြု၍ ဟောကြားတော်မူသေး၏။

"ငါ ဘုရားသည် သစ္စာ[၁]ကိုလည်းကောင်း၊ သစ္စာသို့ရောက်စေသောလမ်းကိုလည်းကောင်း ပြတော်မူမည်" ဟု ဟောကြားတော်မူရာ ဤနေရာတွင် 'သစ္စာ' သည် 'နိဗ္ဗာန်' ဟု တိတိကျကျ အဓိပ္ပါယ်သက်ရောက်ပေသည်။

ဤတွင် 'ပရမတ္ထသစ္စာဟူသည် အဘယ်နည်း' ဟုစောကြောဖွယ်ရာရှိသည်။ ဗုဒ္ဓဝါဒအရ ဤလောက၌ ပကတိတည်မြဲမှုမရှိ။ အရာရာတိုင်းသည် အနိစ္စသဘောသာ ဖြစ်သည်။ ပြုပြင်မှုခံရသည်။ အညမည သဘောဖြင့် ဆက်စပ်နေသည်။

မပြောင်းလဲသော ထာဝစဉ်ခိုင်ခံ့သော ကိုယ်၊ အတ္တ စသည့် ပကတိ တည်မြဲသောဝတ္ထုဟူ၍ အတွင်းအပြင် လုံးဝမရှိပေ။ ဤသဘောတရားသည်ပင် ပရမတ္ထသစ္စာဖြစ်တော့သည်။

'မရှိသစ္စာ'ဟူသော ဝေါဟာရကို အများသုံးစွဲလေ့ရှိကြသည့်တိုင်အောင် သစ္စာတရားသည် 'မရှိ'တရား မဖြစ်နိုင်ပေ။ ဤ ပရမတ္ထသစ္စာကို မျက်မှောက်ပြုသည် ဟူရာ၌ သဘောတရားတို့ကို အဝိဇ္ဇာကင်းရှင်းစွာဖြင့် ယထာဘူတ ကျနစွာထင်မြင်ခြင်း[၂] တဏှာရာဂချုပ်ငြိမ်းခြင်း (တဏှာက္ခယ)၊ ဒုက္ခမှ ကင်းလွတ်ခြင်း (နိရောဓ) ကိုပင် ဆိုလိုသည်ဖြစ်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုသည့် အဓိပ္ပါယ်ပင် သက်ရောက်ပေသည်။

မဟာယာနဝါဒအရ နိဗ္ဗာန်သည် သံသရာ[၃]နှင့်ကွဲပြားခြင်းမရှိဟု ဆိုကြသည်။ ရှုကြည့်ပုံကိုလိုက်၍ သဘောတရားတစ်ခုထဲသည် နိဗ္ဗာန်သော်လည်းကောင်း၊ သံသရာသော်လည်းကောင်း ဖြစ်သည်ဟု ယူဆသည်။ ဤ မဟာယာနဝါဒသည် ကျွန်ုပ်တို့ အထက်တွင်ဆွေးနွေးခဲ့သော မူလထေရဝါဒ ပါဠိတော်လာ သဘောတရားများမှ ချဲ့ထွင်ပေါက်ပွားခြင်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

နိဗ္ဗာန်ကို တဏှာကုန်ခန်းခြင်းမှ ဖြစ်ပေါ်လာသော အကျိုးတရားဟု မယူဆကောင်းပေ။ နိဗ္ဗာန်သည် မည်သည့် အကျိုးသက်ရောက်မှုမှ မဟုတ်ပေ။ အကျိုးတရားဖြစ်သည်ဟု ဆိုပါက ထိုအကျိုးတရားကိုဖြစ်ပေါ်စေသည့် အကြောင်းတရား ရှိရပေမည်။ ထို့ကြောင့် နိဗ္ဗာန်သည် ဖန်တီးမှု၊ ပြုပြင်မှုကြောင့် ပေါ်ပေါက်လာရသော'သင်္ခတ' တရားဖြစ်ရပေတော့မည်။ သို့သော် နိဗ္ဗာန်သည် အကြောင်းတရားသော်လည်းကောင်း၊ အကျိုးတရားသော်လည်း ကောင်းမဟုတ်ပေ။ အကြောင်းအကျိုးတရားတို့ကို လွန်မြောက်ပြီးဖြစ်ပေသည်။ ဈာန်၊ သမာဓိတို့ကဲ့သို့ ဖော်ထုတ်ယူရသည့် စိတ်အခြေအနေလည်း မဟုတ်ပေ။ သစ္စာတရားသည် ထင်ရှားရှိသည်သာ၊ နိဗ္ဗာန်သည်ထင်ရှားရှိသည်သာ ဖြစ်၏။ ၎င်းကို မြင်ရန်သာလိုသည်။ မျက်မှောက်ပြုရန်သာလိုသည်။ နိဗ္ဗာန်သို့ အရောက်ပို့နိုင်သည့် မဂ် ဟူသော

---

၁။ သံယုတ် ၅၊ (ပတစ) စာမျက်နှာ ၃၆၉။

၂။ လင်္ကာဝတာရသုတ္တ၊ စာမျက်နှာ ၂၀၀။ "အိုမဟာမတိနိဗ္ဗာန်ဆိုသည်မှာ အရှိကိုအရှိအတိုင်း မြင်ခြင်းပင်တည်း။"

၃။ နာဂါဇုန က "သံသရာသည် နိဗ္ဗာန်နှင့် မခြားနား၊ နိဗ္ဗာန်သည် သံသရာနှင့် မခြားနား"ဟု ထင်ရှားစွာဆိုသည်။ မာဇ္ဈမိက ကာရိကာ၊ နာဂါဇုန။

လမ်းမကြီးကား ရှိ၏။ သို့ရာတွင် နိဗ္ဗာန်သည်ထိုလမ်းမကြီး၏ အကျိုးတရားကား မဟုတ်ပေ။[၁] လမ်းကြောင်းတစ်ခု အတိုင်း လိုက်သွားပါက တောင်တစ်ခုသို့ ရောက်မည်ဆိုလျှင် ထိုတောင်သည် လမ်းကြောင်းကြောင့် ဖြစ်ပေါ်လာသော ရလဒ်မဟုတ်ပေ။ အလင်းရောင်တစ်ခုကို မြင်ရသည်ဆိုလျှင် ၎င်းအလင်းရောင်သည် မျက်စိကြောင့် ဖြစ်ပေါ်လာသော အကျိုးတရား မဟုတ် ဟူသည့် သဘောပင်တည်း။

'နိဗ္ဗာန်၏အခြားမဲ့၌ ဘာရှိသနည်း' ဟု မကြာခဏ မေးမြန်းလေ့ရှိကြသည်။ နိဗ္ဗာန်သည် သစ္စာတကာတို့၏ အထွတ်အထိပ်၊ အဆုံးစွန် အန္တိမသစ္စာ ဖြစ်ရကား ဤပုစ္ဆာပေါ်ပေါက်ရန် မလိုပေ။ အန္တိမ အဆုံးစွန်ဖြစ်ခြင်းကြောင့် ၎င်းနောက်၌ မည်သည့်အရာမျှ ရှိနိုင်မည် မဟုတ်ပေ။ ၎င်း၏နောက်ဆွယ်၌ တစ်စုံတစ်ရာရှိသေးသည်ဆိုပါက ထိုအရာသည်သာ အန္တိမသစ္စာဖြစ်၍ နိဗ္ဗာန်သည် အန္တိမသစ္စာ မဟုတ်နိုင်တော့ပေ။

ရာဓမည်သော ရဟန်းတစ်ပါးသည် တစ်ခါက ဗုဒ္ဓမြတ်စွာအား ဤပုစ္ဆာကို ပုံစံတစ်မျိုးဖြင့် လျှောက်ထားခဲ့ဖူးပြီ။ 'နိဗ္ဗာန်သို့ရောက်ခြင်းသည် အဘယ်အကျိုးရှိပါသနည်း ဘုရား'။ နိဗ္ဗာန်၏ အကျိုးရည်ရွယ်ချက်ကို မေးမြန်းရာတွင် နိဗ္ဗာန်၌နောက်ဆက်တွဲရှိကြောင်း ဤပုစ္ဆာက ကြိုတင်ခန့်မှန်းထားခြင်း ဖြစ်ပေသည်။ ထို့ကြောင့် မြတ်စွာဘုရားက "ရာဓ၊ ပြဿနာ လွန်သွားပြီ (မေးစရာမလို)။ ပြဿနာ၏ အဆုံးကို ယူရန် မစွမ်းနိုင်၊ မြတ်သော အကျင့်ကို ကျင့်သုံးသူ၏ ရည်မှန်းချက်သည် နိဗ္ဗာန်သို့သက်ဝင်ရန်၊ နိဗ္ဗာန်လျှင်လဲလျောင်းရန်၊ နိဗ္ဗာန်လျှင် အဆုံးသတ်ရန် ဖြစ်၏" ဟုဖြေကြားတော်မူသည်။[၂]

မြတ်စွာဘုရားသည် ကွယ်လွန်ပြီးနောက် နိဗ္ဗာန် သို့မဟုတ် ပရိနိဗ္ဗာန်သို့ စံဝင်သည်စသော မမှန်မကန် ပြောဆိုရေးသားမှုများကြောင့် နိဗ္ဗာန်နှင့်ပတ်သက်၍ စိတ်ကူးတွေးတောမှုများ ပေါ်ပေါက်လာကြသည်။[၃]

"မြတ်စွာဘုရားသည် နိဗ္ဗာန် သို့မဟုတ် ပရိနိဗ္ဗာန်သို့ စံဝင်သည်" ဟူသော အသုံးအနှုန်းကို ကြားသည်နှင့် တစ်ပြိုင်နက် နိဗ္ဗာန်ကို ပြည်နယ်တစ်ခု၊ တိုင်းနိုင်ငံတစ်ခု၊ ဘဝရပ်တည်ရာဌာနတစ်ခုဟု ယူမှတ်လိုက်၍ 'ဘဝ' ဟူသောစကားနှင့် ဆက်သွယ်လျက် သိနေကျ အဓိပ္ပါယ်များကို ကောက်ယူကြတော့သည်။ အများသုံးစွဲနေကြသည့် 'နိဗ္ဗာန်သို့ စံဝင်သည်' ဟူသောအသုံးအနှုန်းကို မူလပါဠိတော်တွင် မတွေ့ရှိရပေ။ 'သေပြီးနောက် နိဗ္ဗာန်သို့စံဝင်သည်' ဟူ၍ မဖြစ်နိုင်ပေ။ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးဖြစ်သော ဘုရား၊ ရဟန္တာတို့ ကွယ်လွန်သည်ကို ဖော်ပြရန် 'ပရိနိဗ္ဗုတော'ဟူသောစကားလုံးကို သုံးငြားသော်လည်း နိဗ္ဗာန် စံဝင်သည်ဟူ၍ အဓိပ္ပါယ်မသက်ရောက်ပေ။ ဘုရား၊ ရဟန္တာတို့ ကွယ်လွန်ပြီးနောက် ဘဝအသစ်ပြန်လည် မဖြစ်ရကား ပရိနိဗ္ဗုတော ၏ အဓိပ္ပါယ်မှာ 'လုံးဝလွန်မြောက်သွားပြီ'၊ 'လုံးဝချုပ်ငြိမ်းသွားပြီ'၊ 'လုံးဝပျောက်စဲသွားပြီ'ဟူ၍သာ ရှင်းရှင်းဆိုလိုသည်။

'ဘုရား၊ရဟန္တာတို့ ပရိနိဗ္ဗာန်ပြုပြီးနောက် မည်ကဲ့သို့ဖြစ်သနည်း'ဟု ပုစ္ဆာတစ်မျိုး မေးမြန်းကြသေး၏။ ဤပုစ္ဆာသည် မြတ်စွာဘုရားမဖြေဆိုသော (အဗျာကတ) ပုစ္ဆာများတွင် တစ်ပါးအပါအဝင်ဖြစ်သည်။[၄] ဤအကြောင်းအရာနှင့် ပတ်သက်၍ ဟောပြောတော်မူရာတွင် ရဟန္တာကွယ်လွန်ပြီးအခြားမဲ့၌ မည်သို့ဖြစ်သည်ကို ပြောပြနိုင်ရန် လူတို့၏ဝေါဟာရစကားလုံးမရှိကြောင်း ဗုဒ္ဓက ရှင်းလင်းပြတော်မူသည်။

ပရိဗိုဇ် ဝစ္ဆဂေါတ္တ လျှောက်ထားသည်ကို ဖြေကြားရာတွင် 'မွေးသည် (ဘဝ ဖြစ်ပေါ်သည်)၊ မမွေးသည် (ဘဝ မဖြစ်ပေါ်သည်)' စသော ဝေါဟာရတို့သည် ရဟန္တာနှင့် မပတ်သက်ကြောင်း မိန့်ကြားတော်မူသည်။ ၎င်းဝေါဟာရတို့သည် ရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏတို့နှင့်သာ ဆက်စပ်ခြင်းရှိ၍ ရဟန္တာအတွက်မူ ထိုအရာတို့ကို လုံးဝချေမှုန်းပြီးသား၊ အမြစ်လှဲပြီးသားဖြစ်ရကား ကွယ်လွန်ပြီးနောက် ပြန်လည်ဖြစ်ပေါ်ရန် မရှိတော့ပေ။[၅]

ကွယ်လွန်ပြီးသော ရဟန္တာကို ထင်းကုန်၍ငြိမ်းသွားသောမီးကဲ့သို့လည်းကောင်း၊ မီးစာကုန်ဆီခန်းသဖြင့် ငြိမ်းသွားသော မှန်အိမ်မီးတောက်ကဲ့သို့လည်းကောင်း ဥပမာ ဆောင်လေ့ရှိကြသည်။[၆] ဤဥပမာများတွင် ထင်ထင်ရှားရှား၊ တိတိကျကျ နားလည်ရန်လိုသည့်အကြောင်းမှာ ငြိမ်းသွားသော မီးနှင့် မီးတောက်တို့နှင့် နှိုင်းယှဉ်ပြထားသည်မှာ

---

၁။ လောကုတ္တရာ ဓမ္မ ၉ ပါးအနက်မှ နိဗ္ဗာန်သည် မဂ်နှင့် ဖိုလ်ကို လွန်မြောက်ကြောင်း သတိပြုကြရမည်။

၂။ သံယုတ် ၃၊ (ပတစ) စာမျက်နှာ ၁၈၉။

၃။ အချို့ပုဂ္ဂိုလ်များသည် "မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက်" ဟု ဆိုရမည့်အစား "မြတ်စွာဘုရား နိဗ္ဗာန်စံဝင်တော်မူပြီးနောက်" ဟုပြောဆိုရေးသားကြသည်။ "မြတ်စွာဘုရား နိဗ္ဗာန်စံဝင်သည်"ဆိုသည့်အသုံးအနှုန်းမှာ အဓိပ္ပါယ်ကင်းမဲ့၍ ဗုဒ္ဓဘာသာစာပေတွင် မတွေ့ရှိနိုင်ပေ။ "မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက်" ဟူ၍သာ တွေ့ကြရသည်။

၄။ သံယုတ် ၄၊ (ပတစ) စာမျက်နှာ ၃၇၅။

၅။ မဇ္ဈိမနိကာယ် ၁၊ (ပတစ) စာမျက်နှာ ၄၈၆။

၆။ မဇ္ဈိမနိကာယ် ၁၊ (ပတစ) စာမျက်နှာ ၄၈၇။ ၎င်း-၃၊ စာမျက်နှာ ၂၄၅။ သုတ္တနိပါတ (ပတစ) ၅၊ စာမျက်နှာ ၄၁။

နိဗ္ဗာန်မဟုတ်ဘဲ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားသော ခန္ဓာငါးပါးအစုမျှသာဖြစ်သည့် သတ္တဝါသာ ဖြစ်ပေသည်။ ဤခြားနားချက်ကို လေးလေးနက်နက်ဖော်ပြရသည်မှာ အချို့ပညာရှင်ကြီးများအပါအဝင် လူအများစုသည် ဤဥပမာအား နိဗ္ဗာန်ကိုရည်ရွယ်သည်ဟု အဓိပ္ပါယ်ကောက် လွဲမှားမိကြသောကြောင့် ဖြစ်ပေသည်။ နိဗ္ဗာန်ကို ငြိမ်းသွားသော မီးတောက်မီးလျှံနှင့် မည်သည့်အခါမျှ မခိုင်းနှိုင်းပေ။

အတ္တမရှိလျှင် 'ငါ' မရှိလျှင် မည်သူ နိဗ္ဗာန်ကို မျက်မှောက်ပြုသနည်းဟု အများမေးလေ့ရှိပေသေးသည်။ ဤပုစ္ဆာလာ နိဗ္ဗာန်ကို မဆွေးနွေးမီ 'ငါ' မရှိလျှင်ယခု မည်သူစဉ်းစားကြံစည်သနည်း ဟူသော အခြားပုစ္ဆာတစ်ခုကို မေးမြန်းကြပါစို့။ ရှေ့အခန်းတွင် အကြံအစည်ကသာ ကြံစည်စိတ်ကူးသည်၊ စိတ်ကူး၏နောက်ကွယ်၌ စိတ်ကူးသမားမရှိဟု ရှင်းပြခဲ့ပြီးဖြစ်သည်။ ထိုနည်းတူစွာပင် မျက်မှောက်ပြုခြင်းကို ပညာကသာ မျက်မှောက်ပြုသည်၊ အခြားပုဂ္ဂိုလ် သတ္တဝါဟူ၍ ပညာ၏နောက်ကွယ်၌ မရှိချေ။ ဒုက္ခဖြစ်ပေါ်ခြင်း၏အကြောင်းကို ဆွေးနွေးခဲ့ရာတွင် သတ္တဝါဖြစ်စေ၊ အရာဝတ္ထုဖြစ်သော အဖွဲ့အစည်းတစ်ခုဖြစ်စေ မိမိ၏ ကိုယ်တွင်း၌ဖြစ်ပေါ်ခြင်း၊ ပေါက်ဖွားခြင်းသဘာဝ ရှိနေပါက ၎င်း၏ ချုပ်ငြိမ်းရာ ပျက်ပြုန်းရာ သဘောနှင့် ဗီဇမျိုးစေ့တို့သည် ၎င်း၏ ကိုယ်တွင်း၌ တစ်ပါတည်း ကပ်လျက် ပါလာပြီးဖြစ်ကြောင်းကို သိမြင်ခဲ့ပြီးဖြစ်ပေသည်။ ဒုက္ခသံသရာ၊ ဘဝစက်ဘီးသည် ဖြစ်ပေါ်ပေါက်ဖွားခြင်း သဘော ရှိရကား ပျက်ပြုန်းချုပ်ငြိမ်းခြင်း သဘောလည်း ရှိရပေမည်။ ဒုက္ခသည် တဏှာကြောင့် ဖြစ်ပေါ်လာ၍ ပညာကြောင့် ချုပ်ငြိမ်းရသည်။ ရှေ့တွင် တင်ပြခဲ့ပြီးအတိုင်း တဏှာနှင့်ပညာ နှစ်ပါးစလုံးပင် ခန္ဓာငါးပါး၌ အကျုံးဝင်ကြပေသည်။

ထို့ကြောင့် ၎င်းတို့ကို ဖြစ်ပေါ်လာစေသော ဗီဇနှင့် ချုပ်ငြိမ်းစေမည့် အကြောင်းတရား မျိုးစေ့တို့သည် ခန္ဓာငါးပါးအတွင်း၌သာ ကိန်းအောင်း တည်ရှိနေကြပေသည်။ 'ဤတစ်လံမျှသာရှိသော ကိုယ်ကာယ အတွင်း၌သာ လောကရှိသည်၊ လောကဖြစ်ပေါ်လာသည်၊ လောကချုပ်ငြိမ်းသည်၊ လောကချုပ်ငြိမ်းရာ မဂ္ဂင်လမ်းရှိသည်။'[၁] ဟု ဗုဒ္ဓဟောကြားရာတွင် ဤအဓိပ္ပါယ်ကို ဆိုလိုရင်းဖြစ်သည်။ တစ်နည်းဆိုသော် အရိယ သစ္စာလေးပါး တရားများသည် ခန္ဓာငါးပါးတည်းဟူသော ကျွန်ုပ်တို့၏ ကိုယ်တွင်း၌ပင် တည်ရှိကြပေသည်။ ဤနေရာတွင် ဒုက္ခအစား လောက ဟု သုံးနှုန်းထားသည်။ ထို့ကြောင့် ဒုက္ခဖြစ်ပေါ်စေခြင်း၊ ချုပ်ငြိမ်းစေခြင်းကို မည်သည့် ပြင်ပ တန်ခိုးအာဏာရှင် ကမှ ဖန်တီးသည် မဟုတ်ဟု နားလည်ကြရပေမည်။

နောက်အခန်းတွင် ဖော်ပြမည့် စတုတ္ထမြောက် အရိယသစ္စာနှင့် လျော်ညီစွာ ပညာကို ဖြည့်ဆည်းပါက၊ ရင့်သန်စေပါက ဘဝ၏ လျှို့ဝှက်ချက် အကြောင်းစုံကို အမှန်အတိုင်းသိမြင်ပေမည်။ အမှန်ကိုမြင်၍ ဘဝ၏လျှို့ဝှက်ချက်များ ပေါ်သွားပါလျှင် ဝိပလ္လာသတရားများ ဖုံးလွှမ်းခြင်းကြောင့် သံသရာစက်ကြီးကို အပူတပြင်းလှည့်လည်နေစေသည့် အားအရှိန်များသည် ငြိမ်သက်လာရပေမည်။ ဝိပလ္လာသ ကွယ်ပျောက်၍ (မျက်စိလည်ပျောက်၍) ဘဝတဏှာ ကုန်ဆုံးသည်နှင့် ၎င်းအားအရှိန်တို့သည် နောက်ထပ်သခ်ီရများကို မဖြစ်ပေါ်နိုင် စေတော့ပေ။ လူနာရှင်က ရောဂါ၏ အကြောင်းနှင့် လျှို့ဝှက်ချက်ကို တွေ့ရှိသိမြင်သည့်အခါ ရောဂါပျောက်ကင်းရသည့် စိတ္တဇဝေဒနာနှင့် ထပ်တူပင်တည်း။

ဘာသာ အားလုံးတိုင်းလိုလိုတွင် (အထွတ်အထိပ်ဘဝ) အမြင့်မြတ်ဆုံး အဆင့်သို့ ဘဝကွယ်လွန်ပြီးမှသာလျှင် ရောက်ရှိနိုင်ကြသည်။ နိဗ္ဗာန်ကိုမူ ဤဘဝ၌ပင် မျက်မှောက်ပြုနိုင်ပေသည်။ နိဗ္ဗာန်ကို 'ရောက်' ရန် သေသည့်တိုင်အောင် စောင့်ဆိုင်းစရာမလိုပေ။

နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး (အမှန်တရားကို လက်ကိုင်ပြုပြီး) သူသည် ကမ္ဘာတွင် စိတ်အချမ်းသာဆုံး ပုဂ္ဂိုလ်ဖြစ်တော့သည်။ အခြားသူများအား နှိပ်စက် ညှဉ်းပန်းလျှက် ရှိသည့် ဒုက္ခ၊သောကများ၊ အပြင်းအထန်စွဲလမ်းမှုများ၊ 'ငါမာန'၏ ကြိုးဆွဲခံရခြင်းများမှ သူသည် ကင်းရှင်း၏။ သူသည် စိတ္တသုခနှင့်လည်း ပြည့်စုံ၏။ လွန်ခဲ့ပြီးသည်၌ ပူဆွေးနောင်တရခြင်းမရှိဘဲ၊ အနာဂါတ်ကို မျှော်မှန်း၍လည်း မကြောင့်ကြ၊ ပစ္စုပ္ပါန်တည့်တည့်၌သာ ပျော်မွေ့လျှက်ရှိ၏။[၂] ထို့ကြောင့် သူသည် မာနရောက်မှုမပါဝင်ဘဲ အသန့်ရှင်းဆုံးသော ခံစားမှုများကို နှစ်ခြိုက်စွာသုံးဆောင်၏။ ၎င်းသည် ရွှင်လန်း၏။ မြူးထူးတက်ကြွ၏။ အလွန်မွေ့လျော်သောသဘော၊ ပြည့်ဖြိုးသော ဣန္ဒြေရှိကုန်လျှက် ကြောင့်ကြမဲ့စွာ တည်ငြိမ်အေးချမ်း၏။[၃] တစ်ကိုယ်ကောင်းဆန္ဒ၊ ဒေါသ၊ မောဟ၊ မာန၊ ထောင်လွှားခြင်း၊ မာန်ယစ်ခြင်း စသော အညစ်အကြေးများမှ ကင်းရှင်းရကား သူသည် ဖြူစင်သန့်ရှင်း၏။ သိမ်မွေ့နူးညံ့၏။ လောကအလုံးကို မေတ္တာဖြင့် လွှမ်းခြုံ၍ ကိုယ်ချင်းစာနာခြင်း၊ ကြင်နာသနားခြင်း၊ သိတတ်ခြင်း၊ သည်းခံခြင်း စသည့် ဂုဏ်တို့နှင့် ပြည့်စုံ၏။ သူတစ်ပါးအား

---

၁။ အင်္ဂုတ္တိုလ် (ကိုလံဘို ၁၉၂၉)၊ စာမျက်နှာ ၂၁၈။
၂။ သံယုတ် ၁၊ (ပတစ) စာမျက်နှာ ၅။
၃။ မဇ္ဈိမနိကာယ် ၂၊ (ပတစ) စာမျက်နှာ ၁၂၁။

တစ်ကိုယ်ကောင်းစိတ်မထားဘဲ သန့်စင်မွန်မြတ်သော စိတ်ဖြင့်သာ ကူညီစောင်မတတ်၏။ သက္ကာယဒိဋ္ဌိ ကင်းကွာပြီး၊ ဘဝတဏှာမှ ကျွတ်လွတ်ပြီးဖြစ်ရကား ကိုယ်ကျိုးအတွက် ကုသိုလ်အမှုများကိုပင် မရှာဖွေ မစုဆောင်းတော့ပေ။

နိဗ္ဗာန်သည် ဒွိစုံယမကသဘောတရား၊ အညမညသဘောတရားတို့မှ လွန်မြောက်ပြီးဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ သိရှိနားလည်ကြသည့် အကောင်းအဆိုး၊ အမှားအမှန်၊ ဘဝ၊ အဘဝ စသော ကိစ္စရပ်တို့ကို လွန်မြောက်နေပေသည်။ နိဗ္ဗာန်ကို ဖော်ပြရန် အသုံးပြုလေ့ရှိသည့် 'ချမ်းသာမှုသုခ' ဟူသော စကားလုံးသည်ပင် အနက်အဓိပ္ပါယ်တစ်မျိုးဆောင်ပေသည်။ တစ်ခါက အရှင်သာရိပုတြာမထေရ်ကြီးသည် 'ငါ့ရှင်၊ နိဗ္ဗာန်သည် ချမ်းသာမှုကြီးပါတကား၊ နိဗ္ဗာန်သည် ချမ်းသာမှုကြီးပါတကား' ဟု ချီးကျူးမြွက်ဆိုမိရာ ဥဒါယီမထေရ်က 'ငါ့ရှင်၊ ဝေဒနာခံစားမှု မရှိဟုဆိုလျှင် အဘယ်ချမ်းသာမှု ရှိနိုင်အံ့နည်း' ဟု မေးလေသည်။ 'ဝေဒနာ မရှိမှုသည်ပင်လျှင် ချမ်းသာအစစ် ဖြစ်ပါဘိသည်' ဟူသော အရှင်သာရိပုတြာ၏ ဖြေကြားချက်သည် အဘိဓမ္မာသဘောအရ လွန်စွာနက်နဲ၍ သာမန်အားဖြင့် နားလည်ရန် လွယ်ကူလှမည် မဟုတ်ပေ။

နိဗ္ဗာန်သည် တွေးတောကြံဆ ဆင်ခြင်စဉ်းစားမှု နယ်ပယ်ကို လွန်မြောက်သည် (အတက္ကာ ဝစရ)။ နိဗ္ဗာန်၊ ပရမတ္ထသစ္စာ၊ အန္တိမ အမှန်တရားအကြောင်းကို မည်မျှပင် မျှော်လင့်ကြီးစွာဖြင့် မှန်းဆချင့်ချိန်ဆွေးနွေး၍ ဉာဏ်ကစားကြည့်ပါသော်လည်း ထိုနည်းဖြင့် နားလည်သိရှိနိုင်မည် မဟုတ်ပေ။ သူငယ်တန်းတွင် စာသင်ကြားနေဆဲ ကလေးသူငယ်တစ်ဦးသည် (ရီလေးတစ်ဗီတီသီအိုရီ) အညမညသဘောတရားကို ငြင်းခုံဆွေးနွေးရန် မသင့်လျော်ပေ။ မိမိပညာကိုသာ စိတ်ရှည်လက်ရှည်နှင့် ဝီရိယထုထောင်၍ သင်အံလေ့လာပါက တစ်နေ့တွင် ၎င်းသဘောတရားကို ကောင်းစွာ သိရှိနားလည်နိုင်ပေလိမ့်မည်။

နိဗ္ဗာန်ကို ပညာရှိတို့သည် ၎င်းတို့၏ ကိုယ်တွင်း၌သာလျှင် မျက်မှောက်ပြုအပ်ရာဖြစ်သည်။ (ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ)။ မဂ္ဂင်ခရီးလမ်းကြောင်းအတိုင်း စိတ်လက်ရှည်စွာ ပြင်းစွာသော ဝီရိယဖြင့် လျှောက်သွားပြီးနောက် ကိုယ်ကို စင်ကြယ်စေရန် ကျင့်ကြံအားထုတ်၍ လိုအပ်သော သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံစေပါလျှင် ကျွန်ုပ်တို့သည် တစ်နေ့တွင် ကိုယ်တွင်း၌ပင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေရာသည်။ စိတ်ရှုပ်ထွေးစရာ အခေါ်အဝေါ်၊ ခက်ခဲသည့် စကားလုံးကြီးများဖြင့် ကျွန်ုပ်တို့ကိုယ်ကို နှိပ်စက်နေစရာ မလိုပေ။

ထို့ကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်စေရန် ညွှန်ပြသော မဂ္ဂင်ခရီးလမ်း အကြောင်းကို လေ့လာကြပါစို့။

အခန်း(၅)

# စတုတ္ထ အရိယသစ္စာ

**မဂ္ဂ = လမ်း**

စတုတ္ထမြောက် အရိယသစ္စာသည် ဒုက္ခ၏ချုပ်ငြိမ်းရာကို ညွှန်ပြသော မဂ္ဂ=လမ်း ဟူသည့် 'ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ' ပင်ဖြစ်သည်။ အစွန်းနှစ်ဘက်ကို ဖယ်ရှားသောလမ်းစဉ် ဖြစ်၍လည်း အလယ်လမ်း (မဇ္ဈိမ ပဋိပဒါ) ဟု ခေါ်တွင်သည်။ အစွန်းနှစ်ဘက် ဟူသည်တွင် ပထမအစွန်း ရောက်မှုသည် နိမ့်ညံ့သော သာမန်လူတို့၏ အလေ့ဖြစ်သော၊ အကျိုးကျေးဇူးမရှိသော ကာမဂုဏ်အာရုံကို လိုက်စားမြူးတူး ပျော်ပါးခြင်းအားဖြင့် ချမ်းသာမှုကို ရှာဖွေခြင်းဖြစ်သည်။ ဒုတိယအစွန်း ရောက်မှုသည် ဆင်းရဲခြင်းကိုဖြစ်စေသော၊ မထိုက်တန်သော၊ အကျိုးကျေးဇူးမရှိသော မိမိကိုယ်ကို နှိပ်စက်ညှဉ်းဆဲ၍ ကြိုးပမ်းအားထုတ်ရသော ကျင့်စဉ်အမျိုးမျိုးအားဖြင့် ချမ်းသာမှုကို ရှာဖွေသောနည်းဖြစ်သည်။ ဤ အစွန်းနှစ်ဘက်ပြီသော လမ်းစဉ်များကို ရှေးဦးစမ်းသပ်ခဲ့၍ အကျိုးမဲ့ အချည်းနှီးဖြစ်ကြောင်းကို သိတော်မူသော ဗုဒ္ဓမြတ်စွာဘုရားသည် ပညာမျက်စိနှင့် အသိဉာဏ်ကို ပွင့်လင်းစေပြီး၊ စိတ်ငြိမ်းချမ်းခြင်းကို ဖြစ်စေ၍ ထူးထူးခြားခြား သိမြင်ခြင်း၊ အမှန်သဘောကို ထိုးဖောက်မြင်ခြင်းဖြင့် နိဗ္ဗာန်သို့ဆိုက်ရောက်စေနိုင်သည့် မဇ္ဈိမ ပဋိပဒါ အလယ်အလတ်လမ်း ကို ကိုယ်တော်တိုင်စမ်းသပ်ရှာဖွေ တွေ့ရှိခဲ့ပေသည်။ ဤအလယ်လမ်းကို အောက်ပါ ရှစ်ပါးသော အကြောင်းအရာ အင်္ဂါရပ်နှင့်ပြည့်စုံသောကြောင့် အရိယမဂ္ဂင် (၈) ပါး (အရိယ အဋ္ဌင်္ဂိက မဂ္ဂ) ဟူ၍ အများခေါ်တွင် ကြသည်။

| | |
|---|---|
| သမ္မာဒိဋ္ဌိ | = မှန်သောအမြင် |
| သမ္မာသင်္ကပ္ပ | = မှန်သောအကြံ |
| သမ္မာဝါစာ | = မှန်သောစကား |
| သမ္မာကမ္မန္တ | = မှန်သောအလုပ် |
| သမ္မာအာဇီဝ | = မှန်သောအသက်မွေးမှု |
| သမ္မာဝါယာမ | = မှန်သောအားထုတ်မှု |
| သမ္မာသတိ | = မှန်သောအောက်မေ့မှတ်သားမှု |
| သမ္မာသမာဓိ | = မှန်သောတည်ငြိမ်မှု |

(၄၅) နှစ်ပတ်လုံး အပတ်တကုတ် ဟောကြားပြသသွားတော်မူသည့် ဗုဒ္ဓ၏ တရားဒေသနာတော် အားလုံး နီးပါးသည် ဤမဂ္ဂင် (၈)ပါး တရားတော်နှင့် တစ်နည်းမဟုတ် တစ်နည်း သက်ဆိုင် ဆက်စပ်ခဲ့ပေသည်။ ဗုဒ္ဓသည် လူအမျိုးမျိုးအား ပါရမီ အနုအရင့် ဉာဏ်အတိမ်အနက်လိုက်၍ နည်းအသွယ်သွယ်၊ စကား အသုံးအနှုန်း အဖုံဖုံ တို့ဖြင့် တရားဟောကြား ရှင်းလင်း ပြသတော်မူခဲ့သည်။ သို့ရာတွင် ဗုဒ္ဓကျမ်းဂန်များ၌ အရေအတွက်အားဖြင့် ထောင်ပေါင်းများစွာ ပျံ့နှံ့လျှက်ရှိသော ဒေသနာတော် အားလုံး၏ အဆီအနှစ်ကို ဤ မဂ္ဂင်ရှစ်ပါး တရားတော်တွင် တွေ့ရှိ သုံးဆောင်နိုင်ကြပေသည်။

အထက်တွင် စာရင်းပြုလုပ် ဖော်ပြထားသော မဂ္ဂင်ရှစ်ပါး၏ အင်္ဂါရပ်များကို အမှတ်စဉ်အလိုက် တစ်ပါးပြီး တစ်ပါး လိုက်နာ ကျင့်သုံးရမည်ဟု မမှတ်ယူသင့်ပါ။ မိမိစွမ်းအားအလိုက် တတ်နိုင်သမျှ အင်္ဂါရပ်အားလုံးကို တစ်ပြိုင်နက်ဆိုသလို လိုက်နာဖြည့်စွမ်းကြရန် ဖြစ်ပါသည်။ အင်္ဂါတစ်ပါးနှင့်တစ်ပါးသည် ဆက်စပ်နေရကား တစ်ပါးကို ကျင့်သုံးခြင်းဖြင့် အခြားတစ်ပါးကိုလိုက်နာရာ၌ အကူအညီရရှိပေသည်။

ဤ အင်္ဂါရပ်(၈)ပါးသည် ဗုဒ္ဓဝါဒတွင် မလွဲမသွေကျင့်သုံးဆောက်တည် ဆည်းပူးရမည့် သီလ၊ သမာဓိ၊ ပညာ တို့ကို ဖြစ်ထွန်းပေါ်ပေါက် ပြည့်စုံစေရန် ရှေးရှုပေသည်။[၁] ထို့ကြောင့် သီလ၊ သမာဓိ၊ ပညာ ခေါင်းစဉ်ဖြင့် (၃) စုခွဲ၍ ယင်းအင်္ဂါရှစ်ပါးကို လေ့လာပါက ပိုမိုလျော်ကန်၍ ပိုမိုရှင်းလင်း အကျိုးများပေလိမ့်မည်။ သီလကို ဗုဒ္ဓဒေသနာတော်များ၏ အခြေခံဖြစ်သည့် သတ္တဝါအပေါင်းအား ကြင်နာသနားခြင်းနှင့် ကရုဏာထားခြင်းဟူသော ကျယ်ပြန့်လှသည့် သဘောတရားပေါ်တွင် တည်ဆောက်ထားသည်။ ဗုဒ္ဓဝါဒ အကြောင်းအရာနှင့်ပတ်သက်၍ ဟောပြောရေးသားကြရာ

---

၁။ မဇ္ဈိမနိကာယ ၁၊ (ပတစ) စာမျက်နှာ ၃၀၁။

တွင် ခြောက်သွေ့ ငြီးငွေ့ဖွယ်ကောင်းသော ဒဿနိက အချက်အလက်များ၊ အဘိဓမ္မာ ငြင်းခုံချက်များ တွင်သာ ကျက်စားကြလျှက် ဤ ဗုဒ္ဓတရား၏ မွန်မြတ်လှသော ရည်မှန်းချက်ကို ပညာရှင်အများ မေ့လျော့ ဂရုမပြုနေကြသည်မှာ ဝမ်းနည်းဖွယ်ပင်ဖြစ်၏။ ဗုဒ္ဓမြတ်စွာသည် သတ္တဝါများအား အစဉ်သနားတော်မူသည်ဖြစ်၍ အများ၏ ကောင်းကျိုးအတွက်၊ အများ၏ ချမ်းသာမှုအတွက် (ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ) တရားဟောကြားတော်မူခြင်းပင်ဖြစ်သည်။

ဗုဒ္ဓဘာသာတွင် စွယ်စုံပြည့်ဝသော ယောကျ်ားမြတ်တစ်ဦးဖြစ်စေရန် ကရုဏာနှင့် ဉာဏ်ပညာဂုဏ်ထူး အရည်အချင်းနှစ်ရပ်ကို ညီတူညီမျှ ဆည်းပူး ဖြည့်တင်းပြီး ဖြစ်ရပေမည်။ ဤတွင် ကရုဏာ ဆိုသည်မှာ မေတ္တာ ရေးရှုခြင်း၊ ထောက်ထားညှာတာခြင်း၊ ကြင်နာသနားခြင်း၊ သည်းခံခြင်းစသော နှလုံးသား၏ မွန်မြတ်သော အရည်အချင်းများ ဖြစ်ကြ၍ ပညာသည်ကား အကြောင်းအကျိုး သုံးသပ်ဝေဖန်တတ်သော ဉာဏ်အရာဖြစ်ပေသည်။ နှလုံးသားမှ ထွက်လာရသော မေတ္တာ၊ ကရုဏာတရားတို့ကိုသာ ဖြစ်ထွန်းစေ၍ ဆင်ခြင်တိုင်းထွာတတ်သော ဉာဏ်ပညာကို လျစ်လျူရှုပါက သဘောပြည့်ဝသည့် လူ့ဗာလကြီးအဖြစ်သို့ ရောက်ပေမည်။ တစ်ဖန် နှလုံးသား၏စေ့ဆော်မှုများကို လျစ်လျူပြု၍ ဆင်ခြင်စဉ်းစား ဉာဏ်စေစားရာကိုသာ အလေးထားဆောင်ရွက်ပါလျှင် ကြင်နာကင်းမဲ့သော ရက်စက်ကြမ်းကြုတ်သည့် ဉာဏ်ကြီးရှင်တစ်ဦး ဖြစ်နေပေမည်။ ထို့ကြောင့် စွယ်စုံပြည့်ဝစေရန် ကရုဏာနှင့် ပညာ နှစ်မျိုးစလုံးကို ဖြည့်တင်းကြရပေမည်။ ဗုဒ္ဓဝါဒလမ်းစဉ်အရ နေထိုင်သည်ဆိုသည်မှာ ဤနှစ်မျိုးပြည့်စုံမှုကို မျှော်မှန်း ဆောင်ရွက်ခြင်းဖြစ်ပေသည်။ ဤလမ်းစဉ်အရ နေထိုင်ကျင့်သုံးရာတွင် ကြောင်းကျိုးဆင်ခြင်မှု (ပညာ)နှင့် သနားကြင်နာဖက်မှု (ကရုဏာ) တို့သည် ဒွန်တွဲနေကြလျှက် သီးခြားခွဲထုတ်၍ မရနိုင်သည်ကို မကြာမီတွေ့ရပေအံ့။

မေတ္တာ၊ ကရုဏာပေါ်တွင် အခြေခံသည့်သီလ၌ အရိယမဂ္ဂင် (၈)ပါးအနက် မှန်သောပြောဆိုမှု၊ မှန်သော ပြုလုပ်မှု၊ မှန်သော အသက်မွေးမှုတည်းဟူသော သိက္ခာသုံးရပ် ပါဝင်သည်။

မှန်သော ပြောဆိုမှု (**သမ္မာဝါစာ**) ဟူသည်မှာ –

၁။ မဟုတ်မမှန် ပြောဆိုခြင်းကို ရှောင်ကြဉ်ခြင်း။

၂။ လူ့အသင်းအဖွဲ့၊ သို့မဟုတ် လူပုဂ္ဂိုလ်အချင်းချင်း စိတ်ဝမ်းကွဲပြားမညီမညွတ်ဖြစ်စေ၍ မုန်းတီးခြင်း၊ ရန်ငြိုးဖွဲ့ခြင်းကို ဖြစ်စေမည့်စကား၊ အမနာပစကား၊ ကုန်းချောစကားတို့ကို ရှောင်ကြဉ်ခြင်း။

၃။ ရှန့်ရင်းကြမ်းတမ်းသော၊ ရိုင်းစိုင်းသော၊ ရင့်သည်းသော၊ အကျိုးယုတ်စေမည်ဖြစ်သော၊ ဆဲရေးတိုင်းထွာခြင်း ဖြစ်သော စကားများ ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၄။ အချည်းနှီးဖြစ်သော၊ သိမ်ဖျင်းသော၊ အဓိပ္ပါယ်မဲ့သော စကားများပြောခြင်းနှင့် စကားရောင်း၊ စကားဝယ် ပြုလုပ်ခြင်း (အတင်းပြောခြင်း) –

တို့ဖြစ်သည်။

အထက်ဖော်ပြပါ အန္တရာယ်ပွားစေမည့် မှားယွင်းသော အပြောအဆိုများမှ ရှောင်ကြဉ်နိုင်ရန် မှန်ကန်သော စကားကိုသာ ဆိုရပေမည်။ အကျိုးရှိသော၊ အဓိပ္ပါယ်ရှိသော၊ ညင်သာပြေပြစ်သော၊ မိတ်သဟာယ ဖြစ်စေသော၊ အကျိုးကိုဆိုသောစကားလုံးများကိုသာ သုံးရပေမည်။ မည်သည့်စကားကိုမဆို သတိတရားကင်းမဲ့စွာဖြင့် မပြောကြားသင့်ပေ။ သင့်မြတ်သောအချိန်၊ သင့်လျော်သောနေရာ၌သာ စကားကိုမြွက်ဆိုရသည်။ တစ်စုံတစ်ရာ အကျိုးကျေးဇူးဖြစ်ပွားစေရန် မပြောနိုင်ပါလျှင် တုံဏှိဘာဝေ တိတ်ဆိတ်နေသင့်သည်သာတည်း။

မှန်သောပြုလုပ်မှု (**သမ္မာကမ္မန္တ**) သိက္ခာ၏ ရည်ရွယ်ချက်မှာ လောကကျင့်ဝတ်ကို ထိန်းသိမ်း၍ သဘောထားမြင့်မြတ်စွာဖြင့် ငြိမ်းချမ်းစွာ နေထိုင်ဆောင်ရွက်နိုင်မှုပင်ဖြစ်သည်။ ကျွန်ုပ်တို့အား ကိုယ်တိုင်အသက်သတ်ခြင်း၊ ခိုးယူခြင်း၊ မရိုးသားစွာပြုမူဆက်ဆံခြင်း၊ မတရားသော ကာမဂုဏ်ခံစားခြင်းတို့မှ ရှောင်ကြဉ်ရန်ဆုံးမ၍ သူတစ်ပါးအားလည်း မှန်ကန်မြင့်မြတ်၊ ငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးအတွက် ကူညီစောင်မရန် တိုက်တွန်းသည်။

မှန်သောအသက်မွေးမှု (**သမ္မာအာဇီဝ**) ဆိုသည်မှာ လိမ်လည်ကောက်ကျစ်ခြင်း၊ တိရိစ္ဆာန်များကို သတ်ဖြတ်ခြင်း၊ အဆိပ်၊ သေရည်သေရက်၊ လက်နက်ခဲယမ်းမီးကျောက် စသည်တို့ကို ရောင်းဝယ်ဖောက်ကားခြင်း စသော သူတစ်ပါးအား ဘေးအန္တရာယ်ဖြစ်စေမည့် လုပ်ငန်းဆောင်တာများဖြင့် အသက်မွေးဝမ်းကျောင်းခြင်းကို ရှောင်ကြဉ်ရမည်ဟု ဆိုလိုသည်။ ကျွန်ုပ်တို့သည် သူတစ်ပါးအား ဘေးအန္တရာယ် မဖြစ်စေသော၊ အပြစ်ကင်းစင် ကောင်းမွန် မြင့်မြတ်

သည့် အသက်မွေးမှုဖြင့် နေထိုင်စားသောက်ရပေမည်။ သေစေတတ်သော လက်နက်ခဲယမ်းမီးကျောက် ရောင်းဝယ် ဖောက်ကားခြင်းသည် ဆိုးယုတ်သော မတရားသောနည်းလမ်းဖြင့် အသက်မွေးမှုဖြစ်သည်ဟု ဗုဒ္ဓဘာသာက သမုတ်သည်။

ဤ (သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ) မှန်သောပြောဆိုမှု၊ မှန်သောပြုလုပ်မှု၊ မှန်သောအသက်မွေးမှု ဟူသည့် သိက္ခာ (၃) ရပ်သည်ပင် သီလဖြစ်ပေသည်။ ဗုဒ္ဓဘာသာ၌ သီလနှင့် ကျင့်ဝတ်တရားများသည် လူတစ်ဦး တစ်ယောက်သာမက လူ့အဖွဲ့အစည်းတစ်ခုလုံး ပျော်ရွှင်ညီညွတ်စွာ နေထိုင်သွားနိုင်ရန် ရည်သန်လေသည်။ ယင်း ကျင့်ဝတ်သီလသည် အထက်တန်းလောကုတ္တရာ လုပ်ငန်းများအတွက် မရှိမဖြစ်သော အခြေခံတရားဖြစ်သည်။ သီလ အခြေမပါဘဲ မည်သည့်လောကုတ္တရာ အဆင့်အတန်းကိုမျှ တက်လှမ်းပေါက်ရောက်နိုင်မည် မဟုတ်ချေ။

မှန်သော အားထုတ်မှု၊ မှန်သော အောက်မေ့မှတ်သားမှု၊ မှန်သော တည်ငြိမ်မှု စသော နောက် သိက္ခာ (၃) ပါးသည် အရိယမဂ္ဂင် (၈) ပါးတွင် စိတ်ကို ဆုံးမသွန်သင်ခြင်းနှင့် စပ်ဆိုင်သည့် သိက္ခာရပ်များဖြစ်ကြသည်။

၁။ ဆိုးသွမ်းညစ်ညမ်း၍ မွန်မြတ်ခြင်းမရှိသော စိတ်များမဖြစ်ပေါ်စေရန်။
၂။ ဖြစ်ပြီးသော ဆိုးသွမ်းညစ်ညမ်း၍ မွန်မြတ်ခြင်းမရှိသော စိတ်များကို ဖယ်ရှားပစ်ရန်။
၃။ မဖြစ်ပေါ်သေးသော သန့်စင်မွန်မြတ်သည့်စိတ်များ ဖြစ်ပေါ်လာစေရန်။
၄။ ဖြစ်ပေါ်တည်ရှိပြီး သန့်စင်မွန်မြတ်သည့်စိတ်များကို ပိုမိုတိုးတက်ပွားများလာစေရန်–

ပြင်းပြသော ဆန္ဒဖြင့်ဆောင်ရွက်မှုသည် မှန်သောအားထုတ်ခြင်း မည်ပေသည်။

၁။ ကိုယ်တွင် ဖြစ်ပျက်လှုပ်ရှားနေခြင်းများ (ကာယ)၊
၂။ တွေ့ထိခံစားရမှုများ (ဝေဒနာ)၊
၃။ စိတ်တွင် ဖြစ်ပျက်လှုပ်ရှားနေခြင်းများ (စိတ္တ) နှင့်
၄။ စိတ်ကူးကြံစည်မှု၊ တွေးတောယူဆမှုများနှင့် အကြောင်းခြင်းရာများ (ဓမ္မ) ကို အပတ်တကုတ် လုံ့လပြု၍ စေ့ငုစွာ မလွတ်စေဘဲ စောင့်ကြပ်ကြည့်ရှု၊ သတိပြုနေခြင်း –

ကို မှန်သော အောက်မေ့ မှတ်သားမှု ဟုခေါ်သည်။

စိတ်တည်ငြိမ်ရင့်သန်စေရန် ပြုလုပ်ရသော လေ့ကျင့်မှုများတွင် ထွက်သက်ဝင်သက်ကို သတိပြု စောင့်ကြည့်ရသည့် (အာနာပါနသတိ) လုပ်ငန်းသည် ကာယာနုပဿနာအဖြစ်ထင်ရှား ကျော်ကြားသော လေ့ကျင့်မှုတစ်ရပ် ဖြစ်လေသည်။ ကာယာနုပဿနာတွင် အကျုံးဝင်သော အခြားလေ့ကျင့်မှုမျိုး အများအပြား ရှိပေသေးသည်။

တွေ့ထိခံစားမှုကို ရှုကြည့်ရသည့် ဝေဒနာနုပဿနာ လုပ်ငန်းတွင် တွေ့ထိခံစားရသမျှ ကောင်းသည်၊ ဆိုးသည်၊ ကောင်းလည်းမကောင်း၊ ဆိုးလည်းမဆိုး ဟူသမျှကို စေ့ငုစွာ စောင့်ကြည့်နေရ၍ ၎င်းတို့မည်သို့ ဖြစ်ပေါ်လာသည်၊ မည်သို့ပျောက်ကွယ်သွားသည် စသည်တို့ကို သိရှိနေရသည်။

စိတ္တာနုပဿနာလုပ်ငန်း၌ မိမိ၏စိတ်သည် ရာဂနှင့် ယှဉ်နေသည်၊ ရာဂမှကင်းလွတ်သည်၊ ဒေါသဖြင့် ဖုံးလွှမ်းနေသည်၊ ဒေါသမှ ကင်းစင်သည်၊ တွေဝေမိုက်မှားနေသည်၊ တွေဝေမိုက်မှားမှုမှ ကင်းသည်၊ ပျံ့လွင့် ပေါ့လျော့နေသည်၊ တည်ငြိမ်စူးစိုက်နေသည် စသည်တို့ကို အစဉ်သိနေရပေမည်။ စိတ်၏လှုပ်ရှားမှုနှင့် ၎င်းဖြစ်ပေါ်လာပုံ၊ ချုပ်ငြိမ်းသွားပုံတို့၌ သတိသက်ဝင်နေရသည်။

စဉ်းစား၊ စိတ်ကူး၊ တွေးတော၊ ကြံစည်ယူဆခြင်း စသော တရားသဘောများကို ရှုကြည့်ရာ (ဓမ္မာနုပဿနာ) တွင် ၎င်းတို့၏ သဘာဝနှင့်တကွ ဖြစ်ပေါ်လာပုံ၊ ချုပ်ငြိမ်းသွားပုံ၊ တိုးပွားလာပုံ၊ နှိပ်ကွပ်ထားပုံ၊ ချေမှုန်းပစ်ပုံတို့ကို သိရှိနားလည်ရပေမည်။

စိတ် တည်ငြိမ်ရင့်သန်စေရန် လေ့ကျင့်ရသော ဤ အနုပဿနာ ကမ္မဋ္ဌာန်းကျင့်စဉ် (၄) ပါးအကြောင်းကို သတိပဋ္ဌာနသုတ်တွင် အသေးစိတ်ရှင်းလင်း ဖော်ပြထားပေသည်။[၁]

စိတ်ကို ဆုံးမသွန်သင်ခြင်းနှင့် စပ်ဆိုင်သည့် သိက္ခာ (၃) ပါးတွင်း နောက်ဆုံး တတိယမြောက် သိက္ခာသည် (သမ္မာသမာဓိ) ဈာန်အင်္ဂါ (၄) ပါးကို ရရှိစေနိုင်သည့် မှန်သော တည်ငြိမ်မှု ဖြစ်ပေသည်။

ပထမဈာန် အဆင့်တွင် ဝတ္ထုကာမ ကိလေသာတို့မှ ကင်းဆိတ်၍ ကာမဂုဏ်၌ အလိုရှိခြင်း၊ မကောင်းကြံ

---

၁။ အခန်း(၇) ကမ္မဋ္ဌာန်း ဘာဝနာအခန်းတွင် ရှုပါ။

ခြင်း၊ စိတ်ရောကိုယ်ပါ ထိုင်းမှိုင်းညှိုးနွမ်းခြင်း၊ စိတ်မငြိမ်မသက် ပျံ့လွင့်ခြင်း၊ ယုံမှားတွေးတောခြင်း စသော နီဝရဏတရားတို့ကို ပယ်ဖျောက်ပြီးဖြစ်ရကား အနည်းငယ်သော ကြံစည်မှု၊ စဉ်းစားမှုများနှင့်သာ နှစ်သိမ့်ချမ်းသာခြင်း၊ (ပီတိ၊ သုခ) တို့ကို ခံစားရသည်။

ဒုတိယဈာန် အဆင့်တွင် ကြံစည်မှု၊ စဉ်းစားမှု စသည့် ဉာဏ်လှုပ်ရှားမှု အားလုံးတို့ကို ဖိနှိပ်လျက် စိတ်ကို စိတ်တွင်သာ စူးစိုက်ထားခြင်းအားဖြင့် ကြည်လင်တည်ငြိမ်စေလျက် ပီတိနှင့် သုခတို့ကို ဆက်လက်ခံစားရသည်။

တတိယဈာန်အဆင့်သို့ ရောက်သောအခါမူ ထင်ရှားစွာခံစားရသော နှစ်သိမ့်မှုပီတိကိုပင် စွန့်ပစ်လျက် စိတ်၏ချမ်းသာမှုတစ်ခုတည်း ခံစားကာ အညီအမျှရှုလျက် သိလျက်သာ နေတော့သည်။

စတုတ္ထဈာန် အဆင့်တွင်မူ ခံစားမှုအားလုံးကို စွန့်လွှတ်လိုက်ပြီး ချမ်းသာ၊ဆင်းရဲ၊ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း ကင်းစွာ အညီအမျှ (ဥပေက္ခာ) ရှုလျက် သတိရှိစွာ နေတတ်သည်။

ဤသို့ မှန်သော အားထုတ်မှု၊ မှန်သော အောက်မေ့မှတ်သားမှု၊ မှန်သော တည်ငြိမ်မှုများဖြင့် စိတ်ကို ဆုံးမသွန်သင် ပဲ့ပြင်ယူရပေသည်။

ကျန်ရှိသေးသည့် မှန်သော အကြံနှင့် မှန်သော အမြင် သိက္ခာနှစ်ပါးမှာ ဉာဏ်ပညာအရာများ ဖြစ်ပေသည်။ မှန်သော ကြံစည်မှု ဟူသည်မှာ ကိုယ်ကျိုးစွန့်လွှတ်လိုခြင်း၊ သတ္တဝါအားလုံး အပေါ်တွင် မေတ္တာစိတ် ထားခြင်း၊ ကြမ်းကြုတ် ရက်စက်သောစိတ် မရှိခြင်း စသည်တို့ဖြစ်သည်။ ကိုယ်ကျိုး စွန့်လွှတ်လိုခြင်း၊ မေတ္တာစိတ်ထားခြင်း၊ ကြမ်းကြုတ် ရက်စက်သောစိတ်ကို ဖယ်ရှားခြင်း စသည်တို့ကို ဉာဏ်ပညာအရာတွင် ထည့်သွင်းထားသည့် အချက်မှာ အရေးကြီး၍ စိတ်ဝင်စားဖွယ်ရာ ဖြစ်ပေသည်။

ဤအချက်ကို ထောက်ရှု၍ ဉာဏ်ပညာအစစ်အမှန် ရှိသူသည် ဤမွန်မြတ်သော အရည်အချင်းများနှင့်လည်း ပြည့်စုံကြောင်း သိနိုင်၏။ ထို့ပြင် ပုဂ္ဂိုလ်ရေးရာ၊ လူမှုရေးရာ၊ နိုင်ငံရေးရာ စသည်ဖြင့် အရာရာတိုင်းတွင် တစ်ကိုယ်ကောင်းစိတ်ထား၊ ဒေါသ၊ အာဃာတစိတ်ထား၊ ရက်စက်ကြမ်းကြုတ်သော စိတ်ထားတို့သည် ဉာဏ်အမြော်အမြင် ကင်းမဲ့ရာမှ ဖြစ်ပေါ်လာရသည်မှာလည်း ထင်ရှားတော့သည်။

မှန်သော အမြင် (**သမ္မာဒိဋ္ဌိ**) ဆိုသည်မှာ အကြောင်းအရာများကို မဖောက်မပြန် မှန်ကန်စွာ သိမြင်နားလည်ခြင်း ဖြစ်သည်။ အရိယသစ္စာ လေးပါးသည် အကြောင်းအရာများကို မဖောက်မပြန် မှန်ကန်စွာ ရှင်းလင်းဖော်ပြထားသည်။ ထို့ကြောင့်အရင်းစစ်လိုက်သော် သမ္မာဒိဋ္ဌိဆိုသည်မှာ အရိယသစ္စာလေးပါးကို ကောင်းစွာ သိမြင်နားလည်ခြင်းပင် ဖြစ်သည်။ ဤသို့ ပရမတ္ထတရားကို ထိုးထွင်းသိမြင်ခြင်းသည် ဉာဏ်ပညာအရာတွင် အထွတ်အထိပ်သို့ ရောက်ခြင်းလည်းဖြစ်ပေသည်။ ဗုဒ္ဓဘာသာတွင် သိမြင်နားလည်မှု နှစ်မျိုးနှစ်စား ကွဲပြားစွာရှိသည်။ ယေဘုယျအားဖြင့် နားလည်သိရှိသည်ဆိုရာတွင် မှတ်ဉာဏ်ဖြင့် ဆည်းပူးလေ့လာထားသော အသိပညာနှင့် အချက်အလက် အကြောင်းအရာ တစ်ခုခုကို မှီ၍ ပိုင်းခြားသိမြင်တတ်သည့် ဉာဏ်စွမ်းတို့ကို ဆိုလိုသည်။

ဤသို့ သိမြင်ခြင်းကို 'လျောက်ပတ်စွာသိခြင်း' (အနုဗောဓ) ဟု ခေါ်ဆိုရ၍ နက်နဲခြင်းမရှိလှချေ။ အမှန်တကယ် နက်နဲစွာသိမြင်မှုကို 'ထိုးထွင်းသိမြင်မှု' (ပဋိဝေဓ) ဟုခေါ်၍ အမည်ပညတ်တို့ကို ဖယ်ခွာပြီးနောက် သဘာဝ အစစ်အမှန်ကို သိမြင်ခြင်း ဖြစ်သည်။ ဤကဲ့သို့ ထိုးထွင်းသိမြင်နိုင်ရန် စိတ်သည် အညစ်အကြေးအားလုံးမှ ကင်းစင်၍ ကမ္မဋ္ဌာန်း ဝိပဿနာလုပ်ငန်းဖြင့် တန်ခိုးထက်မြက်လျက် ရှိနေရပေမည်။[၁]

အထက်တွင် အကျဉ်းချုပ် ဖော်ပြခဲ့သည့်အတိုင်း မဂ်လမ်းခရီးသည် လူပုဂ္ဂိုလ်တစ်ဦးစီ အသီးသီး ကိုယ်တိုင်ကိုယ်ကျ လိုက်နာ လေ့လာ ထုထောင် ကျင့်သုံးရမည့် နေထိုင်မှု လမ်းစဉ်ဖြစ်ကြောင်း ကောင်းစွာ သိရှိနိုင်ကြပေမည်။ ကိုယ်နှုတ်နှလုံးကို ကောင်းစွာထိန်းသိမ်းဆုံးမ၍ မိမိကိုယ်တိုင် အပတ်တကုတ် ကြိုးပမ်းအားထုတ်ပြီး မိမိကိုယ်မိမိ စင်ကြယ်စေရသော လမ်းစဉ်ဖြစ်ရကား၊ ယုံကြည်မှု၊ ဆုတောင်းမှု၊ ကိုးကွယ်မှု၊ အခမ်းအနားကျင်းပမှုများနှင့် မည်သို့မျှ ဆက်စပ်မှု မရှိပေ။ ဤသဘောအရ မဂ်လမ်းခရီးသည် လူအများခေါ်ဝေါ်နားလည်နေသည့် ဘာသာရေးကြည်ညိုမှုမျိုး မဟုတ်ပေ။ သီလ၊ သမာဓိ၊ ပညာ အင်္ဂါ (၃) ရပ်ကို ပြည့်စုံအောင်ထုထောင်ခြင်းဖြင့် အဆုံးစွန် အေးငြိမ်းခြင်း၊ ချမ်းသာခြင်း၊ လွတ်လပ်ခြင်းဖြစ်သော နိဗ္ဗာန်သို့ ရောက်စေနိုင်သည့် လမ်းသာဖြစ်ပေသည်။

ဗုဒ္ဓဘာသာထွန်းကားသော တိုင်းပြည်များ၌ ဘာသာရေးနှင့် ပတ်သက်သော အခါကြီးရက်ကြီးများတွင် စိတ်ကြည်နူးဖွယ်ကောင်းသော ရိုးရာဓလေ့ အခမ်းအနားပွဲများ ပြုလုပ်လေ့ ရှိကြသော်လည်း ၎င်းတို့သည် နိဗ္ဗာန်သို့ ပို့

---

၁။ ဝိသုဒ္ဓိမဂ္ဂ (ပတစ) စာမျက်နှာ ၅၁၀။

ဆောင်သော မဂ်လမ်း အစစ်အမှန်နှင့် မည်သို့မျှ မသက်ဆိုင်ပေ။ သို့သော်မရင့်သန်သေးသော ပုဂ္ဂိုလ်တို့၏ ဘာသာတရား ကြည်ညိုစိတ်ကို ဖြည့်စွမ်းထက်သန်စေ၍ မဂ်လမ်းသို့ တဖြည်းဖြည်းရောက်စေသော အကူအညီအထောက်အပံ့အဖြစ်ဖြင့်မူ ၎င်းတို့သည် တန်ဖိုး ရှိသင့်သလောက် ရှိပေသည်။

အရိယ သစ္စာ လေးပါးနှင့် ပတ်သက်၍ ဆောင်ရွက်ရန် ကိစ္စ (၄) ရပ် ရှိပေသည်။

**ပထမသစ္စာ** သည် ဒုက္ခသစ္စာ ဖြစ်၏။ ၎င်းသစ္စာအရ ဘဝ၏ သဘောအစစ်အမှန်၊ ဘဝ၏ ဒုက္ခ၊ ၎င်း၏ပျော်ရွှင်မှု၊ ဆင်းရဲမှု၊ မပြည့်စုံမှု၊ နှစ်သက်ကျေနပ်ဖွယ် မရှိမှု၊ မတည်မြဲမှု၊ ဝတ္ထုဒြပ် အကောင်အထည် ဆိပ်ကင်းမှု စသည်တို့ကို ရှင်းလင်းပြည့်စုံစွာ သိရှိနားလည်ရန် (ပရိညေယျ) မှာ ပထမရှေးဦး ဆောင်ရွက်ရမည့် ကိစ္စ ဖြစ်ပေသည်။

**ဒုတိယသစ္စာ** သည် တဏှာနှင့်တကွ အခြားသော ကိလေသာ အညစ်အကြေး မြူမှုန်တို့သည် ဒုက္ခကို ဖြစ်ပေါ်စေသည် ဟူသော ဒုက္ခသမုဒယသစ္စာ ဖြစ်သည်။ ဤတွင် သမုဒယသစ္စာကို သိရုံမျှဖြင့် ကိစ္စမပြီးသေးပေ။ ထို ကိလေသာ၊ တဏှာတို့ကို စွန့်ပစ်၊ ပယ်ဖျောက်၊ ဖျက်ဆီး၊ ထိုးခုတ်၊ အမြစ်မှ နုတ်ပစ်ပယ်မှသာ (ပဟာတဗ္ဗ) ကိစ္စ ပြီးမြောက်သည် မည်ပေသည်။

**တတိယသစ္စာ** သည် ဒုက္ခတို့၏ ချုပ်ငြိမ်းခြင်း၊ နိရောဓသစ္စာဖြစ်၍ ကျွန်ုပ်တို့ ဆောင်ရွက်ရမည့် ကိစ္စမှာ ပရမတ္ထသစ္စာတည်း ဟူသော နိဗ္ဗာန်ကို မျက်မှောက်ပြုရန် (သစ္ဆိကာတဗ္ဗ) ဖြစ်ပေသည်။

**စတုတ္ထသစ္စာ** သည် နိဗ္ဗာန်သို့ ရောက်စေသော မဂ္ဂင်လမ်းဖြစ်၏။ ယင်း မဂ္ဂင်လမ်းအကြောင်းကို မည်မျှပင် စုံလင်စွာ သိရှိနားလည်သော်လည်း ကိစ္စမပြီးမြောက်ပေ။ လမ်းစဉ်အတိုင်း ကျင့်ကြံလိုက်နာ၊ ဆောင်ရွက်အားထုတ် (ဘာဝေတဗ္ဗ) ကြရမည်သာ ဖြစ်ပေသည်။

အခန်း(၆)

# အနတ္တ ( ဝိညာဉ်ကောင်မရှိ ) တရားတော်

သက္ကတဘာသာတွင် 'အာတမံ' ဟု လာ၍ ဝိညာဉ်ကောင်၊ ငါ၊ အတ္တ ဟု အများပြောဆို သုံးစွဲနေကြသည့် စကားလုံးများသည် မျက်မြင်အားဖြင့် ပြောင်းလဲနေသည့် လောကကြီး၏ နောက်ကွယ်တွင် မပြောင်းလဲသော အစဉ်တည်မြဲသော မူလဓါတ်အနှစ်သည် 'လူ့ကိုယ်တွင်း၌ ကိန်းအောင်းတည်ရှိနေသည်' ဟူသည့် သဘောကို ရည်ညွှန်းပြဆို လေသည်။ အချို့ဘာသာ အယူဝါဒအရ ဘုရားသခင်က ဖန်ဆင်းထားသော ထိုကဲ့သို့ ဝိညာဉ်ကောင်မျိုးသည် လူတိုင်းတွင် အသီးသီးရှိကြ၏။ သေဆုံးကွယ်လွန်ပြီးနောက် ဖန်ဆင်းရှင် ဘုရားသခင်၏ အလိုတော်အတိုင်း ငရဲ သို့မဟုတ် ကောင်းကင်ဘုံ၌ ထာဝရနေထိုင် သွားကြရသည်။ အခြားဘာသာ အယူဝါဒများအရမူ ၎င်းဝိညာဉ်ကောင်သည် လုံးဝသန့်ပြန့်စင်ကြယ်သည့်တိုင်အောင် ဘဝများစွာ ကူးပြောင်းသွားလာ၍ နောက်ဆုံး၌ ၎င်း၏မူလပင်မဖြစ်သော အာတမံ၊ သို့မဟုတ်၊ ဗြဟ္မာကြီး၊ သို့မဟုတ် ဘုရားနှင့် သွားရောက် ပူးပေါင်းလိုက်သည် ဆို၏။ လူ့ကိုယ်တွင်း၌ရှိသော ဤ ဝိညာဉ်ကောင် သို့မဟုတ် အတ္တသည်ပင် အကြံအစည်တို့ကို တွေးတောကြံစည်၏။ ခံစားဖွယ်များကို ခံစား၏။ ကောင်းမှု၊ မကောင်းမှုတို့၏ အကျိုးအပြစ်တို့ကို ခံယူသည်ဟု ဆို၏။ ဤကဲ့သို့ ယူဆသော အယူဝါဒ ကို အတ္တဝါဒ ဟု ခေါ်တွင်သည်။

အတ္တ၊ ငါကောင်၊ ဝိညာဉ်ကောင် ရှိကြောင်းကို ဗုဒ္ဓဝါဒတစ်ခုတည်းကသာ လက်မခံ၊ ငြင်းပယ်ခြင်းသည် လူတို့၏ တွေးတောကြံဆမှု သမိုင်းတွင် ထူးခြားနေသော အချက်ကြီး ဖြစ်ပေသည်။ ဗုဒ္ဓ ဟောကြားတော်မူသော ဒေသနာများအရ အတ္တအယူဝါဒသည် စိတ်ထင်မျှသာဖြစ်သော မမှန်ကန်သည့် အယူဝါဒဖြစ်၍ စိတ်ကူးအလိုနှင့် ကိုက်ညီစွာ အကောင်အထည်မုချ အမှန်မရှိပေ။ ၎င်းဝါဒသည် 'ငါ'၊ 'ငါ့ဟာ' စသည့် ဘေးအန္တရာယ်ဖြစ်ပေါ်စေသော စိတ်အကြံအစည်၊ တစ်ကိုယ်ကောင်းစိတ်ထား၊ လောဘတဏှာ မက်မောခြင်း၊ ဒေါသ အာဃာတထားခြင်း၊ မာနကြီးခြင်း၊ ထောင်လွှားခြင်း စသည်တို့နှင့် အခြားအညစ်အကြေးများ ပြဿနာများကို ဖြစ်ထွန်းစေသည်။ ဤဝါဒသည် လူပုဂ္ဂိုလ်အချင်းချင်း ခိုက်ရန်ဖြစ်ပွားသည်မှအစ တိုင်းပြည်အချင်းချင်း စစ်မက်ဖြစ်ပွားရသည်အထိ ကမ္ဘာ့ ဒုက္ခပြဿနာအပေါင်းတို့၏ မူလအကြောင်းရင်းပင်ဖြစ်၏။ အတိုချုပ်ဆိုရသော် ကမ္ဘာတွင် မကောင်းမှုဟူသမျှသည် ဤမှားယွင်းသော ဝါဒတွင် အခြေခံလေသည်။

စိတ်သဘာဝအရ လူတွင် မိမိကိုယ်မိမိကာကွယ်ရန်နှင့် မိမိကိုယ်ကို ပျက်သုဉ်းမသွားစေရန် အကြံအစည်စိတ်ကူးနှစ်မျိုးသည် အမြစ်တွယ်လျှက် ရှိသည်။ ၎င်းအား အကာအကွယ်ပေးရန် ဘုရားကို ကြံစည်ဖန်တီးထားလေသည်။ ကလေးငယ်သည် မိခင်အား မှီခိုသကဲ့သို့ ၎င်း၏လုံခြုံမှု၊ ဘေးရန်ကင်းမှု၊ ကာကွယ်မှုအတွက် ယင်းဘုရားကိုကိုးကွယ် အားထားသည်။ တစ်ဖန် မိမိကိုယ်ကို ပျက်သုဉ်းမသွားစေရန် ထာဝရတည်မြဲနေသည့် အတ္တ၊ ဇီဝ၊ အယူဝါဒကို တီထွင်ကြံဆ ယူလေသည်။ ဉာဏ်ပညာကင်းမဲ့၍ ဘေးအန္တရာယ်များကို ထိတ်လန့်နေသော တန်ခိုးမဲ့သည့် လောဘသား လူသည် အဆိုပါ စိတ်ကူးနှစ်မျိုးဖြင့် မိမိကိုယ်မိမိ နှစ်သိမ့်နေရပေသည်။ ထို့ကြောင့် ၎င်းတို့ကို လက်မလွှတ်နိုင်ဘဲ တစ်ယူသန် စွဲမြဲ ဆုပ်ကိုင်ထားခြင်း ဖြစ်သည်။

ဗုဒ္ဓ၏တရားတော်များသည် ဤသို့ လောဘဖြင့် ဖုံးလွှမ်းခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ ခိုကိုးရာမဲ့ဖြစ်ခြင်း၊ မသိနားမလည်ခြင်းများကို ထောက်ခံအားပေးမှုမပြုဘဲ ၎င်းတို့ကို အခြေအမြစ်မှ ဖြိုခွင်းချေမှုန်းခြင်းဖြင့် လူကိုအသိဉာဏ်ပေးလေသည်။ ဗုဒ္ဓဝါဒအရ ထာဝရဘုရားသခင် အယူ၊ အတ္တဇီဝ အယူတို့သည် မှားယွင်းဖောက်ပြန်အနှစ်ကင်းမဲ့သော အယူများသာ ဖြစ်ပေသည်။ စိတ်ကူးရင့်သန်စွာဖြင့် ထုတ်ဆောင်ကြံဆ ထားလင့်ကစား ၎င်းအယူဝါဒတို့သည် နက်နဲရှုပ်ထွေးသော ဒဿနိက အဘိဓမ္မာစကားလုံးများဖြင့် တန်ဆာဆင်ထားသည့် သိမ်မွေ့သော စိတ်ကူး ကြံစည်မှုများသာ ဖြစ်ပေသည်။ ဤစိတ်ကူးတွေးတောချက်များသည် လူ၌ အမြစ်တွယ်လျှက်ရှိပြီး လွန်စွာ မြတ်နိုးနှစ်သက်ဖွယ် ဖြစ်နေရကား ယင်းတို့နှင့် ဆန့်ကျင်သော ဝါဒများကို လူသည် နားလည် သဘောပေါက်ချင်သော ဆန္ဒမရှိ၊ နားထောင်လိုသော ဆန္ဒပင် မရှိချေ။

ဗုဒ္ဓသည် ဤအချက်ကို ကောင်းစွာ သိရှိတော်မူသည်။ အမှန်စင်စစ် ရှင်တော်ဘုရား ဟောကြားတော်မူသော တရားများသည် လူ၏ တစ်ကိုယ်ကောင်း ဆန္ဒကို ဆန့်ကျင်သော ရေဆန်သွားနေရသော (ပတိသောတဂါမိ) တရားများဖြစ်သည်ဟုပင် မိန့်တော်မူလေသည်။ သဗ္ဗညုတ ရွှေဉာဏ်တော် ရတော်မူပြီးနောက် စတုတ္ထမြောက် သတ္တာဟတွင် ဗောဓိပင်ရင်း၌ စံပယ်တော်မူရင်း–

> "ပညာရှိများသာ သဘောသက်ဝင်နိုင်သော၊ နားလည်ရန်ခက်ခဲသော၊ သိမြင်ရန် မလွယ်ကူသော၊ အလွန်နက်နဲသော ဤ သစ္စာတရားများကို ငါကိုယ်တော်မြတ် မျက်မှောက်ပြုရပြီ၊ ကိလေသာဖြင့် လွှမ်းခြုံပြီး အမှောင်ထုဖြင့် ဖုံးအုပ်နေသော လူတို့သည် ဤ သိမ်မွေ့သော၊ နက်နဲသော၊ မြင့်မားသော၊ နားလည်ရန်ခက်ခဲသော၊ ၎င်းတို့၏ လိုအင်ဆန္ဒနှင့် ဆန့်ကျင်၍ ရေဆန်သွားနေသော ဤ သစ္စာတရားထူးများကို သိမြင်နိုင်ကြမည် မဟုတ်ချေ"–

ဟု တစ်ပါးတည်း တွေးတော ဆင်ခြင်မိတော်မူလေသည်။

ဤသို့ ဆင်ခြင်မိရကား ကိုယ်တော်တိုင် မျက်မှောက်ပြုပြီးသော သစ္စာတရားကို သတ္တဝါများအား ဟောပြောခြင်းဖြင့် အချည်းနှီး အလဟဿပင် ဖြစ်နေပေမည်လော၊ ချီတုံချတုံ ကြံဆနေမိပြန်သေးသည်။ ထို့နောက်မူ လောကကြီးအား ကြာအိုင်တစ်ခုနှင့် နှိုင်းယှဉ်ကြည့်၏။ ကြာအိုင်တွင် ကြာပန်းအချို့သည် ရေအောက်တွင် နစ်မြုပ်နေကြ၏။ အချို့သောကြာပန်းတို့သည် ရေမျက်နှာပြင် အထိသာ တက်ရောက်နိုင်ကြသေး၏။ အချို့မှာမူ ရေမျက်နှာပြင်မှ ကင်းရှင်းကျော်လွန် ထိုးတက်သွားနိုင်ကြ၏။ ထို့အတူ လောကတွင်လည်း ဉာဏ်ပညာအဆင့်အတန်း အမျိုးမျိုးနှင့် လူများရှိပေ၏တကား။ အချို့ပုဂ္ဂိုလ်တို့သည် သစ္စာတရားကို နားလည်ကောင်းတန်ရာ၏။ ဤသို့သုံးသပ်ကြည့်မိမှသာ ဗုဒ္ဓသည် တရားဟောပြောရန် ဆုံးဖြတ်တော်မူသည်။[၁]

## ပဋိစ္စသမုပ္ပါဒ် တရားတော်

အနတ္တတရားသည် ခန္ဓာ (၅) ငါးပါးနှင့် ပဋိစ္စသမုပ္ပါဒ်တရား[၂] တို့ကို ခွဲခြမ်းစိတ်ဖြာ ဆင်ခြင်သုံးသပ်ရာမှ အလိုအလျောက် ဆက်သွယ်ပေါက်ပွားလာသောတရား ဖြစ်သည်။

ပထမအရိယသစ္စာတည်းဟူသော ဒုက္ခသစ္စာကို ဆွေးနွေးရာ၌ ပုဂ္ဂိုလ်၊ သတ္တဝါဟု ခေါ်ရာတွင် ခန္ဓာငါးပါးသာ ရှိကြောင်း ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။ ခန္ဓာငါးပါးကို သေချာစွာ ခွဲခြမ်းစိတ်ဖြာ၍ စစ်ဆေးကြည့်သောအခါ၌ ၎င်းတို့နောက်ကွယ်တွင် ငါ၊ အတ္တ၊ ဇီဝဟု မှတ်ယူစရာ ထာဝရတည်မြဲသော အရာဟူ၍ ဘာမျှမရှိကြောင်း တွေ့ရပေသည်။ ဤကား ခွဲခြမ်းစိတ်ဖြာ၍ ဆင်ခြင်သုံးသပ်သော (ဝိဘဇ္ဇ) နည်းလမ်း ဖြစ်ပေသည်။

ဖွဲ့စည်းပေါင်းစပ်၍ ဆင်ခြင်သုံးသပ်ရသော (သမူဟ) နည်းဖြစ်သည့် ပဋိစ္စသမုပ္ပါဒ်တရား နည်းလမ်းဖြင့်လည်း ဤအဖြေကိုပင် ရလေသည်။ ပဋိစ္စသမုပ္ပါဒ်တရားတော်အရ လောကတွင် မည်သည့်အရာမျှ ပဓာနအချုပ်ဟူ၍ မရှိပေ။ အရာရာတိုင်း တစ်ခုပေါ်တစ်ခု အမှီသဟဲ အညမညပြု၍ ကြောင်းကျိုးဆက်စပ် နေကြ၏။ ဤသည်ပင် ဗုဒ္ဓ၏ 'အညမည နိယာမ' (ရီလေးတစ်ဗီတီ သီအိုရီ) ဖြစ်တော့သည်။

အနတ္တအကြောင်း သက်သက်ကို မဆွေးနွေးမီ ပဋိစ္စသမုပ္ပါဒ်တရားကို အနည်းငယ် အကျဉ်းမျှ သုံးသပ်ရန် လိုပေသည်။

ပဋိစ္စသမုပ္ပါဒ်တရား၏ သဘောကို အောက်ပါ ပါဠိ ၄–ကြောင်းတွင် အကျဉ်းချုံး၍ ဖော်ပြထားပေသည်။

ဣမသ္မိံ သတိ ဣဒံဟောတိ၊
ဣမဿုပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ၊
ဣမသ္မိံ အသတိ ဣဒံ န ဟောတိ၊
ဣမဿ နိရောဓ ဣဒံ နိရုဇ္ဈတိ။

'ဤအကြောင်းရှိသော် ထိုအကျိုးရှိ၏။'
'ဤအကြောင်းဖြစ်ပေါ်ခြင်းကြောင့် ထိုအကျိုးဖြစ်ပေါ်၏။'
'ဤအကြောင်းမရှိလတ်သော် ထိုအကျိုးမရှိ။'
'ဤအကြောင်းချုပ်ခြင်းကြောင့် ထိုအကျိုးချုပ်၏။'[၃]

---

၁။ မဟာဝဂ္ဂ (အလွတ်ဂါမ ၁၉၂၂) စာမျက်နှာ ၄။ မဇ္ဈိမနိကာယ် ၁ (ပတစ) စာမျက်နှာ ၁၆၇။
၂။ အောက်တွင် ရှင်းလင်းဖော်ပြထားသည်။
၃။ မဇ္ဈိမနိကာယ် ၃ (ပတစ) စာမျက်နှာ ၆၃။ ဥဒါန၊ ၇၉၊ ဆ၌။ သံယုတ်နိကာယ် ၂၊ (ပတစ) စာမျက်နှာ ၂၈၉၅။
ခေတ်မီပုံစံဖြင့်ပြရသော် – 'က' ရှိလျှင် 'ခ' ရှိသည်။ 'က' ဖြစ်ပေါ်လျှင် 'ခ' ဖြစ်ပေါ်သည်။
'က' မရှိလျှင် 'ခ' မရှိ။ 'က' ချုပ်ကွယ်လျှင် 'ခ' ချုပ်ကွယ်သည်။

ဘဝတစ်ခုလုံး၏ ဖြစ်ပေါ်ခြင်း၊ တည်နေခြင်း၊ ချုပ်ငြိမ်းခြင်းတို့သည် ဤသို့ အကြောင်းအကျိုး ဆက်စပ်မှု၊ အညမညအဖြစ် တည်မှု၊ တစ်ခုအပေါ်တစ်ခု မှီခိုမှု စသော သဘောတရားများတွင် အခြေခံနေကြောင်းကို ပဋိစ္စသမုပ္ပါဒ်တရားတွင် အသေးစိတ်ရှင်းပြထားပေသည်။

ပဋိစ္စသမုပ္ပါဒ်တရားတော်တွင် အင်္ဂါ (၁၂) ပါး ပါဝင်ပေသည်။

၁။ **အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ**။ ။အဟုတ်အမှန်ကို မသိမြင်မှုဟူသော အကြောင်းကြောင့် ပြုပြင်စီရင်သော သင်္ခါရမှုကို ဖြစ်ပွား၏။

၂။ **သင်္ခါရ ပစ္စယာ ဝိညာဏံ**။ ။ပြုပြင်စီရင်သော သင်္ခါရမှုတို့ကြောင့် အာရုံကိုသိသော ဝိညာဉ် ဖြစ်ပွား၏။

၃။ **ဝိညာဏ ပစ္စယာ နာမရူပံ**။ ။အာရုံသိသော ဝိညာဉ် ဖြစ်ပေါ်ခြင်းကြောင့် နာမ်ရုပ်အစုသည် ဖြစ်ပွား၏။

၄။ **နာမရူပ ပစ္စယာ သဠာယတနံ**။ ။နာမ်ရုပ်အစုဖြစ်ပေါ်ခြင်းကြောင့် အာရုံစုဝေးတည်ရှိရာ အကြည် ၆ ပါး ဖြစ်၏။

၅။ **သဠာယတန ပစ္စယာ ဖဿော**။ ။အာရုံစုဝေးတည်ရှိရာ အကြည် ၆ ပါး ဖြစ်ပေါ်ခြင်းကြောင့် အာရုံကို ထိတွေ့မှု ဟူသော ဖဿ ဖြစ်ပွား၏။

၆။ **ဖဿ ပစ္စယာ ဝေဒနာ**။ ။အာရုံထိတွေ့မှု ဟူသော ဖဿ ဖြစ်ပေါ်ခြင်းကြောင့် အာရုံခံစားမှု ဟူသော ဝေဒနာ ၆ ပါး ဖြစ်ပွား၏။

၇။ **ဝေဒနာ ပစ္စယာ တဏှာ**။ ။အာရုံခံစားမှုဟူသော ဝေဒနာဖြစ်ပေါ်ခြင်းကြောင့် သာယာတပ်မက်သော တဏှာ ဖြစ်ပွား၏။

၈။ **တဏှာ ပစ္စယာ ဥပါဒါနံ**။ ။သာယာတပ်မက်သော တဏှာဖြစ်ပေါ်ခြင်းကြောင့် စွဲလမ်းသော ဥပါဒါန် ဖြစ်ပွား၏။

၉။ **ဥပါဒါန ပစ္စယာ ဘဝေါ**။ ။စွဲလမ်းသော ဥပါဒါန်ဖြစ်မှုကြောင့် ဘဝသစ် ဖြစ်ပွား၏။

၁၀။ **ဘဝ ပစ္စယာ ဇာတိ**။ ။ဘဝသစ်ဖြစ်ပေါ်ခြင်းကြောင့် ပဋိသန္ဓေနေမှု ဖြစ်ပွား၏။

၁၁။ **ဇာတိ ပစ္စယာ** ။ ။၁၂။ ။ **ဇရာ မရဏံ ......** ပဋိသန္ဓေနေရမှုကြောင့် အိုမင်းရင့်ရော်၊ သေဆုံး ပျက်ပြုန်း၊ စိုးရိမ်ပူဆွေး၊ ငိုကြွေးမြည်တမ်း၊ ပင်ပန်းဆင်းရဲခြင်းတို့ ဖြစ်ပွားကုန်၏။

ဤသို့သာလျှင် ဘဝသံသရာသည် ဖြစ်ပေါ်လိုက် တည်နေလိုက်နှင့် လှည့်လည်သွားလာနေပေတော့သည်။

ဤ ပဋိစ္စသမုပ္ပါဒ် အင်္ဂါရပ်များကို (ပဋိလုံ) ပြောင်းပြန် သုံးသပ်ပါက သံသရာစက် အလည်ရပ်သွားပုံကို တွေ့မြင်ရပေမည်။

အဟုတ်အမှန်ကို မသိမမြင်မှုဟူသော အဝိဇ္ဇာ ချုပ်ငြိမ်းခြင်းကြောင့် ပြုပြင်စီရင်သော သင်္ခါရ ချုပ်ငြိမ်း၏။ သင်္ခါရ ချုပ်ငြိမ်းခြင်းကြောင့် ဝိညာဉ်ချုပ်ငြိမ်း၏။ ...... ပဋိသန္ဓေနေရမှု ချုပ်ငြိမ်းခြင်းကြောင့် အိုမင်းရင့်ရော်၊ သေဆုံး ပျက်ပြုန်း၊ စိုးရိမ်ပူဆွေး၊ ငိုကြွေးမြည်တမ်း၊ ပင်ပန်းဆင်းရဲခြင်းတို့ ချုပ်ငြိမ်းကုန်၏။

အထက်ပါ အင်္ဂါ (၁၂) ရပ်တို့တွင် အင်္ဂါတစ်ပါးစီသည် အကျိုးတရား (ပဋိစ္စသမုပ္ပ) လည်းဖြစ်၊ အကြောင်းတရား (ပဋိစ္စသမုပ္ပါဒ) လည်း ဖြစ်ကြသည်။[1] ထို့ကြောင့် ယင်းတို့သည် တစ်ခုနှင့်တစ်ခု မှီခိုဆက်သွယ် အညမညဖြစ်နေ၍ မည်သည့်အရာမျှ တစ်ခုတည်း ထီးထီးမှီခိုကင်းစွာ တည်ရှိနိုင်ကြသည် မဟုတ်ပေ။ ထို့ကြောင့်လည်း ဗုဒ္ဓဝါဒတွင် ရှေးဦးစွာ ဖြစ်သော မူလအကြောင်းရင်းရှိခြင်းကို လက်မခံဟု ရှေ့တွင် ပြဆိုခဲ့ပေသည်။ ပဋိစ္စသမုပ္ပါဒ်ကို ကြိုးတစ်ချောင်း ကဲ့သို့ အစဉ်အတန်းဟု မယူရဘဲ စက်ဝိုင်းသဏ္ဍာန် မှတ်ယူအပ်ပေသည်။[2]

အနောက်နိုင်ငံ အဘိဓမ္မာနှင့် စိတ်ပညာစခန်းတွင် သဘောရှိရာ သဘောရှိပြုနိုင်သော လွတ်လပ်သော စိတ်အလို (Free Will) အကြောင်းကို အရေးပေး၍ ဆွေးနွေးကြသည်။ သို့ရာတွင် ပဋိစ္စသမုပ္ပါဒ် တရားအရ ဗုဒ္ဓ အဘိဓမ္မာတွင် ဤသဘောတရားသည် ပေါ်ပေါက်စရာ အကြောင်းမရှိပေ၊ ဆွေးနွေးစရာ မလိုပေ။ ဘဝတစ်ခုလုံးသည်ပင် အကြောင်းတရားမှ ဖြစ်ပေါ်ရ၍ အချင်းချင်းထောက်ပံ့ ရှင်းပင်းနေရသည်ဖြစ်ရာ စိတ်အလို (will) တစ်ခုတည်းသာ ကွက်၍ သဘောရှိရာ ပြုနိုင်စွမ်းသော လွတ်လပ်မှုကို မည်သို့ရရှိနေနိုင်ပေမည်နည်း။ 'စိတ်အလို' သည်လည်း အခြား

---

၁။ ဝိသုဒ္ဓိမဂ် (ပတစ) ၊ စာမျက်နှာ ၅၁၇။

၂။ ဤလွန်စွာအရေးကြီးလှသော ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ကျမ်းလေးအံ့စိုး၍ ဤ၌အပြည့်အစုံမဆွေးနွေးတော့ပြီ။ ပဋိစ္စသမုပ္ပါဒ် တရားတော်သက်သက်ကို စာရေးသူ မကြာမီထုတ်ဝေမည့်စာအုပ်တွင် အပြည့်အစုံ ဝေဖန်ဆွေးနွေး တင်ပြထားပါသည်။

စိတ်ကူးအကြံအစည်များနည်းတူ အကြောင်းတရားပေါ်တွင် တည်ရှိရပေသည်။ 'လွတ်လပ်မှု' ဆိုခြင်းသည်ပင် အကြောင်းတရားမှ ဖြစ်ပေါ်ရ၍ အညမညသဘော ဆောင်ပေသည်။ အရာရာတိုင်းသည် အချင်းချင်း ထောက်ပံ့နေရ၊ ငဲ့နေရသည်ဖြစ်၍ ရုပ်နာမ်နှစ်ပါးစလုံး မည်သည့်အရာမျှ ပကတိ လွတ်လပ်သည်ဟူ၍ မရှိနိုင်ပေ။ 'လွတ်လပ်သော စိတ်အလို' ဆိုသည့်စကားလုံးများတွင် အကြောင်းတရား၊ အကျိုးတရားတို့မှ ကင်းလွတ်ခြင်း၊ ပြုပြင်ဖန်တီးမှုမှ ကင်းရှင်းခြင်း ဟူသော အဓိပ္ပါယ် ပါဝင်နေပေသည်။ ဘဝတစ်ခုလုံးသည်ပင် ပဋိစ္စသမုပ္ပါဒ်တရားတော်၌ အကျုံးဝင်၍ ပြုပြင်ဖန်တီးခံ၊ အညမည တရားသဘော ဖြစ်နေရကား 'စိတ်အလို'၊ သို့မဟုတ် မည်သည့်အရာမဆို အကြောင်း အကျိုးပြုပြင်ဖန်တီးမှုမှ ကင်းလွတ်၍ မည်ကဲ့သို့ ဖြစ်ပေါ်လာနိုင်ချိမ့်မည်နည်း။ ဤနေရာတွင် 'လွတ်လပ်သော စိတ်အလို'ဆိုသည့် သဘောအယူသည် ထာဝရဘုရား၊ ဝိညာဉ်၊ တရားမျှတခြင်း၊ ဒဏ်ခတ်ခြင်း စသည့်အယူဝါဒများနှင့် အခြေခံဆက်သွယ်မှု ရှိနေပေသည်။ အမှန်မှာမူ လွတ်လပ်သည်ဆိုသော စိတ်အလိုသည် မလွတ်လပ်သည်သာမက 'လွတ်လပ်သော စိတ်အလို' အယူဝါဒသည်ပင် ကြောင်းကျိုးတရားမှ ကင်းလွတ်မှုမရှိဘဲ ပြုပြင်ဖန်တီးခံမျှသာ ဖြစ်ပေသည်။

ပဋိစ္စသမုပ္ပါဒ် တရားတော်နည်းအရ သော်လည်းကောင်း၊ ခန္ဓာငါးပါးအဖြစ် ခွဲခြမ်းစိတ်ဖြာ ကြည့်ရှုနည်းဖြင့် သော်လည်းကောင်း ကြည့်ရှုဆင်ခြင်လျှင် လူ၏အတွင်း၌ဖြစ်စေ၊ အပြင်၌ဖြစ်စေ အတ္တ၊ သတ္တ၊ ဇီဝ၊ ငါ ဟု ခေါ်သည့် ထာဝရတည်မြဲသည့်အရာရှိသည်ဟူသော အယူဝါဒသည် မှားယွင်းသောအယူ၊ စိတ်၏ကြံဆမှုသာ ဖြစ်ကြောင်း ပေါ် လွင်ပေသည်။ ဤသည်ကား ဗုဒ္ဓ၏ အနတ္တဝါဒပင် ဖြစ်ပေသည်။

နားလည်မှုရှုပ်ထွေးခြင်း မရှိစေရန် ဝေါဟာရ အသုံးဖြစ်သော သမ္မုတိသစ္စာနှင့် ပကတိအမှန်ဖြစ်သော ပရမတ္ထသစ္စာဟူ၍ သစ္စာနှစ်ပါးရှိကြောင်း ဤနေရာ၌ ဖော်ပြထားရပေမည်။ [၁] နေ့စဉ်သုံးစကားတွင် 'ငါ'၊ 'သင်'၊ 'ပုဂ္ဂိုလ်'၊ 'သတ္တဝါ' ဟူ၍ သုံးစွဲရာ၌ 'ပုဂ္ဂိုလ်'၊ 'သတ္တဝါ' မရှိဘဲနှင့် ပြောဆိုနေကြခြင်းသည် မဟုတ်မမှန်သော စကား ကိုဆိုသည်မဟုတ်။ လောကတွင် ပညတ်ခေါ်ဝေါ်နေကြသည့်အတိုင်း သုံးစွဲပြောဆိုကြခြင်းသာ ဖြစ်၏။ သို့ရာတွင် 'ငါ'၊ 'သတ္တဝါ' ဟူ၍ ပရမတ္ထတရားတွင် မရှိခြင်းကား အမှန်စင်စစ်ဖြစ်ပေသည်။ မဟာယာန၊ သူတရာ လင်္ကာကျမ်းပါ အတိုင်း 'ပုဂ္ဂိုလ်'ဟူ၍ ပညတ်အရသာ ခေါ်ဆိုနေသော်လည်း ပရမတ္ထအရ အမှန်တည်ရှိနေသည် မဟုတ်ပေ။ [၂]

ဟိနယာနနှင့် မဟာယာန ဂိုဏ်း (၂) ခုစလုံးသည် 'မပျက်စီးနိုင်သော အတ္တ' ရှိခြင်းကို ငြင်းပယ်ထားကြ၏။ ထိုဂိုဏ်းနှစ်ဂိုဏ်းသည် ဗုဒ္ဓ၏တရားများကို မိမိတို့ဂိုဏ်းအလိုက် အစဉ်အလာအတိုင်း ဆင်းသက်ဆက်ခံယူလာကြ သော်လည်း ဤ 'အတ္တမရှိ'ဟူသော ယူဆချက်တွင် တညီတညွတ်တည်း သဘောကိုက်ညီရကား မူလ ဟောကြား တော်မူခဲ့သည့်တရားမှ သွေဖည်ချွတ်ချော်သွားပြီဟု မှတ်ယူနိုင်စရာ အကြောင်းမရှိပေ။ [၃]

ထို့ကြောင့် ဗုဒ္ဓဝါဒ၏ သဘောအဓိပ္ပါယ်နှင့် ဆန့်ကျင်လှသော အတ္တဝါဒကို ဘုရားဟော ဒေသနာများတွင်း သို့ ပညာရှင်အချို့က [၄] မတရားသွတ်သွင်းယူရန် မကြာမီက အချည်းနှီးကြိုးစား ကြံဆောင်လာခြင်းသည် ထူးဆန်း အံ့သြဖွယ်ရာဖြစ်နေပေသည်။ ယင်းပညာရှင်ကြီးများသည် ဗုဒ္ဓနှင့် ၎င်းဟောကြားတော်မူသော တရားတော်များ၌ လေးစားမှု၊ ကြည်ညိုမှု၊ မြတ်နိုးမှု ကား ရှိကြပါ၏။ ဗုဒ္ဓ၏ဝါဒကို ရှိသေလေးမြတ်စွာဖြင့် အားကိုးအားထားလည်း ပြုကြ ပါ၏။ သို့ရာတွင် ရှင်းလင်းစွာ၊ နက်နဲစွာ၊ ဆင်ခြင်ကြံဆတတ်သူဟု ၎င်းတို့က အသိအမှတ်ပြုထားသည့် ဗုဒ္ဓသည် သူတို့၌ အလွန်လိုနေသော 'အတ္တ' ရှိကြောင်းကို ငြင်းပယ်တော်မူခဲ့မည်မဟုတ်ဟု တွေးတောကြံဆနေကြ ပေသည်။

သူတို့၌ အလွန်လိုနေသော 'အတ္တ' ရှိကြောင်းအယူဝါဒအတွက် ဗုဒ္ဓ၏အထောက်အကူကို မသိမသာ ရှာဖွေ ကြံဆ၍ ယူနေကြပေသည်။ ဗုဒ္ဓ၏ထောက်ခံချက်ကို ရှာဖွေယူနေကြသည်မှာ ကိုယ်ခန္ဓာအတွင်း၌ တည်ရှိသည်ဆို သော အသေးအဖွဲ 'အတ္တငယ်'အတွက် မဟုတ်ပါ။ စကြာဝဠာအနှံ့အပြားတည်ရှိနေသည့် 'အတ္တကြီး'အတွက်သာ ဖြစ်ပေသည်။ [၅]

တစ်စုံတစ်ဦးသည် အတ္တဝါဒ၌ ယုံကြည်သက်ဝင်ပါမူ ဤသို့ယုံကြည်သက်ဝင်ကြောင်း ပွင့်လင်းစွာ ပြောဆို –

---

၁။ သာရတ္ထပကာသနီ၊ (ပတစ) စာမျက်နှာ ၇၇။

၂။ မဟာယာန၊ သူတရာလင်္ကာရ၊ အသင်္ဂ၊ (ပဲရစ်၊၁၉၀၇) စာမျက်နှာ ၉၂။

၃။ မစ်ဒလ်ဝေးမဂ္ဂဇင်း (၁၉၅၇၊ဖေဖော်ဝါရီလ) အိပ်ချ်၊ ဗွန်ဂလာ–ဆင်နပ် ရေး 'ဝေဒန္တနှင့်ဗုဒ္ဓဘာသာ' ဆောင်းပါး၊ စာမျက်နှာ ၁၅၄။

၄။ ကွယ်လွန်သူ မစ်စ်ရီးစ်ဒေးဗစ်နှင့် အခြားပညာရှင်များ၊ မစ်စ်ရီးစ်ဒေးဗစ် ရေး 'လူသားဆန်သည့် ဂေါတမ'၊ 'သာကျ သို့မဟုတ် ဗုဒ္ဓဝါဒ မူရင်းများ'၊ 'ဗုဒ္ဓဘာသာလက်စွဲ'၊ 'ပင်ရင်းဗုဒ္ဓဝါဒ အဘယ်နည်း' စသော ကျမ်းများ ရှုပါ။

၅။ 'အတ္တငယ်''အတ္တကြီး'အဓိပ္ပါယ်ကို စာမျက်နှာ ၆၃ တွင် ဘာသာပြန်သူ၏ မှတ်ချက်ကို ရှုပါ။

သင့်ပေသည်။ သို့မဟုတ် အတ္တမရှိကြောင်း ဗုဒ္ဓယူဆသည်မှာ လုံးဝမှားယွင်းနေသည်ဟု ပြောဆိုလိုကလည်း ပြောဆိုနိုင်ပါသည်။ သို့ရာတွင် လက်ရှိမူလပိဋကတ်ပါဠိတော်များမှ သိရှိရသမျှ အတ္တဝါဒကို ဗုဒ္ဓက လက်ခံတော်မမူဘဲနှင့် ယင်းဝါဒကို ဗုဒ္ဓဝါဒတွင်းသို့ သွတ်သွင်းယူလာခြင်းမှာမူ လုံးဝလျော်ကန် သင့်မြတ်သည် မဟုတ်ပေ။

ထာဝရဘုရားသခင်နှင့် အတ္တ (ဝိညာဉ်ကောင်) ၌ ယုံကြည်ကြသော ဘာသာတရားများတွင် ၎င်းဝါဒနှစ်ရပ်ကို ကွယ်ဝှက်ထားကြသည် မဟုတ်ပေ။ မကွယ်ဝှက်သည့်ပြင် စကားလုံးပြောင်မြောက်စွာဖြင့် မရပ်မနား ထပ်ကာထပ်ကာ ကြေငြာလျှက် ရှိကြပေသည်။ ဗုဒ္ဓသည်လည်း ဘာသာအားလုံးတွင် အရေးကြီးလှသော ဤသဘောအယူအဆ နှစ်ရပ်ကို လက်ခံတော်မူခဲ့ပါလျှင် အခြားတရားများကို ဟောတော်မူသကဲ့သို့ ၎င်းတို့ကိုလည်း လူပရိသတ်အားလုံးအား ပွင့်ပွင့်လင်းလင်း ဟောပြတော်မူခဲ့ပေမည်။ ပရိနိဗ္ဗာန်ပြုတော်မူပြီး နှစ်ပေါင်း ၂၅၀၀ ကြာမှ ဉာဏ်ကြီးရှင်များ ရှာဖွေတွေ့ရှိရန် ကွယ်ဝှက်ဖုံးအုပ် ထားတော်မူခဲ့မည် မဟုတ်ပေ။

ဗုဒ္ဓ၏အနတ္တတရားတော်ကြောင့် ၎င်းတို့ပိုင်ဆိုင်နေသည်ဟု ထင်ရှိနေသော အတ္တသည် ပျက်ပြုန်းသွားရချေတော့မည်ဟု လူအပေါင်းတို့ ပူပင်သောကရောက်ကြသည်။ ဗုဒ္ဓသည် ဤအချက်ကို မသိမဟုတ်ခဲ့ပေ။

"အရှင်ဘုရား၊ မိမိကိုယ်တွင်း၌ တည်မြဲနေသည်ကို ရှာ၍မတွေ့သောအခါ၌ ပူပင်သောကရောက်ရသော အမှုကိစ္စများ ရှိပါသလား" ဟု အခါတစ်ပါးတွင် ရဟန်းတစ်ပါးက မြတ်စွာဘုရားအား လျှောက်ထား၏။

"ရှိပေ၏ ရဟန်း၊ တစ်စုံတစ်ယောက်သည် ဤအယူရှိ၏၊ "စကြာဝဠာကြီးသည် ထိုအာတမံ ဖြစ်၏။ ငါကွယ်လွန်သော် မပြောင်းလဲသော၊ ထာဝရမြဲသော၊ ခိုင်ခံ့တည်တံ့သော ထိုအာတမံဖြစ်သွားလေ၍ ကမ္ဘာ အစဉ်အဆက်မပျက် တည်မြဲသွားပေအံ့" ထိုသူသည် ငါဘုရားကသော်လည်းကောင်း၊ ငါ၏တပည့်ရဟန်းများက သော်လည်းကောင်း ဟောကြားသည့် သို့လော သို့လော တွေးတောကြံဆသော အယူအားလုံးကို ဖျက်ဆီးပစ်၍ တဏှာ၊ ဉပါဒန်တို့ ချုပ်ငြိမ်းစေသော နိဗ္ဗာန် တရားတော်များကို နာကြားမိသော် "ငါသည် ပျက်ပြုန်းရတော့မည်၊ ငါချုပ်သိမ်းရတော့မည်၊ ငါဟူ၍ ရှိတော့မည်မဟုတ်"ဟု တွေးမိတော့သည်။ ထိုအခါ ၎င်းသည် ရင်ဘတ်ကို လက်ခတ်တီးငိုကြွေးမြည်တမ်းကာ သောကပရိဒေဝမီး တောက်လောင်၍ ပြင်းစွာတွေဝေခြင်းသို့ ရောက်၏။ ရဟန်း၊ ဤသို့ဖြင့် မိမိကိုယ်တွင်း၌ တည်မြဲနေသည်ကို ရှာမတွေ့သောအခါတွင် ပူပင်သောကရောက်ရသော အမှု ကိစ္စများ ရှိပေ၏။" [၁] ဟု မြတ်စွာဘုရားက ဖြေကြားတော်မူဖူးလေသည်။

အခြားတစ်နေရာတွင်လည်း "ရဟန်းတို့၊ ပညာဉာဏ်မရှိသော ပုထုဇဉ်တို့အတွက် 'ငါမရှိ၊ ငါမဟုတ်' ဟူသော သဘောတရားသည် လွန်စွာ ထိတ်လန့်ဖွယ် ဖြစ်ဘိ၏" ဟု ဟောကြားဖူးလေပြီ။ [၂]

ဗုဒ္ဓဝါဒတွင် 'အတ္တ' ကို ရှာဖွေတွေ့ရှိလိုသူတို့သည် အောက်ပါဆင်ခြေဆင်လက်များကို တင်ပြလေ့ ရှိကြ၏။ ဗုဒ္ဓသည် သတ္တဝါကို ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ ဟူသော ခန္ဓာ (၅) ပါးအဖြစ် ခွဲခြမ်းစိတ်ဖြာ၍ သုံးသပ်တော်မူပါသည်။ ၎င်းခန္ဓာ (၅) ပါးသည် ငါ၊ အတ္တမဟုတ် ဟု ဟောကြားတော်မူသည်မှာ မှန်ပါသည်။ သို့ရာတွင် ဤခန္ဓာ (၅) ပါးအစုမှလွဲ၍ လူတွင်လည်းကောင်း၊ အခြားနေရာတွင်လည်းကောင်း အတ္တမရှိဟု မိန့်တော်မမူဘူးပါ ဟု ဆင်ခြေတက်သည်။

ဤငြင်းဆိုချက်သည် အောက်ပါအကြောင်း (၂) ခုကြောင့် အခြေအမြစ်မရှိကြောင်း သိသာနိုင်သည်။

၁။ ဗုဒ္ဓဒေသနာတော်အရ သတ္တဝါတွင် ခန္ဓာ (၅) ပါး သာ ရှိသည်။ အပိုအမို ဘာမျှမရှိ။ မည်သည့်နေရာ၊ မည်သည့်အခါမျှ သတ္တဝါတွင် ခန္ဓာ (၅) ပါးအပြင် အပိုများ ရှိသေးသည်ဟု ဗုဒ္ဓက ဟောကြားတော် မမူခဲ့ပေ။

၂။ အကြိမ်ပေါင်းများစွာ၊ နေရာပေါင်းများစွာတွင် စကြာဝဠာရှိ လူ၏ကိုယ်တွင်း၌ဖြစ်စေ၊ ပြင်ပ၌ဖြစ်စေ၊ မည်သည့်နေရာမှာမဆို ငါ၊ အတ္တ၊ ဇီဝ ဟူ၍ မရှိကြောင်း အတိအကျ၊ ပြတ်ပြတ်သားသား၊ ရှင်းရှင်းလင်းလင်း ဗုဒ္ဓက မိန့်မြွက်ခဲ့ပြီး ဖြစ်ပေသည်။

သာဓကများကို ရှာဖွေကြည့်ရှုကြပေအံ့–

ဗုဒ္ဓတရားတော်တွင် အဓိကဖြစ်၍ လွန်စွာအရေးကြီးသော ဂါထာ (၃) ပုဒ်ကို ဓမ္မပဒတွင် တွေ့ရှိရသည်။

---

၁။ မဇ္ဈိမနိကာယ် ၁၊ (ပတစ) စာမျက်နှာ ၁၃၆၊၁၃၇ ။

၂။ ပပဉ္စသူဒနီ (ပတစ) စာမျက်နှာ ၁၁၂ တွင် ကိုးကားပြချက်။

၎င်းတို့သည် ဓမ္မပဒ၊ အခန်း(၂၀)၊ အမှတ် (၅၆၇) သို့မဟုတ် ဂါထာပုဒ်ရေ (၂၇၇၊၂၇၈ နှင့် ၂၇၉) တို့ ဖြစ်ကြသည်။ ပထမ (၂) ပုဒ်တွင် –

သဗ္ဗေသင်္ခါရာ အနိစ္စာ = အကြောင်းတရားတို့ ပြုပြင်အပ်သော ခပ်သိမ်းကုန်တို့သည် မမြဲကုန်။

သဗ္ဗေသင်္ခါရာ ဒုက္ခာ = အကြောင်းတရားတို့ ပြုပြင်အပ်သော ခပ်သိမ်းကုန်တို့သည် ဆင်းရဲကုန်၏။

ဟုဆို၍ တတိယပုဒ်တွင် –

သဗ္ဗေဓမ္မာ အနတ္တာ = အလုံးစုံသော တရားတို့သည် အတ္တမဟုတ်ကုန်၊ အတ္တမရှိကုန် [၁] – ဟု ဆိုထား၏။

ပထမ (၂) ပုဒ်တွင် 'အကြောင်းတရားတို့ ပြုပြင်အပ်သော ခပ်သိမ်းကုန်သော သင်္ခါရာ' ဟူသော စကားလုံးကို အသုံးပြု၍ တတိယပုဒ်တွင် ယင်းအစား 'ဓမ္မ'ဟူသော စကားလုံးကို သုံးနှုန်းထားခြင်းကို အထူးသတိပြုရန် လိုပေသည်။ တတိယပုဒ်တွင် အကြောင်းတရားတို့ ပြုပြင်အပ်သော ခပ်သိမ်းကုန်သော 'သင်္ခါရာ' ဟူသော စကားလုံးကို အခြား (၂) ပုဒ်မှာကဲ့သို့ အသုံးမပြုဘဲ ယင်းအစား 'ဓမ္မ'ဟူသော စကားလုံးကို အဘယ့်ကြောင့် သုံးနှုန်းထားရသနည်း။ ယခုဆွေးနွေးနေသည့် ပြဿနာ တစ်ရပ်လုံး၏ အဓိက အကျဆုံးအချက်ကို ဤပုစ္ဆာများက ဆောင်ယူထားသည်။

သင်္ခါရ [၂] ဟူသည် ခန္ဓာငါးပါးကို ဆိုလိုသည်။ ရုပ်၊နာမ် နှစ်ပါးလုံးနှင့်သက်ဆိုင်သော၊ အကြောင်းတရားတို့ကို ပြုပြင်အပ်ကုန်သော၊ တစ်ခုနှင့်တစ်ခု အညမညသဘောအရ မှီခိုဆက်စပ်နေသော ခပ်သိမ်းကုန်သော အကြောင်းခြင်းရာ အခြေအနေတို့သည် သင်္ခါရ၌ အကျုံးဝင်ပေသည်။

အထက်ပါ တတိယပုဒ်သည် 'သဗ္ဗေသင်္ခါရာ အနတ္တာ' ဟုဖြစ်နေပါမူ အကြောင်းတရားတို့ ပြုပြင်စီရင်အပ်ကုန်သော အရာဟူသမျှသည် အတ္တမရှိကုန်၊ မဟုတ်ကုန်သော်လည်း ခန္ဓာငါးပါးမှ သီးခြား၍ အကြောင်းတရားတို့ ပြုပြင်စီရင်ခြင်းကင်းသော အရာတို့မူကား အတ္တရှိကုန်၏၊ ဟုတ်ကုန်၏ ဟု အဓိပ္ပါယ်ကောက်ယူနိုင်ပေမည်။ ဤကဲ့သို့ လွဲမှားကောက်ယူခြင်းမှ ကင်းလွတ်စေရန် 'ဓမ္မ'ဟူသော စကားလုံးကို သုံးထားရခြင်းဖြစ်ပေသည်။

'ဓမ္မ'၏အဓိပ္ပါယ်သည် 'သင်္ခါရ'ထက် ကျယ်ပြန့်သည်။ ဗုဒ္ဓဘာသာသုံး စကားလုံးများတွင် 'ဓမ္မ'ထက် အဓိပ္ပါယ် ကျယ်ပြန့်သော စကားလုံးမရှိတော့ပေ။ 'ဓမ္မ'၏သဘောအဓိပ္ပါယ်တွင် အကြောင်းတရားတို့ ပြုပြင်စီရင်အပ်ကုန်သော အခြေအနေ အကြောင်းခြင်းရာအားလုံး ပါဝင်သည်သာမက အကြောင်းတရားတို့ ပြုပြင်စီရင်ခြင်းကင်းသော အကြွင်းမဲ့ပကတိဖြစ်သော နိဗ္ဗာန်သည်ပင် သက်ရောက်အကျုံးဝင်ရပေသည်။ စကြာဝဠာ တွင်း–ပြင် နှစ်ခုစလုံးတွင် အကောင်းအဆိုးဟူသမျှ အကြောင်းတရားတို့ ပြုပြင်စီရင်အပ်ကုန်သည်၊ မအပ်ကုန်သည် မဟူ ပကတိသဘော၊ အညမညသဘော မခွဲခြား ရှိရှိသမျှ အရာခပ်သိမ်းတို့သည် 'ဓမ္မ'တွင် အကျုံးမဝင်သည်မရှိ။ အားလုံးအကျုံးဝင်ကြရသည်ချည်းဖြစ်ပေသည်။ ထို့ကြောင့် 'သဗ္ဗေဓမ္မာ အနတ္တာ' ဟုဆိုထားရကား ခန္ဓာငါးပါးတွင်သာ ငါ၊ အတ္တမရှိသည်မဟုတ်၊ ၎င်းတို့၏ အပြင်အပ၊ ၎င်းတို့နှင့် သီးခြားတွင်လည်း 'ငါ၊ အတ္တ'ဟူ၍ မရှိကြောင်း [၃] သိသာထင်ရှားပေပြီ။

ထို့ကြောင့် ထေရဝါဒအရ ပုဂ္ဂိုလ်တွင်လည်းကောင်း၊ တရားဓမ္မများတွင်လည်းကောင်း အတ္တမရှိဟု ဆိုလိုခြင်းဖြစ်သည်။ မဟာယာနဂိုဏ်း ဗုဒ္ဓအဘိဓမ္မာတွင်လည်း ဓမ္မအနာတ္မန်၊ ပုဂ္ဂလအနာတ္မန် ဟူ၍ အလေးအနက်ပြုကာ ဖော်ပြထားသဖြင့် ဤအချက်တွင် ထေရဝါဒနှင့် သဘောအယူ ထပ်တူဖြစ်၍ အနည်းငယ်မျှ ကွဲပြားတိမ်းစောင်းခြင်း မရှိပေ။

မဇ္ဈိမနိကာယ် အလဂဒ္ဒူပမသုတ်တွင် ဗုဒ္ဓက "ရဟန်းတို့၊ အတ္တဝါဒကို စွဲယူသူအား ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်း တို့ မဖြစ်နိုင်မူ ထို အတ္တဝါဒကို စွဲယူရာ၏။ သို့သော်လည်း စွဲယူသူအား ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်း တို့ မဖြစ်နိုင်ရာသော

---

၁။ 'ဗုဒ္ဓ၏ သီလလမ်းစဉ်'စာအုပ် (မဒရပ်၊၁၉၂၉၊ စာမျက်နှာ ၆၉)တွင် အက်ဖ်အယ်လ်ဝုဒ်ဝါဒ် က 'ဓမ္မ'ကို 'အကြောင်းတရားတို့ ပြုပြင်စီရင်ထားအပ်သည့် ခပ်သိမ်းကုန်သော အခြေအနေ အကြောင်းခြင်းရာများ'ဟု ဘာသာပြန်ဆိုချက်မှာ လုံးဝချွတ်လွဲ မှားယွင်းပေသည်။ အကြောင်းတရားတို့ပြုပြင်စီရင်ထားအပ်သည့် ခပ်သိမ်းကုန်သော အခြေအနေအကြောင်းခြင်းရာများသည် 'သင်္ခါရ'များသာဖြစ်၍ 'ဓမ္မ' များမဟုတ်ပေ။

၂။ ခန္ဓာငါးပါးအစုတွင် ပါဝင်သော 'သင်္ခါရ'၏ အဓိပ္ပါယ်မှာ ကာမဝိပါက်များကို ဖြစ်ပွားစေသည့် 'စေတနာ'သို့မဟုတ်'သဉ္စေတနာ' စေတသိက်များကို ဆိုလိုသည်။ ဤနေရာ၌မူ ခန္ဓာငါးပါးအပါအဝင် အကြောင်းတရားတို့ပြုပြင်စီရင်အပ်သော ခပ်သိမ်းကုန်သော အရာများဟု ဆိုလိုရင်းဖြစ်သည်။ သင်္ခါရဟူသော ဝေါဟာရသည် ပြောဆိုရေးသားသည့် စကားစပ် အစဉ်ကိုလိုက်၍ အနက် အဓိပ္ပါယ် ကွဲပြားခြားနားနိုင်ပေသည်။

၃။ မဇ္ဈိမနိကာယ် (ပတစ)၊ စာမျက်နှာ ၂၂၈။ သံယုတ် ၂၊ စာမျက်နှာ ၁၃၂၊၁၃၃။

အတ္တဝါဒမျိုးကို သင်တို့တွေ့မြင်ကြကုန်သလော” ဟုမေးတော်မူ၏။ [၁]

“အရှင်ဘုရား၊ မတွေ့မြင်ကြပါ” ဟု ရဟန်းတို့က ပြန်ကြားလျှောက်ထား၏။

“ရဟန်းတို့၊ ကောင်းပေ၏။ စွဲယူသူအား ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပင်ပန်းခြင်း တို့ မဖြစ်နိုင်ရာသော အတ္တဝါဒမျိုးကို ငါလည်းမမြင်” ဟု မိန့်မြွက်တော်မူလေသည်။

အတ္တဝါဒ တစ်မျိုးမျိုးကို ဗုဒ္ဓလက်ခံခဲ့ပါက ဤနေရာတွင် ရဟန်းတို့အား ရှင်းလင်း ဟောကြားခဲ့ပေမည်။ အကြောင်းမူ ဗုဒ္ဓက ရဟန်းတို့အား ဆင်းရဲပင်ပန်းခြင်းကို မဖြစ်နိုင်ရာသော အတ္တဝါဒမျိုးရှိမူ လက်ခံရာ၏ဟု ခွင့်ပြုတော်မူသောကြောင့်ပေတည်း။ သို့ရာတွင် ဗုဒ္ဓသည် ထိုအတ္တဝါဒမျိုး မရှိဟု သိရှိပြီးဖြစ်တော်မူသည်။ မည်သည့် အတ္တဝါဒမျိုး မဆို နက်နဲယောင်၊ သိမ်မွေ့ယောင် ရှိသော်လည်း မှားယွင်း၏။ စိတ်အကြံအစည်မျှသာ ဖြစ်သည်။ ၎င်းတို့သည် ပြဿနာအမျိုးမျိုးကို ဖန်တီးလျက် နောက်ဆက်တွဲအားဖြင့် ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပူပန်ခြင်း စသော ဆင်းရဲအပေါင်းကို ဖြစ်ပေါ်စေသည်ဟုလည်း သိရှိယူဆပြီး ဖြစ်တော်မူသည်။

ဤသုတ်၌ပင် ဆက်လက်ဟောကြားတော်မူရာ၌ “ရဟန်းတို့၊ ကိုယ်အတ္တကိုလည်းကောင်း၊ ကိုယ်အတ္တပိုင် ဥစ္စာကိုလည်းကောင်း အမှန်အားဖြင့် အခိုင်အမာအားဖြင့် ရှာဖွေမရခဲ့သော် ထိုငါသည် လောက (စကြာဝဠာ) တည်း၊ ထိုငါသည် ကိုယ် ‘အတ္တ’တည်း၊ တမလွန်ဘဝ၌ ထိုငါပင်ဖြစ်အံ့၊ မြဲအံ့၊ ခိုင်ခံ့အံ့၊ ဖောက်ပြန်ခြင်း သဘော မရှိအံ့၊ ကာလ အဆုံးအစမရှိ တည်အံ့ ဟူသော စွဲယူမှုသည် အကြွင်းမဲ့ အပြည့်အစုံ မိုက်မဲခြင်း၊ ပညာဉာဏ် ကင်းခြင်း မဟုတ်ပါလော” ဟု မေးမြန်းတော်မူလေသည်။ [၂]

ဤဒေသနာတော်၌ “ငါ”၊ ကိုယ်၊ အတ္တ ကို အမှန်အားဖြင့် ဘယ်နေရာမှာမှ ရှာဖွေ၍ မရနိုင်ကြောင်းနှင့် ငါ၊ ကိုယ်၊ အတ္တ ရှိကြောင်း ယုံကြည်ခြင်းသည်ပင် လွန်စွာ မိုက်မဲခြင်းပင်ဖြစ်ကြောင်း ဗုဒ္ဓက အတိအလင်း ဖော်ပြခဲ့ ပေသည်။

ဗုဒ္ဓဒေသနာများတွင် ‘အတ္တ’ကို လိုက်လံရှာဖွေသူတို့သည် ပါဠိတော်မှ ကောက်နုတ်ချက်အချို့ကို တင်ပြကြ၏။ သို့တင်ပြရာတွင် ၎င်းတို့သည် ပထမ မှားယွင်းစွာ ဘာသာပြန်ဆိုကြပြီးနောက် အဓိပ္ပါယ်ကို မှားယွင်းစွာ ကောက်ယူကြပြန်သည်။ ထိုသူတို့တင်ပြလေ့ရှိသော ကောက်နုတ်ချက်တစ်ခုမှာ ဓမ္မပဒ (အခန်း ၁၂၊ အမှတ် ၄၊ သို့မဟုတ် ဂါထာအမှတ် ၁၆၀) မှ ထင်ရှားသော ‘အတ္တာဟိ အတ္တနော နာထော’ ပုဒ်ပင် ဖြစ်ပေသည်။ ထိုပုဒ်ကို ‘ကိုယ်သာလျှင် ကိုယ်၏အရှင်သခင်ဖြစ်၏’ ဟု ဘာသာပြန်ဆိုကြ၍ ‘အတ္တအကြီး’သာလျှင် ‘အတ္တအငယ်’၏ အရှင်သခင်ဖြစ်သည်ဟု အဓိပ္ပါယ်ကောက်ယူကြလေသည်။

ရှေးဦးစွာဖြင့် ဤ ဘာသာပြန်ဆိုချက်သည် မှားယွင်းလျက်ရှိ၏။ ဤနေရာတွင် ‘အတ္တ’သည် ကိုယ် ‘အတ္တ’ ဟူသော အနက်အဓိပ္ပါယ်မရှိပေ။ ပါဠိဘာသာတွင် အထက်၌ တွေ့ရှိခဲ့ကြသည့်အတိုင်း အတ္တဝါဒနှင့် ပတ်သက်၍ အဘိဓမ္မာသဘောအရ တိကျစွာပြောဆိုလိုသော ကိစ္စအနည်းငယ်မှအပ ‘အတ္တ’ကို အများအားဖြင့် သပစ္စာဂမ နာမ်စား အဖြစ် သုံးလေ့ရှိပေသည်။ ဓမ္မပဒ အခန်း (၁၂) မှာ ကဲ့သို့တွင်လည်းကောင်း၊ အခြားနေရာ အများအပြားတွင် လည်းကောင်း အများအားဖြင့် ‘အတ္တ’ကို သပစ္စာဂမနာမ်စားအဖြစ်အသုံးပြု၍ ‘ကျွန်ုပ်ကိုယ်ကျွန်ုပ်’၊‘သင့်ကိုယ်သင်’၊ ‘သူ့ကိုယ်သူ’၊‘မိမိကိုယ်မိမိ’ ဟု အဓိပ္ပါယ်ပြန်ရပေသည်။ [၃]

‘နာထော’ဟူသည်မှာလည်း ‘အရှင်သခင်’မဟုတ်ချေ။ ‘ကိုးကွယ်ရာ’၊ ‘အားထားရာ’၊ ‘အကူအညီ’၊

---

၁။ မဇ္ဈိမနိကာယ် (ပတစ)၊ စာမျက်နှာ ၁၃၇။

၂။ မဇ္ဈိမနိကာယ် ၁ (ပတစ)၊ စာမျက်နှာ ၁၃၈။ ဤစာပိုဒ်ကို ရည်ညွှန်းကာ အက်စ်၊ရာဒါကရစ်ရှနန်သည် သူ၏ စာအုပ် အိန္ဒိယ အဘိဓမ္မာ (လန်ဒန်၊၁၉၄၀) စာမျက်နှာ ၄၈၅ ၌ ‘မိမိ၏ အတ္တငယ်သည် အစဉ်အမြဲ ဆက်လက်တည်တံ့နေသည်ဟု ကြွေးကြော်နေသည့် အယူမှားကိုသာ ဗုဒ္ဓက ငြင်းပယ်တော်မူသည်’ဟု ရေးသားထားပေသည်။ ကျွန်ုပ်တို့သည် ဤမှတ်ချက်ကို သဘောမတူနိုင်ပါ။ အမှန်စင်စစ် ဗုဒ္ဓသည် ဤစာပိုဒ်အရ စကြာဝဠာအနန္တအပြားတည်သည်ဆိုသော အာတမံကို ငြင်းပယ်တော်မူခြင်း ဖြစ်လေသည်။ အထက် ရှေးဦးပိုင်းစာပိုဒ်တွင် ဖော်ပြထားသည့်အတိုင်း ဗုဒ္ဓသည် ‘အတ္တငယ်’ကိုသော်လည်းကောင်း၊ ‘အတ္တကြီး’ကိုသော် လည်းကောင်း လက်ခံတော်မမူချေ။ အာတမံဝါဒအားလုံးသည် မှားယွင်းသောအယူ၊ စိတ်၏ ကြံဆမှုသာဖြစ်သည်ဟု ဗုဒ္ဓက ယူဆ တော်မူသည်။

ဘာသာပြန်သူ၏မှတ်ချက်။ ။ ‘အတ္တငယ်’မိမိကိုယ်တွင်း၌ တည်မြဲကိန်းအောင်းနေသည်ဟု ထင်မြင်ယူဆသည့် ဝိညာဉ်ကောင်။
‘အတ္တကြီး’စကြာဝဠာအနန္တအပြား တည်သည်ဆိုသော အာတမံ။

၃။ ၁၉၅၇ ခု၊ဖေဖော်ဝါရီလထုတ် မစ်ဒလ်ဝေးမဂ္ဂဇင်းတွင်‘ဝေဒန္တနှင့် ဗုဒ္ဓဘာသာ’ဆောင်းပါး၌ အိပ်ချ်၊ဗွန်ဂလာဆင်နပ်သည် ဤအချက်ကို ကောင်းစွာ ရှင်းလင်းဖော်ပြထားပေသည်။

'အစောင့်အရှောက်'ဟူသည့်အဓိပ္ပါယ်သာဖြစ်သည်။ [၁] ထို့ကြောင့် 'အတ္တာဟိ အတ္တနော နာထော'ဟူသောပုဒ်သည် 'မိမိသာလျှင် မိမိအကူအညီ၊သို့မဟုတ် အားထားရာ ဖြစ်သည်'ဟု ဆိုလိုသည်။ အဘိဓမ္မာသဘောပါဝင်သည့် 'ငါ၊ အတ္တ'နှင့် လုံးဝမပတ်သက်ပေ။ သင့်ကိုယ်သာလျှင် သင်အားကိုးရမည်၊ အခြားသူများကို မမှီခိုရဟု ရှင်းရှင်း လွယ်လွယ်ပင် အဓိပ္ပါယ်ဆောင်ပေသည်။

ဗုဒ္ဓဒေသနာတွင်းသို့ 'အတ္တဝါဒ'ကို သွတ်သွင်းလိုစိတ်ဖြင့် ကြံဆောင်သော အခြားဥပမာတစ်ခုမှာ မဟာပရိနိဗ္ဗာနသုတ် [၂] မှ အကြောင်းအရာလွတ် ကောက်နုတ်တင်ပြထားသော ထင်ရှားကျော်ကြားသည့် 'အတ္တ–ဒီပါ ဝိဟရထ၊ အတ္တ သရဏာ အနညသရဏာ'ဟူသော ပုဒ်ပင် ဖြစ်လေသည်။ ဤပုဒ်ကို စာသဘောအတိုင်း အတိအကျ ဘာသာပြန်ရသော် 'သင့်ကိုယ်သာ သင်၏ကျွန်းငယ်(အားထားရာ)ပြု၍၊ သင့်ကိုယ်သာ သင်၏မှီခိုရာ ပြု၍ နေကုန်လော့၊ သူတစ်ပါးကို သင်၏မှီခိုရာ မဖြစ်စေလင့်' [၃] ဟု ဆိုလိုပေသည်။ ဗုဒ္ဓဝါဒတွင် 'အတ္တ၊ ကိုယ်' ပါဝင်သည်ကို မြင်လိုသူ တို့သည် 'အတ္တဒီပါ'ကို 'ကိုယ်အား ဆီမီးတိုင်အဖြစ်'၊ 'အတ္တသရဏ'ကို 'ကိုယ်အားမှီခိုရာအဖြစ်'[၄] ဟူ၍ အဓိပ္ပါယ်ကောက်ယူကြပေသည်။

ဤပုဒ်များသည် ဗုဒ္ဓက ရှင်အာနန္ဒာအား ပရိနိဗ္ဗာန်မပြုမီ ဆုံးမ ဟောကြားတော်မူသော တရားတော်လာ ပုဒ်များဖြစ်ပေရာ သဘောအဓိပ္ပါယ်ကို ပြည့်ပြည့်စုံစုံသိရှိနားလည်နိုင်ရန် ထိုတရားများကို ဟောကြားတော်မူရသည့် နောက်ခံအကြောင်းအရာများကို ထည့်သွင်းစဉ်းစားကြရပေမည်။

ထိုတရားများကို ဗေဠုဝရွာတွင် မြတ်စွာဘုရား စံပယ်တော်မူစဉ် ဟောကြားတော်မူခြင်းဖြစ်သည်။ ပရိနိဗ္ဗာန် မပြုမီ (၃) လအချိန်က ဖြစ်ပေသည်။ ထိုအခါက မြတ်စွာဘုရားသည် သက်တော် (၈၀) ရှိပြီဖြစ်၍ ကွယ်လွန်တော်မူရ နီးပါး (မာရဏန္တိက) ပြင်းထန်စွာ နာမကျန်းဖြစ်နေတော်မူသည်။ တပည့်ကြီးငယ်တို့အား အသိမပေးဘဲ ပရိနိဗ္ဗာန် ပြုတော်မမူသင့်ဟု သဘောပိုက်တော်မူသဖြင့် ရောဂါဝေဒနာကို ထူးကဲသော သတ္တိ၊ ဝီရိယများဖြင့် သည်းခံတော်မူ၍ ကျော်လွန်ပျောက်ငြိမ်းစေတော်မူသည်။

အနာရောဂါ နှိပ်စက်ခြင်းမှ ကင်းလွတ်သွားပြီ ဖြစ်သော်လည်း ကျန်းမာရေးကား ချို့တဲ့ဆဲပင်ဖြစ်သည်။ တစ်နေ့တွင် ကျောင်းသင်္ခမ်း အပြင်ဘက် သစ်ပင်ရိပ်တစ်ခုတွင် စံပယ်တော်မူနေစဉ် ဗုဒ္ဓအား အထူးကဲဆုံး ကြည်ညိုစွာ ဝတ်ပြုနေသူ ရှင်အာနန္ဒာသည် မြတ်ဗုဒ္ဓ ထံပါးသို့ချဉ်းကပ်၍ "အရှင်ဘုရား၊ ရှင်တော်ဘုရား ကျန်းမာရေးအတွက် တပည့်တော်သည် အစဉ်ဂရုပြု စောင့်ရှောက်ခဲ့ပါသည်။ ကိုယ်တော် နာမကျန်း ရှိခဲ့စဉ်ကလည်း လုပ်ကျွေးဝတ်ပြုခဲ့ပါသည်။ ရှင်တော်ဘုရား နာမကျန်းဖြစ်တော်မူသောအခါ တပည့်တော်၌ အရပ်မျက်နှာတို့သည် မှေးမှိန်ခဲ့ပါသည်။ တရား၌ ဆင်ခြင်သော ဉာဏ်များလည်း မထင်ရှား၊ မှုန်မွှားသွားခဲ့ပါသည်။ ရဟန်းသံဃာ အဖွဲ့အစည်းကို ရည်၍ ဆုံးမ

---

၁။ ဓမ္မပဒ အဋ္ဌကထာတွင် 'နာထောတိ ပတိဋ္ဌာ'နာထောဟူသည်'အထောက်အပံ့ (မှီခိုအားထားရာ၊အကူအညီ၊အစောင့်အရှောက်)'ဟု အဓိပ္ပါယ်ရကြောင်း ဖော်ပြထားသည်။(ဓမ္မပဒ၊အဋ္ဌကထာ ၃ (ပတစ)၊ စာမျက်နှာ ၁၄၈)။ ရှေးဟောင်းသီဟိုဠ်မူ ဓမ္မပဒကျမ်းတွင် 'နာထော'ကို ပိဟိဘဝန္ဒေယံ၊ အထောက်အပံ့(မှီခိုအားထားရာ၊ အကူအညီ) ဟု ဖွင့်သည်။ (ဓမ္မပဒ ပုရာဏသန္နယ၊ ကိုလံဘို ၁၉၂၆၊ စာမျက်နှာ ၇၇)။ နာထော၏ ပဋိသေဓစကားလုံးကိုယူလျှင် ဤ ဖွင့်ဆိုသည့် အနက်အဓိပ္ပါယ် မှန်ကန်ကြောင်းပိုမိုခိုင်လုံပြန်သည်။ 'အနာထ'၏အနက်မှာ အရှင်သခင်မရှိ၊ အရှင်သခင်မဲ့ ဟူ၍ မလာ၊ 'ကူညီမဲ့'၊'အထောက်အပံ့မဲ့'၊'အကာအကွယ်မဲ့'၊'ဆင်းရဲသော' ဟူ၍သာ အဓိပ္ပါယ်ကောက်ယူရသည်။ ပါဠိအသင်းကြီးမှထုတ်ဝေသော ပါဠိအဘိဓါန်တွင်ပင်လျှင် 'နာထ'ကို 'စောင့်ရှောက်ကာကွယ်ပေးသူ'၊'မှီခိုအားထားရာ'၊'အကူအညီ'ဟူ၍သာ ရှင်းပြသည်။ 'အရှင်သခင်'ဟု မဆိုပေ။

'လောကနာထ'ကို 'လူအပေါင်းတို့၏ကယ်တင်ရှင်ကြီး'ဟု လူသိများသော ခရစ်ယာန်အသုံးအနှုန်းအတိုင်း လိုက်၍ ဘာသာပြန်ဆိုကြသည်မှာ မမှန်ကန်ပေ။ ဗုဒ္ဓသည် ကယ်တင်ရှင်တစ်ပါးမဟုတ်ပေ။ ဤစကားလုံး၏ အဓိပ္ပါယ်အစစ်အမှန်မှာ 'လူအပေါင်းတို့၏ မှီခိုအားထားရာ'ဟူ၍သာ ဖြစ်ပေသည်။

၂။ ဒီဃနိကာယ် ၂၊ (ကိုလံဘို ၁၉၂၉)၊ စာမျက်နှာ ၆၂။

၃။ ရိစ်ဒေးဗစ်၏ ဒီဃနိကာယ်ဘာသာပြန် ၂၊ စာမျက်နှာ ၁၀၈။ 'မိမိသည် မိမိကိုယ်အား ဆီမီးတိုင် ဖြစ်စေလော့။ မိမိသည် မိမိကိုယ်အား မှီခိုရာ ဖြစ်စေလော့။ သူတစ်ပါးတွင် သင်၏ မှီခိုရာ မရှာလင့်'။

၄။ ဤနေရာတွင် 'ဒီပါ'သည် 'ဆီမီးတိုင်'ဟုမဆိုလို။ 'ကျွန်း'ဟူ၍သာ မချွတ်မလွဲ အဓိပ္ပါယ်ရပေသည်။ ဒီဃနိကာယ အဋ္ဌကထာ (သီဟိုဠ်မူ၊ စာမျက်နှာ ၃၈၀) တွင် 'ဒီပါ'စကားလုံးကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌ 'မဟာသမုဒ္ဒဂတံ ဒီပံ ဝိယ အတ္တာနံ ဒီပံ ပတိဋ္ဌံ ကတွာ ဝိဟရထ'ဟူ၍ ဖော်ပြထားသည်။ မဟာသမုဒ္ဒရာတွင်းမှ ကျွန်းတစ်ခုကဲ့သို့ပင် သင့်ကိုယ်သင် (မှီခိုထောက်တည်ရာ) ကျွန်းပြု၍ နေထိုင်လော့ ဟု ဆိုလိုပေသည်။ ဘဝစဉ်ဆက် လှည့်လည်သွားလာ သံသရာကို သမုဒ္ဒရာနှင့်နှိုင်းယှဉ်ဖော်ပြလေ့ရှိသည်။ (သံသာရ၊ သာဂရ)။ သမုဒ္ဒရာတွင်းဝယ် မှီခိုထောက်တည်ဖွယ်ရာ ခိုင်မာသော မြေသား၊ ကျောက်သားထု ကျွန်းတစ်ခုကိုသာ အလိုရှိအပ်ပေသည်။ 'ဆီမီးတိုင်' မှီခိုအားထားဖွယ်ရာ မဖြစ်နိုင်ပေ။

ညွှန်ကြားချက်များ မထားရသေးဘဲ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မမူရာဟု စဉ်းစားခြင်းဖြင့်သာလျှင် စိတ်ကို နှစ်သိမ့်စေခဲ့ပါသည် ဘုရား” ဟု လျှောက်ထားလေသည်။

ထိုအခါ မြတ်စွာဘုရားသည် ၎င်းအား ကြည်ညိုစွာဝတ်ပြုနေသော ချစ်စွာသော အာနန္ဒာအား လွန်စွာ သနားသော ကရုဏာဖြင့် “အာနန္ဒာ၊ ရဟန်းသံဃာတို့သည် ငါဘုရားထံမှ အဘယ်ကို မျှော်လင့်တောင့်တကြ သနည်း။ ငါဘုရားသည် တရားတော်များကို အတွင်းအပြင် ခွဲခြားခြင်းမပြုဘဲ ဟောအပ်ပြီးပြီ။ တရားဓမ္မတို့၌ ငါဘုရား သည် အကြွင်းထား၍ ဟောသည်မရှိ။ (ဆရာစား အာစရိယမုဋ္ဌိ ချန်ထားခြင်း မရှိ)။ အာနန္ဒာ၊ အကယ်၍ တစ်စုံ တစ်ယောက်သည် သံဃာတို့ကို ငါသည် ဦးဆောင်ဦးရွက်ပြုပေအံ့၊ သံဃာတို့သည် ငါ့၌ မှီခိုရအံ့ဟု မှတ်ယူပါအံ့။ ၎င်းအား သံဃာတို့ကိုရည်၍ တစ်စုံတစ်ခုသော ဩဝါဒတရားများကို ရေးဆွဲစေရာသည်။ ငါဘုရား၌မူ ဤသို့ စိတ်ကူး ကြံစည်ချက်မရှိ။ ထို့ကြောင့် သံဃာတို့ကိုရည်၍ ဩဝါဒတရားများကို ငါဘုရားက မည်သည့်အတွက် ထားခဲ့လတ္တံ့ နည်း။ အာနန္ဒာ၊ ငါဘုရားသည် ယခုအခါ၌ အိုမင်းပြီး အသက်(၈၀)သို့ ရောက်ခဲ့ပြီ။ လှည်းအိုကို ပြုပြင်စီရင် ပေးခြင်း ဖြင့်သာ မောင်းနှင်နေရသကဲ့သို့ ငါဘုရား၏ ရူပကာယသည်လည်း ပြုပြင်စီရင်ပေးနေ၍သာ ဆက်လက်တည်နေရ ပေသည်။ ထို့ကြောင့် အာနန္ဒာ၊ သင့်ကိုယ်ကိုသင် ကျွန်းငယ် (အားထားရာ) ပြု၍ သင့်ကိုယ်ကိုသင် မှီခိုရာပြု၍ နေပေလော့။ သူတစ်ပါးသည် သင်၏ မှီခိုရာ မဖြစ်စေလင့်၊ တရားကိုသာလျှင် သင်၏ကျွန်းငယ် (အားထားရာ) ပြုကုန် ၍ တရားသာလျှင် သင်၏ကိုးကွယ်ရာ ရှိကုန်သည်ဖြစ်၍၊ တရားမှတစ်ပါး ကိုးကွယ်ရာမရှိကုန်သည် ဖြစ်၍ နေကုန်လော့” ဟု အေးငြိမ်းညင်သာစွာ ပြောကြားတော်မူ၏။ [၁]

မြတ်စွာဘုရားက အာနန္ဒာအား နားလည်စေလိုသော အကြောင်းအရာမှာ ရှင်းလင်းလှပေသည်။ အာနန္ဒာ သည် စိတ်ငယ်အားလျော့ ဝမ်းနည်းပူဆွေးဖြစ်နေသည်။ မြတ်စွာဘုရား ကွယ်လွန်တော်မူပြီးနောက် ခေါင်းဆောင်မရှိ၊ ကိုးကွယ်ရာမရှိ၊ အကူအညီမဲ့၊ ထီးထီးကျန်နေခဲ့ကြမည်ကို စိုးရိမ်ပူပန်နေပေသည်။ ထို့ကြောင့် “မိမိကိုယ်မိမိအားကိုး၊ ဟောကြားထားခဲ့သော တရားတော်ကိုကိုးကွယ်ရာပြု၊ အခြားမည်သူ့ကိုမျှ၊ မည်သည့်အရာကိုမျှ ကိုးကွယ်ရာမပြုနှင့်” ဟု ပြောကြားခြင်းဖြင့် မြတ်စွာဘုရားက အာနန္ဒာအား စိတ်သက်သာစေ၍ ကိုယ့်ကိုယ်ကို ယုံကြည်မှု၊ သတ္တိရှိမှုတို့ကို ဖြစ်စေသည်။ အဘိဓမ္မာနှင့် စပ်လျဉ်းသော ကိုယ့်အတ္တသည် ဤနေရာတွင် မသက်ဆိုင်၊ အကျုံးမဝင်နိုင်ပေ။

ထို့ပြင် မည်သို့ မိမိကိုယ်မိမိ ကျွန်းငယ်ပြု၍ ကိုးကွယ်ရာပြု၍၊ တရားတော်ကိုသာလျှင် ကျွန်းငယ်ပြု၍ ကိုးကွယ်ရာပြု၍ နေရမည်ကို ဗုဒ္ဓက ဆက်လက်ရှင်းလင်းဖော်ပြတော်မူရာတွင် ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ (သတိပဋ္ဌာန်တရားလေးပါး) [၂] ကို ကျင့်သုံး ဆောက်တည်၍ နေရမည်ဟု ဟောခဲ့ပေ သည်။ ‘အတ္တ၊ ကိုယ်’ ဟူသော အကြောင်းအရာများ လုံးဝမပါရှိခဲ့ပေ။

ဗုဒ္ဓဝါဒတွင် ‘အတ္တ’ ကို ရှာဖွေတွေ့ရှိလိုသူတို့ မကြာခဏ ကိုးကားသော အခြားရည်ညွှန်းချက် တစ်ခုမှာ အောက်ပါအတိုင်းဖြစ်ပေသည်။ အခါတစ်ပါးတွင် မြတ်စွာဘုရားသည် ဗာရာဏသီမှ ဥရုဝေဠသို့သွားရာလမ်းရှိ တောအုပ်တစ်ခုတွင် သစ်ပင်တစ်ပင်အောက်၌ စံပယ်နေတော်မူ၏။ ထိုနေ့တွင်ပင် သူငယ်ချင်းများဖြစ်သော မင်းသား ပျို (၃၀) တို့သည် ၎င်းတို့၏ ဇနီးသည်များနှင့်အတူ ထိုတောအုပ်ထဲသို့ ပျော်ပွဲစား ထွက်လာကြကုန်၏။ အိမ်ထောင် ဖက်မရှိသေးသော မင်းသားတစ်ပါးက သူ၏အဖော်အဖြစ် ပြည့်တန်ဆာမ တစ်ဦးကို ခေါ်ခဲ့လေ၏။ မင်းသားများနှင့် အပေါင်းအဖော်တို့ ပျော်ရွှင်မြူးထူးနေကြစဉ် ထိုပြည့်တန်ဆာမသည် အဖိုးတန် ဝတ္ထုပစ္စည်းများကို ခိုးဝှက်ယူဆောင် ကာ ထွက်ပြေးကွယ်ပျောက်သွားလေ၏။ မင်းသားများသည် သူမအား တောအုပ်အတွင်း၌ အနှံ့အပြား လိုက်လံ ရှာဖွေစဉ် သစ်ပင်တစ်ပင်အောက်၌ စံပယ်နေတော်မူသော မြတ်စွာဘုရားအားမြင်ကြ၍ ‘မိန်းမတစ်ယောက်ကို မြင်လိုက်ပါသလော’ ဟု လျှောက်ထားမေးမြန်းကြ၏။ မြတ်စွာဘုရားက အကျိုးအကြောင်းကို စုံစမ်းပြီးနောက် ‘လုလင်တို့၊ အသင်တို့ အသို့ထင်သနည်း၊ မိန်းမတစ်ယောက်ကို လိုက်လံရှာဖွေနေခြင်းနှင့် သင်တို့ကိုယ်သင်တို့ ရှာဖွေစူးစမ်းခြင်းသည် သင်တို့အတွက် ဘယ်ဟာက ပိုမိုအကျိုးရှိမည် ထင်သနည်း’ ဟု မေးမြန်းတော်မူလေသည်။ [၃]

ဤနေရာ၌ မြတ်စွာဘုရားက ရိုးရိုးရှင်းရှင်းနှင့် သဘာဝကျလှသော ပုစ္ဆာတစ်ခုကို မေးမြန်းခြင်းပင်ဖြစ်ရာ

---

၁။ ဒီဃနိကာယ် ၂၊ (ကိုလံဘို ၁၉၂၉) ၊ စာမျက်နှာ ၆၁၊၆၂။ နောက်ဆုံးဝါကျကိုသာ ပါဠိတော်လာစကားရင်းအတိုင်း ဘာသာပြန်ရေးထည့် လိုက်သည်။ ကျန်ဖော်ပြချက်သည်ကား မဟာပရိနိဗ္ဗာနသုတ်လာ အကြောင်းအရာများကိုသာ အကျဉ်းချုံး၍ ရေးသားထားခြင်း ဖြစ်ပေသည်။

၂။ ဒီဃနိကာယ် ၂၊ (ကိုလံဘို) ၊ စာမျက်နှာ ၆၂။ သတိပဋ္ဌာန် ၄ ပါးအကြောင်း၊ အခန်း ၇၊ ကမ္မဋ္ဌာန်းဘာဝနာ အခန်းတွင် ရှုပါ။

၃။ မဟာဝဂ္ဂ၊ အလွတ်ဂါမ ၁၉၂၉၊ စာမျက်နှာ ၂၁၊ ၂၂။

ရှည်ရှည်ဝေးဝေး အဘိဓမ္မာနှင့်စပ်ဆိုင်သည့် 'ကိုယ်၊အတ္တ' တို့ကို ဆွဲငင်သွတ်သွင်းယူခြင်းမှာ လုံးဝမလျော်ကန် မသင့်မြတ်ပေ။ မင်းသားတို့က မိမိတို့ကိုယ်မိမိတို့ ရှာဖွေစူးစမ်းခြင်းက ပိုမို အကျိုးများမည်ဖြစ်ကြောင်း ဖြေကြားလျှောက်ထားသော် မြတ်စွာဘုရားက ၎င်းတို့အား ထိုင်ကြရန်ပြော၍ တရားဓမ္မရှင်းလင်းပြသတော်မူလေသည်။ ရရှိနိုင်သမျှ ပါဠိတော်မူရင်းများတွင် မင်းသားတို့အား ဟောကြားတော်မူသော မြတ်စွာဘုရား၏ တရားတော်၌ 'အတ္တ' နှင့် ပတ်သက်၍ တစ်လုံးတစ်ပါဒမျှ ဖော်ပြထားခြင်းကို မတွေ့ရပေ။

ပရဗိုဇ် ဝစ္ဆဂေါတ္တ က 'အတ္တ' ရှိမရှိ မေးမြန်းသည်ကို မြတ်စွာဘုရား ဖြေကြားတော်မမူဘဲ ဆိတ်ဆိတ်နေသည့် အကြောင်းအရာနှင့်ပတ်သက်၍ စာပေအမြောက်အများ ရေးသားပြီးကြပေပြီ။ ဝစ္ဆဂေါတ္တ သည် မြတ်စွာဘုရား ထံတော်သို့ ချဉ်းကပ်၍ ''ဂေါတမအရှင်ဘုရား၊ အတ္တသည် ရှိပါသလော'' ဟု လျှောက်ထား၏။

ဗုဒ္ဓက ဆိတ်ဆိတ် နေတော်မူ၏။ ''ဂေါတမအရှင်ဘုရား၊ အတ္တသည် မရှိပါသလော'' ဗုဒ္ဓက ဆိတ်ဆိတ် နေမြဲ နေတော်မူ၏။ ထိုအခါ ဝစ္ဆဂေါတ္တသည် နေရာမှထ၍ ဘုရားထံမှ ထွက်ခွာသွားလေ၏။

ပုရဗိုဇ်ကြီး ထွက်ခွာသွားပြီးနောက် ''ဝစ္ဆဂေါတ္တ လျှောက်ထားသည်ကို မည်သည့်အကြောင့်ကြောင့် မဖြေကြားပါသနည်း'' ဟု အရှင်အာနန္ဒာက လျှောက်ထားရာ ဗုဒ္ဓက ၎င်း၏ သဘောထားကို ဤသို့ ဖြေကြားတော် မူပေသည်။ ''အာနန္ဒာ၊ ဝစ္ဆဂေါတ္တ က 'အတ္တရှိသလော'ဟု မေးသည်ကို ငါဘုရားက 'အတ္တရှိသည်' ဟု ဖြေကြားလျှင် ဘဝဆက် သဿတဝါဒကို လက်ခံထားသော ရဟန်း၊ ပုဏ္ဏားတို့အား ထောက်ခံရာ ကျနေပေမည်။''

''အာနန္ဒာ၊ ဝစ္ဆဂေါတ္တ က 'အတ္တမရှိသလော'ဟုမေးသည်ကို ငါဘုရားက အတ္တမရှိ ဟု ဖြေကြားပြန်လျှင်လည်း ဘဝပြတ် ဥစ္ဆေဒ ဝါဒကို လက်ခံထားသော ရဟန်း၊ ပုဏ္ဏားတို့အား ထောက်ခံရာ ကျနေပေမည်။'' [၁]

''တဖန်၊ ဝစ္ဆဂေါတ္တ က 'အတ္တရှိသလော'ဟုမေးမြန်းသည်ကို ငါဘုရားက 'အတ္တရှိသည်' ဟု ဖြေကြားလျှင် ငါကိုယ်တော်တိုင် သိထားသော ခပ်သိမ်းသောတရား ဓမ္မတွင် 'အတ္တမရှိကုန်' ဟူသည့် အသိဉာဏ်နှင့် ကိုက်ညီပါမည်လော။'' [၂]

''မကိုက်ညီနိုင်ပါ ဘုရား''။

''တစ်ဖန် အာနန္ဒာ၊ ဝစ္ဆဂေါတ္တ က 'အတ္တမရှိပါသလော'ဟု မေးမြန်းသည်ကို ငါဘုရားက 'အတ္တမရှိ'ဟု ဖြေကြားလိုက်လျှင် အစကမှ စိတ်ရှုပ်တွေဝေနေရှာသော ဝစ္ဆဂေါတ္တသည် ပိုမိုစိတ်ရှုပ်တွေဝေ သွားပေလိမ့်မည်။ [၃]

---

၁။ တစ်ကြိမ်တွင် ဤ ပုရဗိုဇ် ဝစ္ဆဂေါတ္တကိုပင် မြတ်စွာဘုရားက ဗုဒ္ဓသည် သဘာဝတရားအစစ်အမှန်ကို ရှုမြင်မျက်မှောက်ပြုပြီးဖြစ်သောကြောင့် အယူဟူသောစကား၊ စိတ်ထင်မျှသာဖြစ်သောဝါဒမျိုး(Theory)ကို ပယ်ထားပြီးပြီ ဟု ရှင်းပြခဲ့ဖူးပေပြီ။ (မဇ္ဈိမနိကာယ် ၁ (ပတစ)၊ စာမျက်နှာ ၄၈၆)။ ဤနေရာတွင်လည်း ဗုဒ္ဓသည် မည်သည့်စိတ်ထင်ဝါဒ(Theory) အယူနှင့်မျှ ဆက်စပ်လိုမှု မရှိကြောင်း ပြတော်မူပေသည်။

၂။ သဗ္ဗေဓမ္မာ အနတ္တာ။ (အထက်တွင် ဖော်ပြပြီးဖြစ်သည့် ဓမ္မပဒ ၂၀၊ (၇)လာ ပထမစာကြောင်း၏ စကားလုံးများအတိုင်း ထပ်တူထပ်မျှဖြစ်သည်)။
ဤစာကြောင်းကို ဝုဒ်ဝါဒ်က 'အရာခပ်သိမ်း မတည်မမြဲ' ဟု ဘာသာပြန်ခြင်းသည် (သံယုတ္တနိကာယ၊ စာမျက်နှာ ၂၈၂) လုံးဝမှားယွင်းနေပေသည်။ ပမာဒလေခဖြစ်ဟန်ရှိသော်လည်း အလွန်ကြီးမားသောအမှား ဖြစ်နေပေသည်။ ဤဘာသာပြန် ချွတ်ယွင်းမှုသည် ဗုဒ္ဓ၏ ဆိတ်ဆိတ်နေခြင်းနှင့်ပတ်သက်၍ ရေးကြီးခွင်ကျယ် ပြောဆိုရေးသားနေကြခြင်း၏ အကြောင်းတစ်ရပ်ဖြစ်ဖွယ်ရာ ရှိလေသည်။ ဤစာကြောင်းတွင် အရေးကြီးဆုံးဖြစ်သော 'အနတ္တ' စကားလုံးကို 'မတည်မမြဲ' ဟုဘာသာပြန်ဆိုထားပေသည်။ ပါဠိတော်များကို အင်္ဂလိပ်ဘာသာပြန်ဆိုရာတွင် ဤကဲ့သို့ အမှားကြီးများ၊ အမှားကလေးများပါဝင်နေကြသည်ကို တွေ့ကြရသည်။ ပမာဒလေခ သတိချွတ်ချော်မှု၊ မူလ ပါဠိဘာသာကိုမကျွမ်းကျင်မှုများကြောင့် ဘာသာပြန်ဆိုရာတွင် ဤသို့အမှားများ ပါနေရခြင်းဖြစ်သည်။ မည်သည့်အကြောင်းကြောင့် အမှားပြုရသည်ဖြစ်စေ၊ မူလပါဠိတော်များကို မဖတ်ရှုနိုင်ကြသော စာဖတ်ပရိသတ်အများ ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ အယူအဆ လွဲမှားချွတ်ချော်နေကြရသည်မှာ ဤဘာသာပြန်အမှားများကြောင့်ဖြစ်ကြောင်း ရှေးဦးဘာသာပြန်ဆိုခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများအား လေးစားစွာဖြင့်ပင် ဖော်ပြရပေမည်။ ထို့ကြောင့် ပါဠိစာပေအသင်းကြီး၏ အတွင်းရေးမှူး မစ်စ် အိုင်၊ဘီ၊ ဟောနားက ပါဠိတော်များကို အသစ်ဘာသာပြန်ဆို၍ ဘာသာပြန်ပြီးများကို ပြန်လည်စစ်ဆေး ပြင်ဆင်မည်ဟု ကြားသိရသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်ပေသည်။

၃။ အမှန်စင်စစ် ယခင်စောစောတစ်ကြိမ် ဗုဒ္ဓက ရဟန္တာကွယ်လွန်ပြီးနောက် မည်သို့ဖြစ်သည်ဆိုသည့် နက်နဲသိမ်မွေ့သော မြင်နိုင်ခဲသော ပြဿနာတစ်ရပ်ကို ရှင်းလင်းဟောပြစဉ်က ဝစ္ဆဂေါတ္တက ဤသို့ လျှောက်ထားခဲ့ဖူးပေပြီ။
'အရှင်ဂေါတမ၊ ဤအရာ၌ အကျွန်ုပ်သည် နားမလည်ခြင်းသို့ ရောက်ခဲ့ပါ၏၊ ဤအရာ၌ အကျွန်ုပ်သည်တွေဝေခြင်းသို့ရောက်ခဲ့ပါ၏၊ အရှင်ဂေါတမ၏ ရှေးဦးပြောဆိုသောစကားဖြင့် အကျွန်ုပ်မှာဖြစ်ပေါ်လာသော ကြည်လင်ခြင်းမျှသည်ပင်လျှင် ယခုအခါ ကွယ်ပျောက်သွားပါလေပြီ'ဟု လျှောက်၏။ ( မဇ္ဈိမနိကာယ် ၁၊ (ပတစ)၊ စာမျက်နှာ ၄၈၇)။ ထို့ကြောင့် မြတ်စွာဘုရားက ဝစ္ဆဂေါတ္တ အား ပိုမိုရှုပ်ထွေး တွေဝေမသွားစေလိုတော့ပေ။

ယခင်က ငါ့မှာအတ္တရှိခဲ့သည်။ ယခု ငါ့မှာ အတ္တမရှိတော့ပါတကား ဟု သူတွေးတော ကြံဆပေလိမ့်မည်။ [၁]

အထက်ပါဖော်ပြချက်များကို ဖတ်ရှုပြီးနောက် ဗုဒ္ဓက အဘယ့်ကြောင့်ဆိတ်ဆိတ်နေတော်မူကြောင်း ရှင်းလင်းသွားလောက်ပေပြီ။ ယခုထက်ပိုမို၍ ရှင်းလင်းနားလည်နိုင်ရန် ပုစ္ဆာများပေါ်တွင်လည်းကောင်း၊ ပုစ္ဆာမေးသူများပေါ်တွင်လည်းကောင်း ဗုဒ္ဓ၏သဘောထားနှင့် ပုစ္ဆာမေးမြန်းခြင်း၏ နောက်ခံအကြောင်းအရာများကို ထည့်သွင်းစဉ်းစားရပေမည်။ ဗုဒ္ဓဆိတ်ဆိတ်နေတော်မူခြင်းများကို ဆွေးနွေးသူတို့သည် ဖော်ပြပါနောက်ခံ အကြောင်းအရာများကို လုံးဝလျစ်လျူပြုခဲ့ကြပေသည်။

ဗုဒ္ဓသည် မည်သူကမေးမေး၊ မေးသမျှ ပုစ္ဆာများကို ဆင်ခြင်စဉ်းစားမှုကင်းစွာ ဖြေကြားသော အဖြေထုတ်ကွန်ပြူတာ စက်ယန္တယားတစ်ခုမဟုတ်ပေ။ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူ၍ သနားကရုဏာ ကြီးမားတော်မူသော လက်တွေ့သင်ကြားပြသပေးသည့် ဆရာတစ်ဆူသာ ဖြစ်တော်မူပေသည်။ ဗုဒ္ဓသည် ကိုယ်တော်တိုင် အသိဉာဏ်ပညာ ကြီးကျယ်တော်မူကြောင်း ဖော်ပြလို၍ မေးလာသောပုစ္ဆာများကို ဖြေကြားတော်မူသည် မဟုတ်ပေ။ ပုစ္ဆာမေးသူများကို သံသရာဝဋ်မှ ကျွတ်လွတ်နိုင်ရန် ကူညီစောင်မတော်မူခြင်းသာ ဖြစ်ပေသည်။ လူအများအား တရားဟောကြားရာတွင် ၎င်းတို့၏ ပါရမီအဆင့်အတန်း၊ ၎င်းတို့၏အထုံဝါသနာ၊ စိတ်နေသဘောထားနှင့် စရိုက်၊ ပုစ္ဆာတစ်ခုကို နားလည်နိုင်မည့်အရည်အချင်း ရှိမရှိစသည်တို့ကို အစဉ်ထည့်သွင်းစဉ်းစားပြီးမှ ဟောပြောတော်မူခြင်း ဖြစ်ပေသည်။ [၂]

ဗုဒ္ဓ၏ ဟောပြောချက်အရ ပုစ္ဆာမျာကို ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်း (၄) သွယ် ရှိပေသည်။

၁။ အချို့ပုစ္ဆာများကို တိုက်ရိုက်တည့်တည့် ဖြေကြားရပေသည်။

၂။ အချို့ပုစ္ဆာများကို ခွဲခြမ်းစိတ်ဖြာသောနည်းဖြင့် ဖြေကြားရပေသည်။

၃။ အချို့ပုစ္ဆာများကိုမူ ပုစ္ဆာပြန်လှန်မေးခြင်းအားဖြင့် ဖြေရှင်းရ၍

၄။ နောက်ဆုံးဖြေဆိုနည်းမှာ ပုစ္ဆာများကို ပယ်ချပစ်သောနည်းလမ်း ပင် ဖြစ်လေသည်။ [၃]

ပုစ္ဆာတစ်ခုကို ပယ်ချပစ်သော နည်းအမျိုးမျိုး ရှိနိုင်ပေသည်။ ဤ ဝစ္ဆဂေါတ္တ ပင် 'လောကသည် ထာဝရ တည်မြဲသလော၊မတည်မြဲသလော'အစရှိသည့် နာမည်ကျော်ပုစ္ဆာများကို တစ်ကြိမ်မက လျှောက်ထားရာ၌ [၄] ဗုဒ္ဓက မဖြေကြား၊ မရှင်းလင်း၊ ဆိတ်ဆိတ်နေတော်မူခြင်းအားဖြင့် ပယ်ပစ်တော်မူသည်ဟု ဆိုနိုင်ပေသည်။ အလားတူ ပုစ္ဆာများကို မာလုကျပုတ္တနှင့် အခြားပုဂ္ဂိုလ်များက မေးမြန်းခဲ့ကြရာ ဤနည်းနှင်နှင် ပယ်ပစ်၍သာ ဖြေကြားတော်မူခဲ့လေသည်။ အတ္တရှိ၊မရှိ ပုစ္ဆာကိုမူ ဗုဒ္ဓက အစဉ်ဆွေးနွေး ရှင်းလင်းပြပြီးဖြစ်၍ ပယ်ပစ်သည်ဟု ယူဆရန် အကြောင်းမရှိပေ။ ဝစ္ဆဂေါတ္တ လျှောက်ထားရာတွင် အတ္တရှိသည်ဟု မဖြေနိုင်ခြင်းမှာ ကိုယ်တော်တိုင် သိထားတော်မူသော 'ခပ်သိမ်းသောအရာတို့၌ အတ္တမရှိကုန်' ဆိုသည်နှင့် ဆန့်ကျင်နိုင်မည့် အကြောင်းကြောင့် ဖြစ်သည်။ ဝစ္ဆဂေါတ္တသည် ဤပုစ္ဆာနှင့် ဆင်ဆင်တူသော ပုစ္ဆာများကို ဗုဒ္ဓအား လျှောက်ထားဖူးရာ ထိုအခါက မြတ်စွာဘုရား ဖြေကြားတော်မူသည်ကို နားမလည်၊ တွေဝေနေပါသည်ဟု ဝန်ခံလျှောက်ထားခဲ့ဖူးပေပြီ။ [၅] ထို့ကြောင့် သနားဖွယ်ဖြစ်နေသော ဝစ္ဆဂေါတ္တ အား အကြောင်းမဲ့ မလိုအပ်ဘဲ တွေဝေချောက်ချား မသွားစေရန် အတ္တမရှိဟုလည်း မဖြေကြားလိုခြင်း ဖြစ်ပေသည်။ ဝစ္ဆဂေါတ္တသည် အနတ္တ သဘောတရားကို နားလည်ထင်မြင်နိုင်သော အခြေအနေ အဆင့်အတန်းသို့ မရောက်သေး။ ထို့ကြောင့် ဤနေရာ၊ ဤကိစ္စသက်သက်တွင် ဆိတ်ဆိတ်နေခြင်းဖြင့် ပုစ္ဆာကို ပယ်ဖျက်ခြင်းသည်သာ အသင့်လျော်ဆုံး ဖြစ်ပေသည်။

ဝစ္ဆဂေါတ္တကို ဗုဒ္ဓသိလာသည်မှာ ကာလကြာမြင့်နေပြီ ဖြစ်ကြောင်းကိုလည်း သတိပြုရာသည်။ ဤ ပရိဗိုဇ်သည် ယခုအကြိမ်သာ မြတ်စွာဘုရားထံ လာရောက်ဖူးမြော်ဖူးသည် မဟုတ်ပေ။ စိတ်ရှုပ်တွေဝေစွာဖြင့် လှည့်လည်တရားရှာနေသော ဤ ပရိဗိုဇ်အတွက် ဉာဏ်တော်ကြီးမား၍ သနားကရုဏာဖြင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် အထူးဆင်ခြင်စဉ်းစား စိတ်ဝင်စားတော်မူပေသည်။ လောကကြီးမြဲ–မမြဲ၊ အတ္တရှိ–မရှိ စသော ပြဿနာများတွင်

---

၁။ သံယုတ် ၄၊ (ပတစ) စာမျက်နှာ ၄၀၀၊ ၄၀၁။

၂။ ဗုဒ္ဓ၏ ဤဉာဏ်ပညာတော်ကို ဣန္ဒြိယ ပရောပရိယတ္တဉာဏ ဟု ခေါ်ဆိုလေသည်။ မဇ္ဈိမနိကာယ် ၁၊ (ပတစ)၊ စာမျက်နှာ ၇၀။ ဝိဘင်္ဂ (ပတစ)၊ စာမျက်နှာ ၃၄၀။

၃။ အင်္ဂုတ္တိုရ်၊ (ကိုလံဘို၊ ၁၉၂၉)၊ စာမျက်နှာ ၂၁၆။

၄။ ဥပမာသံယုတ် ၄၊ (ပတစ) စာမျက်နှာ ၃၉၃၊၃၉၅။ မဇ္ဈိမနိကာယ် ၁၊ (ပတစ)၊ စာမျက်နှာ ၄၈၄။

၅။ စာမျက်နှာ ၆၆၊ မှတ်စု ၃ ကို ရှုပါ။

အစွဲအလမ်းကြီးလှ၍ စိတ်ရှုပ်ပေပ်ပန်းနေရှာသော ပရိဗိုဇ် ဝစ္ဆဂေါတ္တသည် မြတ်စွာဘုရားနှင့် တပည့်များထံ မကြာမကြာလာ၍ ပုစ္ဆာဆင်တူများကို ထပ်တလဲလဲ မေးမြန်းလျှောက်ထားကြောင်း ပါဠိတော်များတွင် အနှံ့အပြားတွေ့ရှိရပေသည်။ [၁] ဗုဒ္ဓ၏ ဆိတ်ဆိတ်နေမှုသည် အာဝဇ္ဇန်းရှင်စွာ စကားလုံးများများနှင့် ဆွေးနွေးဖြေကြားပေးခြင်းထက် ဝစ္ဆဂေါတ္တကို အကျိုးပြုဟန် ရှိပေသည်။ [၂]

အချို့ပုဂ္ဂိုလ်တို့သည် အတ္တ ဟူသည်မှာ အများသိနေသော စိတ် (သို့မဟုတ်) ဝိညာဉ်ပင် ဖြစ်သည်ဟု ယူဆကြ၏။ သို့ရာတွင် မြတ်စွာဘုရားက တစ်စုံတစ်ယောက်သော သူသည် အတ္တကို မိမိ၏ ရူပကာယဟု ယူပါက တော်သေး၏။ စိတ်၊ မနော၊ ဝိညာဉ်ဟူ၍မူ မယူဆသင့် ဟု ဟောကြားတော်မူ၏။ ရူပကာယသည် အထည်ဒြပ်အားဖြင့် ပိုမိုခိုင်မာဟန်ရှိသေး၍ စိတ်၊ မနော၊ ဝိညာဉ်မူကား ကိုယ်ကာယထက် လျှင်မြန်စွာ နေ့ညမပြတ် အစဉ်အမြဲ ပြောင်းလဲ ဖောက်ပြန်နေသောကြောင့် ပေတည်း။

'ငါ ဖြစ်၏' ဟု ဝိုးတိုးဝါးတား ထင်ယောင်မှားခြင်းကြောင့် အစစ်အမှန် တကယ်မရှိသော အတ္တအယူစွဲ ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ ဤသဘောအမှန်ကို ထိုးထွင်းသိမြင်နိုင်ပါက နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းပင် ဖြစ်ပေသည်။ ယင်း ကိစ္စကား မလွယ်ကူစွ။

သံယုတ်နိကာယ် ပါဠိတော်လာ [၃] ရှင်ခေမက ဘွဲ့မည်ရှိ ရဟန်းတစ်ပါးနှင့် ရဟန်းတော်အချို့တို့ ပြောဆိုဆွေးနွေးကြပုံသည် ဤအကြောင်းအချက်နှင့် စပ်လျဉ်း၍ အသိဉာဏ်ကို လွန်စွာထွန်းလင်းစေသည်။

ရဟန်းများက ခေမက ရဟန်းအား 'ခန္ဓာငါးပါး၌ တစ်စုံတစ်ခုကို ငါ ဟူ၍လည်းကောင်း၊ ငါ၏ ဥစ္စာဟူ၍ လည်းကောင်း မြင်ပါသလော' ဟု မေးမြန်းကြကုန်၏။ ရဟန်းခေမက က 'မမြင်ပါ'ဟုဖြေကြား၏။ 'ဤသို့ ခန္ဓာငါးပါး၌ တစ်စုံတစ်ခုကို ငါ ဟူ၍လည်းကောင်း၊ ငါ၏ ဥစ္စာဟူ၍ လည်းကောင်း မမြင်ခဲ့မူ အာသဝေါကုန်ပြီးသော ရဟန္တာ ဖြစ်ပါသလော'ဟု ပြောကြားကြပြန်၏။ အရှင်ခေမက က ခန္ဓာငါးပါး၌ တစ်စုံတစ်ခုကို ငါ ဟူ၍လည်းကောင်း၊ ငါ၏ ဥစ္စာဟူ၍ လည်းကောင်း မမြင်ပါ။ သို့သော်လည်း ၎င်းသည် အာသဝေါကုန်ပြီးသော ရဟန္တာလည်း မဟုတ်ပါ ဟု ဝန်ခံပြီးနောက် 'ငါ့ရှင်တို့၊ ငါ့အား ဥပါဒါနက္ခန္ဓာငါးပါး၌ 'ငါဖြစ်၏'ဟု ထင်မြင်ရယူ၏။ သို့ရာတွင် 'ဤအရာသည် ငါဖြစ်၏'ဟူ၍ကား ရှင်းလင်းစွာ မမြင်ရပါ ဟု ဆို၏။ ထို့နောက်ဆက်လက်၍ 'ငါဖြစ်၏'ဟူရာ၌ ရုပ်ကိုငါဖြစ်၏ဟု မဆို၊ ဝေဒနာကို ငါဖြစ်၏ ဟုမဆို၊ သညာကို--၊ သင်္ခါရကို---၊ ဝိညာဏ်ကို ငါဖြစ်၏ဟု မဆို၊ ၎င်းတို့မှ တစ်ပါးလည်း ငါဖြစ်၏ ဟု မဆို။ သို့သော် ငါ့အား ဥပါဒါနက္ခန္ဓာငါးပါး၌ 'ငါဖြစ်၏'ဟုမူ ထင်မြင်ရယူပါ၏။ ဤသို့ရယူသည့်တိုင်အောင် 'ဤအရာသည် ငါဖြစ်၏'ဟု မူကား ထင်လင်းစွာ မမြင်ရပါ ဟု ရှင်းလင်းပြောပြသည်။

ထပ်မံ၍ ပန်းတစ်ပွင့်၏ ရနံ့နှင့် ပုံနှိုင်းပြရာတွင် ယင်းရနံ့သည် ပွင့်ချပ်၏အနံ့လည်းမဟုတ်၊ အဆင်းအရောင်၏ အနံ့လည်းမဟုတ်၊ ဝတ်ဆံ၏ အနံ့လည်းမဟုတ်၊ ပန်းပွင့်၏ အနံ့သာဖြစ်ကြောင်း ပြောလေသည်။

အောက်ပိုင်းသံယောဇဉ်များကို ပယ်ထားပြီးဖြစ်ကြသော အရိယာများပင် 'ငါဖြစ်၏'ဟူသော အထင်ကို မပယ်ရသေး။ စွဲကပ်နေဆဲပင်ဖြစ်ကြောင်း၊ သို့သော် တရားရှုဖန်များ၍ ရင့်ကျက်တိုးတက်လာသော နောက်ကာလတွင်မူ လျှော်ဖွတ်ပြီးစ အဝတ်အထည်ကို သေတ္တာ၌ထည့်သိမ်းထားခြင်းဖြင့် မကြာမီ ဆပ်ပြာနံ့စသည်တို့ ပျောက်ကွယ်သွားရကဲ့သို့ 'ငါဖြစ်၏'ဟူသောအထင်သည် လုံးဝပျောက်ကွယ်သွားရသည် ဖြစ်ကြောင်း ဆက်လက်ရှင်းလင်းပြောပြပေသည်။

ဤဆွေးနွေးမှုသည် လွန်စွာအကျိုးရှိ၍ အသိဉာဏ်ကို ထက်မြက်ထွန်းလင်းစေရကား ဆွေးနွေးပွဲအပြီးတွင်

---

၁။ ဥပမာသံယုတ် ၃၊ (ပတစ) စာမျက်နှာ ၂၅၇၊ ၂၆၇။ သံယုတ် ၄၊ စာမျက်နှာ ၃၉၁၊ ၃၉၅၊ ၃၉၈၊ ၄၀၀။ မဇ္ဈိမနိကာယ် ၁၊ စာမျက်နှာ ၄၈၁၊ ၄၈၃၊၄၈၉။ အင်္ဂုတ္တိုရ် ၅၊ စာမျက်နှာ ၁၉၃။

၂။ အကြောင်းမူ အချိန်ကာလ အတန်ကြာပြီးနောက် ဝစ္ဆဂေါတ္တသည် ဗုဒ္ဓအား အဖူးအမြော်ရောက်လာသည်ကို ကျွန်ုပ်တို့ တွေ့ရပြန်သည်။ ဤတစ်ကြိမ်တွင်မူ မေးနေကျ ပုစ္ဆာများကို မြတ်စွာဘုရားအားမမေးမြန်းတော့ပေ။ 'အရှင်ဂေါတမနှင့် တရားမဆွေးနွေးရသည်မှာ ကာလအတန်ကြာခဲ့ပေပြီ။ အကျွန်ုပ်အား အရှင်ဂေါတမက ကောင်းမှုမကောင်းမှု (ကုသလံ၊ အကုသလံ) အကြောင်း ကို အတိုချုပ် ဟောပြောတော်မူလျှင် ကောင်းလေစွ'ဟူ၍သာ လျှောက်ထားလေသည်။ မြတ်စွာဘုရားက ကောင်းမှုမကောင်းမှု အကြောင်းကို အတိုချုပ်သာမက ကျယ်ကျယ်ပြန့်ပြန့်ဟောပြမည်ဟု မိန့်မြွက်ပြီးလျှင် ထိုတရားကို ဗုဒ္ဓက ရှင်းလင်းဟောကြားတော်မူလေသည်။ နောက်ဆုံး၌ ဝစ္ဆဂေါတ္တသည် ဗုဒ္ဓမြတ်စွာ၏ တပည့်သာဝကတစ်ဦးဖြစ်လာပြီး အဆုံးအမ ဩဝါဒကို လိုက်နာကျင့်သုံးခြင်းအားဖြင့် ရဟန္တာဖြစ်သွား၍ ပရမတ္ထသစ္စာနှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားနိုင် ပေသည်။ အတ္တနှင့် အခြား ပြဿနာရပ်များသည် ဝစ္ဆဂေါတ္တအား မဖိစီး၊ မနှိပ်စက်နိုင်တော့ပေ။ (မဇ္ဈိမနိကာယ် ၁(ပတစ)၊ စာမျက်နှာ ၄၈၉)။

၃။ သံယုတ် ၃၊ (ပတစ)၊ စာမျက်နှာ ၁၂၆။

အရှင် ခေမက အပါအဝင် ရဟန်းအားလုံးတို့သည် ‘ငါဖြစ်၏’ဟူသောအထင်ကို အပြီးပိုင်စွန့်လွှတ်ကာ အာသဝေါ ကုန်ပြီးသော ရဟန္တာများဖြစ်သွားကြကြောင်း ပါဠိတော်တွင် ဖော်ပြထားသည်။

ဗုဒ္ဓဟောကြားသော တရားတော်အရ ‘ငါ၌အတ္တမရှိ’ ဟုယူလျှင်လည်း ဥစ္ဆေဒဝါဒ ဖြစ်၍ မှားယွင်းသည်။ ‘ငါ၌ အတ္တရှိ၏’ဟု ယူပြန်လျှင်လည်း သဿတဝါဒဖြစ်၍ မှားယွင်းပြန်သည်။ ၎င်းအယူ နှစ်ခုစလုံးပင် ‘ငါဖြစ်၏’ ဟူသော မှားယွင်းယုံကြည်မှုမှ ပေါ်ထွက်လာသော အနှောင်အဖွဲ့များဖြစ်ကြသည်။ အနတ္တနှင့်ပတ်သက်၍ သဘောမှန် ထားရှိသောနည်းမှာ မည်သည့်အမြင်၊ မည်သည့်အယူကိုမျှ လက်ခံစွဲယူခြင်းမရှိဘဲ အကြောင်းအရာများကို စိတ်ကူး အကြံအဆ ကင်းရှင်းစွာဖြင့် ၎င်းတို့သဘာဝအတိုင်းမြင်ရန် ရှုကြည့်နည်းပင်ဖြစ်သည်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ ဟူ၍ ခေါ် နေကြသည်မှာ ပဋိစ္စသမုပ္ပါဒ်တရားအတိုင်း အကြောင်းအကျိုးဆက်၍ ခဏမဆိုင်းဖြစ်ပျက်နေသော ရုပ်နာမ်ခန္ဓာ အစု အပေါင်းမျှသာဖြစ်ကြောင်း လောကတစ်ခုလုံးတွင် ခိုင်မြဲသည်၊ ထာဝရတည်နေသည်၊ မပြောင်းလဲဟူ၍ ဘာမျှ မရှိ ကြောင်းကို မြင်အောင်ရှုနည်းပင် ဖြစ်သည်။

“ငါ၊ အတ္တ ဟူ၍မရှိလျှင် ပြုလုပ်သမျှသော ကံများ၏အကျိုးကို မည်သူခံစားရသနည်း ” ဟု မေးမြန်းလျှင် သဘာဝကျပေမည်။ ဤပုစ္ဆာကို မြတ်စွာဘုရားထက် မည်သူမျှ သာလွန်ကောင်းမွန်စွာ ဖြေကြားနိုင်မည် မဟုတ်ပေ။ ရဟန်းတစ်ပါးက ဤပြဿနာကိုပင် မြတ်စွာဘုရားအား တင်ပြရာ၌ မြတ်စွာဘုရားက ‘ရဟန်းတို့- အရာရာတိုင်းသည် ပြုပြင်စီရင်အပ်၏။ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်လာရ၏။ ထိုအချက်ကို မြင်အောင်ရှုကြလော့’ဟု ဟောထားပြီးကြောင်း မိန့်တော်မူလေသည်။ [၁]

ဗုဒ္ဓဟောကြားတော်မူသော ‘ငါ၊ အတ္တမဟုတ်’ ဟူသည့် အနတ္တတရားတော်ကို မရှိဝါဒ၊ ပျက်သုဉ်းသောဝါဒ ဟု ပဋိသေဓသော မမှတ်ယူရာ။ နိဗ္ဗာန်နှင့် အလားတူ အမှန်တရား၊ သစ္စာတရားသာ ဖြစ်သည်ဟု မှတ်ယူ ရာသည်။ အမှန်တကယ်မရှိဘဲ စိတ်ကူးတွင်ဖြစ်ပေါ်သည့် အတ္တအယူသာလျှင် မရှိဝါဒ ဖြစ်သည်။ အနတ္တတရားတော် သည် မှားယွင်းသော အယူ၏ အမိုက်မှောင်ကို ပယ်ဖျောက်၍ ပညာအရောင်ကို ထွန်းလင်းစေသည်။ ပဋိသေဓ အနက် မရပေ။ အရှင် အသင်္ဂက အလွန်သင့်မြတ်စွာ ဖော်ပြထားသည့်အတိုင်း “အတ္တမဟုတ်ဟူသည့် အကြောင်း သည် အမှန်ပင် ရှိပေသည်”။ [၂]

---

၁။ မဇ္ဈိမနိကာယ် ၃ (ပတစ)၊ စာမျက်နှာ ၁၉။
သံယုတ် ၃၊ စာမျက်နှာ ၁၀၃။
၂။ အဘိဓမ္မာ သမုစ္စယ၊ အသင်္ဂ၊ စာမျက်နှာ ၃၁။

အခန်း(၇)

# စိတ်လေ့ကျင့်ရေး

**ကမ္မဋ္ဌာန်း ဘာဝနာ**

"ရဟန်းတို့၊ အနာရောဂါဟူသည် နှစ်မျိုးအပြားရှိ၏။ အဘယ်နှစ်မျိုးနည်း။ ကိုယ်နာမကျန်းခြင်းနှင့် စိတ်နာမကျန်းခြင်း တို့တည်း။ ၁–နှစ်၊ ၂–နှစ်၊ နှစ်ပေါင်းတစ်ရာ၊ တစ်ရာထက်ပို၍လည်းကောင်း ကိုယ်နာမကျန်းခြင်းမှ ကင်းရှင်းပုံရသူများ ရှိပေသည်။ သို့သော်လည်း ရဟန်းတို့၊ ကိလေသာအညစ်အကြေး ကင်းစင်ပြီးကုန်သော ရဟန္တာတို့မှအပ ခဏမျှ စိတ်နာမကျန်းခြင်း ကင်းသူဟူ၍ လောကတွင် ရှားလှဘိခြင်း" ဟု ဗုဒ္ဓက မိန့်မြွက်ခဲ့သည်။ [၁]

ဗုဒ္ဓ၏တရားများ၊ အထူးသဖြင့် ကမ္မဋ္ဌာန်းတရားများသည် စိတ်၏ ကြံ့ခိုင်မှု၊ တည်ငြိမ်မှု၊ အေးချမ်းမှုကို ရစေရန် ရည်သန်လေသည်။ ဗုဒ္ဓဒေသနာများအနက် ကမ္မဋ္ဌာန်းနှင့်ပတ်သက်သည့် တရားများကို ဗုဒ္ဓဘာသာဝင်ရော ဗုဒ္ဓဘာသာဝင်မဟုတ်သူများပါ အဓိပ္ပါယ်အလွဲမှားဆုံး ကောက်ယူနေကြသည်မှာ ဝမ်းနည်းဖွယ်ဖြစ်ပေသည်။ 'ကမ္မဋ္ဌာန်း' ဟူသော စကားလုံးကို သုံးလိုက်သည်နှင့် တပြိုင်နက် နေ့စဉ်လုပ်နေကျလုပ်ငန်းများကို စွန့်ပစ်ရမည်ဟု တွေးလိုက်ကြသည်။ လူသူလေးပါးကင်းဝေးသော လိုဏ်ဂူ၊ ကျောင်းခန်းစသည်၌ ရုပ်ဆင်းတုတစ်ဆူကဲ့သို့ တင်ပျဉ်ခွေ ထိုင်ရလိမ့်မည်ဟု တွေးလိုက်ကြသည်။ လျှို့ဝှက်နက်နဲသော၊ နားလည်ရန်ခက်သော ဈာန်လုပ်ငန်းတစ်ခုခုတွင် အာရုံစူးစိုက်၍ စဉ်းစားကြံဆယင်း နှစ်မြုပ်မိန်းမောနေရပေမည်ဟု တွေးထင်လိုက်ကြပေတော့သည်။ ဗုဒ္ဓ၏ ကမ္မဋ္ဌာန်းတရားအစစ်မှာ ဤကဲ့သို့ ထွက်ပြေးလွတ်မြောက်မှုဟု အဓိပ္ပါယ်မပေါက်ချေ။ ဗုဒ္ဓ၏ ကမ္မဋ္ဌာန်းတရားများကို အနည်းငယ်သာ သဘောပေါက်ခြင်း၊ မှားယွင်း၍ နားလည်ခြင်းတို့ကြောင့် ကာလရွေ့လျောလာသည်နှင့်အမျှ ကမ္မဋ္ဌာန်း လေ့ကျင့်နည်းမှာ ချွတ်ယွင်းတိမ်းပါးကာ လုပ်ရိုးလုပ်စဉ် အခမ်းအနား၊ သို့မဟုတ် ဝတ်ပြုမှုတစ်မျိုးအဖြစ်သို့ ဆုတ်ယုတ်ပျက်ပြားလာရပေသည်။ [၂]

ကမ္မဋ္ဌာန်း၊ သို့မဟုတ် ယောဂီလုပ်ငန်းတွင် စိတ်ပါဝင်စားကြသူတို့သည် အများအားဖြင့် အခြားပုဂ္ဂိုလ်တို့ မပိုင်ဆိုင်သော၊ ထူးခြားစွာ မြင်စွမ်းနိုင်သော လျှို့ဝှက်နက်နဲသည့် တန်ခိုးဣဒ္ဓိပါဒ်မျိုးကို ရယူလိုကြခြင်းသာ ဖြစ်ပေသည်။ မကြာသေးမီက အိန္ဒိယပြည်တွင် ဗုဒ္ဓဘာသာဝင် မယ်သီလရှင်တစ်ဦးသည် ပကတိမျက်စိနှစ်လုံးဖြင့်မြင်ရသည်ကို အားရကျေနပ်မှုမရှိသေးဘဲ နားမှလည်း အထူးမြင်စွမ်းစေနိုင်သော တန်ခိုးမျိုးရရှိရန် ကြိုးစားအားထုတ်ခဲ့ပေသည်။ ဤကဲ့သို့ ကြံစည်ခြင်းသည် 'ဘာသာရေးလုပ်ငန်း လွဲချော်မှု'ပင် ဖြစ်ပေသည်။ တန်ခိုးအာဏာ၌ တပ်မက်မှု တဏှာ စင်စစ်သာဖြစ်ပေသည်။

အင်္ဂလိပ်စကားလုံး **(meditation)** သည် စိတ်ကိုလေ့ကျင့်ပေးမှု၊ ပွားများပေးမှုဟု အနက်ရသည်။ မူရင်းစကားလုံး ဘာဝနာ လောက် အဓိပ္ပါယ်မပြည့်စုံပေ။ ဗုဒ္ဓဘာသာ 'ဘာဝနာ' ဟူသည် စိတ်ကိုသန့်ရှင်းစင်ကြယ်စေရန် လေ့ကျင့်ပြုပြင်ပေးခြင်းဟု အဓိပ္ပါယ်အပြည့်အစုံပါဝင်သည်။ ဘဝနာ၏အမှုသည် စိတ်၏ အညစ်အကြေး၊ အနှောက်အယှက်များဖြစ်သည့် ကာမဂုဏ်ခံစားလိုခြင်း၊ အမျက်ဒေါသထွက်ခြင်း၊ ငိုက်မျဉ်း ထိုင်းမှိုင်းခြင်း၊ ပျံ့လွင့်ခြင်း၊ ပူပန်ခြင်းနှင့် ယုံမှားခြင်းတို့ကို ရှင်းလင်းသုတ်သင်ပြီးနောက် သမာဓိ၊ သတိ၊ ပညာ၊ ဆန္ဒ၊ ဝီရိယ၊ သမ္မာသနုဉာဏ်၊ သဒ္ဓါ၊ ပီတိ၊ သုခ စသော ကောင်းမြတ်သည့် ဂုဏ်များကို တိုးပွားဖြစ်ထွန်းစေ၍ နောက်ဆုံး၌ သဘာဝတရားတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်သည့် အဓိပညာကို ရယူကာ ပရမတ္ထသစ္စာတည်းဟူသော နိဗ္ဗာန်ကို မျက်မှောက် ပြုရန်ပင် ဖြစ်သည်။

ဘာဝနာ နှစ်မျိုးရှိပေသည်။ တစ်မျိုးသည် စိတ်ကို မပျံ့လွင့်အောင် စောင့်ထိန်းကာ သမာဓိကို ပြုစုထူထောင်ရသော သမထဘာဝနာ ဖြစ်၏။ ကျမ်းဂန်များတွင်လာရှိသည့် နည်းအမျိုးမျိုးဖြင့် စိတ္တေကဂ္ဂတာ (တစ်ခုတည်းသော အာရုံ၌ စိုက်ထားသောစိတ်) ရပြီးနောက် အာကိဉ္စညာ ယတနဈာန် (စိုးစဉ်းမျှမရှိခြင်း ဟူသောအာရုံ)၊ နေဝသညာ နာသညာ ယတနဈာန် (ရှိသည်လည်းမဟုတ်၊ မရှိသည်လည်းမဟုတ်သော အာရုံ) စသော ဈာန် သမာပတ်များ

---

၁။ အင်္ဂုတ္တိုလ် (ကိုလံဘို၊၁၉၂၉)၊ စာမျက်နှာ ၂၇၆။

၂။ ယောဂါဝစရလက်စွဲ၊ (တီ၊ဒဗလျူ၊ရီးစ်ဒေးဗစ် တည်းဖြတ်သည်။ လန်ဒန် ၁၈၉၆) ခေါ် ၁၈–ရာစုတွင်သီဟိုဠ်၌ရေးသားသော ကမ္မဋ္ဌာန်းကျမ်း၌ ထိုစဉ်က ကမ္မဋ္ဌာန်းလေ့ကျင့်နည်းသည် ဂါထာများရွတ်ဖတ်ခြင်း၊ ဖယောင်းဆီမီးထွန်းညှိခြင်းစသည့် ဝတ်ပြုအခမ်းအနားအဖြစ် ဆုတ်ယုတ်ပျက်ပြားသွားပုံကို ဖော်ပြရေးသားထားသည်။

ဝါလ်ပိုလာ ရာဟုလာရေး သီဟိုဠ်ဗုဒ္ဓဝင် (ကိုလံဘို၊ ၁၉၅၆) အခန်း ၁၂၊ 'တောထွက် တရားကျင့်ထုံး' အခန်း စာမျက်နှာ ၁၉၉ တွင်လည်းရှုပါ။

ဝင်စားသည်အထိ ကျင့်ဆောင်သောနည်း ဖြစ်သည်။ ဗုဒ္ဓအလိုအားဖြင့် ဤ ဈာန်စခန်းများသည် စိတ်၏ဖန်ဆင်းမှု၊ ထုထောင်မှု၊ ပြုပြင်မှု (သင်္ခတ) တရားများသာ ဖြစ်ပေသည်။ ပကတိအစစ်အမှန်တရား၊ သစ္စာတရား၊ နိဗ္ဗာန်နှင့် မည်သို့မျှ မသက်ဆိုင်ချေ။ ဤ ဘာဝနာ လုပ်ငန်းမျိုးသည် ဗုဒ္ဓခေတ် မတိုင်မီကပင် ထွန်းကား တည်ရှိခဲ့ပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာစင်စစ် လုပ်ငန်းရပ် မဟုတ်ပေ။ သို့စင်တမူ ဗုဒ္ဓဘာသာ ဘာဝနာလုပ်ငန်းရပ်များတွင် မထည့်သွင်းဘဲ ချန်ထားခြင်းလည်း မဟုတ်ပေ။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ကိစ္စအတွက်မူ လိုအပ်သောလုပ်ငန်းရပ် မဟုတ်ပေ။ ဗုဒ္ဓကိုယ်တော်တိုင် သဗ္ဗညုတ ရွှေဉာဏ်တော်မရမီ ရှေးကာလက ဆရာအမျိုးမျိုးတို့ထံမှောက်တွင် ဤ ယောဂီ လုပ်ငန်းများကို လေ့ကျင့်၍ အထက်ဆုံး ဈာန်စခန်းများသို့ ရောက်ခဲ့ဖူးပေပြီ။ ပရမတ္ထအစစ်အမှန်တရားကို ထိုးထွင်း မသိစေခြင်း၊ လုံးဝလွတ်မြောက်မှုကို မပေးစွမ်းနိုင်ခြင်းတို့ကြောင့် ထိုလုပ်ငန်းရပ်ကို ဗုဒ္ဓသည်အားရ တင်းတိမ်တော် မမူခဲ့ပေ။ ၎င်းဈာန်စခန်းများကို ဤဘဝအတွက် ချမ်းသာစွာနေထိုင်ရမှု (ဒိဋ္ဌဓမ္မသုခ ဝိဟာရ)၊ ငြိမ်းချမ်းစွာနေထိုင်ရမှု (သန္တိဝိဟာရ) တို့ထက် ဘာမျှမပိုဟု ယူဆတော်မူလေသည်။ [၁]

ထို့ကြောင့် ဗုဒ္ဓသည် ဝိပဿနာဟုခေါ်တွင်သော အခြားဘာဝနာတစ်မျိုးကို ရှာဖွေတည်ထောင်တော်မူလေသည်။ ဤ ဝိပဿနာ ဘာဝနာသည် ဗုဒ္ဓဘာသာစစ်စစ် ကမ္မဋ္ဌာန်း စိတ်လေ့ကျင့်မှု လုပ်ငန်းဖြစ်၍ သဘာဝတရားကို ထိုးထွင်းသိမြင်ပြီးနောက် စိတ်၏ လုံးဝ လွတ်လပ်မှု ရခြင်းကြောင့်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုစေ နိုင်သည်။ သတိဖြင့် စောင့်ကြည့်မှု၊ နိုးကြားမှု၊ သတိဖြင့် မှတ်မှုများတွင် အခြေပြုသော သုံးသပ်ဆင်ခြင် ဝေဖန်စစ်ဆေးသည့် နည်းလမ်း ဖြစ်ပေသည်။

ဤမျှကျယ်ဝန်းလှသော ဘာသာရပ်တစ်ခုကို စာမျက်နှာအနည်းငယ်မျှဖြင့် ပြည့်စုံစွာ ရေးသားဖော်ပြနိုင်မည် မဟုတ်ပါ။ ဤနေရာတွင် ဗုဒ္ဓဘာသာဆိုင်ရာ ကမ္မဋ္ဌာန်း နှင့် စိတ်လေ့ကျင့်မှု၊ စိတ်တိုးတက်မှု လက်တွေ့လုပ်ငန်းများကို အကြမ်းသဘောနားလည်ရန် အကျဉ်းအားဖြင့်သာ ဖော်ပြလိုက်ပါသည်။

စိတ်တိုးတက်မှု (ဘာဝနာ) နှင့် ပတ်သက်၍ ဗုဒ္ဓဟောကြားတော်မူသော ဒေသနာများတွင် အရေးအကြီးဆုံး ဒေသနာသည် ဒီဃနိကာယ်သုတ် (၂၂) သို့မဟုတ် မဇ္ဈိမနိကာယ်သုတ် အမှတ် (၁၀) တွင် လာသော သတိပဋ္ဌာန သုတ် ဖြစ်ပေသည်။ အစဉ်အလာအားဖြင့် ဤသုတ်တရားတော်ကို အထူးလေးစားကြရကား ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများတွင် မှန်မှန်ရွတ်ဖတ်ရုံမက ဗုဒ္ဓဘာသာနေအိမ်များတွင် မိသားစုများစုဝေးကြကာ ရွတ်ဖတ်သည်ကို ကြည်ညိုသဒ္ဓါဖြင့် နာကြားလေ့ ရှိကြပေသည်။ သေခါနီးလူနာ၏ အိပ်ယာဘေးတွင်လည်း ၎င်း၏ သေငယ်ဇော ကောင်းမွန်သန့်ရှင်းစေရန် မကြာခဏ ဤ သုတ်ကို ရွတ်ဖတ်ပေးလေ့ရှိကြသည်။

ဤသုတ်တွင် ဟောကြားထားသော ဘာဝနာတရားများသည် လောကနှင့် အဆက်ဖြတ်၍ လောကကြီးကို ရှောင်ဖယ်သွားစေရန် မဟုတ်သည်သာမက ကျွန်ုပ်တို့၏ဘဝ၊ ကျွန်ုပ်တို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများ၊ ဝမ်းသာမှု၊ ပူဆွေးမှုများ၊ အပြောအဆို၊ အကြံအစည်များနှင့် ကျင့်ဝတ်သီလ၊ အသိဉာဏ်ဆိုင်ရာ လုပ်ငန်းများနှင့်ပင် သက်ဆိုင်ပေသည်။

သတိပဋ္ဌာနသုတ်ကို (၄) ပိုင်း ခွဲခြားထားသည်။ ပထမပိုင်းသည် မိမိကိုယ်၌ ဖြစ်ပျက်မှုကိုရှုသော ကာယနုပဿနာ သတိပဋ္ဌာန်၊ ဒုတိယပိုင်းသည် မိမိတွေ့ထိ ခံစားသော ဝေဒနာတစ်ခု၌ ဖြစ်ပျက်မှုကို ရှုရသော ဝေဒနာနုပဿနာ၊ တတိယပိုင်းသည် မိမိစိတ်တစ်ခု၌ ဖြစ်ပျက်မှုကို ရှုရသော စိတ္တာနုပဿနာ သတိပဋ္ဌာန် ဖြစ်၍ စတုတ္ထပိုင်းသည် ကိုယ်ကျင့်သီလ ဉာဏ်ပညာဆိုင်ရာ တရားစု၌ ဖြစ်ပျက်မှုကို ရှုရသော ဓမ္မာနုပဿနာ သတိပဋ္ဌာန် တို့ ဖြစ်သည်။

မည်သည့် ကမ္မဋ္ဌာန်းတရားတွင်မဆို အဓိကဆောင်ရွက်ရန်ကိစ္စမှာ သတိမြဲစွာရှိနေရန်နှင့် အဖန်တလဲလဲ ရှုနေရန် (အနုပဿနာ) ဖြစ်ကြောင်း သိရှိထားသင့်ပေသည်။

ထင်ရှားကျော်ကြား လူသိများသော လက်တွေ့ကမ္မဋ္ဌာန်းတရားမှာ ထွက်သက်၊ ဝင်သက်ကို ရှုမှတ်ရသည့် အာနာပါန သတိပဋ္ဌာန်တရားပင်ဖြစ်သည်။ ဤ ကမ္မဋ္ဌာန်းလုပ်ငန်းတစ်ခုအတွက်သာလျှင် ထူးထူးခြားခြား တိတိကျကျ နေထိုင်ရမည့် ပုံဟန်ကို သုတ်များ၌ သတ်မှတ်ပေးထားသည်။ အခြား ကမ္မဋ္ဌာန်းလုပ်ငန်းများအတွက်မူ သဘော အလျောက် ထိုင်လိုကထိုင်နိုင်၍၊ ရပ်ခြင်း၊ စင်္ကြံလျှောက်ခြင်း၊ လဲလျောင်းခြင်းတို့ကို စိတ်ကြိုက်အတိုင်း ပြုလုပ်နိုင်ပေသည်။ ထွက်သက်၊ ဝင်သက် ရှုမှတ်ရာတွင်မူ ကျမ်းဂန်အရ တင်ပျဉ်ခွေထိုင်ရ၍ ကိုယ်ကို ဖြောင့်မတ်စွာဖြင့် သတိကို နိုးကြားစွာ ထားရပေသည်။ လူမျိုးတိုင်းအတွက် အထူးသဖြင့် အနောက်နိုင်ငံသားများ အတွက် တင်ပျဉ်ခွေထိုင်ရန်

---

၁။ မဇ္ဈိမနိကာယ် ၊ သလ္လေခသုတ်၊ အမှတ် ၈ ကြည့်ပါ။

လက်တွေ့အားဖြင့် မလွယ်ကူလှပေ။ ထို့ကြောင့် တင်ပျဉ်ခွေထိုင်ရန် ခက်ခဲသူများသည် ကုလားထိုင်မှာပင် ထိုင်၍ ကိုယ်ကို ဖြောင့်မတ်စွာဖြင့် သတိကို နိုးကြားစွာထားနိုင်ကြပေသည်။ ဤ ကမ္မဋ္ဌာန်းလုပ်ငန်းကို လေ့ကျင့်သူသည် ကိုယ်ကို ဖြောင့်မတ်စွာထားရန်သာလိုသည်။ တောင့်တောင့်တင်းတင်းထားရန် မလိုပါ။ လက်နှစ်ဘက်ကို ပေါင်ပေါ်တွင် သက်သာစွာတင်၍ မျက်စိကို စုံမှိတ်၍သော်လည်းကောင်း၊ နှာသီးဖျားကိုစိုက်၍သော်လည်းကောင်း သင့်သလို ထားနိုင်ပေသည်။

ကျွန်ုပ်တို့သည် နေ့ညမပြတ် အသက်ရှုသွင်း၊ ရှိုက်ထုတ် ပြုလုပ်နေလင့်ကစား ယင်းအချက်ကိုသတိပြုမိကြသည် မဟုတ်ပေ။ တစ်စက္ကန့်မျှပင် အသက်ရှုရှိုက်မှုအပေါ်တွင် အာရုံမစူးစိုက်ခဲ့မိကြပေ။ အာနာပါနသသတိ ကမ္မဋ္ဌာန်း၌မူ ဤအလုပ်ကိုပင် လုပ်ကြရပေမည်။ အထူးလုံ့လမပြုဘဲ၊ အားမစိုက်ဘဲ မှန်မှန်ခါတိုင်းကဲ့သို့ အသက်ကို ရှုသွင်း၊ ရှိုက်ထုတ်လုပ်ပါ။ ဤသို့ ရှုသွင်း၊ ရှိုက်ထုတ် လုပ်နေသည့်တွင် စိတ်အာရုံစူးစိုက်ထားပါ။ ထို့နောက် ကိုယ့်စိတ်ကို အသက်ရှုမှု၊ ရှိုက်မှုကိုသာ စောင့်ကြည့်နေပါစေ။ သတိနိုးကြားစွာဖြင့် ရှုမှု၊ ရှိုက်မှုကိုသာ ရှုနေပါစေ။ တစ်ခါတစ်ရံ အသက်ရှုရာတွင်ပြင်းစွာ ရှိုက်၍ ရှုတတ်ကြသည်မှာ အရေးမကြီးပါ။ သဘာဝအတိုင်းပုံမှန်ပင် အသက် ရှုပေးပါ။ ပြင်းစွာရှုလျှင် ပြင်းစွာရှုလိုက်သည်ဟုသာ သိ၍နေပါ။ ဖြည်းညင်းစွာရှုလျှင် ဖြည်းညင်းစွာရှုလိုက်သည်ဟု လိုက်၍ သိနေပါ။ အသက်ရှု–ရှိုက်မှုတွင်သာ အာရုံကိုစူးစိုက်ထားခြင်းဖြင့် ရှုလေ၊ ထုတ်လေ၏ လှုပ်ရှားမှု၊ပြောင်းလဲမှု ဟူသမျှကို သိ၍နေရမည် ဖြစ်ပေသည်။ ဘေးပတ်ဝန်းကျင် အသိုင်းအားလုံးကို မေ့ပျောက်၍ ထားပါ။ မျက်စိကိုလှန်၍ မည်သည့် အရာဝတ္ထုကိုမျှ လှမ်းမကြည့်ပါနှင့်။ ငါးမိနစ်တန်သည်၊ ဆယ်မိနစ်တန်သည် ဤလေ့ကျင့်မှုကို ပြုလုပ်ပါ။

အစကနဦး၌ အသက်ရှု–ရှိုက်မှုပေါ်တွင် အာရုံစူးစိုက်ထားရန် အလွန်ခဲယဉ်းကြောင်း တွေ့ရပေလိမ့်မည်။ စိတ်သည် ထားရာ၌မနေ၊ ခုန်ပျံပြေးလွှားနေသည်ကို အံ့သြဖွယ်ရာတွေ့ရပေလိမ့်မည်။ ထွေရာလေးပါးကို တွေးမိသည်။ အပြင်မှအသံများကို ကြားနေရသည်။ စိတ်ပျက်အားလျော့မိပေလိမ့်မည်။ သို့ရာတွင် တစ်ကြိမ်လျှင် ၅–မိနစ်၊ ၁၀–မိနစ်ကြာ ည၊မနက် တစ်နေ့နှစ်ကြိမ်လေ့ကျင့်ပေးပါလျှင် တဖြည်းဖြည်း၊ တစ်စတစ်စ အသက်ရှုရှိုက်မှုအပေါ်တွင် အာရုံစိုက်ထားလာနိုင်ပါလိမ့်မည်။ မကြာမီ ပြင်ပလောကဆိတ်သုဉ်း၍ အနီးအနားမှ အသံကိုပင် မကြားတော့သော အာရုံစူးစိုက်မှုကို အသက်ရှုရှိုက်ရာတွင် စက္ကန့်ပိုင်းအားဖြင့် ထားရှိလာနိုင်ပေလိမ့်မည်။ တဒင်္ဂမျှသာဖြစ်သော်လည်း ဤအတွေ့အကြုံသည် သင့်အတွက် အလွန်ထူးခြားသော အတွေ့အကြုံဖြစ်နေ၍ ချမ်းသာမှု၊ ပျော်ရွှင်မှု၊ ငြိမ်းအေးမှု အရသာကို ခံစားလိုက်ရကား ဆက်လက်တွေ့ကြုံခံစားနေချင်ပေလိမ့်မည်။ သို့ရာတွင် ခံစားနိုင်ဦးမည် မဟုတ်ပေ။ မှန်မှန်လေ့ကျင့်ပေးခြင်းဖြင့် တဒင်္ဂအတွေ့အကြုံသည် အချိန်ပို၍ပို၍ ကြာလာနိုင်ပေသည်။ ဤ တဒင်္ဂအချိန်ကလေးသည် သင့်ကိုယ်သင် အသက်ရှုရှိုက်မှုအာရုံ၌ မေ့ပျောက်ပစ်လိုက်သော အခိုက်အတန့်ပင် ဖြစ်ပေသည်။ သင့်ကိုယ်သင် ဤသို့ သိရှိသတိစွဲနေသမျှ ကာလပတ်လုံး အခြားမည်သည့် အကြောင်းအရာပေါ်မျှ အာရုံစိုက်ထားနိုင်မည် မဟုတ်ပေ။

အာနာပါနသသတိသည် ပြုလုပ်ရန်လွယ်ကူသည့်ပြင် အထက်ဈာန်များရသည့်တိုင်အောင် သမာဓိကို ဖြစ်ပွားစေနိုင်သည်။ သမာဓိရင့်ကျက်မှလည်း နက်နဲသော သဘာဝတရားများကို ထိုးထွင်းသိရှိနားလည်နိုင်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေမည်။

ဤ အချက်များအပြင် အာနာပါနာနုသတိသည် လက်ငင်းအကျိုးကျေးဇူးများပေးစွမ်းနိုင်သည်။ ကိုယ်လက်အင်္ဂါကျန်းမာသန်စွမ်းလာစေ၍ ပေါ့ပါးဖျတ်လတ်ခြင်း၊ နှစ်ခြိုက်စွာအိပ်ရခြင်း၊ နေ့စဉ်လုပ်ငန်းများကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ခြင်း စသော ကောင်းကျိုးများကို ပေးလေသည်။ စိတ်ကို တည်ငြိမ်အေးချမ်းစေသည်။ နှလုံးမငြိမ်၊ တုန်လှုပ်ချောက်ချားနေသည့် အချိန်အခါများမှာပင် ဤအနုသတိကို တစ်မိနစ်၊ နှစ်မိနစ်မျှ သုံးသပ်ဆင်ခြင်လိုက်ပါက ရုတ်တရက်၊ချက်ချင်း တည်ငြိမ်အေးချမ်းမှုရသည်ကို ကိုယ်တိုင်တွေ့မြင်သိရှိနိုင်ပေသည်။ တရေးတမော အိပ်ယာမှ နိုးလာဘိသကဲ့သို့ လန်းဆန်းရွှင်ကြည်နေပေလိမ့်မည်။

လက်တွေ့အသုံးဝင်၍ အရေးကြီးသော အခြားကမ္မဋ္ဌာန်း လုပ်နည်းတစ်ခုမှာ နေ့စဉ်နေ့တိုင်း ကိုယ်ရေးကိုယ်တာကိစ္စ၊ အများနှင့်သက်ဆိုင်သည့်ကိစ္စ၊ အလုပ်ခွင်နှင့်ပတ်သက်သည့် ကိစ္စများကို ကာယကံ၊ ဝစီကံမြောက် ဆောင်ရွက်နေစဉ် ဆောင်ရွက်လုပ်ကိုင် နေသမျှကို သတိချပ်၍ နေရသည့် ကာယဂတာသတိပဋ္ဌာန် လုပ်ငန်းပင် ဖြစ်သည်။ လမ်းလျှောက်သည်ဖြစ်စေ၊ ရပ်သည်ဖြစ်စေ၊ ထိုင်သည်ဖြစ်စေ၊ လဲလျောင်းသည်ဖြစ်စေ၊ အိပ်သည်ဖြစ်စေ၊ ကိုယ်လက်အင်္ဂါကို ဆန့်သည်ဖြစ်စေ၊ ကွေးသည်ဖြစ်စေ၊ အတတ်တန်ဆာကို ဝတ်လဲစဉ်ဖြစ်စေ၊ စကားပြောစဉ်၊ ဆိတ်ဆိတ်နေစဉ်၊ စားစဉ်၊ သောက်စဉ်၊ တပိုတပါးသွားစဉ်ဖြစ်စေ၊ မည်သည့်အလုပ်အကိုင် အပြုအမူကိုမဆို လုပ်ကိုင်နေစဉ် လုပ်ကိုင်နေသမျှကို သတိကပ်၍ အလုံးစုံ သိရှိနေရမှုပင် ဖြစ်သည်။ ပစ္စုပ္ပန်အလုပ် ပစ္စုပ္ပန်တည့်တည့်တွင်သာ အာရုံပြု၍ နေထိုင်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ သို့သော် လွန်ပြီးခဲ့သည်တို့ကို လည်းကောင်း၊ လာလတ္တံ့သော အကြောင်းအရာ

တို့ကိုလည်းကောင်း၊ လုံးဝမစဉ်းစားရဟု မဆိုလို။ ပစ္စုပ္ပန်ကိစ္စနှင့် အလျဉ်းသင့်၍ အကြောင်းတိုက်ဆိုင်ပါမူ ၎င်းတို့ကို စဉ်းစားကြံစည်ရမည်သာ ဖြစ်ပါသည်။

အများအားဖြင့် လူအပေါင်းတို့သည် မိမိယခုပြုလုပ်နေဆဲ ပစ္စုပ္ပန်ကိစ္စတွင်သာ အာရုံထား၍ နေထိုင်ကြသည် မဟုတ်ပေ။ အတိတ်တွင်လည်းကောင်း၊ အနာဂတ်တွင်လည်းကောင်း နစ်မျော၍ နေကြပေသည်။ တစ်စုံတစ်ရာကို ပစ္စက္ခတွင် လုပ်ကိုင်နေလင့်ကစား စိတ်မှာမူကား အခြားတစ်နေရာတွင်ကျက်စားနေပေသည်။ မရှိသေးသော ပြဿနာများ၊ စိုးရိမ်ကြောင့်ကြမှုများကို တွေးတောကြံစည်၍လည်းကောင်း၊ လွန်ပြီးကိစ္စများကို စမြုံ့ပြန်၍လည်းကောင်း၊ အနာဂတ်အတွက် လိုလားချက်များတွင် စိတ်ကူးယဉ်၍လည်းကောင်း နေတတ်ကြပေသည်။ ထို့ကြောင့် ၎င်းတို့သည် မျက်မှောက်ပြုလုပ်နေဆဲ ကိစ္စရပ်ဖြင့်သာ နေထိုင်နှစ်သိမ့်ကြသည် မဟုတ်ပေ။ လက်ရှိအခြေအနေဖြင့် တင်းတိမ်ရောင့်ရဲခြင်း မရှိရကား ပျော်ရွှင်မှုကင်းမဲ့ကြ၏။ မိမိဆောင်ရွက်နေဆဲ အမှုကိစ္စတွင် စိတ်ပါလက်ပါ ဆောင်ရွက်နိုင်ခြင်းမရှိ ဖြစ်ရတော့သည်။

စားသောက်ဆိုင်များတွင် အစားတစ်ဖက်နှင့် စာဖတ်နေသူကို မကြာခဏ တွေ့မြင်ဖူးကြပေလိမ့်မည်။ စားသောက်ချိန်ပင် မရနိုင်လောက်အောင် အလုပ်များရှာသည်ဟု ထင်မြင်ယူဆရသူ ဖြစ်ပေသည်။ သူသည် စာပဲဖတ်နေသလား၊ အစားအစာပဲ စားသောက်နေသလားဟု တွေးတောစရာ ဖြစ်ပေသည်။ နှစ်မျိုးစလုံး ဆောင်ရွက်နေသည်ဟု ဆိုရမည်ဖြစ်သော်လည်း အမှန်မှာ သူသည် စာဖတ်နေခြင်းလည်းမဟုတ်၊ စားသောက်နေခြင်းလည်းမဟုတ်၊ နှစ်မျိုးစလုံးတွင် သူ့၌ အရသာခံစားမှု မရှိပေ။ သူသည် ကိုယ်စိတ်နှစ်ဖြာ သက်တောင့်သက်သာ မရှိရှာဘဲ စိတ်သောကများနေသူတစ်ဦးသာ ဖြစ်ပေသည်။ မျက်မှောက်လက်ရှိ လုပ်ငန်းဆောင်တာတွင် အာရုံခံစားခြင်းမရှိ၊ ပစ္စုပ္ပန်တည့်တည့်တွင် မမွေ့လျော်၊ မနေထိုင်၊ မျက်မှောက်လောကမှ မသိမသာ မိုက်မဲစွာ ထွက်ပြေးသွားရန် ကြိုးစား၊ ကြံဆောင်နေသူ ဖြစ်ပေသည်။ (ဤနေရာတွင် မိမိ၏ မိတ်ဆွေတစ်ဦးဦးနှင့် နေ့လည်စာ၊ ညစာ အတူတကွ စားသုံးစဉ် စကားစမြီမပြောဆိုရ ဟု မဆိုလိုပါ။)

သင်သည် မည်ကဲ့သို့ပင် ကြိုးပမ်းသည်ဖြစ်စေ လောကမှ ထွက်ပြေးလွတ်မြောက်နိုင်မည် မဟုတ်ပါ။ အသက်ရှင်နေသမျှ မြို့မှာနေနေ၊ လိုဏ်ဂူတွင် ဝင်အောင်းအောင်း၊ လောကကို ရင်ဆိုင်နေထိုင်ရမည်သာ ဖြစ်ပေသည်။ ဘဝအစစ်အမှန်သည် ပစ္စုပ္ပန် တည့်တည့်သာဖြစ်သည်။ ကွယ်လွန် ပျက်ပြုန်းသွားပြီးဖြစ်သော အတိတ်မှ အောက်မေ့ဖွယ်များလည်း ဘဝမဟုတ်။ မပေါ်ပေါက်၊ မဖြစ်ထွန်းသေးသော အနာဂတ်၏ စိတ်ကူးယဉ်အိပ်မက်များလည်း ဘဝမဟုတ်။ ပစ္စုပ္ပန်တည့်တည့်နေထိုင်သူသာလျှင် ဘဝအစစ်အမှန်နှင့် ထိတွေ့သူဖြစ်၍ အပျော်မွေ့ဆုံး၊ အချမ်းမြေ့ဆုံးသူ တစ်ဦးဖြစ်ပေသည်။

ရိုးရိုးအေးအေးနေထိုင်၍ တစ်နေ့လျှင် အစားအစာတစ်ကြိမ်သာ သုံးဆောင်သော သူ၏ တပည့်ရဟန်းများသည် အဘယ့်ကြောင့် ဤမျှကြည်လင် ရွှင်လန်းကြပါကုန်သနည်း ဟု ဗုဒ္ဓအား မေးလျှောက်ရာတွင် မြတ်စွာဘုရားက "သူတို့သည် အတိတ်ကို ပြန်လှန်၍ နောင်တမဖြစ်၊ အနာဂတ်ကို မျှော်မှန်း၍ ပူပင်သောကမရောက်၊ မျက်မှောက်တွင်သာ နေထိုင်ကြ၏။ ထို့ကြောင့် သူတို့သည် ကြည်လင် ရွှင်လန်းကြကုန်၏။ မိုက်မဲသူများကား အတိတ်ကို ပြန်လှန်၍ နောင်တဖြစ်၏။ အနာဂတ်ကိုမျှော်မှန်း၍ ပူပင်ကြ၏။ ထို့ကြောင့် နေပူဒဏ်ထိခံရသော ကျူရိုးစိမ်းကဲ့သို့ သူမိုက်များသည် ခြောက်သွေ့ကြုံလှီကြ၏။" ဟု ပြန်လည်မိန့်ကြားတော်မူသည်။[၁]

သတိကပ်၍ နေထိုင်ခြင်း၊ သတိရှေ့ထားပြု၍ ဆောင်ရွက်ခြင်းဆိုသည်မှာ 'ငါ ဤဟာ လုပ်နေသည်'၊ 'ငါ ထိုဟာ လုပ်နေသည်' ဟု တွေးတောသိရှိနေရန် မဟုတ်ပေ။ လုံးဝမဟုတ်ပေ။ 'ငါ ဤဟာလုပ်နေသည်' ဟု တွေးလိုက် သိလိုက်သည်နှင့် တပြိုင်နက် ငါပါလာ၍ လုပ်ဆောင်မှုတွင်သာ အာရုံမတည်ဘဲ 'ငါဖြစ်၏' ဟူသော အတွေး၌ တည်နေလေသည်။ ထိုအခါ လုပ်ငန်းဆောင်တာလည်း ပျက်စီးရတော့သည်။ နည်းလမ်းအမှန်မှာ မိမိကိုယ်မိမိ လုံးဝမေ့ပျောက်ပစ်၍ လုပ်ဆောင်နေသော အမှုတွင်သာ အာရုံနစ်မြုပ်နေစေခြင်း ဖြစ်သည်။ ပရိသတ်ရှေ့တွင် မိန့်ခွန်းပြောကြားနေသူ တစ်ဦးသည် မိမိကိုယ်မိမိ သတိပြုမိကာ 'ငါ ပရိသတ်ကို စကားပြောနေပါကလား' ဟု တွေးလိုက်မိသည်နှင့် တပြိုင်နက် သူ့မိန့်ခွန်းသည် ပျက်ပြားသွားမည်၊ ပြောနေသော စကားစဉ်လည်း ပြတ်သွားပေမည်။ သူ့ကိုယ်သူ မေ့ပျောက်ပစ်လိုက်၍ မိန့်ခွန်းနှင့်ပြောကြားနေသည့် အကြောင်းအရာတွင်သာ နှစ်မြုပ်လိုက်သောအခါ စကားပြောတိုးတက် ကောင်းမွန်လာပေမည်။ အကြောင်းအရာ ရှင်းလင်းပြတ်သားလာပေမည်။ အနုပညာ၊ ကဗျာ၊ စာပေပညာ နှင့်လောကုတ္တရာဆိုင်ရာ လက်ရာမွန်၊ လက်ရာကောင်း အားလုံးသည် ၎င်းတို့အား ကြံစည်

---

၁။ သံယုတ် (ပတစ) စာမျက်နှာ ၅။

ဖန်တီးသူများက မိမိကိုယ်မိမိ လုံးဝမေ့ပျောက်၍ ငါ စိတ် လုံးဝလွတ်နေချိန်၊ ကြံစည်ဖန်တီးနေသော အမှုကိစ္စတွင်သာ လုံးဝနစ်မြုပ်နေစဉ်ခဏ၌ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ကြပေသည်။

ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသည့် သတိပဋ္ဌာန်မှာ မိမိလုပ်ဆောင်နေသည့် အမှုကိစ္စများတွင် အစဉ်အမြဲ သတိကပ် မှတ်သားခြင်းဖြစ်၍ မျက်မှောက်တည့်တည့်နေခြင်း၊ ပစ္စုပ္ပန်အမှု၌ အာရုံတည်ရှိစေခြင်းပင် ဖြစ်သည်။ ဇင် လမ်းစဉ် **(Zen way)** သည်လည်း ဤသတိပဋ္ဌာန်တရားတွင် အခြေခံ၍ လုပ်ငန်းတူပင်ဖြစ်ပေသည်။ ဤ ကမ္မဋ္ဌာန်း နည်းလမ်းအရ သတိပဋ္ဌာန်ထူထောင်ရန် မည်သည့်အမှုကိစ္စမျှ အထူးအထွေလုပ်ဆောင်ရန် မလိုပေ။ မိမိလုပ်ကိုင် ဆောင်ရွက်သမျှကို သတိကပ်၍ သိရှိနေရန်သာ လိုပေသည်။ ဤ ကမ္မဋ္ဌာန်းကို ကျင့်သုံးရန် သင်၏တန်ဖိုးရှိလှသော အချိန်မှ တစ်စက္ကန့်မျှပင် ဖြုန်းသုံးပစ်ရန် မလိုပါပေ။ မိမိနေ့စဉ်နေ့တိုင်း လုပ်ကိုင်နေကျ လုပ်ငန်းအဝဝ လုပ်ကိုင်နေစဉ် လုပ်ကိုင်သမျှ အမှုကိစ္စတို့ကို နေ့ရောညပါ သတိမလွတ်စေဘဲ ပြုလုပ်ဆောင်ရွက်ရန်သာ လိုပေသည်။ အထက်တွင် တင်ပြဆွေးနွေးခဲ့သော ကမ္မဋ္ဌာန်းလုပ်ငန်းရပ် နှစ်မျိုးမှာ ကာယနှင့်ပတ်သက်သော **ကာယာနုပဿနာ ကမ္မဋ္ဌာန်း** များ ဖြစ်ပေသည်။

ထို့နောက် ခံစားမှုဝေဒနာအားလုံးနှင့် ပတ်သက်သော လေ့ကျင့်မှု ကမ္မဋ္ဌာန်း **ဝေဒနာနုပဿနာ** ရှိလေသည်။ ခံစားမှုဝေဒနာတွင် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ သုခမဟုတ် ဒုက္ခမဟုတ်သော ဥပေက္ခာဝေဒနာ ဟူ၍ သုံးမျိုးရှိလေသည်။ ဥပမာ ပုံစံတစ်ခုကို ထုတ်ဆောင်လေ့လာ ကြည့်ကြအံ့။ သင်သည် မချမ်းမြေ့ဖွယ် ဒုက္ခဝေဒနာ တစ်စုံတစ်ခုကို တွေ့ကြုံခံစားရသည်ဟု ဆိုကြပါစို့။ ဤအချိန်အခါဝယ် သင်၏စိတ်သည် မကြည်မလင်၊ အုံ့ဆိုင်း၊ မှုန်မှိုင်း၊ ဝမ်းနည်း၊ စိတ်ပျက် ဖြစ်နေပေလိမ့်မည်။ တစ်ခါတစ်ရံ ယင်း ဆင်းရဲဒုက္ခဝေဒနာကို သင် အဘယ့်ကြောင့် ခံစားနေရသနည်းဟုပင် ရှင်းလင်းစွာ မသိမမြင် ဖြစ်နေပေလိမ့်မည်။ ဤအခါများတွင် ခံစားနေရသော ဒုက္ခဝေဒနာအတွက် စိတ်မချမ်းမြေ့ မဖြစ်ရန်၊ ပူပင်သောက များရသည့်အတွက် သောကမရောက်ရန် ရှေးဦးစွာ မိမိကိုယ်မိမိ လေ့ကျင့်ဆုံးမပေးရမည်။ ထို့ကြောင့် စိတ်မချမ်းမြေ့ရခြင်း၊ သောကပူဆွေးရခြင်း၊ ဒုက္ခဝေဒနာကို အဘယ့်ကြောင့် ခံစားရသနည်းဟု ဆင်ခြင်သုံးသပ်ပါ။ ယင်းဝေဒနာ ဖြစ်ပေါ်လာပုံ၊ ဖြစ်ပေါ်ရသော အကြောင်း၊ မည်သို့ပျောက်ကွယ်သွားပုံ၊ ချုပ်ငြိမ်းသွားပုံတို့ကို ဆင်ခြင်သုံးသပ်ကြည့်ပါ။ သိပ္ပံပညာရှင်တစ်ဦးသည် အရာဝတ္ထုများကို လေ့လာစူးစမ်းသည့်နည်းတူ ယင်းဝေဒနာကို မိမိနှင့် ဆက်စပ်ပတ်သက်မှုမရှိဘဲ အပြင်အပမှ ရှုကြည့်သုံးသပ်သည့်အနေဖြင့် ဆင်ခြင်သုံးသပ်ပါ။ ဤသို့ သုံးသပ်ရာတွင် 'ငါ့ခံစားမှု၊ ငါ့ဝေဒနာ' ဟု မိမိနှင့် ပတ်သက်သည့် အစွဲအလမ်းဖြင့် မကြည့်ရှုဘဲ ကိုယ်မှအပဖြစ်သည့် ခံစားမှု တစ်ပါးသက်သက် ဝေဒနာ တစ်ပါးသက်သက်မျှသာ ရှုကြည့်ဆင်ခြင်ပါ။ ဤကိစ္စတွင်လည်း မမှန်ကန်သည့် 'ငါ' အယူအဆ အစွဲအလမ်းကို မေ့ပျောက်ပစ်ထားရမည်။ အဆိုပါ ခံစားမှုဝေဒနာ၏ သဘာဝ၊ မည်ကဲ့သို့ဖြစ်ပေါ်လာပုံ၊ ပျောက်ကွယ်သွားပုံတို့ကို ဆင်ခြင်တွေ့မြင်သောအခါ ယင်း 'ဝေဒနာ' ၌ ငြီးငွေ့လာလိမ့်မည်၊ နှစ်သက်သာယာခြင်း ကင်းလာလိမ့်မည်၊ နှစ်သက်သာယာခြင်း ကင်းသည်နှင့် စွဲလမ်းတပ်မက်သော တဏှာမှ ကင်းရှင်း လွတ်မြောက်လိမ့်မည်။ ခပ်သိမ်းသော ခံစားမှုဝေဒနာအားလုံး ဤနည်းနှင်နှင်ဖြစ်ကြောင်း မှတ်ယူကုန်ရာသည်။

ယခုအခါ စိတ်နှင့်ပတ်သက်၍ လေ့ကျင့်ရသော **စိတ္တာနုပဿနာ ကမ္မဋ္ဌာန်း** အကြောင်းကို ဆွေးနွေးကြပေအံ့။ ဤ ကမ္မဋ္ဌာန်းလုပ်ငန်း၌ စိတ်၏ အခြေအနေကို မျက်ခြေမပြတ် အစဉ်စောင့်ကြပ် သိနေရ၏။ ရာဂနှင့်တကွဖြစ်သော စိတ် ဖြစ်သည်ရှိသော် ရာဂစိတ်ဖြစ်သည် ဟု သိရ၏။ ရာဂကင်းသောစိတ် ဖြစ်သည်ရှိသော် ရာဂကင်းသောစိတ် ဖြစ်သည် ဟု သိရ၏။ အမျက်ထွက်ခြင်း၊ မုန်းတီးခြင်း၊ မနာလိုဝန်တိုခြင်း နှင့်တကွ ဖြစ်သောစိတ် ဖြစ်သည်ရှိသော် မျက်မာန်ပွား၍ မုန်းတီးသော ဝန်တိုသောစိတ် ဖြစ်သည်ဟု သိရ၏။ ဒေါသကင်းသော မေတ္တာ၊ ကရုဏာစိတ်ဖြစ်သည် ရှိသော် ဒေါသကင်းသော မေတ္တာ၊ ကရုဏာစိတ် ဖြစ်သည်ဟု သိရ၏။ မောဟ ဖုံးလွှမ်းသောစိတ် ဖြစ်သည်ရှိသော် မောဟနှင့်တကွ ဖြစ်သောစိတ် ဖြစ်သည်ဟု သိရ၏။ မောဟကင်းစင်၍ ကြည်လင်ရှင်းလင်း သိနားလည်မှုရှိလျှင် မောဟကင်းစွာ သိနားလည်မှုရှိ၏ဟု သိရ၏။ ဤသို့အစရှိသဖြင့် စိတ်ကို ပြည့်စုံစွာ သိရှိနေရပေမည်။ မကြာခဏ ကျွန်ုပ်တို့သည် မိမိစိတ်ကို ကြည့်ရှုရန် ထိတ်လန့် ရှက်ကြောက် နေတတ်ကြကြောင်း ဝန်ခံရပေမည်။ မိမိစိတ်နှင့် ရင်မဆိုင်ရဲ၊ ရှောင်ကွင်း၍သာ သွားလိုကြပေသည်။ ကြေးမုံပြင်တွင် မိမိမျက်နှာကို ရှုကြည့်သကဲ့သို့ မိမိစိတ်ကိုလည်း သတ္တိရှိရှိ ရိုးသားစွာဖြင့် စေ့စေ့ကြည့်ရှုသင့်သည်သာ ဖြစ်သည်။

ဤသို့ကြည့်ရှုရာတွင် စိတ်ကို အပြစ်တင် ဝေဖန်ရန်၊ စီရင်ဆုံးဖြတ်ရန်၊ အမှားအမှန်၊ အကောင်းအဆိုးခွဲခြား စိစစ်ရန် သဘောထားများ မထားရှိရပေ။ စိတ်တွင်အာရုံစိုက်၍ သတိနှင့် စောင့်ကြည့်ရန်၊ ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း၊ မလွတ်ရအောင် သိအောင်ရှု၍ ဂရုပြုမှတ်သားလိုက်ရန် သက်သက်သာ ဖြစ်ပေသည်။ ဤနေရာ၌ မိမိစိတ်ကို ကြည့်ရှုသူသည် တရားသူကြီးကဲ့သို့မဟုတ်ဘဲ သိပ္ပံပညာရှင်သဖွယ် ပြုမူဆောင်ရွက်ရာသည်။ စိတ်ကို သတိဖြင့် စောင့်ကြည့်

၍ ယင်း၏ သဘာဝအစစ်အမှန်ကို ထင်လင်းစွာမြင်လတ်သော် စိတ်၏လှုပ်ရှားခြင်း၌ လည်းကောင်း၊ ပျံ့လွင့်ခြင်း၌ လည်းကောင်း၊ ဖောက်ပြန်ခြင်း၌ လည်းကောင်း၊ အခြေအနေအမျိုးမျိုး၌လည်းကောင်း ငြိမ်တွေ့လာလိမ့်မည်။ နှစ်သက် သာယာခြင်း ကင်းလာလာလိမ့်မည်။ နှစ်သက် သာယာခြင်း ကင်းသည်နှင့် စွဲလမ်းတပ်မက်သော တဏှာမှ ကင်းရှင်း လွတ်မြောက်လိမ့်မည်။

ဥဒါဟရဏ်တစ်ခုကို ထုတ်ဆောင်ကြည့်ကြအံ့။ သင်သည် အမျက်ဒေါသ ပြင်းစွာထွက်လျက် မုန်းတီးစိတ်၊ ရန်လိုစိတ်က သင့်အား ဖိစီးလွှမ်းမိုးနေသည် ဆိုအံ့။ အမျက်ဒေါသ ထွက်နေသူတစ်ဦးသည် မိမိ ဒေါသထွက်နေကြောင်း အမှန်သတိမပြုမိ၊ သတိမထားမိတတ်သည်မှာ ထူးဆန်း၍ အထင်နှင့်အမြင် မကိုက်ညီသော အကြောင်းတစ်ရပ်ဖြစ်ပေသည်။ မိမိ၏စိတ်အခြေအနေကို သတိပြုမိသည်နှင့် တပြိုင်နက်၊ မိမိကိုယ်မိမိ စိတ်ဆိုးနေသည်ဟု သတိရလိုက်သည်နှင့်တပြိုင်နက်၊ ဒေါသအမျက်သည် လူသိသူသိဖြစ်သွားသည်ကို ရှက်ကြောက်သွားသည့်နှယ် ပြေငြိမ်းစပြုလေတော့သည်။ ဒေါသ၏ သဘာဝ၊ ယင်းသည်မည်ကဲ့သို့ဖြစ်ပေါ်လာပုံ၊ ချုပ်ငြိမ်းသွားပုံတို့ကို စစ်ဆေးမှတ်သားရပေမည်။ ဤတွင်လည်း 'ငါစိတ်ဆိုးသည်၊ ငါ၏ဒေါသ' ဟု မရှုမှတ်မိရန် သတိပြုရပေမည်။ စိတ်ဆိုးအမျက်ထွက်နေသည့် စိတ်တစ်ခု၏ အခြေအနေကို သတိဖြင့်စောင့်ကြည့်ခြင်း၊ ဂရုပြု၍မှတ်သားခြင်းသာ ဖြစ်စေရမည်။ ဒေါသစိတ်တစ်ခုကို ကိုယ်မှ ပြင်ပအနေထား၍ မလွတ်ရအောင် စစ်ဆေးမှတ်သားမှုသာ ပြုရပေမည်။ ခပ်သိမ်းသော စိတ်လှုပ်ရှားမှု၊ ပျံ့လွင့်မှု၊ ဖောက်ပြန်မှု နှင့် စိတ်အခြေအနေ အမျိုးမျိုးအပေါ်တွင် ဤနည်းနှင်နှင် သဘောထား၍ ရှုမှတ်ရပေမည်။

သီလ၊ သမာဓိ၊ ပညာ တိုးတက်စည်ပင်စေရန် လေ့ကျင့်ပြုလုပ်ရသော ကမ္မဋ္ဌာန်းမှာ **ဓမ္မာနုပဿနာ ကမ္မဋ္ဌာန်း** ဖြစ်ပေသည်။ သီလ၊ သမာဓိ၊ ပညာ နှင့် ပတ်သက်သော စာပေသင်ကြားနာယူခြင်း၊ စာဖတ်ခြင်း၊ ဆွေးနွေးခြင်း၊ ဟောပြောခြင်း၊ ဆင်ခြင်သုံးသပ်ခြင်း များသည် ဓမ္မာနုပဿနာ လုပ်ငန်းတွင် အကျုံးဝင်ပေသည်။ ဤစာအုပ်ကို ဖတ်ရှုလေ့လာ၍ စာအုပ်တွင် တင်ပြဆွေးနွေးထားသော အကြောင်းအရာများကို နက်နက်နဲနဲ တွေးတောဆင်ခြင်မှုသည်လည်း ကမ္မဋ္ဌာန်းထိုင်နည်း တစ်မျိုးပင် ဖြစ်ပေသည်။ ရှေ့ပိုင်း၌ ရဟန်းတော် ခေမကနှင့် ရဟန်းတစ်စုတို့ တရားဓမ္မ ဆွေးနွေးကြပုံကို ဖော်ပြခဲ့ပေပြီ။ ယင်းသို့ ဆွေးနွေး ဟောပြောခြင်းသည် ကမ္မဋ္ဌာန်း စီးဖြန်းနည်း တစ်မျိုးပင်ဖြစ်ရကား အကျိုးရလဒ်မှာ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းပင် ဖြစ်ပေသည်။

ဓမ္မာနုပဿနာ လုပ်ငန်းအဖြစ် ငါးပါးသော နီဝရဏတရား တို့ကို လေ့လာဆင်ခြင် သုံးသပ်နိုင်ပေသည်။ နီဝရဏတရား ငါးပါးဟူသည်ကား –

၁။ ကာမစ္ဆန္ဒ – ကာမဂုဏ်ကို အလိုရှိခြင်း၊
၂။ ဗျာပါဒ – မကောင်းကြံခြင်း၊ ဒေါသအမျက်ထွက်ခြင်း၊ မုန်းတီးခြင်း၊
၃။ ထိနမိဒ္ဓ – စိတ်ရောကိုယ်ပါ ထိုင်းမှိုင်းခြင်း၊
၄။ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ – စိတ်မငြိမ်သက်၊ ပျံ့လွင့်ခြင်း၊ စိုးရိမ်ပူပန်ခြင်း၊
၅။ ဝိစိကိစ္ဆာ – ယုံမှားတွေးတောခြင်း – တို့ဖြစ်သည်။

ထင်လင်းစွာ သိနားလည်မှုဟူသမျှကို ပိတ်ပင်တားဆီးသောကြောင့် အမှန်စင်စစ်တိုးတက်မှု ဟူသမျှကို ပိတ်ပင်တားဆီးသောကြောင့် ဤ တရားငါးပါးကို နီဝရဏများ၊ အနှောက်အယှက် အတားအဆီးများ ဟု ခေါ်ဝေါ်ရသည်။ ငါးပါးသော နီဝရဏတို့၏ ဖိစီးနှိပ်စက်ခြင်းခံရပြီး ယင်းတို့ကို မည်သို့ ဖယ်ရှားသုတ်သင်ပစ်ရမည်ဟု မသိနားမလည်ပါလျှင် အမှားနှင့် အမှန်၊ အဆိုးနှင့် အကောင်းတို့ကို ရှုမြင်ပိုင်းခြား ဝေဖန်နိုင်ခြင်း မရှိတော့ပေ။

အရဟတ္တ မဂ်ဉာဏ်ကို ဖြစ်စေသော ဗောဇ္ဈင် (၇) ပါးကို လေ့လာ သုံးသပ်ခြင်းဖြင့်လည်း ဓမ္မာနုပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်းနိုင်ပေသည်။

**ဗောဇ္ဈင် (၇) ပါး** မှာ –

၁။ သတိသမ္ဗောဇ္ဈင် – အထက်တွင်ဖော်ပြပြီးအတိုင်း ကိုယ်စိတ်နှစ်ဖြာ လှုပ်ရှားမှု၊ ဆောင်ရွက်မှုအားလုံးကို အခါခပ်သိမ်း သတိချပ်၍ စောင့်ကြည့် ရှုမှတ်ခြင်း။

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင် – တရားတော်နှင့်ပတ်သက်သည့် အကြောင်းအရာ အလုံးစုံကို လေ့လာစူးစမ်းခြင်း၊ သုတေသနပြုခြင်း၊ ဤ၌ ဘာသာရေးကိုယ်ကျင့်သီလ၊ အဘိဓမ္မာဆိုင်ရာ လေ့လာသင်ကြားခြင်း၊ ဖတ်ရှုခြင်း၊ သုတေသနပြုခြင်း၊ စကားလက်ဆုံပြောကြားခြင်းတို့ ပါဝင်သည်။ တရားဟောပြောပွဲသို့ တက်ရောက်နာကြားခြင်းသည်ပင် ဓမ္မဝိစယသမ္ဗောဇ္ဈင် ၌ အကျုံးဝင်ပေသည်။

၃။ ဝီရိယသမ္ဗောဇ္ဈင် – အဆုံးစွန်ခရီးသို့ပေါက်ရောက်သည့်တိုင်အောင် ဇွဲလုံ့လဖြင့် ဆောင်ရွက်ကြိုးပမ်းခြင်း။
၄။ ပီတိသမ္ဗောဇ္ဈင် – မကောင်းမြင်ခြင်း၊ စိတ်မသာယာခြင်း၊ ငြိုငြင်ခြင်း၊ ညှိုးငယ်ခြင်း စသည့် စိတ်အခြေအနေများနှင့် လုံးဝဆန့်ကျင်၍ ကိုယ်စိတ်နှစ်ဖြာ နှစ်သိမ့်အားရမှု။
၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင် – ကာယ၊ စိတ္တတို့၌ အထူးကြောင့်ကြစိုက်ရမှု ကင်းစွာ ကိုယ်စိတ်နှစ်ဖြာ သက်တောင့်သက်သာ ထားရှိ၍ ငြိမ်းအေးခြင်း။
၆။ သမာဓိသမ္ဗောဇ္ဈင် – အထက်တွင် ဆွေးနွေးတင်ပြပြီး အတိုင်းဖြစ်သည်။
၇။ ဥပေက္ခာသမ္ဗောဇ္ဈင် – လောကဓံတရားများကို မတုန်မလှုပ် တည်ငြိမ်အေးဆေးစွာ စိတ်အနှောင့်အယှက်မရှိ ရင်ဆိုင်နိုင်မှု၊ အညီအမျှ ရှုဆင်ခြင်မှု။

၌ ဗောဇ္ဈင် ၇–ပါး ဆိုင်ရာ အရည်အချင်းများ ဖြစ်ထွန်းပွားများလာစေရန် စစ်မှန်သော လိုအင်ဆန္ဒ၊ ပြင်းပြသောအာသီသ ထားရှိရန် အထူးလိုအပ်ပေသည်။ ဗောဇ္ဈင်တရား အသီးသီး တိုးပွားရင့်ကျက်လာမှုကို အထောက်အကူပြုစေရန် ကိုယ်စိတ်နှစ်ပါး၌ မည်သို့အခြေအနေ ထားရှိရမည် (ပလိဗောဓများ) ကို ကျမ်းဂန်များတွင် ဖော်ပြထားပေသည်။

'သတ္တဝါဟူသည် အဘယ်နည်း'၊ 'ငါဟုခေါ်ဆိုသည်မှာ အဘယ်နည်း' စသည့် ခန္ဓာ ၅–ပါး အကြောင်းရပ်များကို ဆန်းစစ်ခြင်း၊ သို့မဟုတ် အထက်တွင် ဆွေးနွေးတင်ပြထားသော သစ္စာလေးပါး တရားများကို ဆင်ခြင် သုံးသပ်ခြင်းဖြင့်လည်း ကမ္မဋ္ဌာန်း စီးဖြန်းနိုင်ပေသည်။ ခန္ဓာငါးပါး၊ သစ္စာလေးပါး တရားများကို လေ့လာခြင်း၊ စမ်းသပ်ခြင်းသည် ဓမ္မာနုပဿနာလုပ်ငန်း တစ်မျိုးပင်ဖြစ်၍ ပရမတ္ထသစ္စာ (နိဗ္ဗာန်) ကို မျက်မှောက်ပြုသည်အထိ အကျိုးပြုပေသည်။

အထက်၌ ဖော်ပြဆွေးနွေးတင်ပြထားသော အနုပဿနာ လုပ်ငန်းများအပြင် အခြားကမ္မဋ္ဌာန်းကျင့်စဉ် အများအပြား ရှိပေသေးသည်။ အစဉ်အလာအားဖြင့် ကျင့်သုံး ဆောက်တည်ကြသော ကမ္မဋ္ဌာန်း တရားပေါင်း လေးဆယ်မျှပင် ရှိပေသည်။ ယင်းတရားများမှ ဗြဟ္မဝိဟာရကျင့်စဉ်ကိုသာ ဤ၌တွင် အထူးဖော်ပြလိုက်ပေသည်။

**ဗြဟ္မဝိဟာရတရားလေးပါး** ကား –

၁။ **မေတ္တာ** – မိခင်သည် တစ်ဦးတည်းသောရင်သွေးကို ချစ်မြတ်နိုးဘိသကဲ့သို့ ခပ်သိမ်းသော သတ္တဝါအပေါင်းအား ခွဲခြားမှုမရှိဘဲ အကန့်အသတ်မထားသော ချစ်ခြင်းမေတ္တာ၊ စေတနာဖြင့် တစ်လောကလုံးကို လွှမ်းခြုံ ပျံ့လွင့်စေခြင်း။
၂။ **ကရုဏာ** – ဒုက္ခဆင်းရဲနှင့် ကြုံတွေ့နေရသော၊ စိတ်နှလုံး ငြိုငြင်ပူပန်လျက် ရှိသော သတ္တဝါ အပေါင်းအား သနားကြင်နာ ကရုဏာ ဖြစ်ပွားခြင်း။
၃။ **မုဒိတာ** – သူတစ်ပါး ကောင်းစားခြင်း၊ အောင်မြင်ခြင်း၊ ပျော်ရွှင်ခြင်း၌ နှစ်သိမ့်ဝမ်းသာ ထောမနာပြုခြင်း။
၄။ **ဥပေက္ခာ** – နိမ့်တုံ၊ မြင့်တုံ၊ အပြောင်းအလဲ၊ ဖြစ်ပျက် ဖောက်ပြန်တတ်သည့် လောကဓံကို မလှုပ်မရှက်၊ တည်ငြိမ်အေးဆေးစွာ ရင်ဆိုင်နိုင်ခြင်း –

– တို့ ဖြစ်ပေသည်။

အခန်း(၈)

# ဗုဒ္ဓ ဒေသနာ နှင့် ယနေ့ ကမ္ဘာ

ဗုဒ္ဓတရားတော်သည် လွန်စွာ နက်နဲသိမ်မွေ့ မြင့်မားရကား နေ့စဉ်အသက်မွေးဝမ်းကျောင်း လုပ်ကိုင်စားသောက်နေထိုင် ကြရသည့် လောကလူသား မိန်းမ၊ ယောကျ်ားများအတွက်မူ ဗုဒ္ဓကျင့်စဉ်ကို လိုက်နာကျင့်သုံးနိုင်ကြမည်မဟုတ်။ ဗုဒ္ဓဝါဒီ အစစ်အမှန်တစ်ဦးဖြစ်လိုပါက လောကမှဖယ်ခွာ၍ ကျောင်းကန်ဘုရား ဆိတ်ငြိမ်ရာ အရပ်များသို့ 'တောထွက်' ကြရပေလိမ့်မည်ဟု အချို့ပုဂ္ဂိုလ်များက ထင်မှတ်နေကြပေသည်။

ဤကား ဝမ်းနည်းဖွယ်ရာ အထင်အမှတ် လွဲမှားနေခြင်းပင်ဖြစ်ပေသည်။ ဗုဒ္ဓဟောကြားတော်မူထားသည့် တရားတော်များကို ကောင်းစွာ နားမလည်သောကြောင့် ဤသို့ လွဲမှားမှတ်ယူနေကြကြောင်း ထင်ရှားလှသည်။ ဗုဒ္ဓဝါဒကို ကျေကျေညက်ညက် အဘက်ဘက်မှ ထောင့်စုံနားလည် သဘောပေါက်ခြင်း မရှိသူက မပြည့်မစုံ၊ တစ်ဘက်စောင်းနင်း ရေးသားထားသော စာအုပ်စာတမ်းများကို ပေါ့ပေါ့ဆဆ ဖတ်ရှုမိ၊ သူပြောလူပြော ကြားဖူးမိသည်တို့မှ ဗုဒ္ဓဝါဒအပေါ် ဤသို့မဆင်မခြင်၊ လွဲမှားကောက်ယူချက်များ ဖြစ်ပွားခဲ့ရပေသည်။ ဗုဒ္ဓ၏ တရားတော်သည် ဘုန်းတော်ကြီးကျောင်းများတွင် သီတင်းသုံးနေထိုင်ကြသည့် ရဟန်းသံဃာတော်များ အတွက်သာ မဟုတ်ဘဲ၊ အိမ်ရာတည်ထောင်နေထိုင်ကြသည့် သာမန်လောကလူသား မိန်းမ၊ ယောကျ်ားများ အတွက်လည်း ဖြစ်ပေသည်။ ဗုဒ္ဓဝါဒီတို့ ကျင့်သုံးရာလမ်းစဉ်ဖြစ်သော မဂ္ဂင် (၈)ပါး တရားတော်မြတ်သည် ဂုဏ်ထူးဝိသေသ အဆင့်အတန်း၊ လုံးဝခွဲခြားခြင်းမရှိဘဲ ခပ်သိမ်းသော ပုဂ္ဂိုလ်အပေါင်းတို့၏ အကျိုးစီးပွားအတွက် ဖြစ်ပေသည်။

ကမ္ဘာပေါ်ရှိ မြောက်မြားလှသော လူအပေါင်းသည် လူ့ဘောင်စွန့်ခွာ တောရပ်လိုဏ်ဂူ ခိုအောင်း၍ ဘုန်းကြီးရဟန်းဘဝကို ခံယူနိုင်ကြသည် မဟုတ်ပါ။ ဗုဒ္ဓဝါဒသည် မည်မျှပင် မြင့်မြတ်၊ ဖြူစင်စေကာမူ ယနေ့ ကမ္ဘာပေါ်ရှိ မနုသလူသားအပေါင်းတို့၊ အသက်မွေး ဝမ်းကျောင်း ရှာဖွေလုပ်ကိုင် စားသောက်ကြရင်း မကျင့်သုံး၊ မလိုက်နာနိုင်ပါကအချည်းနှီးပင် ဖြစ်ပေမည်။ သို့ရာတွင် ဗုဒ္ဓတရားတော်များကို ရေးသားထားအပ်သည့် စကားလုံးများ အဖြစ်သာမဟုတ်ဘဲ ယင်းတို့၏ သဘောအလို၊ အဆီအနှစ်ကို မိမိရရ ဆုပ်ကိုင်နားလည်မိပါက လူ့ဘောင်လောကတွင် သာမန်လူပုဂ္ဂိုလ်အဖြစ် နေထိုင်ရင်း မြတ်စွာဘုရား၏ အဆုံးအမကို မလွဲမသွေ လိုက်နာကျင့်သုံးနိုင်မည်သာ ဖြစ်ပေသည်။

အချို့သော ပုဂ္ဂိုလ်များသည် လူ့အပေါင်းအသင်းများကို စွန့်ခွာ၍ တောရပ်ခိုမှီး တစ်ဦးတည်းနေထိုင်မှ ဗုဒ္ဓတရားတော်များကို ပိုမိုလွယ်ကူစွာ လက်ခံကျင့်သုံးနိုင်ကြလေသည်။ အခြားပုဂ္ဂိုလ်များအတွက်မူ ဤသို့တစ်ကိုယ်တည်း နေထိုင်ရလျှင် ကိုယ်ရောစိတ်ပါ ငြီးငွေ့ထိုင်းမှိုင်း အားငယ်တတ်သောကြောင့် တောထွက်ခြင်းဖြင့် ဉာဏ်ပညာရင့်ကျက်ဖွယ်၊ တရားတိုးတက်ဖွယ် မမြင်ချေ။

စွန့်ပစ် ပယ်ခွာမှု အစစ်အမှန်သည် လောကကြီးမှ မိမိကိုယ်ကာယကြီးကို သယ်ယူ ထွက်ပြေးသွားခြင်းမဟုတ်ပါပေ။ မြတ်စွာဘုရား၏ အဂ္ဂသာဝက ဖြစ်တော်မူသော အရှင်သာရိပုတြာ မထေရ်မြတ်က ဤသို့ မိန့်မြွက်တော်မူဖူး ပေ၏။ "တောရပ်ခိုမှီး၍ အထူးခြိုးခြံစွာ တရားကျင့်နေသောသူ တစ်ဦးသည် ညစ်ညူးသော စိတ်များ၊ ကိလေသာ အညစ်အကြေးများဖြင့် ပြည့်နှက်ဖုံးလွှမ်း တည်ရှိနေနိုင်ပေရာ၏။ အခြားတစ်ဦးသည် ရွာတွင်လည်းကောင်း၊ မြို့တွင်လည်းကောင်း နေထိုင်လျက်ပင် အထူးခြိုးခြံစွာ ကျင့်သုံး နေထိုင်ခြင်းမရှိဘဲ ကိလေသာ အညစ်အကြေး ကင်းရှင်း၍ ဖြူစင်သောစိတ်ထား ရှိနိုင်ပေရာ၏။ ဤနှစ်ဦးတွင် မြို့ရွာ၌နေထိုင်၍ ဖြူစင်သော သီလရှိသူက တောတွင်းအောင်း ယောဂီထက် အဆလွန်စွာ ပိုမိုမြင့်မြတ်၊ ပိုမိုကြီးမြတ်သူဖြစ်ကြောင်း" အရှင် သာရိပုတြာ မထေရ်မြတ်ကြီးက မိန့်မြွက်ခဲ့ပေသည်။ [၁]

ဗုဒ္ဓဩဝါဒ လိုက်နာကျင့်သုံးရန် တောထွက်ရပေလိမ့်မည်ဟု လူအများ လွဲမှားယူဆနေကြသည်။ အမှန်စင်စစ် ဤလွဲမှားမှုသည် တရားကို မကျင့်သုံးလိုသောကြောင့် မသိမသာ အကာအကွယ် ယူကြခြင်းပင်ဖြစ်ပေသည်။ ဗုဒ္ဓစာပေများတွင် သာမန်ယောကျ်ား၊ မိန်းမတို့ လောကအလယ် ပုံမှန်အိမ်ထောင်သားမွေး ပြုကြစဉ် ဗုဒ္ဓ၏ ဆိုဆုံးမစကားကို အောင်မြင်စွာ လိုက်နာကျင့်သုံးမှုကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုကြရပုံ သာဓက အမြောက်အမြား တွေ့ကြရသည်။

အနတ္တတရား အခန်းတွင် တွေ့ခဲ့ကြရသော ပရိဗိုဇ် ဝစ္ဆဂေါတ္တကပင် တစ်ချိန်က မြတ်စွာဘုရားအား အိမ်ရာထောင်သော လူဝတ်ကြောင် ယောကျ်ား၊ မိန်းမတို့တွင် ဗုဒ္ဓ၏ အဆုံးအမကို နာယူလျက် အောင်မြင်စွာ ကျင့်သုံးခြင်း

---

၁။ မဇ္ဈိမနိကာယ် ၁၊ (ပတစ) စာမျက်နှာ ၃၀၊ ၃၁။

ကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုကြရသူများ ရှိပါသလော ဟု တိုက်ရိုက်လျှောက်ထား မေးမြန်းဖူးလေသည်။ မြတ်စွာဘုရားက "အိမ်ရာထောင်သော လူဝတ်ကြောင် ယောကျ်ား၊ မိန်းမတို့တွင် တစ်ဦးနှစ်ဦးမဟုတ်၊ တစ်ရာ၊ နှစ်ရာ၊ ငါးရာ မဟုတ်၊ အလွန်ပိုမို မြောက်မြားလှသော လူဝတ်ကြောင် ယောကျ်ား၊ မိန်းမတို့သည် အိမ်ထောင် သားမွေး ပြုကြရင်း ဗုဒ္ဓအဆုံးအမကို နာယူလျှက် အောင်မြင်စွာ ကျင့်သုံးခြင်းကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးကြပေပြီ" ဟု တိတိလင်းလင်း ထုတ်ဖော် ဟောကြားခဲ့ပေသည်။ [၁]

အချို့သော ပုဂ္ဂိုလ်များအတွက် ဆူညံသံများ၊ အနှောက်အယှက်များမှ ကင်းဝေးရာ၊ ငြိမ်သက် အေးချမ်းသည့် နေရာ၌ ကေစာရီနေခြင်းသည် လျော်ကပ်စွာ အဆင်ပြေကောင်းပြေပေမည်။ သို့ရာတွင် လူ့လောက အတွင်း၌ပင် နေထိုင်လျှက် လူသားအချင်းချင်း ကူညီရိုင်းပင်း၍ လူမှုဝန်ထမ်း တာဝန်များ ထမ်းဆောင်ရင်း ဗုဒ္ဓတရားများ ကျင့်သုံးနေထိုင်ခြင်းမှာ ရဲစွမ်းသတ္တိရှိလှသော လုပ်ဆောင်မှုဖြစ်၍ မုချ ချီးကျူးဖွယ်ထိုက်ပေသည်။ အချို့သူများသည် မိမိ၏ စိတ်နေသဘောထား အကျင့်စရိုက်တို့ တိုးတက်ကောင်းမွန်လာရန် သီလ၊ သမာဓိ၊ ပညာကို ရှေးဦး လေ့ကျင့်မှု အဖြစ် ကာလအတန်ကြာ တောရပ်ခိုမှီး၍ ကေစာရီ နေထိုင်ရန် လိုကောင်း လိုပေလိမ့်မည်။ သီလ၊ သမာဓိ၊ ပညာ လုံလောက်စွာ ရင့်ကျက်သော အခါ၌ တောမှပြန်လည်ခဲ့၍ အခြားသူများကို ကူညီစောင့်ရှောက်သွားရန် ဖြစ်ပေသည်။ သို့ရာတွင် မိမိ၏ ချမ်းသာမှုနှင့် မိမိကိုယ် 'ကယ်တင်မှု' ကိုသာ ရည်မှန်းတွေးတောကာ လောကအတူနေ သတ္တဝါ အချင်းချင်း အကျိုးကို မသယ်ပိုး မထောက်ထားဘဲ ရာသက်ပန် ကေစာရီ နေထိုင်သွားမည်ဆိုပါက ဝေနေယျများအား သနားကြင်နာခြင်း၊ ကရုဏာထားခြင်း၊ သူတစ်ပါးအား ရိုင်းပင်းကူညီခြင်း စသည်တို့၌ အခြေခံသော ဗုဒ္ဓ၏ အဆုံးအမ ဩဝါဒများနှင့် မုချ လိုက်လျောကိုက်ညီမည် မဟုတ်ပေ။

သာမန် လူဝတ်ကြောင်ဘဝဖြင့် ဗုဒ္ဓဝါဒကို လိုက်နာကျင့်သုံးနိုင်ပါလျှင် အဘယ့်ကြောင့် ဗုဒ္ဓမြတ်စွာက သံဃာ တည်းဟူသော ရဟန်းအဖွဲ့အစည်းကို ထူထောင်ခဲ့ပေသနည်း ဟုမေးလိုက ဤနေရာ၌ မေးထိုက်လှပေသည်။ သံဃာ့ အဖွဲ့အစည်းသည် မိမိ၏ အကျင့်သီလနှင့် ဉာဏ်ပညာဖွံ့ဖြိုးစေရန်သာမက ပရဟိတလုပ်ငန်းများတွင်လည်း မိမိဘဝကို မြှုပ်နှံထားလိုသူများအတွက် အခွင့်အလမ်း ဖွင့်ပေးထားခြင်း ဖြစ်ပေသည်။ သာမန်အိမ်ထောင့်ရှင် ဝတ်ကြောင်တစ်ဦး အား ပရဟိတလုပ်ငန်းများကို တစ်သက်တာ လုံးဝအာရုံစိုက်၍ ဆောင်ရွက်ရန် မမျှော်လင့်နိုင်ပေ။ ရဟန်းသံဃာ ဘဝ၌မူ အိမ်ထောင့်တာဝန်များနှင့် အခြား လူ့ဘောင်လောကီ သံယောဇဉ် အနှောင်အဖွဲ့များ ကင်းရှင်းလွတ်ကင်းရကား သူ၏ ဘဝတစ်သက်တာ တစ်ခုလုံးကို ဗုဒ္ဓမြတ်စွာ၏ ဩဝါဒအတိုင်း 'လူအများ၏ကောင်းကျိုး၊ လူအများ၏ချမ်းသာမှု' အတွက် လုံးဝဆောင်ရွက်နိုင်ရန် အခြေအနေတွင် ရှိနေသည်။ ဤနည်းအားဖြင့် သမိုင်းလမ်းစဉ်တစ်လျှောက် ဗုဒ္ဓ ဘာသာ ဘုန်းတော်ကြီးကျောင်းများသည် ဘာသာရေးဆိုင်ရာဌာနချုပ် အဖြစ်သာမက ပညာရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ ဗဟိုဌာနများ အဖြစ် ပေါ်ပေါက်ခဲ့ကြပေသည်။

ဒီဃနိကာယ် အမှတ် (၃၁) သိင်္ဂါလသုတ်တွင် မြတ်စွာဘုရားသည် လူဝတ်ကြောင်များ၏ အိမ်ထောင်ဘဝ နှင့် လူမှုဆက်ဆံရေးကို မည်မျှ အမြတ်တနိုး အလေးထားတော်မူကြောင်း တွေ့ရှိနိုင်ပေသည်။

သိင်္ဂါလ အမည်ရှိ လုလင်တစ်ယောက်သည် သူ၏ဖခင်က ကွယ်လွန်ခါနီးပြောကြားခဲ့သော ဆုံးမ ဩဝါဒကို ကျင့်သုံး လိုက်နာသောအားဖြင့် အရှေ့အရပ်၊ တောင်အရပ်၊ အနောက်အရပ်၊ မြောက်အရပ်၊ အောက်အရပ်၊ အထက်အရပ် တည်းဟူသော အရပ်ခြောက်မျက်နှာကို အရိုအသေ အလေးပြုလျှက် ရှိခိုးပူဇော်လေ့ ရှိသည်။

မြတ်စွာဘုရားက ထိုလုလင်အား အရိယာတို့၏ သာသနာ၌ အရပ်ခြောက်ပါးတို့သည် ဤသို့မဟုတ်၊ ခြားနားပေ၏။ အရိယာတို့၏ သာသနာ၌ ရှိခိုးအပ်သော အရပ်ခြောက်ပါးဟူသည်မှာ မိဘတို့သည် အရှေ့အရပ် မည်ကုန်၏။ ဆရာတို့သည် တောင်အရပ်မည်ကုန်၏။ သားမယားတို့သည် အနောက်အရပ်မည်ကုန်၏။ အဆွေခင်ပွန်း၊ ဆွေမျိုး သားချင်းနှင့် အိမ်နီးနားချင်းတို့သည် မြောက်အရပ်မည်ကုန်၏။ အစေအပါး၊ အလုပ်သမားတို့သည် အောက်အရပ် ဖြစ်၍ သမဏ၊ ဗြဟ္မဏ တို့သည် အထက်အရပ် မည်ကုန်၏။ ဤအရပ် ခြောက်မျက်နှာကိုသာလျှင် ရှိခိုးအပ်ကုန်၏ ဟု မြတ်စွာဘုရားက ရှင်းလင်း ဟောပြတော်မူ၏။

ဤ၌ ရှိခိုးခြင်း (နမဿိယ) ဟူသော စကားလုံးသည် လွန်စွာအရေးကြီး၍ အဓိပ္ပါယ် လေးနက်ပေသည်။ ရှိခိုးသည်ဆိုရာ၌ အထွတ်အမြတ်ထားဖွယ်၊ ရိုသေဖွယ်၊ ဂုဏ်ပြုဖွယ် ရှိသည်ကိုသာ ရှိခိုးပူဇော်မြဲ ဖြစ်ပေသည်။ အထက်ဖော်ပြပါ မိသားစုနှင့် ဆရာသမား၊ ဆွေမျိုးသင်္ဂဟ အစရှိသည့် လူ့အဖွဲ့အစည်း ခြောက်မျိုးကို ဗုဒ္ဓဝါဒအရ အထွတ် အမြတ်ထားဖွယ်၊ ရိုသေလေးစားဖွယ်၊ ရှိခိုးပူဇော်ဖွယ်ရာဖြစ်သည်ဟု ယူဆထားပေသည်။ ယင်းအဖွဲ့အုပ်စု ခြောက်ခု

---

၁။ မဇ္ဈိမနိကာယ် ၁၊ (ပတစ) စာမျက်နှာ ၄၉၀။

ကို မည်ကဲ့သို့ 'ရှိခိုးပူဇော်' ကြရပေသနည်း။ ယင်းတို့အား မိမိက ပြုစုအပ်သော ဝတ္တရားများကို မလစ်မလပ် လေးစားပြုစုခြင်းဖြင့် ရှိခိုး ပူဇော်ရာပေသည်ဟု မြတ်စွာဘုရားက ဟောကြားတော် မူပေသည်။ ဤ ပြုစုအပ်သော ဝတ္တရားများကို သိင်္ဂါလောဝါဒသုတ်တွင် ရှင်းလင်းဖော်ပြထားပေသည်။

**ပထမ** – မိဘများသည် သားသမီးများအတွက် အထွတ်အမြတ်ဖြစ်ပေသည်။ မိဘများကို (ဗြဟ္မာတိ မာတာပိတရော)

ဗြဟ္မာ ဟုခေါ်ကြောင်း ဗုဒ္ဓက ဟောကြားပေသည်။ ဗြဟ္မာ ဟူသော စကားလုံးသည် အိန္ဒိယ အတွေးအခေါ် အယူအဆ၌ အထွတ်အထိပ်အကျဆုံး၊ အမွန်မြတ်ဆုံး သဘောအဓိပ္ပါယ် သက်ရောက်ပေရာ ဗုဒ္ဓက မိဘများကို အမြင့်မြတ်ဆုံးသော အရာအဖြစ် ထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓအဆုံးအမကို ကောင်းစွာလိုက်နာကြသော အိမ်ထောင်စုများတွင် သားသမီးများသည် မိဘများအား နေ့စဉ်နေ့တိုင်း ည၊ နံနက် လက်အုပ်ချီ၍ ရှိခိုးပူဇော်ကြကုန်၏။ အရိယာတို့၏ သာသနာတော်အရ မိဘများအား သားသမီးများက ပြုအပ်သော ဝတ္တရားများကို ချအပ်ထားပေသည်။ အသက်အရွယ် ကြီးပြင်းသောမိဘများအား သားသမီးများက ကောင်းစွာစောင့်ရှောက် ပြုစုအပ်ပေသည်။ မိဘများကိုယ်စား လုပ်ဆောင်ဖွယ်ရာ အမှုကိစ္စဟူသမျှကို လုပ်ဆောင်ရပေသည်။ မိမိအမျိုးအနွယ် ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်၍ မိရိုးဖလာ အစဉ်အလာများကို မပျက်တည်စေရ၏။ မိဘတို့ ရှာဖွေစုဆောင်းထားသော ဥစ္စာပစ္စည်းများကို မပျောက်မပျက်အောင် စောင့်ထိန်းရ၏။ မိဘတို့ကွယ်လွန်သော် ထုံးတမ်းစဉ်လာအရ ကောင်းစွာ ဖုတ်ကြည်းသင်္ဂြိုဟ်၍ ကုသိုလ်ကောင်းမှုများ ပြုရပေသည်။

မိဘများကလည်း အတုံ့အလှည့်အားဖြင့် သားသမီးများအပေါ် ပြုအပ်သည့် တာဝန်ဝတ္တရားများ ရှိပေသည်။ မိဘများသည် သားသမီးများအား မကောင်းသော ဒုစရိုက်အကျင့်များမှ တားမြစ်ရကုန်၏။ ကောင်းသော အကျိုးရှိသော အမှုများ၌ သက်ဝင်စေကုန်ရာ၏။ ကောင်းသော အတတ်ပညာကို သင်ကြားစေ၍ လျောက်ပတ်သော အိမ်ထောင်စုမှ သားသမီးများနှင့် ထိမ်းမြားပေးကုန်ရာ၏။ လျောက်ပတ်သောအချိန်၌ အမွေဥစ္စာ ပစ္စည်းများကို ခွဲဝေအပ်နှင်း ပေးကမ်းရာ၏။

**ဒုတိယ** – ဆရာနှင့် တပည့်ဆက်ဆံရေး။ ။ တပည့်ဖြစ်သူသည် ဆရာအား ရိုသေလေးစား၍ ဆရာ၏ ဆိုဆုံးမစကား

ကို နာယူမှတ်သားရသည်။ ဆရာ၏ အမှုကိစ္စများကို လိုအပ်သလို ပြုစုဆောင်ရွက်ပေး၍ အတတ်ပညာကို ရိုသေလေးစားစွာ သင်ကြားလေ့ကျက်ရသည်။

ဆရာကလည်း သူ၏ဝတ္တရားအဖြစ် တပည့်အား ဆုံးမပဲ့ပြင်သင့်သော အရာတွင်ကောင်းစွာ ဆုံးမ၍ ကောင်းစွာ သင်ကြားသင့်သည်ကို သင်ကြားပေးရကုန်သည်။ ကောင်းသော အဆွေခင်ပွန်းတို့ ထံ၌ အပ်နှင်းကုန်လျက် အတတ်ပညာ ပြည့်စုံသောအခါ၌ တပည့်အတွက် အလုပ်အကိုင် ရှာဖွေပေးခြင်း၊ ဘဝ (စားဝတ်နေရေး) လုံခြုံ စိတ်ချရစေရန် ကြိုးစား ဆောင်ရွက်ပေးခြင်း ပြုလုပ်ရသည်။

**တတိယ**။ ။ လင်နှင့်မယား ဆက်ဆံရေး။ ။ လင်မယားအချစ်ကို အမြတ်တနိုး (ဘာသာတရားနီးပါး) လွန်စွာ

လေးစားအပ်သည်ဟု သတ်မှတ်ထားသောကြောင့် မြင့်မြတ်သော အိမ်ထောင်သည်ဘဝ (သဒါရ – ဗြဟ္မာစရိယ) ဟု သမုတ်အပ်၏။ ဤတွင်လည်း ဗြဟ္မ ဟူသော စကားလုံး၏ လွန်စွာ လေးနက်သော အဓိပ္ပါယ်ကို သတိပြုရာသည်။ လင်နှင့်မယား ဆက်ဆံရေးကို အမြင့်မားဆုံး လေးစားမှု ပြုထားခြင်း ဖြစ်ပေသည်။ လင်နှင့်မယားသည် တစ်ဦးနှင့်တစ်ဦး သစ္စာစောင့်ထိန်း ရိုသေလေးစား၍ အမြတ်တနိုး ရှိကြရပေသည်။ တစ်ဦးအပေါ်တစ်ဦး ပြုအပ်သည့် ဝတ္တရားများ ရှိရာတွင် လင်ဖြစ်သူသည် မိမိမယားအား အမြတ်တနိုး ဂုဏ်ပြုခေါ်ဝေါ်ခြင်း၊ မည်သည့်အခါမျှ မလေးမစား နှိမ့်ချ မခေါ်ဝေါ်ရခြင်း၊ မိမိမယားကို အစဉ်မြတ်နိုး၍ အခြားမိန်းမနှင့် မဖောက်ပြန်ရခြင်း၊ လျောက်ပတ်သော နေရာပေး၍ အိမ်မှုကိစ္စအဝဝကို သက်သာစွာ ဆောင်ရွက်နိုင်ရန် စောင့်ရှောက်ခြင်း၊ အဝတ်တန်ဆာ လက်ဝတ်ရတနာများ ပေးကမ်း၍ ရွှင်လန်းဝမ်းမြောက်စေခြင်း စသော လင့်ဝတ်များကို ကျေပြွန်စေရာသည်။ (လင်ဖြစ်သူက မိမိမယားအား လက်ဆောင်ပစ္စည်း ပေးအပ်ရာသည် ဟူသော အချက်ကလေးကိုပင် ထုတ်ဖော်ဟောပြရန် ဗုဒ္ဓမြတ်စွာက မေ့လျော့ခြင်း မရှိသည်ကို ထောက်၍ မြတ်စွာဘုရားသည် သာမန်ပုထုဇဉ်လူသားတို့၏ စိတ်လှုပ်ရှား ခံစားမှုများအပေါ် မည်မျှနားလည်မှုရှိသည်၊ မည်မျှ ထောက်ထားစာနာတတ်သည်ကို သိသာနိုင်ပေသည်။)

မယားကလည်း အတုံ့အလှည့်အားဖြင့် အိမ်ထောင်၏ ပြုဖွယ်ကိစ္စများကို ကောင်းစွာအုပ်ချုပ်စီရင်ခြင်း၊ ညဉ့်အိပ် ညဉ့်နေရောက်ရှိလာသူ ဧည့်သည်၊ အလည်အပတ်လာသူ မိတ်ဆွေ၊ ဆွေမျိုးသားချင်းနှင့် အစေအပါး အလုပ်

သမားတို့အား ဉေ့ဝတ်ကျေပွန်စွာ ပြုစုလုပ်ကျွေးခြင်း၊ မိမိလင်အား အစဉ်ချစ်မြတ်နိုး၍ အခြားသော ယောကျ်ား တစ်ပါးနှင့် မဖောက်ပြန်ခြင်း၊ မိမိလင်သား ရှာဖွေစုဆောင်းခဲ့သော ဥစ္စာစည်းစိမ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အလုံး စုံသော ကိစ္စတို့၌ လိမ္မာ၍ ပျင်းရိခြင်းကင်းခြင်းဖြင့် မိမိတာဝန်များကို ကျေပွန်စေရာသည်။

**စတုတ္ထ**။ ။ သူငယ်ချင်းမိတ်ဆွေ၊ ဆွေမျိုးသားချင်းနှင့် အိမ်နီးနားချင်းတို့ ဆက်ဆံရေး။ ။ အချင်းချင်း ဖော်ရွေ ခင်မင်စွာ ဆက်ဆံ၍ စေတနာ၊ မေတ္တာ ထားရှိရသည်။ သာယာညှင်းပျောင်းစွာ၊ သင့်မြတ်စွာ စကား ပြောဆိုရသည်။ တစ်ဦးအကျိုးတစ်ဦး ဆောင်ရွက်ရသည်။ တစ်ဦးနှင့်တစ်ဦး တန်းတူရည်တူ ထား၍ ဆက်ဆံရသည်။ အချင်းချင်း ခိုက်ရန်ဖြစ်ပွား အငြင်းမပွားကြရ။ လိုအပ်သော အကူအညီပေး၍ စောင့်ရှောက်ရသည်။ ဘေးအန္တရာယ် ကြုံတွေ့သောအခါ၌ စွန့်ပစ်ထွက်ခွာ မသွားအပ်ကုန်။

**ပဉ္စမ**။ ။ အရှင်သခင်နှင့် အစေအပါး အလုပ်သမား ဆက်ဆံရေး။ ။ အရှင်သခင် သို့မဟုတ် အလုပ်ရှင်သည် သူ၏ အစေအပါး သို့မဟုတ် အလုပ်သမားအပေါ်၌ ထားရှိအပ်သည့် တာဝန်ဝတ္တရား အများအပြား ရှိပေသည်။ အလုပ်လုပ်နိုင်သော အရည်အချင်းနှင့် ခွန်အားအလျောက် အလုပ်တာဝန်ကို ခွဲခြား ချထားပေးရသည်။ သင့်လျော် လျောက်ပတ်သည့် အခကြေးငွေကို ပေးကမ်းရသည်။ နာမကျန်းဖြစ်သော် ဆေးဝါးကုသ စောင့်ရှောက်ရ သည်။ အခါအားလျော်စွာ အဝတ်တန်ဆာ စသည် စွန့်ကြဲခြင်း၊ အထူးဆု အဖြစ် ငွေကြေးပေးခြင်းများ ပြုလုပ်ရသည်။

အစေအပါး သို့မဟုတ် အလုပ်သမားကလည်း အပြန်အလှန်အားဖြင့် ပျင်းရိခြင်းကင်း၍ ထကြွလုံ့လ ရှိရ သည်။ မိမိအရှင်သခင် အလုပ်ရှင်အပေါ် ရိုးသားဖြောင့်မတ်ရသည်။ စကားနာခံရသည်။ ကောက်ကျစ် စဉ်းလဲခြင်း မရှိရ။ အခါခပ်သိမ်း အလုပ်ဝတ္တရားကို စိတ်ပါလက်ပါ ကျေပွန်စွာ ထမ်းဆောင်ရသည်။

**ဆဋ္ဌမ**။ ။ သမဏ၊ ဗြဟ္မဏ (ရဟန်းသံဃာ) နှင့် ဝတ်ကြောင် အမျိုးကောင်းသားတို့ ဆက်ဆံရေး။ ။ ရဟန်း သံဃာတို့အား လိုအပ်သော ဝတ္ထုပစ္စည်းများကို ဝတ်ကြောင် အမျိုးကောင်းသားသည် မေတ္တာနှင့် ယှဉ်သော၊ ရိုသေမှုနှင့် ယှဉ်သော ပေးအပ် လှူဒါန်းမှုဖြင့် စောင့်ရှောက်အပ်သည်။

ရဟန်းသံဃာများကလည်း ဖြူစင်သော မေတ္တာ၊ ကရုဏာ အပြည့်အဝဖြင့် ဝတ်ကြောင် အမျိုးကောင်းသား အား တရားဓမ္မဟောပြ ဆုံးမ၍ အသိဉာဏ်ရင့်သန်စေပြီး မကောင်းမှုမှ တားမြစ်ကုန်ရာ၏။ ကောင်းမှု၌ သက်ဝင် စေရာ၏။

ထို့ကြောင့် အိမ်ထောင်သားမွေး လူမှုဆက်ဆံရေးနှင့်တကွဖြစ်သော လူဝတ်ကြောင်ဘဝကို 'အရိယာတို့၏ သာသနာ' တွင် ထည့်သွင်းထားကြောင်း မြတ်စွာဘုရား၏ အမြင်တော်အရ ဗုဒ္ဓဝါဒ ကျင့်စဉ်ဘောင် အတွင်း ကျရောက်ကြောင်း တွေ့မြင်ကြရပေသည်။

ရှေးအကျဆုံး ပါဠိတော်တစ်စောင်ဖြစ်သည့် သံယုတ်နိကာယ်တွင် နတ်တို့၏ ဘုရင်ဖြစ်သော သိကြားမင်း သည် အကျင့်သီလ သိက္ခာနှင့်ပြည့်စုံ၍ မြတ်သောတရားကို ဆောက်တည်နေကြသည့် ရဟန်းသံဃာများကိုသာ ရှိခိုး ပူဇော်သည် မဟုတ်။ သီလနှင့်ပြည့်စုံ၍ မိမိသားမယား အိမ်ထောင်ကို တရားနှင့်လျော်ညီစွာ ထိန်းသိမ်းစောင့်ရှောက် သော ကုသိုလ်ကောင်းမှုများကို ပြုလေ့ရှိသည့် ဝတ်ကြောင် ဥပါသကာများကိုလည်း ရှိခိုးကြောင်း ထုတ်ဖော်ပြောကြား သည်ကို ဖတ်ရှုရပေသည်။ [၁]

တစ်စုံတစ်ယောက်သောသူသည် ဗုဒ္ဓဝါဒကို ခံယူကျင့်သုံးလိုပါက ဗုဒ္ဓဘာသာသို့သွတ်သွင်းသည့် ထူးထူး ခြားခြား အခမ်းအနား၊ သို့မဟုတ် နှစ်ချင်းမင်္ဂလာ စသည့် ပြုလုပ်ဖွယ်များမရှိချေ။ (သို့ရာတွင် သံဃာအဖွဲ့အစည်းဝင် ဘိက္ခု ရဟန်းတစ်ပါးဖြစ်လာရန်မူ နှစ်လရှည်ကြာ ပညာသင်ကြားခြင်း၊ အကျင့်သီလဆိုင်ရာ လေ့ကျင့်မှုများ လုပ်ကိုင် ရပေမည်။) ဗုဒ္ဓ၏ ဟောကြားချက်များကို နားလည်သဘောပေါက်၍ ယင်းတရားများသည် မဂ္ဂင်လမ်းမှန်ဖြစ်ကြောင်း ယုံကြည်လျှက် ထိုလမ်းစဉ်ကို လိုက်ပါလျှင် ဗုဒ္ဓဝါဒီတစ်ဦး ဖြစ်လာသည်သာ ဖြစ်ပေသည်။ သို့ရာတွင် ဗုဒ္ဓဘာသာ ထွန်းကားရာနိုင်ငံများ၌ အစဉ်အလာမပျက် ဆက်လက်ကျင့်သုံးခဲ့သော ရိုးရာထုံးတမ်းအရ ရတနာသုံးပါးဟု ခေါ်ဆို သည့် ဘုရား၊ တရား၊ သံဃာတို့ကို မိမိကိုးကွယ်ရာဟူ၍ ခံယူပြီးနောက် ငါးပါးသီလ စောင့်ထိန်းလျှင် ဗုဒ္ဓဘာသာဝင် ဖြစ်သည်ဟု ယူဆကြသည်။

---

၁။ သံယုတ် ၁၊ (ပတစ)။ စာမျက်နှာ ၂၃၄။

လူဝတ်ကြောင်ဖြစ်သည့် ဗုဒ္ဓဘာသာဝင်တစ်ဦး အနည်းဆုံး စောင့်ထိန်းရမည့် ငါးပါးသီလမှာ –

၁။ သူတစ်ပါး အသက် မသတ်ခြင်း၊
၂။ သူတစ်ပါး ဥစ္စာ မခိုးယူခြင်း၊
၃။ သူတစ်ပါး သားမယား မပြစ်မှားခြင်း၊
၄။ မမှန်သော စကားကို မပြောဆိုခြင်း၊ နှင့်
၅။ သေရည် သေရက် သောက်စားမှုကို ရှောင်ကြဉ်ခြင်း –

တို့ဖြစ်၍ ယင်းသီလ ခံယူရန် ရှေးဟောင်း ကျမ်းဂန်များတွင် လာသည့် စကားလုံးများ အတိုင်း ရွတ်ဆိုရပါသည်။ ဘာသာရေးဆိုင်ရာ နေ့ထူးနေ့မြတ်များတွင် ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများက ချဆိုပေးသည့် သီလများကို တစ်စုတစ်ရုံးတည်း ရွတ်ဆိုခံယူကြသည်။

ဗုဒ္ဓဝါဒီတစ်ဦးသည် ပြင်ပ ဝတ်ကိစ္စများ၊ ဘာသာရေးဆိုင်ရာ အခမ်းအနားများ ဟူ၍ ထူးထူးခြားခြား ဆောင်ရွက်စရာ မရှိပေ။ ဗုဒ္ဓဝါဒသည် နေထိုင်ကျင့်ကြံသော လမ်းစဉ်သာဖြစ်၍ အဓိက အရေးကြီးသည်မှာ မဂ္ဂင် (၈) ပါး ကို လိုက်နာ ကျင့်သုံးရန်ပင် ဖြစ်သည်။ ဗုဒ္ဓဘာသာ နိုင်ငံအားလုံးတို့တွင် ဘာသာရေးနေ့များ၌ နှစ်လိုကြည်နူးဖွယ်ရာ အခမ်းအနားများ ကျင်းပပြုလုပ်ကြသည်မှာ မှန်ပေသည်။ ယင်းနိုင်ငံများ၌ ရုပ်ပွားတော်များနှင့်တကွ စေတီပုထိုးများ ရှိကြ၍ ဘုန်းတော်ကြီးကျောင်းများတွင် ဗောဓိညောင်ပင်များ စိုက်ပျိုးထားကြသည်ကို တွေ့ကြရပါသည်။ ၎င်းဌာနများတွင် ဗုဒ္ဓဘာသာဝင်များသည် ပန်း၊ ဆီမီး၊ အမွှေးတိုင်များ ပူဇော်ကြပေသည်။ သို့ရာတွင် ဤ လုပ်ဆောင်မှုများသည် ထာဝရဘုရားသခင် ရှိသည်ဟု ယုံကြည်သော ဘာသာများ၏ ဆုတောင်းပတ္ထနာပြုခြင်းနှင့် မတူညီပေ။ ဤသို့ ပန်း၊ ဆီမီး ဆက်ကပ်ပူဇော်ခြင်းသည် နိဗ္ဗာန်လမ်းကို ညွှန်ပြတော်မူသော ဗုဒ္ဓမြတ်စွာအား အောက်မေ့သတိရခြင်းဖြင့် ရိုသေမြတ်နိုးမှုကို ပြသခြင်းပင်ဖြစ်သည်။ ဤသို့ ရိုးရာ ရှိခိုးပူဇော်သည့် လုပ်ရပ်များသည် မလုပ်မဖြစ် ဆောင်ရွက်ရမည့် အမှုကိစ္စများ မဟုတ်သော်လည်း ဉာဏ်ပညာအရာနှင့် တရားသဘောတို့တွင် များစွာရင့်ကျက်ခြင်း မရှိသေးသူတို့ အတွက် ဘာသာရေးဆိုင်ရာ အာသာဆန္ဒနှင့် လိုအပ်မှုပြည့်စုံစေရန်၊ နှစ်သိမ့်စေရန် တန်ဖိုး ရှိတန်သလောက် ရှိပေသည်။ ယင်းဆောင်ရွက်မှုတို့သည် မဂ္ဂင်လမ်းခရီးတစ်လျှောက် တဖြည်းဖြည်း လျှောက်သွားရာတွင် ထိုက်သင့်သလောက် အထောက်အကူ ပြုပေသည်။

ဗုဒ္ဓဝါဒသည် မြင့်မြတ်သည့် အကျင့်သီလနှင့် နက်နဲသော အဘိဓမ္မာ သဘောများတွင်သာ စိတ်ဝင်စားမှုရှိ၍ လူအပေါင်းတို့၏ လူမှုဆက်ဆံရေး၊ သက်သာချောင်ချိရေး၊ စီးပွားရေးပြေလည်မှု စသည်တို့ကို လျစ်လျူပြုသည်ဟု ထင်မြင်ယူဆခြင်းသည် လွန်စွာ မှားယွင်းပေသည်။ ဗုဒ္ဓသည် လူအပေါင်းတို့၏ ချမ်းသာပျော်ရွှင်မှုကို များစွာလိုလားတော်မူသည်။ တရားတော်ကို လက်ကိုင်ထား၍ သီလမလွတ်ဘဲ စင်ကြယ်စွာ နေထိုင်မှသာ ပျော်ရွှင်မှုရနိုင်သည်ဟု ဗုဒ္ဓက ယုံကြည်ပေသည်။ သို့ရာတွင် 'အူမတောင့်မှ သီလစောင့်နိုင်သည်' ဆိုရိုးစကားအတိုင်း စီးပွားဥစ္စာ၊ ပေါင်းသင်းဆက်ဆံမှု အခြေအနေများ မပြေလည်၊ မလျောက်ပတ်ပါက စင်ကြယ်စွာနေထိုင်နိုင်ရန် ခဲယဉ်းပေသည်ဟုလည်း ဗုဒ္ဓက သိတော်မူသည်။

ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာရေးသည် ဗုဒ္ဓဝါဒတွင် အဓိကမဟုတ်။ လမ်းဆုံးပန်းတိုင် မဟုတ်ပေ။ ပို၍ မြင့်မြတ်သော ရည်မှန်းချက်သို့ ရောက်စေရန် အထောက်အပံ့၊ အကူအညီမျှသာ ဖြစ်ပေသည်။ သို့ရာတွင် လူသားတို့အား ချမ်းသာပျော်ရွှင်မှု ဖြစ်စေမည့် ဤ မြင့်မားသော ရည်ရွယ်ချက်ပန်းတိုင်သို့ ပေါက်ရောက်နိုင်ရန် ဥစ္စာပစ္စည်း အထောက်အကူ မရှိ၍လည်း မဖြစ်ပေ။ ထို့ကြောင့် တရားဓမ္မလုပ်ငန်း ဖြောင့်ဖြူးသာယာရေး၊ အောင်မြင်စေရေး အတွက် ဥစ္စာပစ္စည်း အခြေအနေ ထိုက်သင့်သလောက် ကောင်းမွန်ရန် လိုအပ်သည်ဟု ဗုဒ္ဓဝါဒက အသိအမှတ် ပြုပေသည်။ တောထွက်၍ ကေစာရီ တရားကမ္မဋ္ဌာန်း စီးဖြန်းနေသော ယောဂီရဟန်းအတွက်ပင် အနည်းဆုံး ရှိအပ်သည့် ဝတ္ထုပစ္စည်းများကို သတ်မှတ်ပေးထားသည်။[၁]

ဗုဒ္ဓသည် လူ့ဘောင်လောကကို ပေါင်းသင်းဆက်ဆံရေး၊ စီးပွားရေး နောက်ခံများမှ ခွဲထုတ်၍ သုံးသပ်သည် မဟုတ်ပေ။ လူ့လောက၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး ကိစ္စရပ်အားလုံးကို သိမ်းကျုံး၍ ရှုမြင်တော်မူပေသည်။

---

၁။ ဒီဃနိကာယ် ၁၊ (ကိုလံဘို ၁၉၂၉)၊ စာမျက်နှာ ၂၉၀။ သံဃာအဖွဲ့ဝင် ဗုဒ္ဓဘာသာရဟန်းများ၌ ပုဂ္ဂလိကပိုင် ဝတ္ထုပစ္စည်းဟူ၍ မထားရှိအပ်သော်လည်း သံဃာအများပိုင် သံဃိက ပစ္စည်းများကိုမူကား သုံးစွဲခွင့် ရှိပေသည်။

ဗုဒ္ဓဟောကြားတော်မူသည့် သီလ၊ သမာဓိ၊ ပညာနှင့် စပ်ဆိုင်သော တရားများ၊ အဘိဓမ္မာ တရားများကို လူသိများကြပေသည်။ သို့ရာတွင် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးရာနှင့် ပတ်သက်သည့် ဗုဒ္ဓဒေသနာများကို အထူးသဖြင့် အနောက်တိုင်းများတွင် သိသူရှားပါးလှပေသည်။ ဤ အကြောင်းအရာများနှင့် ပတ်သက်သည့် ဗုဒ္ဓ ဟောကြားထားသော ဒေသနာ အမြောက်အမြားကို ရှေးဟောင်း ဗုဒ္ဓစာပေများတွင် အနှံ့အပြား တွေ့ရှိနိုင်ပေသည်။ ဥပမာ ပုံစံအနည်းငယ်ကို လေ့လာကြပေအံ့။

ဒီဃနိကာယ်၊ အမှတ် ၂၆၊ စက္ကဝတ္တိ သီဟာနန္ဒသုတ်တွင် ဆင်းရဲမွဲတေခြင်း (ဥစ္စာဓနေ မရှိခြင်း၊ ဒါလိဒ္ဒိယ) သည် ခိုးဝှက်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ လုယက်တိုက်ခိုက်ခြင်း၊ မုန်းတီးရန်ငြိုးထားခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း စသည့် မကောင်းမှု ဒုစရိုက်များ၊ ရာဇဝတ်မှုများ၏ မူလပင်မအကြောင်းရင်း ဖြစ်သည်ဟု ရှင်းလင်းစွာ ဖော်ပြထားသည်။ ရှေးအခါက ဘုရင်များသည် ယခုခေတ် အစိုးရများနည်းတူ ရာဇဝတ်မှုများကို အပြစ်ဒဏ်ပေးခြင်းဖြင့် နှိမ်နင်းပစ်ရန် ကြိုးပမ်းခဲ့ကြသည်။ အဆိုပါ ဒီဃနိကာယ်၊ ကူဋဒန္တသုတ် တွင် ဤနည်းဖြင့် ဒုစရိုက်ပပျောက်ရန် ကြိုးပမ်းခြင်းသည် အချည်းနှီးသာဖြစ်ကြောင်း၊ လုံးဝ အောင်မြင်နိုင်မည် မဟုတ်ကြောင်း ရှင်းလင်းပြထားသည်။ ဤ အပြစ်ဒဏ်ထားနည်းအစား ရာဇဝတ်မှု အမြစ်ပြတ် ဖယ်ရှင်းရန် လုပ်သားပြည်သူတို့၏ စီးပွားရေး အခြေအနေ တိုးတက်ကောင်းမွန်လာရန် စီမံဆောင်ရွက်ရမည်။

တောင်သူလယ်သမားနှင့် သီးနှံစိုက်ပျိုးသူများအား စိုက်ပျိုးရေးအတွက် လိုအပ်သော ပစ္စည်းကိရိယာ၊ အကူအညီ အလုံးစုံကို ထောက်ပံ့ ပေးကမ်းရမည်။ အရောင်းအဝယ် ကုန်သွယ် ဖောက်ကားသူများအား ရင်းနှီးမတည်ငွေ ထုထောင်ပေးရမည်။ အလုပ်သမားများအား ထိုက်သင့်သော အခကြေးငွေ ပေးကမ်းရမည် ဟု ဗုဒ္ဓမြတ်စွာက အကြံဉာဏ်ပေးခဲ့ပေသည်။ ဤသို့ လုံလောက်သော ဝင်ငွေရရှိရန် အခွင့်အလမ်းများ ဖွင့်ပေးခြင်း၊ လုပ်သားပြည်သူတို့သည် စားဝတ်နေရေးအတွက် ပူပင်သောက ကင်းဝေးသဖြင့် တင်းတိမ်ရောင့်ရဲစွာ နေထိုင်ကြရပေမည်။ ထို့ကြောင့် တိုင်းပြည်နယ်မြေလည်း အေးချမ်းသာယာ၍ ရာဇဝတ်မှုများမှ ကင်းငြိမ်းပေလိမ့်မည်။ [၁]

ဤ အကြောင်းများကြောင့် ဗုဒ္ဓမြတ်စွာက ဝတ်ကြောင် ဥပါသကာများအား မိမိတို့ စီးပွားရေးအခြေအနေ တိုးတက်ကောင်းမွန်စေရန် မည်မျှ အရေးကြီးကြောင်း ဟောပြတော်မူသည်။ ဤသို့ တိုက်တွန်းဟောပြောရာ၌ မိမိ၏ အခြေခံမူရင်းတရားများနှင့် ဆန့်ကျင်သော ဝိသမ လောဘရမ္မက် ငမ်းငမ်းတက်ကာ ဥစ္စာပစ္စည်းများကို မတရား သိုမှီးစုဆောင်းရမည်ဟု ဗုဒ္ဓက မဆိုလိုပေ။ အသက်မွေး ဝမ်းကျောင်းမှု ပြုလုပ်ပုံ၊ လုပ်နည်းအားလုံးကိုလည်း ဗုဒ္ဓက ခွင့်ပြုတော်မမူပေ။ စစ်မက်လက်နက်ပစ္စည်း ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း စသည့်လုပ်ငန်းများကို (မိစ္ဆာအာဇီဝ) မသမာသော အသက်မွေးမှု အဖြစ် ဗုဒ္ဓက ပယ်တော်မူသည်။

ဒီဃဇာဏု အမည်ရှိ ဒါယကာတစ်ဦးသည် တစ်နေ့တွင် မြတ်စွာဘုရားထံတော်မှောက်သို့ ရောက်လာ၍ ဤသို့လျှောက်ထားလေ၏။ "အရှင်ဘုရား၊ တပည့်တော်တို့သည် သာမန်အိမ်ထောင်သည် ဝတ်ကြောင် ပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။ တပည့်တော်တို့အတွက် ဤလောကနှင့် တမလွန်ဘဝ၌ ချမ်းသာသုခ ရရှိစေမည့် တရားတော်များကို ဟောကြားပေးတော် မူပါဘုရား"။

ဗုဒ္ဓမြတ်စွာက ယင်းဒါယကာအား ဤလောကတွင် ချမ်းသာသုခဖြစ်စေသော အကြောင်းအရာ လေးမျိုး ရှိပေသည်ဟု မြွက်ကြားတော်မူ၏။

**ပထမ ဥဋ္ဌာနသမ္ပဒါ** – မည်သည့်အသက်မွေး ဝမ်းကျောင်းလုပ်ငန်း ၌မဆို လုပ်ငန်းတွင် ကောင်းစွာ ကျွမ်းကျင်ရမည်။ ကျေပွန်အောင်ဆောင်ရွက်နိုင်သော အရည်အချင်းရှိရမည်။ လုပ်ငန်းကို စိတ်ပါလက်ပါ တက်တက်ကြွကြွ ဆောင်ရွက်ရမည်။

**ဒုတိယ အာရက္ခသမ္ပဒါ** – ဤသို့မိမိချွေးနှင့် ကောင်းမွန်မှန်ကန်စွာ ရှာဖွေရရှိထားသော ဥစ္စာပစ္စည်းများကို ကောင်းစွာ ထိန်းသိမ်း စောင့်ရှောက်ရမည်။ (ဤတွင် မိမိဥစ္စာပစ္စည်းများကို သူခိုးသူဝှက်တို့ မယူနိုင်ရန် ကာကွယ်ရမည်ဟု ဆိုလိုရာ ထိုခေတ်အခါက နောက်ခံအခြေအနေ အကြောင်းအရာများကို ထည့်သွင်း စဉ်းစားယူကြရမည်။

**တတိယ ကလျာဏ မိတ္တတာ** – မိမိအပေါ်၌ သစ္စာရှိသော၊ ဉာဏ်ပညာကြွယ်ဝ၊ သီလ သိက္ခာနှင့် ပြည့်စုံသော၊ ရက်ရောသော၊ အသိဉာဏ် ဆင်ခြင်တုံတရား နှင့် ပြည့်စုံ၍ မကောင်းမှုကို ရှောင်ကြဉ်၊ ကောင်းမှုတွင် သက်ဝင်စေမည့် အဆွေခင်ပွန်းကောင်းများ ရှိရမည်။

---

၁။ ဒီဃနိကာယ် ၁၊ (ကိုလံဘို ၁၉၂၉)၊ စာမျက်နှာ ၁၀၁။

**စတုတ္ထ သမဇီဝိတတာ** – မိမိဝင်ငွေနှင့် လျော်ညီစွာ မနည်းလွန်း၊ မများလွန်း ချင့်ချိန်နိူင်းဆ၍ သုံးစွဲရမည်။ ဥစ္စာပစ္စည်းကို လောဘရမ္မက်ကြီးစွာဖြင့် သိုမှီးထားခြင်းလည်း မပြုရ။ စည်းမဲ့ကမ်းမဲ့ သုံးဖြုန်း၍လည်း မပစ်ရဟု ဆိုလိုသည်။ တစ်နည်းဆိုသော် မိမိရှာဖွေ စုဆောင်းရသည့် ဥစ္စာပစ္စည်း၏ အတိုင်းအတာ ပမာဏကို နှိုင်းချိန်၍ နေထိုင်စားသောက်သွားရမည်။

ထို့နောက် တမလွန်ဘဝ၌ ချမ်းသာသုခဖြစ်စေမည့် ကျင့်ဝတ်သိက္ခာ ၄–ပါးကိုလည်း မြတ်စွာဘုရားက ဤသို့ ဟောကြားတော်မူသည်။

၁။ **သဒ္ဓါ** – သီလ၊ သမာဓိ၊ ပညာတရားတို့၏ ဂုဏ်အရည်အချင်းများနှင့် တန်ဖိုးများတွင် စိတ်ချ ယုံကြည်မှု ထားရှိခြင်း။

၂။ **သီလ** – သက်ရှိသတ္တဝါအား သတ်ဖြတ်ခြင်း၊ အန္တရာယ်ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါး ဥစ္စာ ခိုးယူခြင်း၊ လိမ်လည်ခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါး သားမယား မပြစ်မှားခြင်း၊ မဟုတ် မမှန် ပြောဆိုခြင်း နှင့် သေရည် သေရက်များကို ရှောင်ကြဉ်ခြင်း တို့ ဖြစ်သည်။

၃။ **စာဂ** – မိမိဥစ္စာပစ္စည်း၌ လွန်စွာမက်မော တပ်မက်ခြင်းကင်း၍ ရက်ရောစွာ ပေးကမ်း စွန့်ကြဲခြင်း။

၄။ **ပညာ** – ဒုက္ခကို ချုပ်ငြိမ်းစေ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုစေနိုင်သော ဝိပဿနာ ဉာဏ်ပညာ ဖြစ်ထွန်း ပေါ်ပေါက်စေရန် ကြိုးပမ်း အားထုတ်ခြင်း။ [၁]

တစ်ခါတစ်ရံ ဗုဒ္ဓမြတ်စွာသည် ငွေကို ချွေတာစုဆောင်းနည်းနှင့် သုံးစွဲနည်းတို့နှင့်ပတ်သက်၍ အသေးစိတ်ပင် ဟောပြတတ်ပေသည်။ ဥပမာ–သိင်္ဂါလ လုလင်အား ရှာဖွေရရှိသည့် ဝင်ငွေ၏ လေးပုံတစ်ပုံကို နေ့စဉ်အသုံးစရိတ် အဖြစ်သုံးစွဲရမည်။ ဝင်ငွေ၏ တစ်ဝက်မျှကို မိမိစီးပွားရေးလုပ်ငန်းတွင် ရင်းနှီးထည့်ဝင်၍ ကျန်လေးပုံတစ်ပုံ ကို မမျှော်လင့်သော အရေးပေါ်ကိစ္စများအတွက် သီးသန့် စုဆောင်းထားရမည် [၂] ဟု ဩဝါဒ ပေးခဲ့လေသည်။

ထင်ရှားကျော်ကြားသော ဇေတဝန်ကျောင်းတော်ကြီးကို သာဝတ္ထိတွင် ဆောက်လုပ်လှူဒါန်းသည့် မြတ်စွာဘုရားအား လွန်စွာ ကြည်ညိုသဒ္ဓါကြီးလှသော ဒါယကာတစ်ဦးဖြစ်သည့် အနာထပိဏ်ကို သူကြွယ်ကြီးအား သာမန် အိမ်ထောင့်ရှင်အဖြစ် နေထိုင်လျက်ရှိသော လူဝတ်ကြောင်တို့တွင် ချမ်းသာသုခ လေးမျိုးခံစားရပေသည် ဟု တစ်ကြိမ်က မြတ်စွာဘုရား ဟောကြားတော်မူပေသည်။

**ပထမ** ချမ်းသာမှု (အတ္ထိသုခ) – တရားမျှတသော နည်းလမ်းများဖြင့် ရှာဖွေရရှိသည့် လုံလောက်သော ဥစ္စာပစ္စည်းကြောင့် စီးပွားရေး လုံခြုံစိတ်ချသဖြင့် ချမ်းသာရခြင်း။

**ဒုတိယ** ချမ်းသာမှု (ဘောဂသုခ) – ဤသို့ ရှာဖွေရရှိသော ဥစ္စာပစ္စည်းများကို မိမိအတွက်သော်လည်းကောင်း၊ သားမယား ဆွေမျိုးသင်္ဂဟနှင့် ကုသိုလ်ကောင်းမှုများ အတွက်သော်လည်းကောင်း၊ ရက်ရောစွာ ပေးကမ်းစွန့်ကြဲနိုင်ခြင်းကြောင့် ချမ်းသာရခြင်း။

**တတိယ** ချမ်းသာမှု (အနဏသုခ) – ကြွေးမြီကင်းရှင်းခြင်းကြောင့် ချမ်းသာရခြင်း။

**စတုတ္ထ** ချမ်းသာမှု (အနဝဇ္ဇသုခ) – အပြစ်ကင်းမဲ့စွာ နေထိုင်၍ ကာယ၊ ဝစီ၊ မနော သုံးပါးသောကံတို့ဖြင့် မကောင်းမှုမှ ရှောင်ကြဉ်ခြင်းဖြင့် ဖြူစင်စွာနေရသောကြောင့် ချမ်းသာရခြင်း။

ဤလေးပါးတွင် ပထမသုံးပါးသည် စီးပွားရေးနှင့် ပတ်သက်၍ရရှိသော ပျော်ရွှင်ချမ်းသာမှုမျိုးဖြစ်သည်ကို သတိပြုရာသည်။ နောက်ဆုံး၌ မြတ်စွာဘုရားက သူဌေးကြီးအား စီးပွားဥစ္စာ လုံလောက်ပြည့်စုံသောကြောင့် ရရှိသည့် ချမ်းသာမှုသည် အကုသိုလ်ကင်းရှင်းစွာ ဖြူစင်သန့်ရှင်းစွာ နေထိုင်မှုကြောင့် ဖြစ်ပေါ်သည့် လောကုတ္တရာချမ်းသာ၏ ဆယ့်ခြောက်ပုံ တစ်ပုံမျှပင် တန်ဖိုးမရှိလှကြောင်း ဟောကြားပေသည်။ [၃]

အထက်ပါ ထုတ်နုတ်ဖော်ပြခဲ့သော ဥပမာများအရ ဗုဒ္ဓသည် လူသားတို့ ပျော်ရွှင်ချမ်းသာမှုအတွက် စီးပွားရေး ခိုင်လုံတောင့်တင်းရန် အထူးလိုအပ်သည်ဟု ယူဆတော်မူကြောင်း သိနိုင်ပေသည်။ သို့ရာတွင် မည်သည့် တိုးတက်မှုမဆို သီလ၊ သမာဓိ အခြေမခံဘဲ ရုပ်ဝတ္ထုပစ္စည်း သက်သက်သာ စည်ပင်ပါက တကယ်အစစ်အမှန် တိုးတက်မှုဟု အသိအမှတ် ပြုတော်မမူပေ။ ပျော်ရွှင်ချမ်းမြေ့၊ အေးချမ်းသာယာ၊ တင်းတိမ်ရောင့်ရဲသော လူ့ အဖွဲ့

---

၁။ အင်္ဂုတ္တိုလ်၊ (ကိုလံဘို ၁၉၂၉)၊ စာမျက်နှာ ၇၈၆။
၂။ ဒီဃနိကာယ် ၃၊ (ကိုလံဘို)၊ စာမျက်နှာ ၁၁၅။
၃။ အင်္ဂုတ္တိုလ်၊ (ကိုလံဘို ၁၉၂၉)၊ စာမျက်နှာ ၂၃၂၊ ၂၃၃။

အစည်းဖြစ်ရန် ရုပ်ဝတ္ထုစည်ပင်တိုးတက်ရေးကို အားပေးတိုက်တွန်းသော်လည်း ဗုဒ္ဓဝါဒသည် သီလ၊ သမာဓိ ဖွံ့ဖြိုးရေးကို အစဉ်သဖြင့် အလေးအနက် ထားရှိပေသည်။

ဗုဒ္ဓမြတ်စွာသည် အကြမ်းမဖက်ရေး၊ ငြိမ်းချမ်းရေးကို ဟောကြားတော်မူရုံသာမဟုတ်ဘဲ စစ်မြေပြင်သို့ ကြွတော်မူ၍ ကိုယ်တော်တိုင် ကြားဝင်ဖြန်ဖြေ ပေးပြီးလျှင် စစ်ပွဲကို တားမြစ်ပိတ်ပင်တော်မူခဲ့ဖူးသည်။ ရောဟိနီမြစ်ရေ ခွဲဝေသုံးစွဲရာတွင် အငြင်းပွားကြ၍ ပြဿနာကို စစ်တိုက်ဖြေရှင်းရန် ပြင်ဆင်နေကြသော သာကျ နှင့် ကောလိယ အမျိုးသားတို့အရေးအခင်းတွင် ဗုဒ္ဓကိုယ်တော်တိုင် ကြားဝင်စေ့စပ် ရန်မီးအေးစေခဲ့သော သာဓက ရှိပေသည်။ တစ်ကြိမ်တွင်လည်း ဝဇ္ဇီတိုင်းနိုင်ငံကို အဇာတသတ်ဘုရင်က သွားရောက်တိုက်ခိုက်မည်ရှိရာ မြတ်စွာဘုရားက တားမြစ်ဆုံးမတော် မူခဲ့ပေသည်။

## မင်းကျင့်တရား (၁၀) ပါး

**ပထမအင်္ဂါ ။ ဒါန** – ရက်ရောခြင်း၊ သဒ္ဓါတရားရှိခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း။ အုပ်စိုးသူသည် ခနကြေးငွေ၊ ဥစ္စာပစ္စည်း၌ စွဲလမ်းတပ်မက်ခြင်း၊ လိုချင်တောင့်တခြင်း မရှိရ။ လူအများကောင်းကျိုးအတွက် စွန့်ကြဲပေးကမ်းရာသည်။

**ဒုတိယအင်္ဂါ ။ သီလ** – မြင့်မားသော အကျင့်သီလ၊ စာရိတ္တ၊ သက်ရှိသတ္တဝါများကို ဖျက်ဆီးသတ်ဖြတ်ခြင်း၊ သူတစ်ပါး ဥစ္စာပစ္စည်းကို လိမ်လည်ကောက်ကျစ်ခိုးယူခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ သူတစ်ပါး သားမယားကို ပြစ်မှား ကျူးလွန်ခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်း၊ သေရက် သောက်စားမူးယစ်ခြင်းတို့ကို လုံးဝရှောင်ကြဉ်ရမည်။ အနည်းဆုံး လူဝတ်ကြောင်တို့၏ အကျင့်သိက္ခာဖြစ်သော ငါးပါးသီလကို လုံခြုံစွာစောင့်ထိန်းရမည် ဟု ဆိုလိုသည်။

**တတိယအင်္ဂါ ။ ပရိစ္စာဂ** – လူအများကောင်းကျိုးအတွက် အရာရာ စွန့်လွှတ်နိုင်ခြင်း၊ လူထုအကျိုးကျေးဇူးကို ရှေးရှု၍ မိမိတစ်ကိုယ်ရည် ကောင်းစားမှု၊ မိမိ၏နာမည်ကောင်းမှု၊ ကျော်ကြားမှု စသည်တို့အပြင် မိမိအသက်ကိုပင် စွန့်လွှတ်နိုင်ရန် ဝန်မလေးဘဲ အဆင်သင့် ဖြစ်နေကြရမည်။

**စတုတ္ထအင်္ဂါ ။ အဇ္ဇဝ** – ရိုးသားဖြောင့်မတ်ခြင်း၊ တော်တည့်မှန်ကန်ခြင်း၊ မိမိဝတ္တရားဆောင်ရွက်ရာတွင် စိုးရိမ်ကြောက်လန့်ခြင်း၊ မျက်နှာလိုက်ခြင်း ကင်းရှင်းစေရမည်။ စေတနာရည်ရွယ်ချက် သန့်ရှင်းစွာထား၍ အများပြည်သူများအား လိမ်လည်လှည့်ဖြားခြင်း မပြုရ။

**ပဉ္စမအင်္ဂါ ။ မဒ္ဒဝ** – ကြင်နာသနားခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ သင့်မြတ် ကောင်းမွန်သော စိတ်သဘောထား ရှိရမည်။

**ဆဋ္ဌမအင်္ဂါ ။ တပ** – ခြိုးခြံစွာနေတတ်ခြင်း။ ရိုးရိုးနေထိုင်၊ ရိုးရိုးဝတ်စားဆင်ယင်၍ စည်းစိမ်ယစ်မူးစွာ နေထိုင်မှုကို ရှောင်ကြဉ်ရမည်။ မိမိကိုယ်မိမိ ချုံးနှိမ်နိုင်ရမည်။

**သတ္တမအင်္ဂါ ။ အက္ကောဓ** – အမျက်ထွက်ခြင်း၊ မလိုမုန်းတီးခြင်း၊ ရန်ငြိုးဖွဲ့ခြင်းများမှ ကင်းခြင်း။ မည်သူ့အပေါ်မှ ရန်လိုမှု၊ ရန်ငြိုးထားမှု မရှိစေရ။

**အဋ္ဌမအင်္ဂါ ။ အဝိဟိံသ** – ညှဉ်းဆဲနှိပ်စက်မှု မပြုခြင်း။ ဤတွင် မည်သူ့ကိုမျှ အန္တရာယ် မဖြစ်စေရုံသာမဟုတ်။ မည်သည့် စစ်မက် ဖက်ပြိုင်မှုနှင့်တကွ မည်သည့်အကြမ်းဖက်မှုမျိုး၊ သတ်ဖြတ်မှုမျိုးမျှ မဖြစ်ပွားစေရန် ကာကွယ်တားမြစ်၊ ရှောင်ရှား၍ ငြိမ်းချမ်းရေးကို ထူထောင်တည်ဆောက်ရမည်။

**နဝမအင်္ဂါ ။ ခန္တီ** – စိတ်လက်ရှည်ခြင်း၊ အောင့်အည်းခြင်း၊ သည်းညည်းခံရခြင်း၊ နားလည်မှုရှိခြင်း၊ အခက်အခဲများ၊ ဒုက္ခဆင်းရဲများနှင့် မထီမဲ့မြင်ပြုမှု၊ စော်ကားရန်စမှုများကို အမျက်ဒေါသမထွက်ဘဲ ရင်ဆိုင်နိုင်ရမည်။ သည်းခံနိုင်ရမည်။

**ဒသမ အင်္ဂါ ။ အဝိရောဓ** – မဆန့်ကျင်ခြင်း၊ မပိတ်ပင်ခြင်း၊ လူအများ၏ ဆန္ဒသဘောကို မဆန့်ကျင်ရ။ လူအများအတွက် အကျိုးရှိစေမည့် လုပ်ငန်းဆောင်တာများကို မပိတ်ပင်၊ မတားဆီးရ။ တိုင်းသူပြည်သားလူအများနှင့် သဘောညီညွတ်စွာ အုပ်ချုပ်ရမည် ဟု ဆိုလိုသည်။ [၁]

အထက်ပါ မင်းကျင့်တရားများနှင့်အညီ အုပ်ချုပ်သော တိုင်းပြည်သည် စည်ပင်သာယာဝပြောမည်ကို အထူး ဖော်ပြရန် မလိုပေ။ ဤသို့ အခြေအနေမျိုးသည် စိတ်ကူးနှင့်သာ လွမ်းရမည့် ‘လေထဲတွင် ဆောက်သည့် တိုက်အိမ်’

---

၁။ ဤနေရာ၌ ‘ပဉ္စသီလ’ မူဝါးချက်ပါဝင်သော အိန္ဒိယပြည်၏ နိုင်ငံခြားရေးဝါဒသည် ဗုဒ္ဓဝါဒီ ကေရာဇ်ဘုရင်ကြီး အသောက က ဘီစီ ၃ ရာစု နှစ်တွင် တိုင်းပြည်အုပ်ချုပ်စီမံရာ၌ လက်စွဲပြုခဲ့သော ဗုဒ္ဓမူဝါဒများနှင့် ကိုက်ညီနေသည်မှာ စိတ်ဝင်စားဖွယ် ဖြစ်ပေသည်။ ‘ပဉ္စသီလ’ ဆိုသော စကားလုံးများပင်လျှင် ဗုဒ္ဓဝါဒ အသုံးအနှုန်းဖြစ်ပေသည်။

မဟုတ်ပါပေ။ ရှေးခေတ်အခါများ၌ အိန္ဒိယပြည်မှ အသောကဘုရင်ကဲ့သို့ မင်းကျင့်တရားများကို အခြေခံ၍ အုပ်ချုပ်ခဲ့သော ဘုရင်များရှိခဲ့ကြပေသည်။

ယနေ့ ကမ္ဘာ့လူသားများသည် အစဉ်အမြဲ စိုးရိမ်ထိတ်လန့် တုန်လှုပ်နေကြ၏။ ကမ္ဘာ့အခြေအနေသည် တင်းမာနေ၏။ သိပ္ပံပညာကလည်း အတိုင်းမသိ ချေမှုန်းနိုင်သော စစ်မက်လက်နက်များကို ထုတ်ဆောင်ပေးလျက်ရှိ၏။ ဤသေမင်းတမန် လက်နက်သစ်၊ လက်နက်ဆန်းများကို ဝင့်ကာဝင့်ကာဖြင့် အင်အားကြီးနိုင်ငံများသည် တစ်ဦးနှင့်တစ်ဦး ခြိမ်းခြောက်ကာ၊ စိန်ခေါ်ကာ နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံတစ်နိုင်ငံထက် ကမ္ဘာကြီးတွင် အဖျက်အဆီးများ ပိုမိုပြုလုပ်နိုင်သည်၊ အတိဒုက္ခများ ပိုမိုကျရောက်စေနိုင်သည်ဟု အရှက်မဲ့စွာ ကြွားဝါလျက် ရှိကြသည်။

ယင်းတို့သည် ဤသို့မိုက်ရူးရဲလမ်းစဉ်အတိုင်း ပြုမူဆောင်ရွက်နေကြရာတွင် ရှေ့သို့တိုး၍ ခြေတစ်လှမ်းမျှလှမ်းပါက အချင်းချင်း ချေမှုန်းပစ်ကြရုံသာမက လူသားအားလုံး ပျက်သုဉ်းသွားမည့် အခြေသို့ ရောက်ရှိကြပေတော့မည်။

လူသားတို့သည် ဘယ်သူမပြုမိမိမှု၊ မိမိတို့ပြုလုပ်ဖန်တီးထားသော အခြေအနေကို ပြန်လည် စိုးရိမ်ထိတ်လန့်နေရကား ယင်းအခြေအနေမှ လွတ်မြောက်ရန် ထွက်ပေါက်ရှာနေကြ၏။ အဖြေတစ်ခုခုကို ရှာကြံလျက် ရှိကြ၏။ သူတို့သည် ဗုဒ္ဓက ထုတ်ဖော်ပြထားသော အဖြေမှတစ်ပါး အခြားအသက်ရှူ ပေါက် တွေ့ရှိနိုင်မည် မဟုတ်ပေ။ ဗုဒ္ဓ၏ နည်းလမ်းမှာ အကြမ်းဖက်မှု ကင်းသော ငြိမ်းချမ်းရေးဝါဒကို လက်ကိုင်ပြု၍ မေတ္တာ၊ ကရုဏာ ထားသော သည်းခံမှု၊ နားလည်မှုရှိသော၊ အမှန်တရားစွဲကိုင်၍ ဉာဏ်ပညာနှင့် ပြည့်စုံသော၊ သက်ရှိသတ္တဝါ အားလုံးအပေါ် ညှာတာထောက်ထားသော၊ တစ်ကိုယ်ကောင်းစိတ်ထား၊ မုန်းတီးအမျက်ပွားခြင်း၊ အကြမ်းဖက်ခြင်းတို့မှ လုံးဝကင်းရှင်းသော လမ်းစဉ်ဖြစ်ပေသည်။

'ရန်ကို ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမျှ မငြိမ်းကုန်။ ရန်တုံ့မမူဘဲ ကြင်နာစိတ် ထားခြင်းဖြင့် ငြိမ်းကုန်၏။ ဤကား ရှေးအစဉ်အလာ ဓမ္မတာပေတည်း။' ဟု မြတ်စွာဘုရား မိန့်ကြားတော်မူသည်။ [၁]

'အမျက်ထွက်သောသူကို အမျက်မထွက်ခြင်း (မေတ္တာထားခြင်း) ဖြင့် အောင်ရာ၏။ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏။ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ မဟုတ်မမှန် ပြောဆိုသောသူကို မှန်သောစကားဖြင့် အောင်ရာ၏။' [၂]

မိမိ၏ အိမ်နီးချင်းအပေါ် နိုင့်ထက်စီးနင်းပြုလုပ်၍ အောင်နိုင်မှု ရလိုစိတ်ပြင်းပြနေသည့် တစ်စုံတစ်ယောက်သောသူ၌ ပျော်ရွှင်ချမ်းသာမှု၊ ငြိမ်းချမ်းမှု မရရှိနိုင်ပေ။ 'အနိုင်ရသောသူမှာ ရန်များ၏။ အမုန်းပွား၏။ အရှုံးခံရသောသူသည် ဆင်းရဲငြိုငြင်စွာ နေရ၏။ အောင်ခြင်း၊ ရှုံးခြင်း သဘောနှစ်ပါးကို ပယ်ရှားသူသည် အေးငြိမ်း ချမ်းသာစွာ နေရ၏။'ဟု မြတ်စွာဘုရား မိန့်မြွက်တော်မူသည်။ [၃]

ငြိမ်းချမ်းခြင်းနှင့် ပျော်ရွှင်ခြင်းကို ဆောင်ယူနိုင်သော တစ်ခုတည်းသော အောင်နိုင်မှုသည် မိမိကိုယ်မိမိ အောင်နိုင်မှုသာလျှင် ဖြစ်သည်။ 'စစ်မြေပြင်၌ ရန်သူ သိန်းသန်းကို အောင်နိုင်ရာ၏။ သို့ရာတွင် မိမိတစ်ကိုယ်တည်းကိုသာ အောင်နိုင်သူသည် အောင်နိုင်သူများတွင် အထူးကဲဆုံးဖြစ်သည့် ဗိုလ်ချုပ်ဖြစ်၏။' [၄]

ဤ၌ အထက်ဖော်ပြပါ နည်းလမ်းသဘောတရားများသည် လွန်စွာကောင်းမွန်ပါပေသည်။ သိမ်မွေ့မြင့်မြတ်ပါပေသည်။ သို့ရာတွင် လက်တွေ့ကျင့်သုံး၍ မဖြစ်နိုင်ပါဟု ပြောဆိုကောင်း ပြောဆိုကြလိမ့်မည်။ ဤသို့ပြောလျှင် တစ်ဦးနှင့်တစ်ဦး မုန်းတီးခြင်းကို လက်တွေ့ ကျင့်သုံးသင့်ပါသလော၊ တစ်ဦးနှင့်တစ်ဦး သတ်ဖြတ်ခြင်းကို လက်တွေ့ကျင့်သုံး သင့်ပါသလော။ တောတွင်းမှ တောရိုင်းတိရစ္ဆာန်များကဲ့သို့ အစဉ်သဖြင့် စိုးရိမ်ထိတ်လန့်စွာ နေရခြင်းသည် သင့်မြတ်ပါသလော၊ ဤသို့နေထိုင်ရခြင်းသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုကို ပို၍ ပေးပါသလော။ ရန်လိုမုန်းတီးခြင်းကို ရန်လိုမုန်းတီးခြင်းဖြင့် မည်သည့်အခါက ငြိမ်းအေးနိုင်ခဲ့ပေသနည်း။ မကောင်းမှုကို မည်သည့်အခါက မကောင်းမှုဖြင့် အောင်နိုင်ခဲ့ဖူးပါသနည်း ဟူ၍ မေးခွန်းထုတ်ရပေလိမ့်မည်။

မုန်းတီးလိုခြင်းကို မေတ္တာထားခြင်း၊ ကြင်နာမှုပြုခြင်းဖြင့် ငြိမ်းခဲ့ရပုံများ၊ မကောင်းမှုကို ကောင်းသည့် သဘောဖြင့် အောင်နိုင်ခဲ့ပုံများကို ကိုယ်တွေ့၊ အတွေ့အကြုံ၊ ဥပမာ အများအပြား ထုတ်ပြနိုင်ပေသည်။ တစ်ဦးစ နှစ်ဦးစအတွက် လက်တွေ့ကျင့်သုံး၍ ဖြစ်ကောင်းဖြစ်နိုင်ပေလိမ့်မည်။ သို့ရာတွင် တစ်မျိုးသားလုံးဆိုင်ရာ၊ နိုင်ငံတကာဆိုင်ရာ အရေးအခင်းများ၌ လက်တွေ့ဖြစ်နိုင်မည်မဟုတ်ဟု ပြောကြားပေလိမ့်မည်။ 'တိုင်းပြည်'၊ 'အမျိုးသား' ဆိုသည်မှာ

---

၁။ ဓမ္မပဒ ၁၊ ၅။ ၂။ ဓမ္မပဒ ၁၇၊ ၃။ ၃။ ဓမ္မပဒ ၁၅၊ ၅။ ၄။ ဓမ္မပဒ ၈၊ ၄။

အဘယ်နည်း။ လူတစ်ဦးစီ၊ တစ်ဦးစီ စုပေါင်းပါဝင်သော ကြီးမားသည့် လူစု၊ လူအုပ်ကြီးပင် မဟုတ်ပါလော။ တိုင်းပြည် သို့မဟုတ် တိုင်းနိုင်ငံက အမှုကိစ္စဆောင်ရွက်သည် မဟုတ်ပေ။ လူတစ်ဦးစီ၊ တစ်ဦးစီကသာ ခပ်သိမ်းသောအမှုကိစ္စ ကို ဆောင်ရွက်ခြင်းဖြစ်သည်။ ပုဂ္ဂိုလ်တစ်ဦးစီ၏ တွေးတောကြံဆမှု၊ ပြုမူဆောင်ရွက်မှုသည် တစ်မျိုးသားလုံး တစ်တိုင်းပြည် လုံး၏ တွေးတောကြံဆမှု၊ ပြုမူဆောင်ရွက်မှု ဖြစ်လာပေသည်။ လူတစ်ဦးတစ်ယောက်အတွက် ဖြစ်နိုင်လျှင် တစ်မျိုး သားလုံး၊ တစ်တိုင်းပြည်လုံးအတွက်လည်း ဖြစ်နိုင်ပေသည်။ မုန်းတီး၊ ရန်ငြိုးထားခြင်းကို မေတ္တာစိတ်၊ ကြင်နာစိတ် ဖြင့် လူတစ်ဦးတစ်ယောက်အနေဖြင့် ငြိမ်းစေနိုင်လျှင် အမှန်စင်စစ်၊ တစ်မျိုးသားလုံး၊ တစ်ကမ္ဘာလုံး အတိုင်းအတာ၌လည်း ဖြစ်မြောက်နိုင်မည်သာ ဖြစ်သည်။ လူတစ်ဦးတစ်ယောက်အတွက်ပင်လျှင် မုန်းတီး၊ ရန်ငြိုးထားခြင်းကို ကြင်နာစိတ်ဖြင့် ရင်ဆိုင်နိုင်ရန် ကြီးမားသော သတ္တိ၊ ဇွဲသတ္တိရှိရန် လို၍ ကိုယ်ကျင့်တရား၏ စွမ်းရည်သတ္တိတွင် ယုံကြည်မှု ရှိရပေမည်။

ထို့ကြောင့် အပြည်ပြည်ဆိုင်ရာအရေးအခင်းများတွင် ကိုယ်ကျင့်တရား၏စွမ်းအင်၌ ယုံကြည်မှုပိုမိုများပြား ရမည်မှာ ထင်ရှားပေသည်။ လက်တွေ့ မကျင့်သုံးနိုင်ဟု သုံးနှုန်းပြောဆိုရာတွင် ‘မလွယ်ကူပါ’ ဟုဆိုပါက လွန်စွာ မှန်ကန်ပေသည်။ ဟုတ်ပါသည်။ အမှန်ပင်မလွယ်ကူပါ။ သို့သော်လည်း ဤနည်းလမ်းကို စမ်းသပ် အသုံးပြုကြည့်သင့် ပေပြီ။ ဤသို့စွန့်စားအသုံးပြုကြည့်လျှင် အန္တရာယ်များလှသည် ဟု ဆိုပေလိမ့်မည်။ အမှန်စင်စစ် ဤနည်းလမ်းဖြင့် စမ်းသပ်ခြင်းသည် နျူးကလီးယားစစ်ပွဲဖြင့် စမ်းသပ်ခြင်းထက် အန္တရာယ်ပိုမို များပြားနိုင်ဖွယ် မရှိပါ။

ကျယ်ပြန့်သော အင်ပါယာကြီးတစ်ခုလုံးကို အုပ်ချုပ်ခဲ့ရာတွင် ပြည်တွင်းရေးရာတွင် လည်းကောင်း၊ ပြည်ပ ရေးရာတွင် လည်းကောင်း၊ အကြမ်းမဖက်၊ ငြိမ်းချမ်း၍ မေတ္တာရေးရှုသည့် တရားနည်းလမ်းကို ယုံယုံကြည်ကြည် သတ္တိရှိရှိဖြင့် လိုက်နာဆောင်ရွက်ရန် အမြင်ရှိခဲ့သော သမိုင်းတွင် ထင်ရှားကျော်ကြားသော ဘုရင်ကြီးတစ်ပါး ရှိခဲ့ဖူး ကြောင်း ပြန်လည်တွေးတော သတိပြုလျှင် ဘေးဒုက္ခနှင့် ရင်ဆိုင်နေရသော မျက်မှောက်လောကကြီး အတွက် စိတ်သက်သာဖွယ်၊ ရှင်လန်းအားတက်ဖွယ် ဖြစ်ပေသည်။ ဤဘုရင်ကား “ဒေဝါနံပိယတိဿ = နတ်တို့ချစ်မြတ်နိုးသူ” ဟု အမည်တွင်သော အိန္ဒိယပြည်မှ ဗုဒ္ဓဝါဒီ ဧကရာဇ်ဘုရင် အသောကပင် ဖြစ်ပေသည်။ (ဘီစီ ၃ ရာစုနှစ်)။

ရှေးဦးပထမ၌ အသောကဘုရင်ကြီးသည် ခမည်းတော် ဗိန္ဒုသာရ၊ ဘိုးတော် စန္ဒဂုတ်မင်းကြီးတို့၏ ခြေရာကို လိုက်၍ အိန္ဒိယကျွန်းဆွယ်တစ်ခုလုံးကို အပြီးအပိုင် စိုးမိုးပိုင်သရန် ဆန္ဒပြင်းပြတော်မူခဲ့သည်။ ထို့ကြောင့် ကလိင်္ဂတိုင်း ပြည်ကို အောင်မြင်စွာ ဝင်ရောက်တိုက်ခိုက်၍ လက်ရသိမ်းပိုက်တော်မူလေသည်။ ရာပေါင်း၊ ထောင်ပေါင်းများစွာသော လူအပေါင်းတို့ သေကြေပျက်စီးကြကုန်၏။ ထိခိုက်ဒဏ်ရာ ရကြကုန်၏။ ညှဉ်းပန်းနှိပ်စက်ခြင်းခံရ၍ စစ်သုံ့ပန်းများ ဖြစ်ကြရကုန်၏။

နောင်တွင် အသောကဘုရင်ကြီးသည် ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်လာသောအခါ ဗုဒ္ဓ၏ တရားဓမ္မများကြောင့် လုံးဝပြောင်းလဲ သွားခဲ့လေသည်။ ကျောက်ပေါ်တွင် ထုထွင်းထားသည့် သူ၏ထင်ရှားသော အမိန့်ပြန်တမ်းများအနက် မှ (ယခုအခါ အသောကကျောက်စာ အမှတ် ၁၃ ဟု ခေါ်တွင်၍ မူရင်းအတိုင်း ယနေ့ဖတ်နိုင်ကြသေးသည့်) ပြန်တမ်း တစ်ခုတွင် ကလိင်္ဂတိုင်းကို တိုက်ခိုက်သိမ်းပိုက်ခြင်းနှင့် ပတ်သက်၍ ဧကရာဇ် ဘုရင်ကြီးက လူသိရှင်ကြား ဝမ်းနည်း နောင်တရကြောင်း ထုတ်ဖော်ပြောပြ၍ ယင်းရက်စက်ကြမ်းကြုတ်သော လူသတ်ပွဲကြီးကို တွေးမိတိုင်း လွန်စွာစိတ်ထိ ခိုက်ပြီး သံဝေဂ ရသည် ဟု မြွက်ကြားထားသည်။ မည်သည့် မတရားသိမ်းပိုက် စိုးအုပ်မှုမျိုးအတွက်မျှ သူ၏ လက်သုံး တော် ဓားကို စွဲကိုင်တော့မည် မဟုတ်ဟု လူသိရှင်ကြား ကြေငြာပြီးနောက် ခပ်သိမ်းသော သတ္တဝါအပေါင်းအား ဘေးရန်ကင်းရှင်းစေရန် မိမိကိုယ်မိမိ ထိန်းသိမ်းနိုင်ကြစေရန်နှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်ကျင့်သုံးနိုင်ကြရန် ဆန္ဒ ပြုတော်မူလေသည်။

ဒေဝါနံပိယတိဿ မင်းကြီး၏ အောင်နိုင်မှုများတွင် ဤ (ဓမ္မဝိဇယ) = တရားဖြင့် အောင်နိုင်ခြင်းသည် အကြီးဆုံး အမွန်မြတ်ဆုံး အောင်နိုင်မှုဟု ယူဆကြသည်။ စစ်မက်ရေးရာတိုက်ခိုက်မှုများကို ကိုယ်တော်တိုင် စွန့်လွှတ် သည်သာမဟုတ်သေး။ “ကျွန်ုပ်၏ သားတော်များနှင့် မြေးတော်များလည်း တိုင်းသစ်ပြည်သစ် တိုက်ခိုက်သိမ်းပိုက် ခြင်းကို ကြိုးပမ်းရရှိအပ်သော အောင်နိုင်မှု ဟူ၍ မယူဆကြစေကုန်လင့်၊ တရားဓမ္မဖြင့် အောင်နိုင်ရသော အောင်နိုင်မှု မျိုးကိုသာ တွေးတောကြကုန်၊ ဤသည်သာ မျက်မှောက်လောကနှင့် တမလွန်ဘဝအတွက် ကောင်းမြတ်ပေသည်” ဟု ဖော်ပြထားခဲ့ပေသည်။

ဤကား အောင်မြင်မှုရလျက်ရှိသော အောင်နိုင်သူ တစ်ဦးသည် မိမိ၏ တန်ခိုးအာဏာ အထွတ်အထိပ် ရောက်ချိန်၊ တိုင်းပြည်နိုင်ငံများကို ဆက်လက်သိမ်းပိုက်နိုင်ရန် အင်အား အပြည့်အဝရှိဆဲ အချိန်အခါ၌ စစ်မက် ဖက်ပြိုင်ရေး၊ အကြမ်းပြုရေးတို့ကို စွန့်လွှတ်၍ ငြိမ်းချမ်းရေးနှင့် အကြမ်းမဖက်ဝါဒသို့ ပြောင်းလဲသွားသော လူ့သမိုင်း

တစ်လျှောက်မှ တစ်ခုတည်းသော နမူနာဖြစ်ရပ် ဖြစ်ပေသည်။

ဤဖြစ်ရပ်မှ ယနေ့ကမ္ဘာကြီးသည် သင်ခန်းစာ ထုတ်ယူသင့်ပေသည်။ အင်ပါရာနိုင်ငံကြီး၏ ဧကရာဇ်ဘုရင်ကြီးသည် စစ်မက်လက်နက်စွဲကိုင်ခြင်းနှင့် ရက်စက်ကြမ်းကြုတ်မှုများကို ကျောခိုင်းပြီးနောက် ငြိမ်းချမ်းရေးတရား၊ မေတ္တာတရားတို့ကို ရင်ဝယ်ပိုက်လိုက်ကြောင်း လူအပေါင်းတို့အား ထင်ရှားစွာ သိစေလေ၏။ ဤကဲ့သို့ အာသောကဘုရင်ကြီးက တရားလက်ကိုင်ပြုသွားသည့်အတွက် မည်သည့်အနီးအနား နိုင်ငံကမှ အခွင့်ကောင်းယူ၍ သူ့အား စစ်မက်ရေးရာအရ တိုက်ခိုက်လာသည် ဟူ၍လည်းကောင်း၊ သူ့တစ်သက်တာလုံး သူ၏ အင်ပါရာအတွင်း၌ တော်လှန်ထကြွပုန်ကန်မှုများ ဖြစ်ပွားခဲ့သည် ဟူ၍လည်းကောင်း သမိုင်းအထောက်အထား လုံးဝ မတွေ့ရပေ။ သူ၏ နိုင်ငံတော်အတွင်း၌ အေးချမ်းသာယာ စည်ပင်ဝပြောလျှက် အင်ပါရာပြင်ပမှ နိုင်ငံများကပင် သူ၏ တရားနှင့်ပြည့်ဝသော ခေါင်းဆောင်မှုကို လက်ခံ၍ သစ္စာတော်ကို ခံယူကြသည်ဟုသာ သမိုင်းတွင်တွေ့ရသည်။

နိုင်ငံအသီးသီးသည် အင်အားချိန်ခွင်လျှာ မျှတစေခြင်းဖြင့် လည်းကောင်း၊ နျူးကလီးယားလက်နက်ဖြင့် ခြိမ်းခြောက်၍လည်းကောင်း၊ ငြိမ်းချမ်းရေးကို တည်မြဲစေမည်ဟု ပြောဆိုခြင်းသည် မိုက်မဲမှုသာဖြစ်သည်။ ဆင်ခြင်တုံတရားကင်းမဲ့ခြင်းသာ ဖြစ်သည်။ စစ်မက်လက်နက်များ၏ ကြီးမားသော အင်အားသည် ကြောက်ရွံ့ထိတ်လန့်မှုကိုသာ ဖြစ်စေ၍ ငြိမ်းချမ်းမှုကို ဖြစ်စေနိုင်မည် မဟုတ်ချေ။ ထိတ်လန့်ကြောက်ရွံ့စေခြင်းဖြင့် စစ်မှန်၍ တည်တံ့သော ငြိမ်းချမ်းမှု ရရှိရန် မဖြစ်နိုင်ချေ။ ကြောက်ရွံ့ခြင်းကြောင့် မုန်းတီးရန်ငြိုးထားခြင်း၊ မကောင်းသောစိတ် ထားခြင်း၊ ရန်စွယ်ပွားများခြင်းတို့သာ ဖြစ်ပေါ်နိုင်ပေသည်။ ဤမကောင်းသော စိတ်ထားများကို ခေတ္တယာယီမျှ ဖိနှိပ်ထားနိုင်သော်လည်း ယင်းတို့သည် အချိန်မရွေး ပြင်းထန်လာရန်၊ ပေါက်ကွဲထွက်ရန် တာစူနေကြပေလိမ့်မည်။ စစ်မှန်သော ငြိမ်းချမ်းရေးသည် ထိတ်လန့် စိုးရိမ်မှုကင်း၍ ဘေးအန္တရာယ်မှ လွတ်ကင်းသော မေတ္တာနှင့် ချစ်ကြည်မှုတို့ ပျံ့နှံ့တည်ရှိမှသာ ဖြစ်ပေါ်နိုင်ပေသည်။

ဗုဒ္ဓဝါဒသည် ပျက်စီးဆုံးရှုံးခြင်းကို ဖြစ်စေသော အင်အားပြိုင်ဆိုင်မှုများကို စွန့်လွှတ်သည့် လူ့အဖွဲ့အစည်းကို တည်ထောင်ရန် ရည်မှန်းသည်။ ယင်းအဖွဲ့အစည်းတွင် အောင်နိုင်မှုမရှိ၊ ဆုံးရှုံးမှုမရှိ၊ အေးချမ်းသာယာဝပြောမှုသာ တည်ရှိမည်။ အပြစ်မရှိသူတို့အား နှိပ်စက်ညှဉ်းပန်းခြင်းကို ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချမည်။ စစ်မက်လက်နက်နည်း၊ စီးပွားရေးနည်းများဖြင့် လူသန်းပေါင်းများစွာတို့အပေါ် အနိုင်ယူသူများထက် မိမိကိုယ်မိမိ အောင်နိုင်သူများကို ပိုမိုလေးစား တန်ဖိုးထားမည်။ ဒေါသအမျက်ကို မေတ္တာဖြင့် အောင်နိုင်၍၊ မကောင်းမှုကို ကောင်းမှုဖြင့် အောင်နိုင်မည်။ ယင်းလူ့အဖွဲ့အစည်းတွင် မုန်းတီးခြင်း၊ မနာလိုဝန်တိုခြင်း၊ မကောင်းသောစိတ်ထားခြင်းနှင့် ဝိသမလောဘတို့သည် လူသားတို့၏ စိတ်ကို မဖျက်ဆီးကြတော့ပေ။ အရာရာ အမှုကိစ္စကို ကြင်နာသနားစိတ်ဖြင့်သာ ဆောင်ရွက်၍ ခပ်သိမ်းသော သက်ရှိသတ္တဝါတို့အား တရားမျှတ၊ ငဲ့ညှာထောက်ထားကာ မေတ္တာစိတ်ဖြင့် ပြုစုစောင့်ရှောက်မည်။

ယင်း လူ့ဘောင်လောက၌ လူအပေါင်းတို့သည် အချင်းချင်း ငြိမ်းချမ်းညီညွတ်ကြ၍ တင်းတိမ်ရောင့်ရဲမှုရှိရကား အမြင့်မားဆုံး၊ အမြင့်မြတ်ဆုံး ရည်မှန်းချက်ဖြစ်သည့် ပကတိသစ္စာ နိဗ္ဗာန်ကိုသာ မျက်မှောက်ပြုရန် ရှေးရှုဆောင်ရွက် နေထိုင်ကြပေလိမ့်မည်။ ။

---

၁။ လန်ဒန်ပါဠိတော်စာပေအသင်းကြီးမှ ထုတ်ဝေသည့်စာမူများ။ (ပတစ)။
၂။ အင်္ဂုတ္တရ နိကာယ။
တည်းဖြတ်သူ ဒေဝမိတ္တထေရ (ကိုလံဘို၊ ၁၉၂၉) နှင့် (ပတစ) မူများ။
၃။ အဘိဓမ္မ သမုစ္စယ။
ရေးသူ အသင်္ဂ၊ တည်းဖြတ်သူ ပရဒန် (ဝစ္စဗရတိ၊ သန္တိနိကေတံ၊ ၁၉၅၀)။
၄။ ဒီဃနိကာယ။ တည်းဖြတ်သူ နာနာဝါသထေရ (ကိုလံဘို၊ ၁၉၂၉)။
၅။ ဒီဃနိကာယ အဋ္ဌကထာ၊ သုမင်္ဂလဝိလာသိနီ
(ဆိုင်မွန်ဟေဝါ။ ဝါတာရဲနီ အမွေပေး စာစုများ)။
၆။ ဓမ္မပဒ။ တည်းဖြတ်သူ ကေ ဓမ္မရတနထေရ (ကိုလံဘို၊ ၁၉၂၆)။
၇။ ဓမ္မပဒ အဋ္ဌကထာ။ (ပတစ)။
၈။ လင်္ကာဝတာရ သုတ္တ။ တည်းဖြတ်သူ နန်ဂျီအို (ကျိုတို၊ ၁၉၂၃)။
၉။ မဇ္ဈိမနိကာယ။ (ပတစ)။
၁၀။ မဇ္ဈိမနိကာယ အဋ္ဌကထာ၊ ပပဉ္စသူဒနီ (ပတစ)။
၁၁။ မာဓျာမိက ကာရိကာ။
ရေးသူ နာဂါဇုန။ တည်းဖြတ်သူ ဒီလာဗောလေးပူဆင်း (ဗုဒ္ဓဝင် အတွဲ ၄)။
၁၂။ ဝိနယမဟာဝဂ္ဂ။ တည်းဖြတ်သူ သဒ္ဓါတိဿထေရ (အလွတ်ဂါမ ၁၉၂၂)။
၁၃။ ပရမတ္ထဇောတိကာ (ပတစ)။
၁၄။ သံယုတ္တနိကာယ (ပတစ)။
၁၅။ သာရတ္ထပ္ပကာသိနီ (ပတစ)။
၁၆။ သုတ္တနိပါတ (ပတစ)။
၁၇။ ဥဒါန (ကိုလံဘို၊ ၁၉၂၉)။
၁၈။ ဝိဘင်္ဂ (ပတစ)။
၁၉။ ဝိသုဒ္ဓိမဂ္ဂ (ပတစ)။

စစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစစ